www.dhammadownload.com

သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ

ဆရာဦးကြည်

# ဒိဋ္ဌဝမှော

သစ္စာဒီပကစာပေ

www.dhammaransi.com

သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ

ဆရာဦးကြည်

# ဝိဋ္ဌိမေဇ္ဈာ

( သစ္စာဒီပကဒာပေ )

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် – အမှတ် (၁၀၃၅၄)

စာအုပ် စာတမ်း စာနယ်ဇင်း မျက်နှာဖုံး
ပုံနှိပ်ထုတ်ဝေ ခွင့်ပြုလက်မှတ် အမှတ်(၂၁၅)

**ပထမအကြိမ်ရိုက်နှိပ်ခြင်း**

၁၉၇၈–ခုနှစ်၊ ဧပြီလ။

**အုပ်ရေ–၂,၀၀၀။**

**အဖိုး–၆/၇ကျပ်**

အဖုံးရိုက်–နဝဒေး

ဘဲလှောက်–ဟံထွန်း

ပုံနှိပ်သူ–ဦးမြင့်သိန်း၊ နဝဒေးစာပုံနှိပ်တိုက် (၀၁၅၀)
၁၃–နတ်စင်လမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။ ဖုံး–၅၁၂၈၉။

ထုတ်ဝေသူ-ဦးကြည်-သစ္စာဒီပကာစာပေထုတ်ဝေရေး[၀၁၉၃၅]
၃–ကျောင်းကုန်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

www.dhammaransi.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥယျောဇဉ် | ၁ |
| မိတ်ဆက်စကားဦး | ၁၁ |
| အာနာပါန မဂ်လမ်းစ | ၂၁ |
| ပရမတ်ကြည့်မှ-အမှန်သိရ | ၃၅ |
| ရုပ်နာမ်ဆိုတာ-အပြောပါ | ၄၅ |
| အစွန်းလွတ်က မဇ္ဈိမ | ၅၆ |
| သီးခံစိတ်နဲ့ဝိပဿနာရှုမရ | ၆၃ |
| စေတနာကောင်းသော်လည်း ကိလေသာကမညှာ | ၆၅ |
| နေရာပြင်မှ သမာဓိရ | ၇၁ |
| သက်သက်သာသာနဲ့ အတ္တကိလမထ | ၇၄ |
| နေရာပြင်ရင် သမာဓိပျက်သလား | ၇၈ |
| မရှိပညတ်-ရှိပရမတ်-ကွဲလတ်ရှုနည်းမှန် | ၈၁ |
| သမာဓိရှိတိုင်း အမှန်မသိ | ၉၁ |
| မဇ္ဈိမဉာဏ် သိဘို့ရန် | ၁၀၁ |
| ဒါရုက္ခန္ဓောပမသုတ် | ၁၀၅ |
| အမှန်မြင်သိသမ္မာဒိဋ္ဌိ | ၁၁၃ |
| သူ့သဘာဝ ဖြစ်ပျက်ကြ | ၁၁၄ |

www.dhammaransi.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အစွန်းလွတ်က မဇ္ဈိမ | ၁၁၈ |
| မဇ္ဈိမပဋိပဒါ အဓိကပါ | ၁၂၁ |
| မဇ္ဈိမမှန်၊ ဥပေက္ခာ၊ ရှုရန်ပြုလိုက်မည် | ၁၂၆ |
| ဉာဏ်တွေ့သဘော-ဧဟိပဿိကော | ၁၃၄ |
| ဥပေက္ခာမှ-ရှုနည်းကျ | ၁၃၇ |
| ဝမ်းသာလဲ ဝိပဿနာရှု | ၁၅၀ |
| ဣရိယာပုထ်တိုင်းဆိုင်တဲ့ပါဠိ | ၁၅၄ |
| ဝိပဿနာဆိုတာ မရှိတာသိမှ ဖြစ်တယ် | ၁၅၉ |
| သံဝေဂ ဉာဏ် တွဲသိရန် | ၁၆၄ |
| မိတ်ဆွေစုဝေပါင်း တရားတောင်း | ၁၇၀ |
| နေရာပြင်မှ ဉာဏ်တက်ရ | ၁၇၈ |
| အံ့ဝင်ဂွင်ကျ-ခဏိကဲ | ၁၈၂ |
| နောက်ဆက်ဒုက္ခမရှုရ | ၁၈၆ |
| အမြဲသိရန်ရှုရမှန် | ၁၉၂ |
| ကိလေသာဖြတ် ပရမတ် | ၁၉၅ |
| နောက်ဆက်တွဲ | ၂၀၁ |

www.dhammaransi.com

# ဥယျောဇဉ်

"ပင်လယ်သမုဒ္ဒရာ၌တနည်းသောဆားအရသာသာရှိသကဲ့သို့ မိမိဟောကြားသည့် ဓမ္မဝိနယ၌လည်းတခုတည်းသောအရသာရှိသည်။ ထိုအရသာမှာ လွတ်ငြိမ်းမှုအရသာ (ဝိမုတ္တိရသ) သာဖြစ်၏"။ဟု ဝိနယ ပိဋကတ် (စူဠဝါ)တွင် ဟောသည်။

မှန်ပါသည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာများသည် ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းလွတ်မြောက်ရာနိဗ္ဗာန်သို့သာလျှင် ရှေးရှုထားကြောင်း တွေ့ရှိရပေသည်။ နိဗ္ဗာန်နှင့် မစပ်သောတရားဟူ၍မရှိပေ။

မြတ်စွာဘုရား၏ တရားဓမ္မသည် "ဧဟိပဿိကဓမ္မ" ဖြစ်သည်နှင့်အညီ နိဗ္ဗာန်သည်လည်း ဧဟိပဿိကဓမ္မ ဖြစ်လေသည်။ မျက်မှောက်ဘဝ၌ပင် လက်တွေ့ သိရှိခံစားနိုင် သောတရားဓမ္မဖြစ်သည်။ သဘောတရားနှင့်လက်တွေ့ အညီအညွတ် ပေါင်းစပ်မိဘို့သာ လိုပေသည်။

www.dhammaransi.com



အချို့သောသူတို့သည် စာပေ (ပရိယတ်) ဘက်တွင်ကျွမ်းကျင် ကြ၏။ လက်တွေ့လုပ်ငန်း(ပဋိပတ်)မရှိပေ၊ အချို့ကား ပဋိပတ် ရှိပါ၏။ သို့ရာတွင် မိမိကိုယ်တိုင်လည်း ပရိယတ်မကျွမ်း နှံ့စပ် ကျွမ်းကျင်ပြီး ဖြစ်သော အာစရိယတို့၏ ဝါဒကိုလည်း မခံယူ ထင်ရာ မြင်ရာ လုပ်ချင်ရာကို လုပ်နေကြ၏။ မိမိတို့အလုပ် ကို အဟုတ်ထင်ကာ ဒေသနာနှင့် ညှိနှိုင်းမှု မပြုကြပေ။

ဒေသနာတော်နှင့် မညီညွတ်သဖြင့် လမ်းမှားသို့ ရောက်နေကြသူတို့ကား ယနေ့ သာသနာ့နယ်ပယ်တွင် အရေအတွက်အားဖြင့်မနည်းလှပေ။ ထိုသူတို့အတွက် ရင်လေးဘွယ်ရာကောင်းလှပေသည်။

သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ "သစ္စာဒီပက ဝိပဿနာ အဖွဲ့"သည် မိမိတို့၏ ပဋိပတ်လုပ်ငန်းစဉ် များကို ပရိယတ် ဒေသနာတော်နှင့်ညီမညီ အစဉ်ညှိနှိုင်းခြင်း၊ ကြားနာမှတ်သားခြင်း၊ ဖတ်ရှုလေ့လာခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ဥပနိဿယ ဆရာ့ထံတွင် အစဉ်မပြတ် နည်းခံလျက် ပွားများအားထုတ်ခြင်း၊ အမှုတို့ကို ပြုကြသည်။

ယင်းသို့ အဖွဲ့ဝင် တပည့် ယောဂီများအား တရားဟော တရားပြလုပ်ငန်းများဖြင့် မအားမလပ်ရအောင်အလုပ်များသည့် ကြားမှကျေးဇူးရှင်ဆရာသည်သာသနာတော်အတွက်ရင်း၊ ပုဂ္ဂိုလ် တဦးတယောက် သံသရာမှ လွတ်မြောက်ရေးအတွက်ရင်း၊ တတ်စွမ်းသမျှ ကျမ်းဂန်များပြုစုခြင်း၊ ဆွေးနွေးလိုသူတို့အား တွေ့ဆုံ ဆွေးနွေးခွင့်ပြုခြင်း၊ နည်းနိသျ အလိုရှိသူတို့အား နည်းလမ်းပြ သခြင်းတို့ကို ပြုလုပ်ခဲ့လေသည်။

www.dhammaransi.com



ဆရာသည် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အမျိုးမျိုးတို့နှင့် မကြာခဏ တွေ့ဆုံဆွေးနွေးခဲ့၏။ ယင်းဆွေးနွေးပွဲများတွင် အချို့သော ဆွေးနွေးချက်တို့မှာ ဆွေးနွေးနေသော ပုဂ္ဂိုလ်သာမက အခြားအခြားသော ယောဂီသူတော်စဉ်များအတွက်ပါ အကျိုးများမည့် အချက်များ ဖြစ်နေတတ်လေသည်။ ထိုသို့အများအကျိုးရှိမည့် ဆွေးနွေးမေးမြန်းချက်များ ဖြစ်လာသော အခါ ဆရာသည် ချက်ချင်းမှတ်တမ်းတင်လျက် စာအုပ် စာတမ်း တစောင်အဖြစ် ပြုစုခဲ့သည်။ ပွင့်လင်း စာပေမှ ထုတ်ဝေခဲ့ပြီးဖြစ်သော **"မဇ္ဈိမပဋိပဒါရှင်းချက်"** စာအုပ်နှင့် **"သိတာနှင့်သိစရာ"** စာအုပ်တို့သည် ထိုဆွေးနွေးပွဲတို့မှ ပေါ်ထွက်လာသော ရလဒ်များပင် ဖြစ်၏။ အချို့သော ဆွေးနွေးချက် စာတမ်းများကိုကား ပုဂ္ဂိုလ်ရေး အခြေအနေအရ မထုတ်ဝေရသေးပဲ ထားရှိရပေသည်။

**"မဇ္ဈိမပဋိပဒါရှင်းချက်"**သည် ဦးထွန်းလွင်ဆိုသူနှင့် ၅ရက်တိုင်တိုင် (မဇ္ဈိမပဋိပဒါနှင့်ပတ်သက်၍ ဆရာရေးသားထားသော "မဇ္ဈိမပဋိပဒါလက်စွဲ"စာအုပ်ပါအချက်အလက်အချို့ကို မရှင်းလင်းသဖြင့်) မေးမြန်းဆွေးနွေးရာမှ ပေါ်ထွက်လာသော စာအုပ်ဖြစ်သည်။

**"သိတာနှင့်သိစရာ"**သည် ဓမ္မာစရိယ ဦးဝေပုလ္လနှင့် တနေ့နှင့်တညသွား ရွှေညောင်သွားရထားပေါ်တွင် ဆွေးနွေးခဲ့ရာမှ ပေါ်ထွက်လာသော စာအုပ်ဖြစ်သည်။ ယင်း "သိတာနှင့်သိစရာ" စာအုပ်တွင် "သိနေကြတာကဲ ပညတ်၊ တကယ်သိရမှာကပရမတ်"

www.dhammaransi.com



ဟူသော အဆိုအမိန့်ကို စာဖတ်သူများ ထင်ရှားသိလွယ် စိမ့်သောငှာ စာအုပ်အမည်ကို "**သိတာနှင့်သိစရာ**"ဟု မှည့်ခေါ်ခဲ့ပါသည်။ သို့ရာတွင် အချို့သော စာဖတ်သူများထံမှစာအုပ် အမည်ပေးပုံနှင့်ပတ်သက်၍ ဘဝင်မကျသော လေသံများကို ကြားသိရသည်။ ထိုသူတို့သည် ယင်းစာအုပ်ပါ အဓိက ဆွေးနွေးချက်များကို သဘောမပေါက်ကြ၍ ဖြစ်ပေမည်။ သဘော ပေါက်အောင် ထပ်ခါထပ်ခါ ဖတ်ပါ။ ဖတ်ပြီးပါက အလုပ် သဘောရောက်အောင် ထပ်ခါထပ်ခါ ပွားများအားထုတ်ကြည့် ပါဟူ၍ အကြံပေးလိုပါသည်။

ကျေးဇူးရှင်ဆရာနှင့် တရားဆွေးနွေးကြရာမှ ပေါ်ထွက်လာ သော တတိယစာအုပ်အဖြစ် ဤ"**ဒိဋ္ဌဓမ္မော**"ကို **ထုတ်ဝေ**လိုက် ပါသည်။ "ဒိဋ္ဌဓမ္မော"သည် ဆရာနှင့် **စာ**သင်ဘက်ဖြစ်သော ဆရာတော် သံကုန်းဦးရေဝတနှင့်ဆွေးနွေးခန်းပင်ဖြစ်ပါသည်။

"ဒိဋ္ဌဓမ္မော"၏ထူးခြားချက်မှာ လက်တွေ့ အလုပ်သဘောကို ဒေသနာနှင့် တပြိုင်နက် ညှိနှိုင်းပြထားချက်ပင် ဖြစ်သည်။

ဆရာတော် ဦးရေဝတသည်ပရိယတ်ကိုသင်ရိုးပေါက်အောင် သင်ကြားခဲ့ပြီး တပည့်များအား စာပေပို့ချခဲ့သော စာတတ် ပေတတ် ပုဂ္ဂိုလ်တပါးဖြစ်သည်။ ပရိယတ်နှံ့စပ်ပြီးသော်လည်း ပဋိပတ်ကို နည်းလမ်းတကျ မလုပ်ရသေးသော ပုဂ္ဂိုလ်ဖြစ်သည်။ သို့ရာတွင် ပဋိပတ်လုပ်ရန် သဒ္ဓါ ထက်သန်နေသူ ဖြစ်သည့် အလျောက် နည်းမှန်လမ်းမှန်ကို စူးစမ်းရှာဖွေနေသော ပုဂ္ဂိုလ် တပါး ဖြစ်လေသည်။

www.dhammaransi.com



ယင်းပုဂ္ဂိုလ်သည် ငယ်သူငယ်ချင်းဖြစ်သောကျွန်ုပ်တို့၏ဆရာ (ဆရာတော် ဦးရေဝတတို့အခေါ် ဖိုးပန်)နှင့်မမြော်လင့်ပဲ တွေ့ဆုံရပြီး"သူတော်ချင်းချင်း သတင်းလွှ လွှ ပေါင်းဖက်တွေ့" ဆိုသကဲ့သို့ တရားစကား ဆွေးနွေးဖြစ်ကြသည်။ တရားရှာနေသော ဆရာတော်အား ဆရာသည် အလုပ်တရားကို လက်တွေ့ပြသပေးခဲ့သည်။ ဒေသနာအရပ်ရပ်နှင့်လည်းညှိနှိုင်းပြခဲ့သည်။ ဤသို့ဖြင့် "ဒိဋ္ဌဓမ္မော"အမည်ရှိ စာတအုပ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဤနေရာတွင်ဒိဋ္ဌဓမ္မောဆိုသောပုဒ်ကို အနည်းငယ် ရှင်းလင်းတင်ပြ လိုသည်။ သို့မှသာ အဘယ်ကြောင့် ဤ စာအုပ်ကို ဤအမည် ပေးရကြောင်း သဘောပေါက်ပေမည်။

ဒိဋ္ဌဓမ္မောဟူသည် နိဗ္ဗာန်၏ ပရိယာယ်ပုဒ်တခုဖြစ်လေသည်။ အဓိပ္ပါယ်မှာ"**ကိုယ်တိုင်မြင်အပ်ပြီးသောတရား**" ဟူ၍ဖြစ်သည်။

ဓမ္မစကြာသုတ်တော်တွင် သောတာပန်ဖြစ်ပြီးသော အရှင်အညာသိကောဏ္ဍည၏ အနေအထားကို ဖေါ်ပြရာ၌–

"........ဒိဋ္ဌဓမ္မော၊ ကိုယ်တိုင်မြင်အပ်ပြီးသောတရားရှိသည်ဖြစ်၍။ ပတ္တဓမ္မော၊ ကိုယ်တိုင်ဆိုက်ရောက်အပ်ပြီးသော တရားရှိသည်ဖြစ်၍။ ဝိဒိတဓမ္မော၊ ကိုယ်တိုင်သိအပ်ပြီးသော တရားရှိသည်ဖြစ်၍။ ပရိယောဂါဠ္ဟဓမ္မော၊ ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသောတရားရှိသည်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ယုံမှားခြင်း၏ တဘက်ကမ်းသို့ ရောက်အောင် ကူးမြောက်ပြီးသည်ဖြစ်၍။

www.dhammaransi.com



ဝိဂတကထံကထော၊ သို့လော သို့လော တွေးတော ယုံမှားခြင်းမှ လွတ်ကင်းသည်ဖြစ်၍။ ဝေသာရဇ္ဇပတ္တော၊ ကြောက်ရွံ့မှုကင်းလျက်ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍။ သတ္ထုသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော် အတွင်း၌။ အပရပစ္စယော၊ သိမြင်ပြီးသော ဉာဏ်အစွမ်း အားဖြင့် သူတပါးတို့အား ယုံကြည်အားထားခြင်းမရှိ လေသောကြောင့်....” ဟူ၍ ဘုရားထံ ရဟန်းပြုရန် လျှောက်ပုံကို ဖေါ်ပြထားလေသည်။

ကိုယ်တိုင်မြင်သိပြီးသောတရားဟူသည် မဂ်တရား ဖိုလ်တရား၊ နိဗ္ဗာန်တရားပင်ဖြစ်သည်။ နိဗ္ဗာန်တရားသည် ချက်ခြင်းလက်ငင်း ချမ်းငြိမ်းမှုကို ခံစားရသော တရားဖြစ်သည်။ ထို့ကြောင့်သုတ္တ နိပါတ်၌ “ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ” ဟူ၍ ဟောကြားခဲ့ခြင်းဖြစ်သည်။

နိဗ္ဗာန်သည် “အတက္ကာဝစရ” တွေးခေါ်ကြံဆနေ၍ရသော အရာမဟုတ်ပေ။ “ဘာဝေတဗ္ဗ” အားထုတ်ကြိုးစားပွားများမှသာ “သစ္ဆိကာတဗ္ဗ” မျက်မှောက်ပြုနိုင်သော တရားဖြစ်လေသည်။

[အချို့သောပုဂ္ဂိုလ်များသည် မေးစေ့ကိုပွတ်၊ ဒူးကိုနှံ့လျက် နိဗ္ဗာန်ကိုတွေးခေါ်ကြံဆနေကြသည်။ ထိုသူတို့ကား ‘တက္ကဝါဒီ’ အကြံသမားများသာဖြစ်၍ တမဂ်တဖိုလ်ရနိုင်ဘို့ဝေးပေသည်။]

ဤ“ဒိဋ္ဌဓမ္မော” တွင် ဆရာနှင့် ဆရာတော် ဦးရေဝတတို့၏ ဆွေးနွေးချက် များသည် လက်တွေ့ အလုပ် ပေး တရား များ ဖြစ်လေသည်။ ဒိဋ္ဌဓမ္မောကိုလေ့လာခြင်းအားဖြင့် ဓမ္မာနုပဿနာ ရှုနည်းကို ပီပီပြင်ပြင် လေ့လာသိရှိနိုင်ပေသည်။

www.dhammaransi.com



ဆရာတော်ဦးရေဝတသည် မူလဓမ္မာစရိယ-ဂဏ္ဍဝါစကဘွဲ့ရ ပုဂ္ဂိုလ်တပါးဖြစ်သည်။ သို့ရာတွင် ဝိပဿနာ အလုပ်တရားကို လက်တွေ့လုပ်ကြည့်သောအခါ လုပ်နည်းလုပ်ဟန်နှင့်ပတ်သက်ပြီး ပြဿနာများ ဝင်ရောက်လာသည်၊ ထိုပြဿနာများမှာလည်း ယောဂီတိုင်းလိုလို ဝင်ရောက်လေ့ရှိသော ပြဿနာများ ဖြစ်လေသည်။ ထို့ကြောင့် ဆရာတော် သိလိုသော ပြဿနာများကို ရှင်းလင်းပေးခြင်းဖြင့်အခြားအခြားသောယောဂီများအတွက်ပါ ရှင်းလင်းပြီးသား ဖြစ်နိုင်သောကြောင့် ဤဒိဋ္ဌိဓမ္မာကို ပြုစုရေးသားခြင်းဖြစ်လေသည်။

တရားအားထုတ်သူတိုင်းလိုလို ယနေ့ တွေ့ကြုံနေရသော ပြဿနာမှာ- အာနာပါနကိစ္စဖြစ်လေသည်။ ယင်းကိစ္စနှင့် ပတ်သက်၍"အာနာပါန-မဂ်လမ်းစ"ဆိုသော ခေါင်းစဉ်ဖြင့် ဥပရိပဏ္ဏာသပါဠိတော်နှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ကို ကိုးကားလျက်၊ ဤ ဒိဋ္ဌိဓမ္မာတွင် ဖြေရှင်းပြထားသည်။

တရားအားထုတ်ခြင်း၏ ယထာဘူတကျသော ရည်ရွယ်ချက်ကိုလည်း ဆရာသည် ဤစာအုပ်တွင် ဖွင့်ဆိုခဲ့သည်။ ယောဂီအများ လိုက်နာမှတ်သားဘွယ်ကောင်း၏။ ဥတ္တရဇေရာပဒါန်တွင်ညွှန်ပြသော"သံသရာအပြစ်ကို မြင်မှ ခန္ဓာမှာတရားတွေ့နိုင်" သည့်အကြောင်းကို ဆရာတော်အား ဂဃနဏရှင်းပြခဲ့သည်။

တရားသမားတိုင်း မသိမဖြစ်သော ပညတ်နှင့် ပရမတ် ပြဿနာကို"ပရမတ်ကြည့်မှ အမှန်သိရ"ဆိုသော ခေါင်းစဉ်ဖြင့် သင်္ခတ၊ အသင်္ခတခွဲခြား၍ အကျယ်တဝင့် ဆွေးနွေးတင်ပြထားပါသည်။

www.dhammaransi.com



- အသိနှင့်အမှတ် တူ မတူပြဿနာ
- စိတ်စေတနာကောင်းနဲ့ သီလသမာဓိပညာအတွက် ရည်ရွယ် အားထုတ်ရင် ပင်ပန်းဆင်းရဲစေကာမူ အတ္တကိလမထဖြစ်-မဖြစ်ပြဿနာ
- နေရာပြင်ရင် သမာဓိပျက်သလား
- သမထသမာဓိနဲ့ စတုတ္ထစျာန်ထိအောင် ရထားတဲ့ကိုယ်တော်မှာ သူ့ဟာနဲ့သူ ဝိပဿနာတက်ပြီး ရှုနိုင်-မရှုနိုင်
- အကျင့်နှင့် လေ့ကျင့်မှု ကွဲပြားပုံ
- အာရုံငါးပါးရှောင်၊အစားခြိုးခြံ၊ အဝတ်ခြိုးခြံပြီးကျင့်လျှင် မဇ္ဈိမပဋိပဒါကျရော့လား

အဲစရှိသော ပြဿနာများကို ဤဒိဋ္ဌဓမ္မာတွင် ပြတ်ပြတ်သားသား ရှင်းလင်းထားပေသည်။

ဝိပဿနာ အားထုတ်ရာတွင် ဣရိယာပုထ် လေးပါးအနက် မည်သည့် ဣရိယာပုထ်ဖြင့်ပင်အားထုတ်စေကာမူ ခန္ဓာတွင်အသိဉာဏ် သက်ရောက်မှုသာ အရေးကြီးကြောင်းကို သတိပဋ္ဌာန်ပါဠိတော်လာ "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ" ဟူသော ဣရိယာပုထ်တိုင်းနှင့် သက်ဆိုင်သော ပါဠိကို ကိုးကားလျက် ရှင်းလင်းထားသည်။

ဤစာအုပ်သည် ဆွေးနွေးခန်းကို တိုက်ရိုက်မှတ်တမ်းတင် ရေးသားထားသောကြောင့် ဖတ်ရှုရာတွင် ပိုမို ရှင်းလင်းနိုင်ပေသည်။ ထို့ပြင် ရင်းနှီးသော ငယ်သူငယ်ချင်းချင်း ဖြစ်သော

www.dhammaransi.com



ကြောင့် ပရိယာယ်မာယာမရှိ၊ ကိန်းကြီးခန်းကြီးမပါ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြခြင်းဖြစ်ရာ–မဟုတ်လျှင် မဟုတ်ကြောင်း ဟုတ်လျှင်ဟုတ်ကြောင်း တဦးကိုတဦး မထောက်မညှာ ဝေဖန်တင်ပြထားသဖြင့် ဖတ်ရှုလေ့လာသူများအတွက် ပွင့်ပွင့်လင်းလင်းသိရှိနိုင်ပေသည်။

ဒိဋ္ဌဓမ္မောကို ဖတ်ရှုလေ့လာပြီး နည်းယူပွားများ အားထုတ်ကြည့်ကြမည်ဆိုလျှင်–

- ပတ္တဓမ္မော (ကိုယ်တိုင်ဆိုက်ရောက်)
- ဝိဒိတဓမ္မော (ကိုယ်တိုင်သိ)
- ပရိယောဂါဠှဓမ္မော (ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်)
- တိဏ္ဏဝိစိကိစ္ဆော (ယုံမှားခြင်းကင်းရှင်း)
- ဝေသာရဇ္ဇပတ္တော (ရဲရင့်ခြင်းသို့ရောက်၍)
- အပရပ္ပစ္စယော (သိမြင်ပြီးသော ဉာဏ်အစွမ်းအားဖြင့် သူတပါးတို့အား ယုံကြည်အားထားနေရခြင်းမှ ကင်းသော)

ပုဂ္ဂိုလ်ထူးများ ဖြစ်ရှိလာနိုင်သည်ဟု ယုံကြည် မြော်လင့်သောကြောင့် ကျွန်ုပ်တို့က ဤ“ဒိဋ္ဌဓမ္မော”စာမူကို ပုံနှိပ်ထုတ်ဝေရန် တောင်းပန်လိုက်ရခြင်း ဖြစ်ပါကြောင်း။

ဦးထွန်း
(နာယက)
သစ္စာဒီပကဝိပဿနာအဖွဲ့။

www.dhammaransi.com

# စိတ်ဆက်စကားဦး

အချိန်ကား....၁၃၀၀-ပြည့်နှစ်၊ တပို့တွဲလ။

ရန်ကုန်မြို့တွင် မကွေး-ရေနံချောင်း-ချောက်တို့မှ ရောက်လာသော ရေနံမြေသပိတ် အလုပ်သမားသပိတ်များ, တက္ကသိုလ်ကျောင်းသားသပိတ်များ, ပဲခူးဖက်မှလာသော တောင်သူလယ်သမားချီတက်ပွဲများ,ဗိုလ်အောင်ကျော် ဈာပနကိစ္စများ-စသည်အားဖြင့် ရှုတ်ထွေးပွေလီ ဆူပူ လှုပ်ရှားမှုများဖြင့် အမျိုးသားနိုင်ငံရေး ထကြွနိုးကြားခဲ့ရာမှ ပင်ပန်းနွမ်းဟိုက်ခဲ့ကြသဖြင့်၊ခေတ္တအနားယူနေသကဲ့သို့ ငြိမ်သက်လာသောအချိန် ဖြစ်သည်။

သို့ရာတွင် အင်္ဂလိပ်အစိုးရသည် မန္တလေးတွင် ရဟန်းတော် ၇-ပါး အပါအဝင် အာဇာနည်ကျောင်းသား-အရပ်သား ၁၇-ဦးကို ပစ်သတ်လိုက်ပြန်သဖြင့်၊ အေးဆေးငြိမ်သက်သလို ရှိနေခဲ့သောရန်ကုန်မြို့တွင် စီတန်းလှည့်လည်၍ အစိုးရကို ဆန့်ကျင်ပြမှုများ, ရှု့ချစည်းဝေးပွဲများဖြင့် ပြန်လည်လှုပ်ရှားခဲ့ပြန်လေသည်။

www.dhammaransi.com



ယင်းသို့ အေးတခါ-ပူတလှဲ့ ဖြစ်နေသော ၇၂နှစ်-၇၃လတွင် ပြည်ခရိုင်သဲကုန်းမြို့နယ်မှအသားညိုညို အသက် ၂၁-နှစ်၊ နှစ်ဝါ ၇ရ ဦးရေဝတ-မည်သော ကိုယ်တော်တပါး၊ သူ၏ ခမည်းတော်နှင့် အတူ ကျွန်ုပ်တို့ရှိနေသော 'ဘုရားကြီးတိုက်' သို့ စာပေသင်ရန် ရောက်ရှိလာခဲ့လေသည်။

ထိုကိုယ်တော်လည်း ကျွန်ုပ်တို့နေသော'သာသနဝံသ' (ဆွမ်းစားကျောင်း)သို့ ကျောင်းဘုန်းကြီး ဦးဥတ္တမနှင့်အတူ အပေါ်ထပ်သို့ရောက်လာသည်။ ကျွန်ုပ်နှင့် 'စာသုည့်ဖက်' ဦးသောဘိတနှင့် နေရာချင်းကပ်ကာ၊ ကျောင်းဘုန်းကြီး နေရာချထားပေးသဖြင့် မနီးမဝေးရှိပြီး သိကျွမ်း ခင်မင်ခဲ့ကြသည်။ ဦးရေဝတ ဆွမ်းလုံလောက်စေရန် ကျွန်ုပ်တို့ကပင် ဆွမ်းကူဖိတ်ပေးကြသည်၊ ဆွမ်းခံအိမ် ခွဲပေးကြသည်၊ စာသင်သား ၁၀တွင် ချစ်ခင်ကြသည်၊ ရင်းနှီးကြသည်။ နောင်တွင် ဦးရေဝတမှာ ကျွန်ုပ်နှင့် အထူးပင် ခင်မင်ရင်းနှီးသည်။

ကျွန်ုပ်၏ ဘွဲ့မှာ "ပဏ္ဍိစ္စ"ဖြစ်၍ စာသင်သား ၈၀-ခန့်နေသော သာသနဝံသ တကျောင်းလုံးက ကျွန်ုပ်အား ခင်မင်မှုဖြင့် "ဖိုးပန်"ဟု ခေါ်ကြသကဲ့သို့ ဦးရေဝတကိုလည်း အတွေ့ထွေ့သပိတ်များအကြားမှရောက်လာသောကြောင့်"သပိတ်ကြီး" ဟု ခေါ်ကြလေသည်၊ ဦးရေဝတသည် ပြည်မြို့တွင် အောက်စာငယ်များ သင်ကြားပြီးသည့်အပြင် အစိုးရပထမကြီးတန်းကိုပင် အောင်မြင်ခဲ့ပြီး၍၊ အထက်ပါဠိတော်စာကြီးများ ဖေါက်ရန် ဘုရားကြီးတိုက်သို့ရောက်လာခြင်းဖြစ်ရာ ယင်းနှစ် ဝါဦးကပင် ရောက်ရှိနေသော ကျွန်ုပ်နှင့် စာဝါတွဲလိုက်ခဲ့သည်။

www.dhammaransi.com



ဦးရေဝတမှာ ဉာဏ်လေးသော်လည်း လုံ့လဝီရိယကား အလွန်ကောင်းသည်၊ နံနက်စောစောဆရာတော်၏ မိလိန္ဒပဉှာ စာဝါတွင် ပေါင်းတည်ဦးစန္ဒ စာဆိုသည်၊ ကျွန်ုပ်က စာစပ်ရသည်၊ နေ့ ၁၂-နာရီ တိုက်အုပ်ဆရာတော် ဦးကောသလ္လ၏ သုတ်သီလက္ခန်စာဝါတွင် ကျွန်ုပ်စာဆိုသောအခါ ဦးရေဝတက စာစပ်သည်၊ ပဌမစာချဆရာတော် ဦးရာဇိန္ဒ၏ညနေ ဝိသုဒ္ဓိမဂ် စာဝါတွင်လည်း ကျွန်ုပ်တို့အတူ လိုက်ခဲ့ပြီး စာအတူလျှည့်ကာ နေလာခဲ့ကြသည်။

၁၃၀၂-ခုနှစ်တွင် ကျွန်ုပ်လည်း နေရပ်သို့ပြန်သည် ဦးရေဝတကား ဘုရားကြီးတိုက်တွင် နေသေးသည်၊ အသက်တူဝါတူဖြစ်သော်လည်း ကျွန်ုပ်အား အလွန်လေးစားသည်ဖြစ်၍ နေရပ် ပြန်ရပါသော်လည်း စာအမြဲအဆက်အသွယ်ရှိခဲ့သည်၊ ၁၃၁၃-ခုနှစ် ကျွန်ုပ်တောင်တန်းသာသနာပြုကိစ္စနှင့် ကယားပြည်နယ် လွိုင်ကော်ရောက်ကာမှ စာအဆက်အသွယ်ပြတ်ခဲ့ပြီး ဦးရေဝတမှာ ဘုရားကြီးတိုက်တွင် မရှိတော့ကြောင်း ဦးဣန္ဒာစရိယထံမှ စာရသည်။

သို့နှင့် လူချင်းကွဲကွာခဲ့ရသော နှစ်ပေါင်း ၃၅-နှစ်ရှိကာမှ ယခု- ၁၃၃၇-ခု သီတင်းကျွတ်လဆန်း ၁၂-ရက်နေ့တွင် ကျွန်ုပ်လည်း ရွှေတိဂုံဘုရားကြီးဈေး တင်ထွေးယဉ်၏ သီရိရတနာ စာအုပ်ဆိုင်သို့ စာအုပ်ကိစ္စရှိ၍ ဘုရားကြီး ကုန်းတော်ပေါ်မှ ဖြတ်လျှောက်သွားသောအခါ- ရာဟုထောင့် အရောက်တွင် နောက်ပါ တကာကြီးတယောက်က လွယ်အိပ်တလုံးလွယ်လျက်

www.dhammaransi.com



ရွှေမှုကိုယ်တော်မှာ သင်္ကန်းအညိုရောင်ဝတ်လျက် ဒုကုဋ်သင်္ကန်းကြီးခြုံပြီး မျက်နှာချင်းဆိုင် လျှောက်လာကာ အနားရောက်မှ မော်ကြည့်မိရာ—

"ဟာ....သပိတ်ကြီး"ဟု ကျွန်ုပ်၏နှုတ်မှ ရုတ်တရက် အော်လိုက်မှ "အင်း....ဖိုးပန် ပါလား ဝမ်းသာလိုက်တာဗျာ- ကျုပ်ကတော့ ခင်ဗျားကို မတွေ့ရတော့ဘူး သေပြီမှတ်နေတာ"

နုပ်- ဒါဖြင့် အခုသရဲခြောက်တယ် မထင်ဘူးလား-

တော်- မထင်ပါဘူး သရဲဖြစ်နိုင်တဲ့လူတွေမှမဟုတ်ပဲ-

ဟုဆိုပြီးသူ့နောက်က ပါလာသောတကာကြီးအားဟိုတုန်းက စာသင်ဖက်ဖြစ်ကြောင်း အခုမတွေ့ရသည်မှာ အလွန်ကြာသွားပြီဖြစ်ကြောင်း လူချင်း အလွန်ရင်းနှီးကြောင်းစသည်များပြောပြီး- တကာကြီးကတော့ ကျောင်းတကာ ဦးထွန်းသာ ဖြစ်ကြောင်း လပြည့်ကျော် ၉ ရက်တွင် ကထိန်အတွက် သင်္ကန်းလာဝယ်ကြောင်း ပြောနေရာမှ-

ကိုယ်တော်- ကဲလာဗျာ စကားအားရပါးရပြောရအောင် အချိန်ရရဲ့လား-

ကျွန်ုပ်- ကိုယ်တော်နဲ့တွေ့မှတော့ အချိန်ရ ရမှာပေါ့ ကဲ့နေတာကြာမှပဲ-

ဆို၍ ရာဟုထောင့်ရှိ ခေါင်းလောင်းကြီး တန်ဆောင်းသို့သွားကာ-

နုပ်- ဒါထက် ပျောက်နေလိုက်တာ အခု ဘယ်မှာနေပြီး ဘာလုပ်နေသလဲ-

www.dhammaransi.com



တော်- အခုတော့ နေရပ်မှာပဲ ဒီတကာကြီးတွေ ငိုငိုယိုယိုနဲ့ ပင့်လို့ ၅-နှစ်တာဝန်နဲ့ ပြန်နေတာ အခု ကထိန်ပြီးရင် ၅-နှစ်ပြည့်တာနဲ့ ကိုယ့်တာဝန်ကုန်အောင် သင်္ကန်းလိုက် ဝယ်ပေးပြီး ကထိန်ခေတ်ကုန်အောင် နေရမှာပေါ့-

ထိုအခါ ဦးထွန်းသာဆိုသူ ကျောင်းတကာကြီးက "ဟုတ် ပါတယ်ဗျာ ကျုပ်တို့ ဒီဆရာတော်ထွက်သွားရင် အားလုံးဒုက္ခ ရောက်ကုန်ကြမှာ ဆက်နေဖို့လျှောက်တော့လဲ ကျုပ်ကိစ္စအတွက် ကရှိသေးတယ်ဆိုလို့ ဘယ်သူမှ မလျှောက်ဝံ့ ကြပါဘူး" ဟု ညှိုးငယ်စွာပြောသည်။

နုပ်- နေပါအုံး ကိုယ်တော် ကိုယ်တော်က ဒီ၅-နှစ် ကျော်ရင် ဘယ်ကိုသွားမလို့လဲ-

တော်- ဒီလိုဗျာ ကျုပ်တို့စာသင်လာတဲ့လူတွေဟာ စာသင်တိုက် တခုခုမှာ စာချပြီးနေရင်နေရမနေရရင်နေကိုမနေချင်ဘူး-

နုပ်- ဒါကတော့အမှန်ပဲတပည့်တော်လဲစာသင်ပြီးတော့ခရမ်းမှာ စာချနေတာနောက်ကိုယ့်အရပ်ပြန်ရောက်လို့ စာချစရာမရှိ တော့ တခါထဲထွက်ပစ်လိုက်တာဘဲ အခု ကိုယ်တော်ကော လူထွက်မလို့လား-

တော် - ဟာ မဟုတ်ပေါင်ဗျာ ၁၃၁၂-ခုနှစ် ဘုရားကြီး တိုက်ကထွက်ပြီး နေရပ်ပြန်တယ်၊ ကျုပ်တို့အရပ်က တော ရွာဆိုတော့ စာသင်တိုက်မလုပ်နိုင်ဘူး ဒီတော့ ကျုပ်လဲ မနေနိုင်လို့ ပေါင်းတည်က ဦးစန္ဒဆီမှာ စာသွားချနေ တယ်၊ အဲ....သုံးနှစ်လောက်ရှိတော့ နတ္တလင်းဦးစန္ဒာဝရက ပင့်ပြန်တော့ သူ့ဆီမှာလဲ သုံးနှစ်လောက် ကြာမယ်၊

www.dhammaransi.com



နောက်လဲ- ဇီးကုန်းဦးဝိသုဒ္ဓတို့ဆီ-ဒီလိုနဲ့ ဘုံမရှိတဲ့နတ်လို ဟိုမှာဒီမှာလိုက်လိုက်စာချနေရာက ပြည်ဇောဘိကာရုံတိုက်မှာနေတုန်း ဒီတကာကြီးတွေ လိုက်လာပြီး ငိုယိုတောင်းပန်လို့ ၅-နှစ်တာဝန်ခံပြီး နေလာတာ ဒီနှစ်တော့ပြည့်ပြီ—

နုပ်- ဒါဖြင့် အရှင်ဘုရား ဘယ်မှာစာသွားချအုံးမလို့လဲ-

တော်- သူများ စာသင်တိုက် တွေမှာ စာလိုက်ချနေရတာတော့ တော်လောက်ပါပြီလေ-

နုပ်- ဩော်-ကိုယ်ပိုင်စာသင်တိုက်ထောင်မယ်ဆိုပါတော့-

တော်- ဒါလဲမဟုတ်ပါဘူး ဖိုးပန်တို့ ကျုပ်တို့ဟာ အသက်လဲမနဲတော့ဘူးနော်- ကျုပ်တို့ ဘုရားကြီးတိုက်မှာ တုန်းက ညဘုရားဝတ်တက်ပြီးတိုင်း ဆရာတော် ဆုံးမတယ်မှတ်လား "စာသင်တဲ့အလုပ်လုပ်နေပေမဲ့ ညဝါပြီးလို့မအိပ်ခင်အနည်းဆုံး အာနာပါနလေး ဘာလေး အားထုတ်ကြ ဒါမှ မင်္ဂဖိုလ်မျိုးစေ့ဖြစ်မယ်"ဆိုတာလေ-

နုပ်- တပည့်တော် သတိရပါတယ်-

တော်- အင်း သတိရတယ် လုပ်မနေနဲ့ ကျုပ်တို့ဟာ သေမယ့်အချိန်နီးပြီနော်-

နုပ်- အဲ သေမှာနီးတော့ ကိုယ်တော်ဘာလုပ်သလဲ-

တော်- အာနာပါနလေ ဒီတင်အားမရသေးလို့ လယ်တီဆရာတော် တရားစာအုပ်… အို… တရားစာအုပ်အမျိုးတော်တော်စုံအောင်လှေလာတာပဲ အေးတနေတော့ ကျေးဇူးရှိတယ်၊ စာချတဲ့အလုပ်မရှိတော့ အားရင် တရားစာအုပ်တွေချည်း

www.dhammaransi.com



ဖတ်ဖတ်ပြီး လေ့လာတာ တော်တော် နေရာကျတယ် ဖိုးပန်လဲလုပ်နော်-

နုပ်- လုပ်ထားပေါ့ အခု ကိုယ်တော်လေ့လာတာတော့ ဟုတ်ပီ အလုပ်ကကော-

တော်- အလုပ်ကတော့ အာနာပါန ပါဆိုမှ

နုပ် မဟုတ်ဖူး အရှင်ဘုရား လေ့လာတဲ့ အထဲက ဘာတရား အားထုတ်သလဲလို့-

တော်- ဒီလိုဗျာ လေ့လာတယ်ဆိုပေမယ့် ရှင်းရှင်းပြောရရင် ဗဟုသုတလောက်ပဲဖြစ်တယ် တရားလုပ်နိုင် လောက်တဲ့ သဘောကို မရပါဘူး ဒါတော့ ကျုပ်ညံ့လို့ ဖြစ်မယ် ထင်ပါတယ် ဒါပေမယ့် အခု ဦးဆရာရေးတဲ့စာအုပ်တွေ ကျတော့ ဒီပြင်စာအုပ်တွေနဲ့မတူဘူးဗျ၊ ဒါတောင်သူများ ဆီက ငှါးဖတ်ပြီး ပြန်ပေးရတယ် အခုရန်ကုန်လာမှ တစုံ လုံးဝယ်ခဲ့တာ အကုန်တောင်မရဘူး ကုန်နေသတဲ့-

ဆို၍ တကာကြီးဦးထွန်းသာလွယ်အိပ်ကိုယူပြီး စာအုပ်တွေ ထုတ်လိုက်သောအခါ "ကျွန်ုပ်ရေးသော-"

မဇ္ဈိမပဋိပဒါရှင်းချက်

အရိယာလမ်း မဂ်စခန်း

www.dhammaransi.com



မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်
သိတာနှင့်သိစရာ
မဇ္ဈိမပဏ္ဏာသပါဠိလက်စွဲ

စာအုပ်များဖြစ်နေသဖြင့် ကျွန်ုပ်အံ့အားသင့်နေရာ-

တော်- ဖိုးပန်ကော ဒီစာအုပ်တွေ မဖတ်ဖူးလား-

နုပ်- ဖတ်ထားမှ သိတ်ဖတ်ပေါ့- ဒီဆရာနဲ့တောင် တပည့်တော် သိတယ်-

တော်- အေးဗျာ ကျုပ်လဲ သိချင်တယ် အဲဒီဆရာကြီးနဲ့ အားထုတ်နည်း ဆွေးနွေးရရင် ကျုပ်ထွက်မယ်ဆိုတာ ဟိုဇင်းကျိုက်တောင်ဖက်မှာ တရားသွားအားထုတ်ချင်တာ-

နုပ်- ဪ... ရပါတယ် တပည့်တော် တာဝန်ယူပါတယ်၊ ဒါထက်အရှင်ဘုရား ဒီဆရာရေးတဲ့ စာအုပ်တွေ လေ့လာတော့ အယူအဆနဲ့ ပတ်သက်လို့ သဘောကျရဲ့လား-

တော်- ကျပါပြီလားဗျာ ကျုပ်အနေနဲ့ ပေါ့လေ အာနာပါန ကလွဲလို့ ဘာမှ ထိထိရောက်ရောက်အားမထုတ်ဖူးသေးပေမယ့် ကိုယ်တိုင်သိတော့မလို မြင်တော့မလိုပဲ-

နုပ်- ဒါဖြင့် အရှင်ဘုရား ဒီစာအုပ်တွေထဲ ရေးထားတာတွေ အားလုံး သဘောကျတယ်ပေါ့ မကျတာကော ရှိသေးသလား-

www.dhammaransi.com



တော်- အားလုံး သဘောကျတယ် ဆိုရလောက်အောင် ဒီစာအုပ်တွေ အားလုံးမဖတ်ရသေးပါဘူး ဒါပေမယ့် တချို့နေရာ ဘဝင်မကျတာလေးတွေလဲ ရှိတာပဲ အဲဒီဆရာနဲ့တွေ့ရမယ်ဆိုရင်တော့ ပြေလည်ကောင်းပါ့ရဲ့လေ ကျုပ်ဖတ်ရတာက ဟောဒီ မဇ္ဈိမပဋိပဒါရှင်းချက်ရယ်,အရိယာလမ်း မဂ်စခန်းရယ်, မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်ရယ် ဒီသုံးအုပ်ပဲ-ဒါတောင် အိုးသည်ကုန်း ဘုန်းကြီးဆီက ငှါးဖတ်ရတာ သူလဲ'မင်းလှ'က ရလာသတဲ့-

နုပ်- ထားပါတော့လေ အရှင်ဘုရားက ဘုရားကြီးတိုက်မှာ သင်ရိုးသုံးခေါက်လောက် ဖေါက်ပြီးဖြစ်လို့ ပရိယတ္တိမှာ တော့နေရာကျနေပီ၊ ပရိယတ္တိနေရာကျလာတဲ့ ပုဂ္ဂိုလ်ဟာ ပဋိပတ္တိကျတော့လဲယထာဘူတပြလိုက်ရင် မခဲယဉ်းပါဘူး- ဒီတော့ အဲဒီဆရာဆီမှာ တပည့်တော် လေ့လာထားသလောက် အရှင်ဘုရား အလုပ်သဘောပေါက်အောင် ဆွေးနွေးချင်တယ်ဘုရား အချိန်ရပါ့မလား-

တော်- ဒီအတွက်နဲ့ဆို အချိန်ရပါတယ်- ကဲ....တကာကြီးလဲ နားထောင်နော်-

နုပ်- အရှင်ဘုရားနဲ့ဆွေးနွေးချက်တော့ တပည့်တော် နဲ့နဲ့ထုတ်နုတ်ရေးမှတ်ထားမယ် အတိုကောက်ပေါ့လေ နောက်စာတအုပ် လုပ်ချင်လုပ်ရအောင်-

www.dhammaransi.com



တော်- ကောင်းပါတယ်-ဖိုးပန်က-ဟိုဘုန်းကတောင်' အုန်းခဲဖ
လက်ရေးတိုတတ်ထားတာပဲ'ရမှာပေါ့-ဒါပေမယ့်ခင်ဗျား
ဆရာနဲ့ဆွေးနွေးမှ မှတ်ရင်ပိုကောင်းမယ်ထင်တယ်-

နုပ်- ဒါလဲရပါတယ်·

ဆို၍ ဆွေးနွေးပွဲကိုစတော်လေသတည်း -

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်။



"နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ"

သီတင်းကျွတ်လဆန်း ၁၂-ရက်(၁၆-၁၀-၇၅)

## အာနာပါန မဂ်လမ်း။

နုပ်- ကဲ....အရှင်ဘုရားဘာသိချင်သလဲ, ဘာဆွေးနွေးမလဲ

တော်- အာနာပါန ဆွေးနွေးချင်တယ်၊ အဲဒီဆရာရေးတဲ့စာအုပ်တွေမှာတော့ အာနာပါနမပါဘူး အဲဒါတခု ကျုပ်က ဘဝင်မကျဘူး အာနာပါနဆိုတာ မဂ်ဖိုလုပ်ငန်းရဲ့အစ မဟုတ်လား-

နုပ်- မဂ်ဖိုရအောင် သတိပဋ္ဌာန်အလုပ်လုပ်ရတယ်၊ သတိပဋ္ဌာန် အစဟာ ကာယာနုပဿနာပဲ ကာယာနုပဿနာရဲ့အစဟာ အာနာပါနဘဲ ဒီတော့ အာနာပါနဟာ မဂ်လမ်း ဖိုလ်လမ်းရဲ့အစလို့ ဆိုကြတာထင်ပါရဲ့ ကိုယ်တော်က အာနာပါနကို တော်တော်အားထုတ်ဖူးလို့လား-

တော်- သိပ်လဲအားထုတ်ဖူးတယ်မဟုတ်ပါဘူး တခြားလုပ်ငန်း

www.dhammaransi.com



တွေ့ထက် လေ့ကျင့်ရတာလည်းလို့ တတ်နိုင်သလောက် အားထုတ်တာပါ-

နုပ်- ဒါထားပါတော့ ဒီအာနာပါနကလွဲပြီး တခြားတရားတွေ အားထုတ်ကြည့်ဖို့ကော စိတ်မကူးဘူးလား-

တော်- နေပါအုံး အာနာပါနဟာ တရားမဟုတ်ဘူးလားမင်ဖိုလ် နိဗ္ဗာန်မရနိုင်ဘူးလား ဒီမှာဖိုးပန် ခင်ဗျားနဲ့ ကျုပ်နဲ့ဟာ ညီအကိုအရင်းလိုလဲ ခင်မင်ကြတယ် စာလဲအတူလိုက်ခဲ့ကြတယ်၊ တယောက်အကျိုးလဲတယောက် ဆောင်ခဲ့ကြတယ် အဲဒီတော့ကျမ်းဂန်အရ,လက်တွေ့အရ တွေ့ရသိရရင် ပြောသာပြော ကျုပ်ကလဲ အနုတရားကို အားထုတ်ချင်လို့ ရှာနေတာ ဖိုးပန်နဲ့တွေ့လို့ တရားလမ်းမှန် လက်တွေ့နည်းရရင် ဇင်းကျိုက်မှာ သွားအားထုတ်ချင်တယ်၊ အခု အသက်ပဲခြောက်ဆယ်ပြည့်တော့မယ် ကိုယ့်အတွက် ကိုယ် လုပ်ချင်နေလို့ပြောတာပါ-

နုပ်- ဒီလိုဆိုရင် ရှင်းရှင်းပြောမယ် ဒီစာအုပ်တွေဟာ တပည့်တော်ရေးတာ တပည့်တော် အခုတရားဟော တရားပြနေတယ်လေ-

ဟောင်- ဟောဗျ ဩော်....ဆရာဦးကြည်ဆိုတာ-

နုပ်- ဟုတ်တယ် တပည့်တော်-

တော်- ဒါကြောင့် စာအုပ်ထဲမှာလဲ အာနာပါနမတွေ့ဘူး အခုလဲ အာနာပါနကိုပဲ ကာဆီးကာဆီး လုပ်နေတာ အာနာပါနကို တော်တော်ကြောက်နေတယ်ထင်ပါရဲ့-

www.dhammaransi.com



နုပ်- မကြောက်ပါဘူး လုပ်သလောက်ခရီးမရောက်လို့ပြောတာ·

တော်- ဝိသုဒ္ဓိမဂ်မှာ ဆိုတယ်မှတ်လား-အာနာပါနဟာ 'မဟာပုရိသဘူမိ'လို့-

နုပ်- အိုး—ဒုက္ခပါပဲ ဘယ်လို မဟာပုရိသဘူမိလဲ-·

တော်- 'ဣဒံ ပန အာနာပါနဿတိ ကမ္မဋ္ဌာနံ ဂရုကံ ဂရုဘာဝနံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံမဟာပုရိသာနံယေဝ မနသိကာရဘူမိဘူတံ' (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၇၆)

အဲဒါပေါ့ဗျ- ဒီအာနာပါနဿတိကမ္မဋ္ဌာန်းဟာ ပွားများရာမှာ လေးနက်တယ်, လေးလေးစားစား ရှုပွားရမယ်-ဘုရားတို့ ပစ္စေကဗုဒ္ဓါတို့သာဝကတို့ဆိုတဲ့ ယောကျ်ားမြတ်တို့သာပွားများသင့် ပွားများထိုက် နှလုံးသွင်းထိုက်တဲ့ တရားလို့ဆိုတယ်မဟုတ်လား-

နုပ်- အင်း-ဒီအဋ္ဌကထာပါဠိကို တော်တော်သဘောကျနေတယ် ထင်တယ်- သူ့အဓိပ္ပါယ်ကို တပည့်တော်ကောက်ပြမယ်- 'အဲဒီ. အာနာပါနကမ္မဋ္ဌာန်းဟာ-တဲ့၊ အင်မတန်ရှုရမှာ ဝန်လေးတယ်- ခက်ခဲတယ်တဲ့ အဲဒါကြောင့် ဘုရားတို့ ပစ္စေကဗုဒ္ဓါတို့ မြတ်စွာဘုရားရဲ့သားတော်ကြီးဆိုတဲ့တကယ့် အာဇာနည် မဟာပုရိသဆိုတဲ့ ယောကျ်ားမြတ်တို့သာ ပွားများအားထုတ်သင့်တဲ့တရား'လို့ အဓိပ္ပါယ်ရတယ်လေ·

တော်- ဒီလိုဆိုရင် တခြားလူတွေတော့မရဘူးလား-

နုပ်- တခြားလူတွေမရကြောင်း အဋ္ဌကထာမှာ အရှင်ဘုရား ဆက်ဆိုကြည့်ပါ-

www.dhammaransi.com



'....နစေဝဏ္ဏတ္တရံ၊န စဏ္ဏတ္တရသဏ္ဌာသမာသေဝိတံ-'တဲ့လေ-
အသက်ရှူတတ်ရုံသိတတ်ရုံ၊ ရှူရုံရှူတတ်သောသူတို့ရဲ့ အရာ-
မဟုတ် သူသူငါငါ လူတိုင်းရှုနိုင် သိနိုင်သောတရား
မဟုတ် တဲ့

တော်- နို့ဒါဖြင့် အထက်တန်းပုဂ္ဂိုလ် ၃-မျိုးကလွဲလို့ တခြား
လူတွေ မရှုကောင်းဘူးပေါ့-

နုပ်- အား ကိုယ်တော်-တပည့်တော်ကို ဒုက္ခမပေးပါနဲ့ လူတိုင်း
ရှုကောင်းပါတယ်၊ဒါပေမယ့် တရားရပါတယ်ဆိုတဲ့ အဆင့်
အတန်းတော့(ဈာန်တို့မဂ်တို့) မရနိုင်ပါဘူး-

တော်- ရှုရက်သားနဲ့ ဘာဖြစ်လို့မရတာလဲဗျာ-

နုပ်- ကိုယ်တော် ဒီအဋ္ဌကထာကို မျက်ခြေမပြတ်နဲ့နော် ဆက်ပြ
တာကိုကြည့်-

'ယထာ ယထာ-မန သိကရိယတိ'

'အကြင် အကြင်အခြင်းအရာအားဖြင့် မြတ်စွာဘုရား
ဟောကြားညွှန်ပြတဲ့အတိုင်း အားတုတ်မယ်-ရှုပွါးမယ်-
ကျကျနန နှလုံးသွင်းမယ်ဆိုရင်'

'တထာ တထာ ..'ညွှန်ပြချက်အတိုင်း အားထုတ်
သူဟာ-

'သန္တဍ္ဍေဝ ဟောတိ'

'အာရုံဖြစ်တဲ့ထွက်လေဝင်လေနဲ့တကွ ရှုနေမှတ်နေတဲ့
(အာရမ္မဏိကပေါ့လေ)အသိတရားပါ သိမ်မွေ့ သိမ်မွေ့
လာရာက ငြိမ်းသွား, ပျောက်သွားတတ်သတဲ့'နောက်ပြီး-

www.dhammaransi.com



'သုခုမဥ္စ–'နှုးညှံ့ နူးညံ့လာရာက ပို၍ပို၍ နူးညံ့သိမ်မွေ့လာပြန်သတဲ့–

ဩြဘ်– အရှင်ဘုရား တကယ်ပြောနေတာ ဘယ့်နှယ်ရှိနေသလဲလို့–

တော်– အကြောင်းရှိလို့ပါ– နောက်ပြီးပြောပါ့မယ်–

နုပ်– ဟာ-အရှင်ဘုရား–အခုပြောပါ တပည့်တော် ရွတ်တဲ့စာမှားနေသလား-

တော်– မမှားပါဘူးဗျာ ဒီအလုပ်လုပ်တော့ ဒီအဋ္ဌကထာပါဠိကို အရဆောင်ထားတာပဲ ကျုပ်က အခ်ိပ္ပါယ် တမျိုးကောက်ထားတာ၊အဲကျုပ်အားထုတ်တာကြာတော့ ဟုတ်တယ်ဗျို မကြာခဏဆိုသလို ရှုရင်းမှတ်ရင်းနဲ့ သိမ်မွေ့သိမ်မွေ့လာပြီး နောက်တော့ ပျောက်ပျောက်သွားတာ ဒီအဋ္ဌကထာ အဆိုအတိုင်းပဲ **အဲ**ဒါသဘိရလို့–

နုပ်– ဒီတော့ အရှင်ဘုရားက ငါတော့တရားရပီ ချာန်ရပီလို့ မထင်ဘူးလား-

တော်· **အား** တိုးတိုး ကိုယ့်ဟာကိုယ်တော့ ထင်တာပေါ့ဗျာ သူများတော့ ဘယ်သူမှမပြောဘူးပါဘူး–

နုပ်· တန်တော့ ဒါကြောင့် ဒီအာနာပါနပဲ တွယ်ကပ်နေတာကိုး **အဲ**ဒီလိုဖြစ်တော့ ခဏခဏဈာန်မဝင်စား ကြည့်ဘူးလား–

တော်· ဟာ–ဈာန်တွေဘာတွေ မပြောပါနဲ့ဗျာ ခဏခဏတော့ အဲ့ာရုံပြုကြည့်တာပေါ့·

www.dhammaransi.com



နုပ်- အဲဒါအရှင်ဘုရားမှ ဒုက္ခအကြီးအကျယ်တွေ့တာပဲ-ဒါမျိုးတွေကြောင့် ဒီကမ္မဋ္ဌာန်းကို-

'တသ္မာ တွေ့ ဗလဝတီသတိစ ပညာစ ဣစ္ဆိတဗ္ဗာ' ဘယ်နှယ်လဲကိုယ်တော်အဋ္ဌကထာဆရာက 'အဲဒါကြောင့်တဲ့ ဒီအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ သိမ်မွေ့လို့ လွတ်သွားတာမျိုး, နူးညံ့လို့ မရှုနိုင်တော့တာမျိုး, ငြိမ်းသွားလို့ ရှုမရတာမျိုး မဖြစ်အောင်သတိအားကောင်းဖို့လိုတာရယ်, ဘယ်လောက် နူးညံ့နူးညံ့ ရှုနိုင်တဲ့ အားကောင်းတဲ့ ရှုဉာဏ်ရယ် အလွန်လိုပါတယ်' လို့ဆိုတာပေါ့-အခုနပြောသလို လူတိုင်းတော့ ရှုတာပေါ့ အဲဒီရောက်ရင် မေ့သွားတဲ့လူနဲ့ အိပ်ပျော်သွားတဲ့လူနဲ့ပဲ-

တော် ဖိုးပန်ကော ရှုဘူးသလား-

နုပ် တရားရှာစတုန်းကတော့ ရှုဘူးပါတယ်-အဲဒီလိုပဲ တဖြည်းဖြည်းနဲ့ သိမ်မွေ့သွားရာကနေ ပျောက်သွားတာပဲ နောက် အိပ်ပျော်သွားတာပဲ နောက် ခဏခဏဒါပဲ လုပ်နေတယ် အဟုတ်မှတ်လို့ နောက်မှ မနဲဖျောက်ပစ်ရတယ်၊ သူစွဲတာ ဘိန်းစွဲတာထက် ဆိုးသေးတယ်-

တော်- ကျုပ်ကိုတော့ စောင်း မပြောပါနဲ့ဗျာ အဋ္ဌကထာဆိုတာကတော့ ဒီအတိုင်းကိုဆိုတာပဲ အဲဒါကို ကျုပ်က ပြောင်းပြန်ကောက်နေတော့ ငါတို့ကို အားပေးတာပဲလို့ ထင်နေတာကိုး-

နုပ် ကိုယ်တော့်ဟာက 'မထိုင်ခင်က ခြေဆင်း-မလင်းခင်ကနိုး' ဆိုသလိုဖြစ်နေပီ တကယ်တော့လဲ ဒီအာနာပါနဟာနကိုက

www.dhammaransi.com



သိမ်မွေ့တဲ့ ကမ္မဋ္ဌာန်းဖြစ်လို့ သူ့လမ်းစဉ်အရ သူ့သိမ်မွေ့တာကိုရှုတဲ့ ယောဂီဉာဏ်လိုက်နိုင်ဖို့ လိုတဲ့သဘောကို ပြောတာပါ မရှုကောင်းတာတော့ မဟုတ်ဘူး မရှုနိုင်တာကို ပြောတာ

တော်- အလုပ်အနေနဲ့တော့ ကျုပ်တို့က အတွေ့အကြုံ ရှိတာ မဟုတ်တော့ တခုခုတွေ့လာရင် ဒါဟာ မှန်သလား မှားသလား မဝေဖန်နိုင်လို့ ဒီကမ္မဋ္ဌာန်းပဲယူပြီး ဇင်းကျိုက်ဖက်သွားမလို့ပြောတာ-

နုပ်- အရှင်ဘုရား တရားတော်ရဲ့ သဘာဝကို မိမိရရသဘောပေါက်ရင် ဇင်းကျိုက်သွားဖို့လဲမလိုပါဘူး ဘယ်ရိပ်သာမှ သွားဖို့လဲမလိုပါဘူး ကိုယ့်ခန္ဓာမှာ ကိုယ်သိနိုင်တာပဲ မိမိကိုယ်တိုင် ခန္ဓာမှာ ယထာဘူတ သဘာဝမှ မသိရင်တော့ ဘယ်သွားသွား ဘာမှရမှာမဟုတ်ဘူး ဒါကြောင့် တပည့်တော်တို့ ညွှန်ပြရာမှာ **'ရိပ်သာမှာတရားမရှိခန္ဓာမှာရှိသည်'** လို့ ဟောညွှန်ပါတယ် 'ဒါဖြင့် ရိပ်သာတွေကို သွားနေကြတာဟာ အပိုလား' လို့မေးရင်တော့ မပိုပါဘူး 'စိတ်အေး-လက်အေး ကိုယ့်ခန္ဓာမှာ အချိန်ယူပြီး ရှုနိုင်အောင်သွားတာ' ဆိုရင်တော့ မှန်ပေတာပေါ့ တကယ်တော့လဲ ဘယ်ကိုသွားသွား မသွားသွား ဘယ်တောဘယ်တောင်ကို ထွက်ထွက် မထွက်ထွက် ကိုယ့်ခန္ဓာမှာ ကိုယ်သိမှ တရားရှုလို့ရပါတယ်-

တော်- အာနာပါန ကမ္မဋ္ဌာန်းရဲ့ သိမ်မွေ့နူးညံ့ သွားတာဟာ ဓမ္မတာနော်-

www.dhammaransi.com



နှပ်- ဟုတ်တယ်လေ ပါဠိတော်ကလဲပဲ-

'ပဏ္ဍိမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ'

လို့ ဟောတော်မူတဲ့အတိုင်း လယ်တီဆရာတော် ဘုရားကြီး ကလဲ-

'သတိမြဲရာ- ပထမာ- ဒု မှာရှည်တိုသိ'
'လုံးစုံလင်းရာ-တဥ္ဇသာ-စ မှာငြိမ်းစေဘိ'

လို့ ဆိုတာပဲ-ဒါတွေကိုပြောနေရတာလဲ တပည့်တော်တို့က ဝိပဿနာကို အဓိကထားလို့သာ ပြောရတာပါ သမထ အနေနဲ့ကတော့ ပျော်စရာပေါ့-

တော်- နို့ဝိပဿနာဖြစ်အောင် မရှုနိုင်ဘူးလား

နှပ် ရှုတတ်ရင် ခန္ဓာနဲ့စပ်လို့တော့ ဝိပဿနာမဖြစ်ထာ ဘာမှ မရှိဘူး ဒါပေမယ့်အသိဉာဏ်ဟာ အခု အာနာပါန သိမ်မွေ့သွားလို့ မရှုနိုင်တာ ငြိမ်းသွားလို့ ရှုမရတာ လုံးဝ ဖြစ်လို့မရဘူး-

တော်- ဒါဖြင့် တော်တော့ကို ဂရုစိုက်ရမှာပေါ့ ဘယ်သူ့ယ် မလဲ-

နှပ်- အဲဒါကြောင့်ပေါ့ ကိုယ်တော် မြတ်စွာဘုရားက-

'နာ ဟံ ဘိက္ခဝေ မုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနဿတိံ ဝဒါမိ'

(ဥပရိပဏ္ဏာသပါဠိတော်-၁၂၇)

www.dhammaransi.com



'ဘိက္ခဝေ• ချစ်သားတို့၊ မုဋ္ဌဿတိဿ- သတိလွတ်သောသူအား၊ ဝါ-ကမ္မဋ္ဌာန်းအာရုံ၌- ဂရုစိုက်မှု အားနည်းသော သူအားငှင်း၊ အသမ္ပဇာနဿ ကိလေသာကို သတ်တတ်သောအသိဉာဏ်ပညာ အားနည်းသောသူအားငှင်း၊ အာနာပါနဿတိ°- ထွက်လေဝင်လေကို သတိမလွတ်စေပဲ ကပ်၍ ရှုအပ်သော အာနာပါနဘာဝနာကို၊ နဝဒါမိ ငါဘုရားမဟော'တဲ့

တော်- ဟုတ်ပါတယ်၊ဒါဥပရိပဏ္ဏာသအာနာပါနဿတိသုတ်ပဲ• နောက်ပြီးတော့လဲ- မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာလဲ ဟောထားတာပဲ•

နုပ်- အဲ ကိုယ်တော်လဲ စာတွေတော်တော်မှတ်မိသားပဲ•

တော်- ကိုယ်က အာနာပါနလုပ်တော့ အာနာပါနဆိုင်ရာပါဠိတော် အဋ္ဌကထာတွေ စပ်စုထားရတာပေါ့-

နုပ်- ဒါထက် အရှင်ဘုရား အခု ကျောင်းတို့ အရပ်တို့ စွန့်ပြီး ဇင်းကျိုက်ဖက်သွားမယ် တရားအားထုတ်ချင်တယ် ဆိုတာ ဘာရည်ရွယ်ချက်နဲ့ လုပ်မှာလဲ အတိအလင်း ပြောနော် လူရင်းချင်းပဲ ကူညီစရာရှိရင် ကူညီရအောင်လို့•

တော်- ဟုတ်ပီ ကူညီမယ်ဆိုတာ ကျုပ်တော့ အင်မတန် ဝမ်းသာပါတယ်၊ ဟိုစာသင်သားဘဝတုန်းကလဲ ကူညီတာပဲ အခုလဲကူညီရမှာပါ• တရားလုပ်ချင်တယ်ဆိုတာက စောစောတုန်းကပြောသလို အသက်လဲကြီးလာပီ မြတ်စွာဘုရားသာသနာမှာ ဂန္ထဓုရ ရယ်၊ ဝိပဿနာဓုရ ရယ်လို့ ရှိရာမှာ•

www.dhammaransi.com



သိတဲ့အတိုင်း ကိုယ် ကိုယ်တိုင်လဲ ထိုက်သလောက် သင်ကြားခဲ့ပြီးပြီ နောက်ပြီးတော့လဲ နှစ်ပေါင်း ၃၀ လောက် စာပေပို့ချလို့ ပရိယတ္တိတာဝန်လဲ ဆောင်ရွက်ခဲ့ပြီးပြီ တခါ ကိုယ့်ပစ္စည်းလေးပါး တကာ တကာမတွေအတွက် ၅ နှစ် ဘုန်းကြီးလုပ်ခဲ့ရပြီးပြီ အဲဒီတော့ ဘာကျန်သေးသလဲဆို 'တောထွက်ရင်ထွက်-မထွက်ရင်သူထွက်' ဆိုသလို ဒီအရွယ်နဲ့ လူထွက်ဖို့လဲနေရာမကျ - ကိုယ့်ဆန္ဒကလဲ 'ဝိပဿနာဓုရ' သာလုပ်ဖို့ကျန်တော့ ဒါကိုအရေးတကြီးဖြစ်နေတယ်-

ထိုအခါတွင်ကျောင်းတကာ ဦးထွန်းသာက 'ဟုတ်ပါတယ် ဗျာ ကျုပ်တို့အရပ်က ကျောင်းမှာ ဘာမှလိုလေသေးမရှိအောင် ပြည့်စုံပါတယ် ဘုန်းကြီးထွက်သွားမှာစိုးလို့ ဘာမဆိုအကုန် တရွာလုံးက ဂရုစိုက်ကြတယ်၊ အရှင်ဘုရား ဘာအလိုရှိသလဲ လျှောက်လဲ ဘာမှမလိုဘူးဆိုတော့ ဘာမှမလုပ်ပေးတတ်ဘူး တရားပဲ သွားအားထုတ် မယ်ချည်းပြောနေတာ ကျုပ်တို့ကလဲ (အခုတော့ ဖွင့်ပြောပါ့မယ်) သိတ်မယုံဘူး ဘုန်းကြီးတရားအားထုတ်ထာ ဒို့လဲတခါမှ မတွေ့ရဘူး ဒို့ဆီက အထွက်ကောင်းအောင် ပြောတယ်ပဲ ထင်တယ် နောက်ပြီး တရားသွားအားထုတ်မယ်ဆိုတော့ တားလဲမတားရဲအောင် ပြောတာပဲလို့ ထင်ကြတယ်၊ အခု စောစောက ဆရာနဲ့ ပြောတော့မှ အမှန်တရားအားထုတ်နေကြောင်းသိရတာရယ် အခုဆရာဆီမှာ တရားတောင်းယူနေတာတွေ့မှ တကယ် အားထုတ်ချင်နေတယ် ဆိုတာတော့ အမှန်ပါဗျာ-

www.dhammaransi.com



နှပ်- ကဲ အားထုတ်ချင်တာတော့မှန်ပီ ဘာဖြစ်ချင် လို့ချင်လို့ အားထုတ်မှာလဲ-

တော်- နိဗ္ဗာန်ပေါ့ဗျာ-

နှပ်- ကိုယ်တော် ဒီလို သူပြောလူပြော ပေါ့ပေါ့မပြောနဲ့လေ-

တော်- နို့ ဘယ်လိုပြောရမှာလဲ ကျုပ်တို့ဘုရားရဲ့ ဝါဒဟာ နိဗ္ဗာန်မဟုတ်လား အဲဒီဒုက္ခခပ်သိမ်းအေးငြိမ်းတဲ့ နိဗ္ဗာန်ကို လို့ချင်လို့ပါ-

နှပ်- နိဗ္ဗာန်ကိုတိုက်ရိုက်ရတာက ဝိပဿနာ၊ လူနတ်ပြဟ္မာအဆင့်ဆင့်ဖြစ်ပီးမှ နိဗ္ဗာန်ရတာက ဒါန သီလ သမထ ဝိပဿနာ ဆိုတော့ ကိုယ်တော်က ဘယ်လိုဟာမျိုး....

တော်- အို....နိဗ္ဗာန်ကို တိုက်ရိုက်ရောက်တဲ့ ဝိပဿနာပဲ လို့ချင်တယ်၊ တခြားဝိဇ္ဇာမျိုး မဟုတ်တဲ့ စရဏ တရားတွေကတော့ များခဲ့ပါပြီလေ

နှပ်- ဒီမယ် ဒီလိုဆိုတော့လဲ သပိတ်ကြီးက သိတ်ဟုတ်ပါလား-

တော်- ဟုတ်တယ်လေ ကျုပ်တို့ဘုရားသာသနာမှာ ဒါအရေးအကြီးဆုံးပဲဟာ-

နှပ်- အခု တပည့်တော်လျှောက်ထာ တခြားကြောင့်မဟုတ်ဖူး တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဟာ ဉတ္တရထေရာပဒါန်မှာ ညွှန်ပြသလို 'သံသရာအပြစ် ကိုမြင်မှ ခန္ဓာမှာတရားတွေနိုင်တာ' ဆိုတော့ သံသရာအပြစ် မြင်မမြင် - တကယ်သံသရာဘေးကြောက်မကြောက် အဲ သံသရာကို ကြောက်လာတော့ သံသရာခန္ဓာလွတ်တဲ့ နိဗ္ဗာန်ကို ဉာဏ်အရောက်မြန်တာပေါ့

www.dhammaransi.com



တော်- **အဲ** ဟုတ်ပီ ဒီသံသရာဘေး မြင်လို့လဲပဲ မြန်မြန်တရား အားထုတ်ချင်တာပေါ့ သံသရာခန္ဓာဒုက္ခတော့ စာသင်လို့ ပြီးကထဲက အတော်အတန် သဘောပေါက်တယ်၊ နောက် ပေါင်းတည်မှာ စာချနေတော့ တောရွာကစာလာသင်တဲ့ ဦးဇင်းတပါးရဲ့ ရောဂါဝေဒနာဖြစ်တော့ သူ့တကာ တကာမကြီးတွေ မြင်ရတွေ့ရတာနဲ့ ဘယ်လိုသံဝေဂ ဝင်သွားသလဲလို့ ကိုယ့်ကိုယ်တော်င်ကိုယ်မသိဘူး အဲဒီကထဲက တောထွက်မယ် တရားအားထုတ်မယ် ခန္ဓာရတဲ့ အဖြစ်ဟာ တယ်ဒုက္ခကြီးပါလားလို့ စိတ်ထဲမှာဖြစ်နေတာ ခုအထိပဲ **အဲ**ဒါကြောင့်ပါ·

နုပ်- ဒါဆို အရှင်ဘုရားမှန်ပီပဲ ဒီခန္ဓာသံသရာက လွတ်ချင်တဲ့ သံဝေဂအမှန်ပဲ ဒီတော့ တပည့်တော် လိုရင်းလျှောက်မယ် အရှင်ဘုရား အာနာပါနကို အသာထား၊ နောက်သတိ ပညာမှန်လာတော့ အာနာပါန ဖြစ်ဖြစ် ဘာဖြစ်ဖြစ် အားလုံး ရှုလို့ရပါတယ်၊ တပည့်တော်က ပရမတ်ကို တိုက်ရိုက်ရှုနိုင်တဲ့ တရားပြမယ် ဒါလိုရင်းကိုပြောတာ-

တော်- ဟုတ်ပါပီ အာနာပါနဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဖိုးပန်တို့ အားထုတ်တဲ့ နည်းသာ ယထာဘူတကျကျ ညွှန်ပြပါ အလုပ်သဘောဖြစ်ရင် သဘောကျပါပြီ၊အဲ အာနာပါနကို အသာထားပါဆိုတော့ ကျုပ်ကလဲ အာနာပါနက လွဲလို့ ဘာမှ လေ့လာထားတာ မရှိတဲ့အတွက် အားထုတ်ရမယ့် တရားကိုသာ ပြောပြပါ လေ့လာအားထုတ်ဖို့ တာဝန် တော့ ကိုယ့်တာဝန်နဲ့ကိုယ်ပေါ့ ကျုပ်ကိုလဲ ပြောစရာရှိရင်

www.dhammaransi.com



အားမနာနဲ့ တပည့်လို ညီအကိုလို သဘောထားပြီး ဟော ပြစမ်းပါ-

နုပ်- တပည့်တော်ကိုတော့ စာသင်သားဘဝတုန်းကလို ညီအကို သဘောထား၊ တရားကိုတော့ ဘုရားရဲ့ တရားလို့သဘော ထားနော် တရားပြောရတာက - အရေးမကြီးဘူး-အခု-၅ နာရီတောင်ရှိပြီ-

တော်- ဖိုးပန်ဘဲ ကိစ္စရှိနေသေးလဲ-

နုပ်- တပည့်တော် ကိစ္စက - တရားလောက် အရေးမကြီးပါဘူး နောက်မှလုပ်လဲ ရပါတယ် - ကိုယ်တော် အခု ဘယ်မှာ တည်းခိုသလဲ-

တော်- ဥယျာဉ်တိုက်မှာ တည်းပါတယ်-

နုပ်- ဥယျာဉ်တိုက်ဆိုတော့ တပည့်တော် နေတာနဲ့ နီးပါတယ် ကျောင်းကိုပြော နောက်နေ့ကျ ကျောင်းမှာ လာဆက် ပြောမယ်-

တော်- နက်ဖန် ကျောင်းကို လာမယ့်အစား နေ့ ၁၁-နာရီ ဒီတန်ဆောင်းကိုပဲ လာနိုင်ရင်လာပါ-ဘုရားမှာပြောရတာ ကောင်းပါတယ်-

နုပ်- ဒါဖြင့်လဲ လာတာပေါ့ ဒီနေ့လဲ ဒီမှာအချိန်ရသလောက် ပြောမှာပေါ့-

တော်- အင်းဒါဖြင့်-ဘာက စလုပ်ရမယ်ဆိုတာ ပြောပေတော့ ကျုပ်သဘောမရှင်းတဲ့ အခါလဲမေးမယ်နော်-

နုပ်- အဲဒါမှပေါ့-ကိုယ်တော် သဘောမရှင်းရင် အလုပ်မဖြစ်ဖူး ရှင်းကိုရှင်းမှရမှာ-နောက်ပြီး ဒေသနာနဲ့မကိုက်ဖူး ထင်တဲ့

www.dhammaransi.com



နေရာလဲ ဆွေးနွေးပါနော် - လူချင်း ရင်းနှီးတာ တဌာန အလုပ်သဘောက တဌာနပဲ။

တော်- ကဲပြောပေတော့-

နုပ်- မြတ်စွာဘုရားဟာ အမှန်တရားဆိုတဲ့ 'သစ္စာလေးပါး'မှ မသိရင် ငါဘုရားပဲဖြစ်ဖြစ် သင်ချစ်သားတို့ပဲ ဖြစ်ဖြစ် ဒီသံသရာက မလွတ်ဖူးလို့ ကောဋိဂါမ သုတ်မှာ ဟောတယ်၊ ဒီတော့ သံသရာက လွတ်အောင် တရား အားထုတ်တယ် ဆိုရင် ဒီသစ္စာဟာ မသိရင်မဖြစ်ဖူးနော်-

တော်- ဒါဟုတ်ပါတယ်-

နုပ်- အဲဒီတော့ သစ္စာသိဖို့ ဘာလုပ်ရမလဲ - ဘယ်လိုရှာရမလဲ ဒီလိုမှတ်လား ဒီတော့ ငါ့ရှင်ရောဟိတဿနတ်သား-အမှတ် သညာနဲ့တကွသော အသိစိတ်နှင့် တကွသော ဒီတလံမျှ လောက်သော မိမိခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာလဲ သိနိုင်တယ်, ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာလဲသိနိုင်တယ်, ဒုက္ခချုပ်တဲ့ နိရောဓ သစ္စာလဲ သိနိုင်တယ်, ဒုက္ခချုပ်ရာလမ်းကြောင်း မဂ္ဂသစ္စာလဲသိနိုင်တယ်လို့ စတုက္ကအင်္ဂုတ္တရမှာဟောတယ် -

တော်- ဟုတ်ပါတယ် အဲဒီတော့ -

နုပ်- အဲဒီတော့ ကိုယ်တော်တို့ တပည့်တော်တို့ရဲ့ ခန္ဓာကိုယ်ဟာ သစ္စာလေးပါး သိနိုင်တဲ့ ခန္ဓာတွေနော်-ဒါဖြင့်အခုတပည့် တော်တို့ ဘာဖြစ်လို့မသိသလဲ—

တော်- သစ္စာလေးပါး သိနိုင်တယ်လို့သာ ဆိုတာကိုး ဘယ် ဟာကဘာသစ္စာလို့ မှမသိပဲ-

www.dhammaransi.com



နုပ်- အမှန်တော့ သစ္စာကို သိနိုင်လောက်တဲ့ ဉာဏ်မရှိလို့ မသိတာပေါ့-သစ္စာဆိုတာ အမှန်တရားနော်-အမှန်တရားဟာ ဘယ်ဟာတွေလဲလို့လေ့လာကြည့်ရင်-

## 'ပရမတ်ကြည့်မှ-အမှန်သိရ'

ပရမတ္ထတရားဟာ လေးပါးရှိတယ် ဒီအထဲမှာ 'စိတ်၊ စေတသိက်၊ ရုပ်' က သင်္ခတပရမတ်၊ 'နိဗ္ဗာန်' က အသင်္ခတပရမတ် နိဗ္ဗာန်အသင်္ခတပရမတ် ကတော့ ပြုသူ၊ လုပ်သူ၊ ပြင်သူ၊ မရှိတဲ့ အမှန်တရား၊ စိတ်၊ စေတသိက်၊ ရုပ်တို့ကတော့ ပြုပြင် ပြောင်းလဲပေးနေရတဲ့ သင်္ခတပရမတ် အမှန်တရား၊ ပပြုမပြင်ရတဲ့အသင်္ခတနိဗ္ဗာန်ရအောင် ပြုပြင် ပြောင်းလဲနေတဲ့ သင်္ခတပရမတ် ဒီခန္ဓာနဲ့ အလုပ်လုပ်မှ ရမှာ-အခုတရားအားထုတ်တယ်-သတိပဋ္ဌာန်အလုပ် လုပ်ကြတယ် ဆိုတာ သင်္ခတ ပရမတ်အလုပ် လုပ်ကြတာပဲ-

တော်- သင်္ခတပရမတ် ဆိုတာဘာလဲ ဘာသိမှသင်္ခတပရမတ်လို့ မှတ်ရမလဲ-

နုပ်- သင်္ခတပရမတ်ကို မသိလို့တော့ မဖြစ်ဖူး ကိုယ်တော်သတိလစ်နေလို့ဖြစ်မယ် အင်္ဂုတ္တရတိကမှ သင်္ခတလက္ခဏာသုတ်ရှိတယ်လေ-

တော်- အင်းလေထားပါ သူ့လက္ခဏာကဘာတဲ့လဲ-

နုပ်- 'ဥပ္ပါဒေါပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညတတ္တံပညာယတိ' တဲ့-

တော်- အင်း အင်း ဖြစ်မှုပျက်မှု ထင်ထင်ရှားရှားပဲ ဆိုပါတော့-

နုပ်- အဲဒီလက္ခဏာရှိတဲ့သင်္ခတပရမတ်ဆိုတာ ဒီကိုယ်ပဲ-ဒီခန္ဓာပဲ-

www.dhammaransi.com



တော်- သူတို့ဟာဘယ်လို ဘယ်သိလောက်တဲ့ အနေနဲ့ရှိနေသလဲ-

နုပ်- ကဲ ကိုယ်တော် အောက်ခြေကစပြီး ပြောရမှာပါလား-

တော်- ဝိပဿနာ အလုပ်အနေနဲ့တော့ ကျုပ်က ဘာမှမသိသေးပါဘူးလို့ ပြောထားတာပဲ ဆရာက အခြေခံက စသင်မှပေါ့ အခြေအမြစ်နဲ့ သိချင်လို့ပါ နောက်ပြီး ကျုပ်ဒီလိုမေးထားတဲ့ အတွက် နောင်လဲ သိချင်တဲ့ လူတွေသိရတာပေါ့-

နုပ်- ဒါဖြင့်-သင်္ခတပရမတ်ဆိုတာ 'စိတ်ရယ်, စေတသိက်ရယ်, ရုပ်ရယ်' နော် အဲဒီသုံးမျိုးမှာ စိတ်နဲ့ စေတသိက်ဟာ အာရုံကိုသိတတ် ညွတ်တတ်တဲ့ အတွက် 'နာမ်တရား'၊ ရုပ်ဆိုတာက 'ဖောက်ပြန်တတ်တဲ့ တရား' ဒီလို ၂ ပါးရတယ်-

တော်- ရုပ်နာမ် ဆိုပါတော့-

နုပ်- ဟုတ်ပါတယ် တပည့်တော်တို့ ဝိပဿနာ အားထုတ်ရာမှာ အရပ်ပြော, ပါးစပ်ပြော 'ရုပ်နာမ်' လို့ မှတ် လို့ မရဘူး ကိုယ်သိတဲ့ သဘောအနေနဲ့ သိမှဖြစ်မှာ-

တော်- တရားအားထုတ် ရာမှာတော့ ရုပ်နာမ်အမှတ်နဲ့ လုပ်လို့ရတာမရတာတော့ မသိဘူး ပြောသံကြားနေ ရတာတော့ ရုပ်နာမ်ပဲ၊ အဲ ဆရာ့ စာအုပ်တွေကျတော့ 'ဖောက်ပြန်သဘော, သိသဘော' လို့ ရေးထားတာ တွေ့တယ်-

နုပ်- အဲဒါကို အရှင်ဘုရား ဘယ်လိုယူဆမလဲ-

တော်- ကျုပ်အယူအဆ ပြောလို့တော့ ဘယ်ရအုံးမလဲ ကျုပ်က အားမထုတ်ရသေးတော့ ဖောက်ပြန်တာတွေ့မလား,ရုပ်တွေ့မလား သိမှုမသိသေးပဲ-

www.dhammaransi.com



နုပ်- အဲ အရှင်ဘုရား ဒီလို ရှင်းရှင်းပြောတာ ကောင်းတယ်- ဝိပဿနာအလုပ်ဆိုတာဒီခန္ဓာရဲ့ ပင်ရင်းသဘော ကိုပင်ရင်း အတိုင်းသိမှ-ယထာဘူတဉာဏ်ဖြစ်မယ်-

တော်- ခန္ဓာရဲ့ ပင်ရင်းဆိုတာ ဘာလဲ-

နုပ်- ဒီခန္ဓာဟာ ရုပ်နာမ်နှစ်ပါး အဲပေါင်းဖြစ်တယ်လို့ ဆိုတယ် နော် 'ရုပ်,နာမ်' ဆိုတာက လောကအပြော တကယ်ခန္ဓာ မှာကြည့်တော့ သိလာရတာက 'ဖေါက်ပြန်မှု, သိမှု'ပဲ၊ အဲဒါဟာလဲ ကိုယ်တော်က အလုပ်သဘောနဲ့ ခန္ဓာမှာမသိ ရဘူးသေးတော့ အတော် အပြောရ ခက်နေတယ်-

တော်· ခန္ဓာမှာ မရှုဘူးပေမယ့် သဘောတရား အနေနဲ့တော့ သိနိုင်မှာပေါ့-

နုပ်- တပည့်တော်အပြောရခက်နေတယ်ဆိုတာကမပြောတတ်လို့ ခက်ထာ မဟုတ်ပါဘူး ပြောရမှာက စာတတ်တဲ့ပုဂ္ဂိုလ်ကို၊ ပြောရမယ့် စကားက ဝိပဿနာရဲ့ အောက်တန်း အခြေခံ ဒီတော့ ခက်မနေဘူးလား-

တော်· မခက်ပါနဲ့ဗျာ အလုပ်တခု လုပ်ရင် ပညာတခု ရှာရင် အခြေခံ မိမိရရမရှိပဲနဲ့ ဘာမှလုပ်လို့မရပါဘူး ဒီအလုပ်က ပိုပြီးအရေးကြီးသေးတယ် အလုပ်သဘောနဲ့ ပြောလို့တော့ ကျုပ်က သေသေချာချာ မှတ်မှာပဲ-

နုပ်- ဒီတော့ အရှင်ဘုရား ခန္ဓာပေါ်မှာ အသိဉာဏ်ကလေး ခဏ ကပ်ထားကြည့်ပါ မျက်စိနဲ့မြင်တာကိုလဲ အာရုံ မထားနဲ့ နားကြားတာ,နှာခေါင်းက အနံ့ရတာ,လျှာက

www.dhammaransi.com



လျက်သိတာ အဲဒါတွေ အာရုံမပြုထားနဲ့ (ကာယဉ္စပဋိစ္စ ဖေါဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိကာယဝိညာဏံ) ကိုယ်နဲ့ သိစရာရှိတာ သိဖို့သာ အာရုံစိုက်ထားပါ၊ ခန္ဓာအရှိသဘောကို သိလာပါလိမ့်မယ်၊ ကဲကဲ အရှင်ဘုရားခင်ဗျား မျက်စိမှိတ်ပါ ကိုယ်ထဲမှာ အသိထားပါ အာနာပါန လုပ်မနေပါနဲ့အုံး၊ ကဲ အဲဒီလိုဆိုတော့ ကိုယ်ထဲမှာ ဘာတွေ သိနေရလဲ-

တော်- ဘာမှလဲ မသိပါလား-

နုပ်- မဟုတ်ဖူး-ကိုယ်တော် သိတတ်တဲ့ သဘောဟာ သိကိုသိနေရမယ်-

တော်- ဘာတွေ သိနေရမှာလဲ-

နုပ်- ကိုယ်တော့် ခန္ဓာရဲ့ သိရမယ့် သိစရာသဘောတွေကိုပေါ့-

တော်- အေးဗျ-ဘာမှမတွေ့ မသိတာက ခက်တယ်-

နုပ်- အရှင်ဘုရား ဒီခန္ဓာဟာ ရူပံ (ရုပ်)နဲ့ နာမံ(နာမ်)လို့ မဆိုဘူးလား-

တော်- ဆိုတယ် ဒါပဲရှိတယ်လို့ ဆိုတယ်-

နုပ်- ဒါဖြင့်ရူပံဆိုတာ ဘယ်လို လက္ခဏာ ရှိသလဲ-နာမံဆိုတာ ဘယ်လို လက္ခဏာလဲ-

တော်- ရူပံ ဆိုတာက 'ရုပ္ပနလက္ခဏာ, နာမံ ဆိုတာက-နမန လက္ခဏာပေါ့'-

နုပ်- ဗမာလို ပြောစမ်းပါ ကိုယ်တော် ဒါမှကိုယ်သိ ဖြစ်မှာ-

တော်- ရူပံရဲ့ရုပ္ပနလက္ခဏာက-'ဖေါက်ပြန်မှုပဲ'နာမံရဲ့လက္ခဏာက အာရုံကို 'ညွတ်မှုပဲ'-

www.dhammaransi.com



နုပ်- ကိုယ်တော်တို့ တပည့်တော်တို့ ခန္ဓာမှာ ဖေါက်ပြန်မှုနဲ့ ညွှတ်သိမှုပဲရှိတယ် တခြား မရှိဘူးဆိုတာ စာထဲမှာတွေ့ဖူးသလား·

တော်- ဝိသုဒ္ဓိမဂ်မှာ မဟုတ်လား-'နာမရူပမတ္တတော' အစရှိသည်ပေါ့လေ-

နုပ်- အဲ ဟုတ်ပီ·အရှင်ဘုရား ယုံကောယုံသလား·

တော်- စာအနေ ကျမ်းဂန်အနေနဲ့တော့ ဒီခန္ဓာမှာ သိမှုဖေါက်ပြန်မှုကလွဲလို့ မိန်းမယောကျ်ား ပုဂ္ဂိုလ်သတ္တဝါ နတ်ဗြဟ္မာ ဆိုတာမရှိဘူးလို့ ဆိုတဲ့အတိုင်း ယုံပါတယ် ကိုယ်တွေ့အနေနဲ့တော့ဘာမှ မသိရသေးလို့ ဘယ်လိုမှ မပြောတတ်ဘူး-

နုပ်- အင်း ဒါလဲဟုတ်ထာပဲ အခုနဝိသုဒ္ဓိမဂ်ပဲ ဒီခန္ဓာဟာဖေါက်ပြန်မှု, သိမှုပဲရှိတယ်ဆိုတာ ယုံရင် သူ့ကိုသိတတ်တဲ့ ဉာဏ်နဲ့ကြည့်တော့ ဒါတွေပဲ တွေ့ရမှာပေါ့-

တော်- ဒါဖြင့်အဲဒီ ဖေါက်ပြန်မှုဆိုတာ ဘာကိုခေါ်တာလဲ-

နုပ်- 'သီတေနပိ ရုပ္ပတိ, ဥဏှေနပိရုပ္ပတိ' စတဲ့သဘောတွေပေါ့·

တော်- အင်း အင်း ဟုတ်တယ် အအေးကြောင့်လဲ ဖေါက်ပြန်တယ်, အပူကြောင့်လဲ ဖေါက်ပြန်တယ် စသည် တို့ဟာ ဖေါက်ပြန်တာတွေ ပေါ့နော်-

နုပ်- ကိုယ်တော်က အအေးကြောင့် ဖေါက်ပြန်တယ်, အပူကြောင့်လဲ ဖေါက်ပြန်တယ်ဆိုရင် မအေးမပူတဲ့အခါ ဘာဆိုမလဲ မဆာမလောင်တဲ့အခါ ဘာပြောမလဲ -

တော်- ဒါဖြင့် ဒီပါဠိကို ဘယ်လိုဖေါက်ပြန်တယ် ဆိုတဲ့အဓိပ္ပါယ်ဖေါ်မလဲ ·

www.dhammaransi.com



နုပ်- ဒီတော့ တပည့်တော်တို့က 'သီတုဏှာဒိ ဝိရောဓိ ပစ္စယေန ရုပ္ပတီတိရူပံ' ဆိုရင် သူ့အဓိပ္ပါယ် ပေါ်ရောပေါ့-

တော်- အေးမှုပူမှုစတဲ့ မတွေ့တွဲဆန့်ကျင်မှု သဘောတို့ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘောဟာ ဖေါက်ပြန်တဲ့ သဘော ဒီလိုလား-

နုပ်- ဟာ ဟုတ်လှပေါ့ ကိုယ်တော် အဲဒီတော့ 'သီတေနပိ ရုပ္ပတိ အေးတာဟာလဲ ဖေါက်ပြန်မှုပဲ - ဥဏှေနပိရုပ္ပတိ - ပူတာဟာလဲ ဖေါက်ပြန်မှုပဲ' စသည်ဖြင့် ထူးခြား ကွဲပြားတဲ့ သဘာဝဟာ ဖေါက်ပြန်မှုချည်းပေါ့ အေးတယ်, ပူတယ် ဆိုတာက ပညတ်လို ပြောတာ ဖေါက်ပြန်တဲ့ သဘောက ပရမတ်လိုသိတာ-

တော်- အင်း ထားပါတော့ ကျုပ်တို့ခန္ဓာမှာဘယ်လိုသိနိုင်မလဲ-

နုပ်- အရှင်ဘုရားတို့တို့မှတ်ဖို့ကဒီခန္ဓာဟာဖေါက်ပြန်မှုသဘောနဲ့ သိမှုသဘောချည်း ရှိတယ်လို့ ယုံကြည်ထားရင်. ခန္ဓာမှာ အသိဉာဏ်ကပ်ထားတဲ့ အချိန်မှာ သိလို့ရတဲ့သဘော အားလုံးဟာ 'ဖေါက်ပြန်နေတယ်, ဖေါက်ပြန်တဲ့သဘော' လို့ သိနေလိုက်ထာပေါ့-

တော်- ဒါဆိုရင် ခန္ဓာမှာ သိလို့ ရတာပေါ့ သိနိုင်တာပေါ့ နော်-

နုပ်- ခန္ဓာမှာ သိနိုင်တာချည်းပဲ သိတတ်တဲ့ အသိကသာ မှန်တဲ့ အတိုင်း သိဖို့လိုတာ-

တော်- မှန်တဲ့အတိုင်း သိရမယ်ဆိုတာ ဘယ်လိုသိရမှာလဲ-

နုပ်- မှန်တာက 'ဖေါက်ပြန်မှု' သိတာက 'ဖေါက်ပြန်နေတယ်' လို့ သိရင်မှန်တာပေါ့-

www.dhammaransi.com



တော်- သြော်-ခန္ဓာရဲ့အမှန်ကတော့ 'ဖေါက်ပြန်မှု' သိတာက 'ပူတယ်, အေးတယ်' ဆိုရင် မှားပြီ ဒီလိုဆိုမလား-အဲဒါ ဘာဖြစ်လို့-

နုပ်- (ရုပ်-နာမ်)ဆိုတဲ့'ဖေါက်ပြန်မှု့သိမှု'ဟာ ပရမတ်၊'ပူတယ်, အေးတယ်'မှတ်တာက ပညတ် အမှတ်ဖြစ်နေတော့ ပရမတ် အလုပ်လုပ်တဲ့အခါ ပညတ်ဟာ အမှားပေါ့-အဲဒီ ဖေါက် ပြန်မှုက ခန္ဓာရဲ့ အမှန်ရှိတဲ့'ယထာဘူတ' ဖေါက်ပြန်နေ တယ်လို့ သိမှုကအမှန်သိတဲ့' ယထာဘူတဉာဏ်' အဲဒါသာ ရေရေလယ်လယ်သိရင် အရှင်ဘုရား ဝိပဿနာရှုဖို့ အခြေခံ ကောင်းသွားပြီ-

တော်- ဟာ-တယ်ဟုတ်ပါလား- ဒါဖြင့်ခန္ဓာမှာရှုပုံလေး လက် တွေ့ပြစမ်းပါ

နုပ်- အခု တပည့်တော် လျှောက်နေတာဟာ ခန္ဓာလက်တွေ့ ချည်းပဲ ကဲအလုပ်သဘောနဲ့ သိချင်ရင် မျက်စိအသာမှိတ် ပြီး ကိုယ်တော့ခန္ဓာမှာ 'သိစရာရှိတာသိမယ်'လို့ စိတ်ထဲက ထားပြီး ငြိမ်ငြိမ်နေကြည့်ပါ....

(ဤနေရာတွင် ကိုယ်တော်သည် ၅မိနစ်ခန့်ငြိမ်နေပြီးနောက်)

နုပ်- အရှင်ဘုရား ကိုယ်ထဲမှာဘာတွေ့သလဲ....

တော်- တွေ့တာကတော့ တောင့်တာရော နွေးတာရော လှုပ်တာ ရော ခပ်စုံစုံတွေ့တာပဲ-

နုပ်- အသိကကော ဘာသိနေသလဲ-

တော်- စပြီးကြည့်ကာစတော့ တောင့်တာ နွေးတာလို့ မှတ် လိုက်သေးတယ်၊ ဒါလဲ မကြာပါဘူး နောက်သတိရပြီး

www.dhammaransi.com



'ဖေါက်ပြန်နေတယ်, ဖေါက်ပြန်နေတယ်'လို့ သိနေတာ မျက်စိဖွင့်တဲ့အထိပဲ-

နုပ်-ဝမ်းသာလိုက်တာ ကိုယ်တော်ရယ်၊ ကိုယ်တော်ပါရမီရှိတယ် ကိုယ့်ခန္ဓာရဲ့ အရှိသဘောကို ကိုယ်သိနေတယ်ဆိုပေမယ့် တချို့က ပညတ်အမှတ်မျိုးရောက်သွားတာတောင် ပရမတ် အသိဖက်ပြန်ရောက်အောင် သတိမထားနိုင်သူတွေ အများ ကြီးတွေ့ရတယ်၊ အခု အရှင်ဘုရားက ပညတ်အမှတ်ကနေ ပရမတ် အသိဖက်ချက်ခြင်းပြန်ရောက်နိုင်တာ သတိကောင်း တာ ဒီသတိပဋ္ဌာန် အလုပ်ဟာ သတိသိတ်အရေးကြီးပါ တယ်၊ ကိုယ်တော်က ဖေါက်ပြန်နေတယ်လို့ သိနေတာဟာ တကယ့်ကို ပြောင်းလဲတဲ့, ဖေါက်ပြန်တဲ့, မငြိမ်မသက်တဲ့ သဘောတွေရယ်လို့ စိတ်ထဲမှာ ထင်ကောထင်ရဲ့လား၊

တော်- ဒီထိအောင်တော့ အမှတ်မရပါဘူး တွေ့ကာစဆိုတော့ 'ဖေါက်ပြန်တယ်,ဖေါက်ပြန်တယ်'လို့ပဲ မှတ်နေတာပေါ့-

နုပ်- အရှင်ဘုရား ဟုတ်တယ် အဲဒါကိုသာ ကြာကြာသိနေပါ အုံး နောက်တော့'မုဆိုးစိုင်သင်' ဆိုတာလိုကိုယ့်ဟာနဲ့ကိုယ် အသိရင့်ပြီး 'ယထာဘူတံ ပဇာနာတိ' ဖြစ်လာမှာပေါ့ ဒါထက် အရှင်ဘုရား 'ဖေါက်ပြန်နေတယ်လို့ သိတာဟာ အသိနော် အမှတ်လို့ မထင်ပါနဲ့' အမှတ်မဟုတ်ဘူး အသိ တရားပါ ဒီအသိဟာ ဉာဏ်ဖြစ်တယ်၊ ဒါကြောင့်ရှုတ်ထာ မျိုးလို စိတ်ထဲက မှတ်ထာမျိုးလို မအောင့်မေ့နဲ့နော်-

www.dhammaransi.com



(ထိုအချိန်တွင် မှောင်စပြုပြီဖြစ်၍ ဘုရားကြီးလည်း မီးပူဇော်ပြီဖြစ်ရာ) ကဲ အရှင်ဘုရား ပြန်ကြပါစို့နက်ဖြန်မှ တခါဆက်ရအောင်–

တော်– ပြန်ကြတာပေါ့ အခုန ဆရာပြောတဲ့ အသိဆိုတာနဲ့ အမှတ်ဆိုတာ မတူဘူးလား–

နုပ်– အို အရှင်ဘုရား အသိဆိုတာက ပညာပဲ၊ အမှတ်ဆိုတာက သညာပဲ၊ ဒီအလုပ်ဟာ သံလျင်ဆရာတော် ဟောသလို 'သဗ္ဗေသင်္ခါရာအနိစ္စာ ဂါထာမှာ ယဒါသညာယပဿတိ' လို့ ဘုရားမဟောဘူးတဲ့ 'ယဒါ ပညာယ ပဿတိလို့ သာ ဘုရားက ဟောတယ်'ဆိုသလိုပေါ့၊ 'သညာယပဿတိ' လို့ မဟောတော့လဲ သညာနဲ့ မမှတ်နဲ့ပေါ့ 'ယဒါ ပညာယ ပဿတိ' လို့ ဟောတဲ့အတွက် ပညာနဲ့သိပေါ့ ဘာခက်လို့လဲ -

တော်– အံမယ် အံမယ် တယ်ဟုတ်ပါလား–

နုပ်– တယ်ဟုတ်မနေနဲ့ အရှင်ဘုရားနဲ့ တပည့်တော်နဲ့ အခုမှ သာပြန်တွေ့ရပေမဲ့ အကြောင်းကိစ္စတွေက ရှိနေတော့ ကြာကြာ လှေ့လာဆွေးနွေးဖို့ အချိန်လဲ မရဘူး၊ ဒီတော့ ခပ်မြန်မြန် ရှုတတ်ဖို့ အလုပ်သဘောပေါက်ဖို့ ကြိုးစားမှ ဖြစ်ပါလိမ့်မယ်–

တော်– နေပါအုံး ကြာကြာဆွေးနွေးဖို့ အချိန်မရဘူးဆိုတာ ဘာအကြောင်းတွေရှိနေလို့လဲ ဆရာကြီးရ–

နုပ်– အရှင်ဘုရားကလဲ ကထိန်ကိစ္စနဲ့ပြန်ရမယ်၊ တပည့်တော်က လဲ အခု လပြည့်ကျော်တရက်ဆိုရင် တောင်ကြီး, လွို

www.dhammaransi.com



ကော်ကို ခရီးစထွက်ရမယ် ဒီတော့ အချိန်ကမရတော့ဘူး ဒီကြားထဲမှာတောင် လပြည့်ညအထိ ၃ ရက်တရားပွဲ ၅ပွဲ ရှိနေတယ် နက်ဖြန်ညကစပြီး လပြည့်ညအထိပဲ ကိုယ်တော် ဒါပေမဲ့ ပရိယတ္တိ အခံမရှိထားတဲ့ ပုဂ္ဂိုလ်ဆိုရင်လဲ ဒီတရက် နှစ်ရက်နဲ့သိအောင် တပည့်တော် မပြနိုင်ပါဘူး၊ အရှင်ဘုရားကိုတော့ ပြောရပြရ သဘောပေါက်လွယ်ပါလိမ့်မယ် ဒီတော့ ဒီကပြန်လို့ ကျောင်းရောက်ရင် ခပ်ကြာကြာလေး ခန္ဓာကိုလေ့လာရေး လုပ်ပေတော့ ဒါမှ နက်ဖြန်အဲဒီတွေ့မှုက ဆက်ပြီး ဆွေးနွေးနိုင်ဖို့....

တော်- ဆရာရေ့ တရားရမရတော့ မပြောတတ်ဖူး အခုသိချင်နေတာတော့ အလွန်ပဲ ဒီတော့ ဒီလိုလုပ်ပါလား ဒီကပြန်ရင် ဆရာလဲ ထမင်းလေး ဘာလေးစား ရေမိုးချိုးပြီး ဝေးလဲမဝေးပါဘူး ၉-ထပ်ကြီးဘုရားကိုလာပါ၊ ကျုပ်လဲ၉ ထပ်ကြီးကစောင့်နေမယ်-မကောင်းဘူးလား....

နုပ်- ကောင်းပါတယ် တခြားလူတွေထက် အရှင်ဘုရားတို့လို သိချင်ပြီး လိုလိုချင်ချင်ရှိတဲ့ သံဃာတော်တွေ အတွက် တပည့်တော်ကပိုပြီးတော့ ရစေချင်တယ်၊ သံဃာထဲမှာလဲ အရှင်ဘုရားတို့လို ပရိယတ်ပြည့်စုံလာတဲ့ သံဃာတော်တွေကို ပြောရတာ,ဆွေးနွေးရတာ ပိုပြီး ကျေနပ်အားရတယ်၊ ဒါမှ သာသနာတော် ပြန့်ပွားမှာကိုး....ဆို၍ ဘုရားကုန်းတော်ပေါ်မှ ဆင်းကြကာ ၃ ဘီးကားငှား၍ ပြန်လာကြလေသည်။

## သီတင်းကျွတ်လဆန်း ၁၂ ရက် နေ့ည (၁၆-၁၀-၇၅)
## ရုပ် နာမ် ဆိုတာ အပြောပါ

ကျွန်ုပ် ၉ ထပ်ကြီးဘုရား တန်ဆောင်းသို့ ၈ နာရီခွဲကာနီး ရောက်သည်။ မိုးကတဖွဲဖွဲ ဘုရားဖူးများလည်း ခပ်ကျဲကျဲ တချို့ ပုတီးစိပ်သူများ ဘုရားတန်ဆောင်း ပတ်လည်တွင် သူ့နေ့နံ အလိုက် စိပ်ကြသလားမသိ၊ တယောက်စ နှစ်ယောက်စ တွေ့ရ သည်၊ ဘုရားတန်ဆောင်း တောင်ဖက်ခြမ်းတွင် လူ ၅ ယောက် တရား ငြင်းခုန်နေကြသည်၊ ကိုယ်တော်နှင့် ချိန်းလိုက်စဉ်က ၉-ထပ်ကြီးဘုရားဟုသာ ချိန်းလိုက်ပြီး နေရာဌာနကို မပြောမိ လိုက်သဖြင့် ပတ်ပတ်လည် လှည့်ရှာရဦးမည်ဖြစ်၍ ထိုလူစုတို့ငြင်း နေသောတရားကို နားမထောင်အားပေ၊ သို့နှင့် နောက်ကျော ဖက်ရောက်သောအခါ ဘုရားပလ္လင်တော်နှင့်ကပ်ပြီး တရားထိုင် နေသော ကိုယ်တော်တပါးကို တွေ့ရသည် ဆက်လျှောက်သွား သောအခါ မြောက်ဖက်တွင် ဘုရားရှိခိုးပြီးထလာသော ဦးထွန်း သာကို တွေ့သဖြင့်....

နုပ်- ဟော ဦးထွန်းသာပါလား ဘုန်းကြီးကော မကြွလာသေး ဘူးလား—

သာ- ဘယ်မကြွပဲနေပါ့မလဲ ဟိုမှာ တရားထိုင်နေတယ်လေ–

နုပ်- ကြာပီလား ဒီကိုရောက်နေတာ–

သာ- ကျုပ်ကတော့ မကြာသေးပါဘူး၊ ဘုန်းကြီး ကတော့ ကျောင်းကို ပြန်ရောက်ပြီးတာနဲ့ ရေမိုးချိုးပီး ဒီကိုထွက် လာတာပဲ 'တကာကြီး ထမင်းစားပီးလိုက်ခဲ့'ဆိုလို့ ကျုပ်

www.dhammaransi.com



ကတော့ အေးအေးဆေးဆေး ထမင်းစားပြီးမှ လိုက်လာတာ ကွမ်းတရာညက်လောက်ရှိရော့မယ်–

နုပ်– အင်းဦးထွန်းသာတို့ဘုန်းကြီးတော့တကယ်စိတ်ပါလက်ပါပဲနော်–

သာ– စိတ်ပါလက်ပါတော့ မပြောပါနဲ့လေ ရွှေတိဂုံဘုရားကပြန်လို့ ကျောင်းရောက်တော့'တကာကြီးတဲ့ ကျုပ်ကိုကျုပ်ကို ဒီဆရာဟာ စာသင်တိုက်မှာ အတူနေကြတုန်းက ပြောမနာဆိုမနာ နေလာကြတဲ့အပြင် စာအတူ သင်လာတယ် သာဆိုရတယ် သူဟာ ကျုပ်ဆရာတဲ့ မသိတာအကုန်မေးရတယ်တဲ့ အခုလဲဆရာ့ကိုမတွေ့ခင် စာအုပ်တွေလို့ ဖတ်ကြည့်တော့လဲ ယထာဘူတကျတဲ့ စာအုပ်လို့ စာအုပ်ကိုလေးစားရာက ကုန်းတော်ပေါ်မှာ မမြော်လင့်ပဲ ဆရာနဲ့ တွေ့တော့ သူဝမ်းသာရတဲ့အပြင် ဒီစာအုပ်ကိုရေးတာ သူလေးစားတဲ့ ဆရာဖြစ်နေပြန်တော့ ဘာပြောကောင်းမလဲဗျာ သူ့မှာဝမ်းသာလွန်းလို့တဲ့ သူညွှန်ပြတာတော့ ငါမရမနေမသိမနေ အားထုတ်မယ်လို့ ဆုံးဖြတ်လိုက်သတဲ့ ဆရာက အချိန်များများ မရဘူးဆိုလေ သူမရိုးမရွ ဖြစ်လေပဲ....ကဲ အခုလဲကြည့်လေ ကြာလှပြီလာထိုင်နေတာ ရိုးကလဲအလွန်ရိုး တခုခုလုပ်လဲ စိုက်လိုက်မတ်တတ်ပဲ ဆရာ့ကို တခုကျုပ်တောင်းပန်ချင်တာက 'ဒီတရားဟာ ဇင်းကျိုက်မသွားလဲရပါတယ်' လို့ ပြောပေးပါ ဆရာရယ် ဆရာ ပြောရင်ဘုန်းကြီးဟာ အကုန်နားထောင်မှာပါပဲ–

www.dhammaransi.com



နုပ်- ပြောပါမယ်လေ ဇင်းကျိုက် မသွားဘူး ဒိပြင်နေရာသွားမယ်ဆိုရင်ကော-

သာ- မဟုတ်ဖူးဆရာ ကိုယ့်ကျောင်းကိုယ့်နေရာမှာလဲ အားထုတ်နိုင်တယ်ပေါ့ဆရာ-

နုပ်- ဟုတ်ပါတယ် ကျွန်တော်နားလည်ပါတယ်၊ ဦးထွန်းသာတို့ကျောင်းမှာ တရားအားထုတ်လို့ ရလောက်တဲ့ ဆိတ်ငြိမ်မှုရှိရဲ့လား-

သာ- ရှိပါတယ် ရွာနဲ့ဆို ခဲတပစ်လောက်ဝေးတယ် ကျောင်းဝင်းထဲမှာလဲ သိမ်တို့ဇရပ်တို့ရှိပါတယ် အဲဒီမှာလဲ တိတ်ဆိတ်ပါတယ်၊ဘုန်းကြီးကသာတခြားမသွားဘူး ဒီကျောင်းမှာပဲ အားထုတ် နေမယ်ဆိုရင် တယောက်နေ တိုက်ဂူကလေး ကျုပ်ဆောက်လှူမယ် ဒီလိုသာဆိုရင် ကျုပ်တို့ရွာကလူတွေက သူလှူမယ် ငါလှူမယ်နဲ့ လုတောင်နေမယ် ဒီတော့ ဘာရမလဲ ကျုပ်က ဘုန်းကြီးနဲ့အတူတူ တရားရှာလာတဲ့လူဆိုပီး ကျုပ်က လှူရမှာပါ ကျုပ်တို့ရွာကလူတွေက လယ်သမားတွေ အခုလဲ စပါးကောင်းလိုက်ကြတာ ဟောဟော ဘုန်းကြီးထပြီ-

ကိုယ်တော်လဲ ဘုရားဝတ်ပြုပီး ထသောအခါ ကျွန်ုပ်တို့က ကိုယ်တော့်ဆီ လျှောက်သွားပြီး ထိုင်လိုက်ကြသည် ကိုယ်တော်မှာ ငြိမ်သက်လျက် ဣန္ဒြေရစွာ-

တော်- ဆရာရောက်ထာ တော်တော်ကြာသွားပြီလား-

www.dhammaransi.com



နုပ်- မကြာသေးပါ ရောက်ပြီး ဦးထွန်းသာနဲ့ စကားပြောနေတာပါ၊ ကဲ အရှင်ဘုရား တရားထိုင်နေတာ ဘယ်လောက်ကြာသွားသလဲ-

တော်- အင်း တနာရီလောက်ရှိမယ်ထင်တယ်-

နုပ်- ဒီလိုဆို ကြာသားပဲ ဘာတွသိနေလဲ-

တော်- သိတာကတော့'ဖေါက်ပြန်တာဘေ့ပေါ့-ဖေါက်ပြန်တာတွေဆိုပေမယ့် သိတာကြာလာတော့ အဲဒါတွေဟာ သူ့ကို ဖေါက်ပြန်ပါလားလို့ ကွက်ခြားပီးမသိရတော့ဘူး-

နုပ်- အို-ဘယ်လိုဖြစ်လို့လဲ-

တော်- ဒီခန္ဓာကိုယ် တခုလုံးဟာ ရှစကတော့'ပူသလိုလို တွေ့လဲ ဖေါက်ပြန်တယ်, အေးသလိုလိုတွေ့လဲ ဖေါက်ပြန်တယ်' စသည် သိနေတာပေါ့ နောက်တော့ ဒီလို သိနေရာက ခန္ဓာတကိုယ်လုံး ဖေါက်ပြန်နေတယ်လို့ မှတ်လို့မရအောင် ထုံနေသလိုပဲ ဖုံနေသလိုပဲ တမျိုးပဲလေ ဘယ်လိုတောင် ပြောရမှန်းမသိပါဘူး-

နုပ်- အဲဒီတော့ အရှင်ဘုရားက ဘာကို ဘယ်လိုသိနေသလဲ-

တော်- ဘာပဲဖြစ်ဖြစ်လေ'ဖေါက်ပြန်တဲ့ခန္ဓာကဘွေ့ရသမျှတော့ ဖေါက်ပြန်တဲ့ သဘောတွေပဲ ဖြစ်ရမယ်,လို့ ယုံကြည်ပြီး ဖေါက်ပြန်နေတယ်လို့ပဲ သိနေတာပေါ့-

နုပ်- အရှင်ဘုရားဟာ တပည့်တော်က ဖေါက်ပြန်တဲ့ သဘောတွေ စုပေါင်းဖွဲ့စည်းထားတဲ့ ခန္ဓာဖြစ်တယ်လို့ ပြောရုံနဲ့ တခါထဲ ယုံကြည်ပြီးရှုတာ မမှန်ရင်မခက်ဘူးလား-အရှင်

www.dhammaransi.com



ဘုရားသင်လာတဲ့ ပါဠိအဋ္ဌကထာလေး ဘာလေးနဲ့လဲ နှီးနှော ဝေဖန်အုံးမှပေါ့—

တော်- အကြောင်းဆိုက်တော့လဲ ပြောရအုံးမှာပေါ့လေ ကျုပ်အတွက်မှာဆိုရင် ဆရာဟာ အလွန်ယုံကြည်ထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်ထာကတကြောင်း- ဝါဦးတုန်းက အိုးသည်ကုန်း ဘုန်းကြီးဆီက ဆရာရေးတဲ့ 'မဇ္ဈိမဉာဏ်သိဘိုရန်' ဆိုတဲ့ စာအုပ်ရလာလို့ တရားကို လိုလိုချင်ချင်နဲ့ လေ့လာတဲ့အခါ အကိုးအကားတွေဟာ ပါဠိအဋ္ဌကထာ နံပတ်တွေနဲ့ချည်းတွေ့ရတော့ ဒီစာအုပ်ရေးတာ ဘယ်သူဘယ်ဝါ မသိခင်ပဲ ကျောင်းမှာရှိတဲ့ ပိဋကတ်တော်တွေနဲ့ အရင်တိုက်ဆိုင်ကြည့်တာပဲ အကိုးအကားနံပတ်တွေအားလုံး မှန်နေတော့ ကိုယ်စမ်းနိုင်တဲ့ ပရိယတ္တိဖက်ကတော့ သေချာပီလို့ မှတ်ထားပြီးမှ အခိပ္ပါယ် အယူအဆတွေကို ဖတ်တယ် ကိုယ့်လူနဲ့ကိုယ်ပဲလေ ရှင်းရှင်းပြောရရင် တချို့ ပါဠိတော်ပဲဖြစ်ဖြစ် အဋ္ဌကထဋီကာပဲဖြစ်ဖြစ် ဟို....စာသင်သား ဘဝတုန်းက အဓိပ္ပါယ်ဆိုလိုရင်းကို သဘောပေါက်ချင်မှ ပေါက်ထာနေ့ စာကုန်အောင် ကျမ်းပြီးအောင်သာ အာလုအယက် တက်ခဲ့တာကိုး-

အဲဒီ အဓိပ္ပါယ်တွေ တချို့ သဘောတောင် မပေါက်ဘူး ဆရာ့စာအုပ်မှာ အဓိပ္ပါယ်ဖေါ်ပြမှ အို-ဒီလို ယူရတာကိုးလို့ သိလာတယ်၊ အဲဒီ စာအုပ်တချို့ နေရာကျတော့လဲ ပဋိပတ်ဉာဏ်(အလုပ်ဉာဏ်)နဲ့မှ သိလို့ရတဲ့ သဘောမျိုးလဲ တွေ့လိုက်တယ်၊ အဲဒီတော့ ကိုယ်က အလုပ်မလုပ်ရသေးလို

7

www.dhammaransi.com



သာ ဒီအသိမျိုးမသိရထာ အလုပ်သာ ဒီဆရာနဲ့တွေ့လို့ အားထုတ်နည်း ရလိုက်ရင် သေသေချာချာ အားထုတ်လိုက်မယ်၊ ပရိယတ်အနေနဲ့ စစ်ထားပြီးသားပဲဆိုပြီး ဒီစာအုပ်ရေးတဲ့ ဆရာနဲ့တွေ့ချင်လို့ ကျုပ်တည်းခိုတဲ့ ဥယျာဉ်တိုက်က ကိုယ်တော်ကို မေးကြည့်တော့ ဟိုဖက် ဗားဂရာကျောင်းတိုက်အတွင်းမှာ 'သစ္စာဒီပက အဖွဲ့ချုပ်'ရှိတယ်၊ အဲဒီဆရာက ဥပုသ်နေ့မှ တရားလာဟောတယ်၊ ဆရာနေတဲ့နေရာ သူလဲ မသိဘူးဆိုလို့ ဥပုသ်နေ့စောင့်ရင်း ရွှေတိဂုံဘုရားမှာ စာအုပ်တွေ လာဝယ်ရာက ဒီဆရာနဲ့ကို ဒက်ထိတိုးတာကိုး ဒီဆရာကလဲ လက်စသတ်တော့ ဖိုးပန်ဖြစ်နေလို့ ကျုပ်ကုသိုလ်ကံ အလွန်ကိုကောင်းပါတယ်။

ဒီတော့ ကျမ်းစာလဲ ပါဠိတော်အဋ္ဌကထာတို့နဲ့ ကိုက်လို့ ယုံကြည်ပြီးသား ရေးတဲ့ပြတဲ့ ဆရာကလဲ နဂိုထဲက အားထားပြီးသားဆိုတော့ အလုပ်သဘော ဖေါက်ပြန်မှုလို့ ပြောလိုက်ကထဲက တခါထဲ ဇောက်ချလုပ်တော့တာပေါ့-

နုပ်- ဝမ်းသာလိုက်တာ ကိုယ်တော်ရယ် ဒါဖြင့် ဒီ 'မဇ္ဈိမဉာဏ်သိဘို့ရန်' စာအုပ်ကို အရှင်ဘုရား သေသေချာချာဖတ်ပြီး လေ့လာပြီးပိပေါ့-

ဟော်- လေ့လာဆို ၂ခေါက် ၃ခေါက်ပဲ ဖတ်ရပါတယ်၊ သူ့စာအုပ် ပြန်ပေးလိုက်ရတယ်၊ မင်းလှကိုမှာလို့လဲ မရှိတော့ဘူးဆိုလို့ အခု ဒီမှာရှာလို့လဲ မရဘူး ကုန်နေသတဲ့-

www.dhammaransi.com



နုပ်- ဟုတ်ပါတယ် ဒီစာအုပ် တပည့်တော်ဆီမှာတောင်မရှိတော့ဘူး၊ ဒါတော့ထားပါ ဒီစာအုပ်က ညွှန်တဲ့အတိုင်း အရှင်ဘုရား လုပ်စမ်းမကြည့်ဘူးလား-

တော်- လုပ်ကြည့်ပါတယ် ဒါပေမယ့် သိမယ်ကြံရင်းသံသယက ဝင်ရင်းဆိုတော့ ကိုယ့်သံသယ ကိုယ်မရှင်းနိုင်တာနဲ့ ရပ်ထားလိုက်ရတယ်-

နုပ်- ဘာသံသယတွေ ဝင်နေတာလဲ-

တော်- အမှန်ကတော့ ကိုယ့်စိတ်နဲ့ကို မရဲတာပေါ့‚ ဒီလိုတွေ့တာ ဒီလို သိနေတာဟာ ဟုတ်မှဟုတ်ရဲ့လား မဟုတ်မှတော့ ဒုက္ခပဲ ဘာပဲပေါ့ ဆက်မလုပ်ဝံ့တော့ဘူး-

နုပ်- အခု အားထုတ်တော့ကော သံသယမဝင်ဘူးလား-

တော်- မဝင်ဘူး....ဆရာရှိသားပဲ-

နုပ်- အမှန်ကတော့ ဒီခန္ဓာဟာ ပရမတ်နဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ ခန္ဓာမို့ ဉာဏ်နဲ့သိနိုင်တာ သိနေရတာတွေဟာ ပရမတ်ချည်းပဲ ဟိုတုန်းက အရှင်ဘုရား စမ်းသတ်အားထုတ်လို့ တွေ့တာလဲ ပရမတ်ပဲ- သူက ပရမတ်မှန်ရက်သားနဲ့ ကိုယ်တော့်စိတ်က မဝံ့မရဲတာပဲ၊ အခု ခန္ဓာမှာတွေ့နေတာလဲ ပရမတ်ပဲ၊ ဒါပေမယ့် 'ဆရာရှိသားပဲ' ဆိုတဲ့ စိတ်က ရဲလာတော့ ပရမတ်ကို ပရမတ်အတိုင်းသိတာပဲ ဆရာရှိလို့ ဆရာက ဘာမှလုပ်ပေးတာမဟုတ်ဖူး-

တော်- ဟုတ်ပါတယ် ဘယ်အလုပ်မဆို လုပ်ဖူးတဲ့ လုပ်တတ်တဲ့ လူနဲ့ဆို မမှားဘူးပေါ့-

www.dhammaransi.com



နုပ်- ကဲဒါဖြင့် အရှင်ဘုရား အခု တရားအားထုတ်ကြည့်တော့ ဒီခန္ဓာရဲ့ သဘောကို အနည်းနှင့်အများဆိုသလို သိပြီပေါ့· အခု ဒီခန္ဓာမှာ တွေ့နေ သိနေ ရတာတွေဟာ 'ဘာ' လို့ ယုံကြည်သလဲ-

တော်- ဖောက်ပြန်နေတဲ့ သဘောတွေလို့ ယုံကြည်ပါတယ်၊

နုပ်- အဲဒီ ဖောက်ပြန်တဲ့ သဘောဆိုတာ အဓိပ္ပါယ် ဘယ်လို အရှင်ဘုရား နားလည်သလဲ-

တော်- ပါဠိတော်မှာ 'ရုပ္ပတီတိ ရူပံ-သီတာဒိဝိရောဓိပစ္စယေဟိ ဝိကာရံ အာပဇ္ဇတီတိ အတ္ထော' လို့ ဆိုထားတော့ ဒီခန္ဓာမှာ ရုပ်သာလျှင်ရှိတယ်, ဒီလိုဒီမျှ ပြောင်းလဲနေတယ်, ဒိထက်လွန်တဲ့ ဒိထက်ပိုတဲ့ ဖောက်ပြန် ပြောင်းလဲချက်ဆိုတာ ရှိကိုမရှိဘူးဆိုတဲ့ အဓိပ္ပါယ်မို့လား ဒီခန္ဓာမှာ ဒီလိုဒီလို ဖောက်ပြန်မှု ပြောင်းလဲမှုမျိုးချည်းပဲ ရှိတယ်၊ ဒိပြင် ဘာမှမရှိဘူးလို့ သဘောကလဲ ပေါက်ထား ပြီး အခုလို, ခန္ဓာမှာကြည့်တော့ ဆရာက 'အဲဒါတွေဟာ ဖောက်ပြန်မှုချည်းပဲ'ဆိုလိုက်တော့ ကိုယ် သဘောပေါက် ထားတာနဲ့ သွားဟပ်လိုက်တော့ 'ဖောက်ပြန်တဲ့ သဘော တွေ'လို့ ယုံယုံကြည်ကြည် ရှုတော့တာပေါ့- ရှုတဲ့အတိုင်း လဲ တွေ့တော့ ယုံကြည်,ယုံကြည်တဲ့ အတိုင်းလဲ ရှုဆိုတော့ အခုလို အသိတွေ ဖြစ်လာတာပေါ့-

နုပ်- သာမုပါဘုရား- နို့ အရှင်ဘုရား ရုပ်နာမ်ကော မတွေ့ဘူး လား-

www.dhammaransi.com



တော်- အင်းပေါ့ ကျုပ်က ဝိပဿနာတရား အားမထုတ်ဖူးပေမယ်လို့ အားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တွေ ပြောသံဆိုသံ ကိုလဲ ရုပ်နာမ်လို့ မှတ်ခဲ့ဘူးတာပါပဲ-

နုပ်- မဟုတ်ဖူး အခု အရှင်ဘုရားခန္ဓာမှာ အခုရှိတော့ ရုပ်နာမ်တွေမတွေ့ မေးတာပါ-

တော်- အဲဒါ ပြောမယ်လေ-ဟို ရှေးရှေးတုန်းကတော့ ဒီလိုပဲ မှတ်ခဲ့ကြတာပဲ ဒီရုပ်နာမ်ဆိုတဲ့ စကားဟာလဲ စထွင်ပြောဘို့တောင် မလွယ်ပါဘူး ရှေးဆရာကြီးတွေက ပါဠိလို မတတ်တဲ့လူတွေ သိနိုင်အောင် မှတ်နိုင်အောင် ပါဠိပျက်နဲ့ 'ရုပ်နာမ်' လို့ သုံးနှုန်းခဲ့ကြတာပါပဲ ကျုပ်တို့လဲပဲ ဒီလိုမှတ်ခဲ့တာပဲ စာသင်တုန်းကလဲ 'နာမဒ္ဓ-နာမ်ရင်း၊ ရူပဒ္ဓ-ရုပ်ရင်း' ဆိုခဲ့တာပဲ မဟုတ်လား၊ အခု အဲဒီ 'မဇ္ဈိမဉာဏ်သိဘို့ရန်' စာအုပ်ထဲကျတော့ သဘာဝကျကျ စီစစ်ထားတာတွေ့ရတော့ အဲဒီကစပြီး ဒီစာအုပ်ကိုလေးစားတာပဲ-

နုပ်- တကယ်တော့ ဝိပဿနာအလုပ်ဟာ အသိအလုပ်၊ ဉာဏ်အလုပ်ဖြစ်တဲ့အကြောင်း အခွင့်သင့်တိုင်း ထုတ်ဖေါ်သတိပေးနေရတယ် ဘာ့ကြောင့်လဲဆိုတော့ ခန္ဓာကိုအသိဉာဏ်ကပ်လို့ လက်ငင်း ပစ္စုပ္ပန်သိနေရတဲ့အခိုက် ဝိပဿနာဉာဏ်ဖြစ်နေတယ်၊ ဒီအချိန်လေးမှာရှိတဲ့ ယောဂီဟာ သူ့ခန္ဓာမှာ ဘာသိနေမလဲ သူဘာနားလည်နေမလဲ ကြည့်ပါ၊ ခန္ဓာမှာ တွေ့ရသိရတာက မငြိမ်မသက် ပြောင်းလဲနေတဲ့ ဖေါက်ပြန်မှု မှတ်ထားက အဲဒီ ဖေါက်ပြန်တာကို သိပြီးမှ 'ရုပ်' လို့ မှတ်မယ်ဆိုရင် ဘယ်မှာလဲ ပစ္စုပ္ပန်၊ နောက်ပြီး

ဘယ်လိုနေလို့ 'ရုပ်'လို့ မှတ်သလဲ 'ရုပ်' ဆိုတာကို တွေ့သလား၊ သိကောသိသလား ဆိုရင် ခက်ပီ ကိုယ့်ဘာသာနဲ့ ကိုယ့်အသိနဲ့ ပီးနေမှ လုပ်သိရတဲ့ 'ရုပ်'ဆိုတာဟာ အတော်ခက်ပါတယ်။

စင်စစ်မှာ 'ရုပ်'ဆိုတာက 'ဣတိရုပံ-ဤကားရုပ်၊ ဣတိနာမံ ဤကားနာမ်'လို့ ဟောပြောသင်ကြားတဲ့ အခါမှာ သုံးပီးတော့ အလုပ်လုပ်တဲ့ အခါကျတော့ 'ဣတိရုပံ-ဒါက ဖေါက်ပြန်မှု၊ ဣတိနာမံ-ဒါက သိမှု'လို့ ဒီလိုမှရတယ်၊ ဥဒါန်း အဋ္ဌကထာ၊ ဣတိဝုတ် အဋ္ဌကထာတို့မှာ–

'ကောဝေ ဘာဂဝတော ဓမ္မဒေသနာ ဃောသော' စတဲ့စကား အရှင်ဘုရားတွေ့သလား–

တော်– တွေ့ပါတယ် အဲဒီစာအုပ်က ညွှန်လိုက်လို့ သူ့နံပတ်နဲ့ တိုက်ပီးရှာတော့ တွေ့ရော လေ့လာကြည့်တဲ့အခါ သံဝေဂလဲ ရစရာကောင်းပါတယ်၊ စာအဆိုတင်မဟုတ်ဘူး သဘာဝလဲကျပါတယ်။

'တနေရာမှာ မြတ်စွာဘုရားဟာ တရားဟောတော့ တရားနာကြတဲ့ လူမျိုးတရာ့တပါး ဘာသာစကား အမျိုးမျိုးသမား ထောင်နဲ့ သောင်းနဲ့ ချီပီးနာကြတယ်၊ မြတ်စွာဘုရားတို့ ထုံးစံကလဲ မဂဓဆိုတဲ့ ပါဠိဘာသာနဲ့ပဲ ဟောတယ်၊ ပါဠိမတတ်တဲ့ တရားနာတွေ ဘယ်လိုနားလည်သလဲ မြတ်စွာဘုရားရဲ့ ပါဠိဟော တရားတော်ဟာ သူတို့နားထဲကို သူတို့နားလည်တဲ့ စကားနဲ့ ဘာသာပြန်ပီးသွားရောက်သွားဆိုပဲ'

www.dhammaransi.com



နုပ်- ဒါကတော့ ဘုရားတို့ရဲ့ မကြံစည်အပ်တဲ့ တန်ခိုးပဲပေါ့၊ ဘာဖြစ်ဖြစ်လေ နာသူ အားထုတ်သူ သဘောပေါက် နားလည်မှ ရမယ်ဆိုတဲ့ အဓိပ္ပါယ်ကို အဋ္ဌကထာကဆိုတာ ပဲ ဒီတော့ ကိုယ်ကိုယ်တိုင် နားမလည်တဲ့ 'ရုပ်' ဆိုတာနဲ့ ကိုယ်ကိုယ်တိုင်သိတဲ့ 'ဖေါက်ပြန်မှု' ကို ဘယ်ဟာက ကိုယ်သိ ဖြစ်တယ်ဆိုတာ သိဖို့ပဲ-

တော်- အဲဒီကထဲက ကျုပ်ကတော့ သဘောပေါက်နေတာပါ။

နုပ်- တပည့်တော်အနေနဲ့ကတော့ 'ရုပ်နာမ်' လို့ ဟောကြပြော ကြပါစေ သုံးကြစွဲကြပါစေ အလုပ်လုပ်တဲ့အခါကိုယ်ကိုယ် တိုင်သိရတဲ့ သဘောကိုသာ ကိုယ်သိဖြစ်ဖို့ တိုက်တွန်းလို ပါတယ်၊ အခု အရှင်ဘုရား တရားအားထုတ်ကြည့်တော့ 'ရုပ်' ဆိုတာ တွေ့သလား-

တော်- မတွေ့ပါဘူး- တကယ်တွေ့တာက ပြောင်းလဲရွေ့ရှား နေတဲ့ ဖေါက်ပြန်မှု ဒါကိုလဲ ကျုပ်အထင် ပြောရမယ်ဆို ရင် အားထုတ်တဲ့ ယောဂီတိုင်း တွေ့မှာပါပဲ၊ ဒါပေမယ့် ညွှန်ပြတဲ့ဆရာက ရုပ်တွေရုပ်တွေဆိုလို့ လိုက်ရုပ်ကြတယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်တို့ကလဲ စာ လေးပေလေး သင်လာဘူးတယ်၊ သူများက ရုပ်ဆိုရင် ကျုပ်တို့က ပိုပြီးတော့ ရုပ်လို့ ပြောနိုင်မှတ်နိုင်မှာပေါ့ အခုတော့ မှတ်စရာရုပ်ကို တွေ့မှမတွေ့ပဲ-

နုပ်- နို့-ရုပ်မတွေ့လို့ ဘာရှုနေသလဲဆိုရင် ဘာပြောမလဲ;

တော်- မရှိတဲ့ရုပ်တော့ မရှုဘူး ရှိတဲ့ဖေါက်ပြန်မှုပဲ ရှုနေတယ်လို့-

www.dhammaransi.com



နုပ်- ဟာ တယ်သဘောပေါက်ပါလား ကောင်းလိုက်ထာမှ တပည့်တော့်သဘောပြောရရင် ခန္ဓာရဲ့သဘောကိုသိဖို့ရှုတဲ့ ယောဂီဟာ ခန္ဓာအရှိဆိုတဲ့ ဖေါက်ပြန်မှုကို၊ တွေ့နေ့သိနေ ပါရက်နဲ့ မရှိတဲ့ ရုပ်လို့မှတ်ထာဟာ လုပ်မှတ် လုပ်သိလို့ ဆိုချင်တယ်၊ ဝိပဿနာအလုပ်ဟာ သိနေရတဲ့ အလုပ်လို့ ညဏ်မျက်ခြေမပြတ်ဖို့ အထူးလိုတယ်နော်-

တော်- ဆရာ့ကို တခုဆွေးနွေးချင်တယ် ကျုပ်တို့က ခန္ဓာမှာ တွေ့နေတဲ့ ဖေါက်ပြန်မှု သို့မဟုတ် သိမှု တခုခုကိုသိနေတော့ ဒီအသိဟာ 'မဇ္ဈိမပဋိပဒါ' ဖြစ်မဖြစ်-

နုပ်- မဇ္ဈိမပဋိပဒါ ရဲ့အဓိပ္ပါယ်က အလယ်လမ်းကြောင်းအကျင့် လို့ဆိုတော့ ဘယ်ရဲ့အလယ်လမ်းကြောင်းလဲလို့ တခါထပ် မေးရင် လောဘ, ဒေါသ, မောဟ-တနည်း သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ တဖက်ဖက်မကပ်မငြိတဲ့ အလယ်လမ်းကြောင်း အကျင့်လို့ဆိုတယ်-ဒီတော့ ဒါဟာ စာသံပါနေလို့ စာ သဘော ပြောတယ်လို့ ထင်ချင်ထင်ကြမယ် အလုပ် သဘောနဲ့ဆိုရင်-

တော်- အဲဒီအလုပ်နဲ့ ကျမကျပြောတာပါ၊

**'အစွန်းလွတ်က-မဇ္ဈိမ'**

နုပ်- ခန္ဓာကို လေ့လာလို့သိရတဲ့ အသိဟာ အသိခံ အရှုခံရတဲ့ ရှုကွက်အပေါ်မှာ ပညတ် ပရမတ်မှုတည်လို့ လောဘ ဒေါသ ကိလေသာဖြစ်လောက်တဲ့ အာရုံမဟုတ်ရင်'မဇ္ဈိမ' ဖြစ်ထာပဲ အရှုခံ ရှုကွက်ကို ပညတ်အာရုံအနေ နှလုံးသွင်း

ရင်တော့ ကာမ,အတ္တအစွန်း တဖက်ဖက်ရောက်မှာပဲ အခု အရှင်ဘုရား ခန္ဓာမှာကြည့်တော့ 'ဖေါက်ပြန်မှုလို့ အရှုခံ ရုပ်ကွက်အပေါ်မှာ သိနေတာဟာ နှလုံးသွင်းမှန်တော့ ဒါ ပရမတ်သိပဲ အစွန်းမကပ်လို့ 'မဇ္ဈိမ' လဲကျတယ်-တကယ်လို့ အရှုခံရတဲ့ ရုပ်ကွက်ခန္ဓာကတော့ သူ့ထုံးစံ အတိုင်း ဖေါက် ပြန်နေတာကို ရှုတဲ့ကိုယ်တော်ရဲ့အသိက 'ပူတယ်,အေးတယ်, ညောင်းညာတယ်, ကိုက်ခဲတယ်' စသည်ဖြင့် သိနေရင် ဒီ အသိဟာ ပရမတ်အာရုံ မဟုတ်တော့တဲ့အတွက် သဘော ကျစရာလို့ထင်တဲ့ ကာမသုခလ္လိက ဒါမှမဟုတ်ရင် သဘော မကျစရာလို့မှတ်တဲ့ အတ္တကိလမထ တခုခု တဖက်ဖက်ကပ် သွားရင် အလယ်လမ်းကြောင်း 'မဇ္ဈိမ' မကျတော့ဘူးပေါ့-

တော်- ဒီလို 'ဖေါက်ပြန်နေတယ်' လို့ ပရမတ်အသိ ရှိနေမှတော့ ဒီကာမသုခလ္လိက ဆိုတဲ့ အစွန်းတို့ဝင်နိုင် ဖြစ်နိုင်သေး သလား-

နုပ်- 'ဖေါက်ပြန်တဲ့သဘော, ဖေါက်ပြန်နေတယ်' လို့ သိဆဲအချိန် မှာတော့ မဝင်ဘူးပေါ့၊ ကိုယ်တော် အသိလွတ်တဲ့တချိန် ဒါမှမဟုတ် သိတ်ရှုကောင်းတဲ့အချိန်မှာ ဝင်တာတ်ထာပဲ-

တော်- အဲသိလွတ်တဲ့အချိန်မှာတော့ ဝင်ချင်သလို ဝင်တာတော့ ယုံမှားစရာမရှိပါဘူး၊ သိတ်ရှုကောင်းတဲ့ အချိန်မှာငင်တတ် တယ်ဆိုတာကတော့ စဉ်းစားလို့မရဘူး-

နုပ်- အင်းဟုတ်တာပေါ့ ကိုယ်တော်က အရှုမကြာသေးတော့ ဒါမျိုးသိတ်မတွေ့ဘူးသေးဘဲကိုး-

တော်- ဒါပေမယ့် ဖြစ်တတ်ပုံသာပြောပါ-

www.dhammaransi.com



နုပ်- တပည့်တော်တို့ ခန္ဓာမှာ အရှုကြာလာတော့ ဖေါက်ပြန်တဲ့ သဘောတွေဟာ ပဌမ စသိတုန်းကလို သီးသန့်တခြားစီ၊ တကန့်စီ မထင်တော့ဘူး၊ တကိုယ်လုံးစောစောက ကိုယ်တော်ပြောသလိုထုံပြီး ကျိန်းပြီး တရွရွ၊ တမွမွ၊ တဖြန်းဖြန်းနဲ့ ခြုံပြီး သိနေတော့တာပဲ–

တော်- အင်းအင်း·အဲဒီတော့ အဲဒီတော့....

နုပ်- အဲဒီတော့ ရှုလို့ကောင်းနေတာပဲ တကန့်စီ၊ တသတ်စီ သိတုန်းကလို ဟိုလိုက်သိ၊ ဒီလိုက်သိ မဟုတ်တော့ဘူး ကိုယ်သိနေရတာလဲ ဘယ်နေရာ·ဘယ်နေရာလို့ ဌာနလဲမစွဲတော့ဘူး ခန္ဓာတခုလုံးကို အသိတခုထဲနဲ့ သိနေရတော့ သိလို့ရှုလို့လဲကောင်းနေတာပေါ့၊ အဲဒီနေရာမှာ ဝင်တာပဲ–

တော်- ဟော–ဘုရား ဘုရား အဲဒါ ဘယ်လိုကြောင့် ကိလေသာကာမ ဖြစ်ရတာလဲ–

နုပ်- ကိလေသာဆိုတာကလဲ သဘောတရား အနေနဲ့ ကြည့်ရင် အင်မတန် နူးညံ့တာပဲ စိတ်ထဲမှာ ကျေနပ်မှု၊ သဘောကျမှု အသေးအဖွဲ့ကနေ အကြီးအကျယ် လိုချင်မှု စသည်တို့အတွက် စိတ်မှာ ညစ်နွမ်းလာရင် ကိလေသာကတော့ အသေအချာဖြစ်တာပဲ အခု ရှုလို့ ကောင်းနေတဲ့ နေရာ ကိလေသာဝင်ပုံက သင်္ဂြိုဟ်တနသံယုတ် ပဟာနသုတ်မှာ ကြည့်လေ–

အဒုက္ခမသုခံ–ဆင်းရဲချမ်းသား ကိလေသာ မပါသော ဥပေက္ခာအနေရှုချက်ကို၊ သန္တံ–ငြိမ်သက်၏၊ ဉာတိ–ဤသို့၊ ဘူရိပညေန–မြေကြီးထုနဲ့ တူသော ပညာရှိတော်မူသော

www.dhammaransi.com



မြတ်စွာဘုရားသည်၊ ဒေသိတံ-ကိလေသာမပါ ကင်းသည်ဟု ချီးမွမ်းမြွက်ထား ဟောကြားတော်မူအပ်၏၊ တဒ္ဓါပိ-ထိုကိလေသာ မပါသော ဥပေက္ခာ ရှုချက်ကိုသော်လည်း၊ အဘိနန္ဒတိ-ရှုကောင်းချက်နှင့် နှစ်သက်သေး၏၊ သော-ထိုခန္ဓာပရမတ်ကို နှစ်သက်စွာ ရှုနေသော ယောဂီသည်၊ ဒုက္ခာ-ဆင်းရဲမှု၊ ဝါ ဆင်းရဲသံသရာမှ၊ နေဝပမုစ္စတိ-မလွတ်မကျွတ်သည်သာတည်း'တဲ့-

ကာမသုခလ္လိကလို့ အစွန်းတရားကို နာမည်တပ်တော့-ကိလေသာဖြစ်သွားတာပဲ အဲဒီအချိန်ဟာ မဇ္ဈိမ မကျတဲ့ အချိန်ပေါ့-

တော်- ကိုယ်ရှုတဲ့ တရားကို ကိုယ်သဘောကျ ကျေနပ်နေတာတောင် 'ကာမသုခလ္လိက' ကိလေသာ ဖြစ်တယ်ဆိုတော့ အတော်ကို သတိထားရမှာဘဲ-

နှပ်- သတိထားနေရမှာပေါ့-ဒီအလုပ်ကလဲ-သတိပဋ္ဌာန်ပေကိုး-တပည့်တော်တို့လဲ အရင်တုန်းကတော့ ခန္ဓာမှာ တရားရှုလို့ကောင်းတဲ့နေ့-ရှုလို့မကောင်းတဲ့ နေ့လို့တောင် မှတ်သားကြပါသေးတယ်၊ ရှုလို့ကောင်းတဲ့နေ့ကျတော့လဲ ရွှင်လို့ပြလို့ပေါ့ ရှုလို့မကောင်းတဲ့ နေ့ကျတော့လဲ စိတ်ထဲမှာ မကျေမနပ်နဲ့ဘာဝင်မကျဘူးပေါ့၊ အဲဒါတွေဟာကိလေသာဖြစ်တယ်, အစွန်းဖက်ရောက်နေတယ်, မဇ္ဈိမ မကျဘူးလို့ မသိခဲ့ရတာ အမှန်ပါပဲ၊ ဒါလဲ အခု စဉ်းစားကြည့်လိုက်တော့ 'ဒီလောက်တောင် မလိုပါဘူး'လို့ ဆိုသူကတောင် ဆိုတယ်-

www.dhammaransi.com



တော်- ဦးဇင်းလဲ စဉ်းစားတော့ကြည့်တယ်၊ ခုန တရားထိုင်တုန်းက တကိုယ်လုံးမှာ ဖေါက်ပြန်တဲ့သဘောတွေဟာ ရှုလို့လဲ တော်တော် ကောင်းပါတယ်၊ ဦးဇင်းတော့ မိုးကလဲ အေးအေးနဲ့ မှိန်းလိုက်သွားတာပဲ-

နှုပ်- ဒါမှ ကိုယ်တော်မသိဘူးလား 'ဥပက္ကိလေသ' လို့....

တော်- သိတော့သိလိုက်တယ်၊ ဒါမျိုးတွေ့ရင် အပျက်ရှုရမယ် ဆိုပေမယ့် အပျက်မရှုဖြစ်ပါဘူး-

နှုပ်- အဲဒီ အတွေ့သဘောကျနေလို့ မဟုတ်လား-

တော်- ဟုတ်ပါ့ဗျာ နဲနဲမဟုတ်ဘူး တော်တော်ကျေနပ်နေတာ-

နှုပ်- တော်တော်ကျေနပ်တော့လဲ တော်တော် ကိလေသာဖြစ်လိုက်ထာပေါ့-

တော်- ဒါဟာ ကိုယ့်ဟာကိုယ် တရား အားထုတ်ပြီ ဆိုတော့ ဒါမျိုးတွေ့ရင် ရှောင်နိုင်အောင်ပေါ့-

အတ္တကိလမထ အစွန်းကလဲ ဘယ်လောက် ထိအောင် နှောက်ယှက်နိုင်သလဲလို့ ဒါလဲပြောပါ-

နှုပ်- ဒါဟာ တရားမဟုတ်ဖူး·ကိလေသာဖြစ်တယ်၊ ကာမသုခလ္လိကပဲဆိုရင် တချို့ယောဂီတွေက မကြိုက်ချင်ကြဘူး၊ ကိုယ်အားထုတ်တဲ့ တရား ကိုယ် မျက်ခြေပြတ်နေမှုပေါ့၊ တရားအားထုတ်စကတော့ သံသရာပြတ်ဖို့ နိဗ္ဗာန်ရဖို့ပဲ ဒီလိုကိလေသာထဲဝင်နေတော့ ကိလေသာမှန်းတောင်မသိဘူး၊ 'ဒီတခါတရားရှုလို့ သိတ်ကောင်းတာပဲ' လို့ ဒီမှာတင်သွားတာပဲ ကာမသုခလ္လိက ကိလေသာဆိုတာ တရားအားထုတ်

www.dhammaransi.com



တဲ့ ယောဂီရဲ့ဉာဏ်ကို ဘယ်လောက် အနှောက်အယှက်ပေးတယ်ဆိုတာ သိသာတာပေါ့-

တော်- သိပါပြီလေ ကဲ-အတ္တကိလမထလဲ တဆိတ်လောက်....

နုပ်- တရားအားထုတ်တဲ့ ယောဂီရဲ့ ဉာဏ်အသိကို မဇ္ဈိမပဋိပဒါနဲ့ ဖြောင့်ဖြောင့် မသိအောင် နှောက်ယှက်တဲ့ ကိလေသာ ၂ မျိုးအနက် နောက်တမျိုး'အတ္တကိလမထ'ဆိုတာဟာလဲ ပရမတ် သဘောတရား အမှန်ကို အမှန်ကျ မသိအောင် နှောက်ယှက်မှုပဲ ဒီအနှောက်အယှက်ဟာ ပရမတ်သဘော တရားအမှန်ကို အမှန်အတိုင်း မသိတော့ အရှိတရားရဲ့အပြင် ဖက် ထွက်ရှာမှုပေါ့-

တော်- ဘယ်လို အပြင်ဖက်ထွက်ရှာတာလဲ-

နုပ်- ပရမတ်ဆိုတဲ့ အမှန်တရားက'ဖေါက်ပြန်တဲ့သဘောနဲ့သိတဲ့ သဘော' ဒါဟာ ခန္ဓာမှာ မြစ်မျှားရေစီးနေသလို အမြဲရှိ နေတာပဲ ကိုယ်က ဒီအရှိတရားကို သိတတ်တဲ့အသိဉာဏ်မရှိ တော့ တရားဆိုတာကြာကြာထိုင်မှ တွေ့မယ်ထင်၊ကိုက်လာ ခဲလာမခံသာလာမှ တရားမှတ်ပီး အဲဒါမျိုးပဲလိုက်ရှာရှုတာ မျိုးခန္ဓာကို အမျိုးမျိုးနည်းနဲ့ ညှင်းဆဲနှိပ်စက်ပြီးရှာဖွေတာ တွေဟာ အရှင်ဘုရား သုတ်သီလက္ခန်ပါဠိတော် ကေဝဋ္ဋ သုတ်ထဲက ရဟန်းတပါးလို သူသိချင်တာ ဗြဟ္မာ့ပြည်ထိ အောင် တက်ရှာပေမယ့် မရလို့ ဘုရားဆီပြန်လာပြီး သူ့ ခန္ဓာမှာ ရှာမှရတော့တာလို-ကိုယ့်လက်ရှိ ခန္ဓာ့သဘောကို သိဖို့အံ့ခဲကပဲ ခန္ဓာက လွတ်ရင်တော့ အတ္တကိလမထပဲ၊

www.dhammaransi.com



တနည်း-အတ္တကိလမထဖြစ်ရင် ခန္ဓာပမရဘ် အသိလွတ်လို့ သာမှတ်ပေတော့၊

တော်- ဒီအတ္တကိလမထကို သဘောတရားထက် ခန္ဓာအတွေ့မှာ ဘယ်သဘောမျိုး ဆိုတာကို သိချင်တာပါပဲ၊ ရှင်းရှင်းပြောရရင် အဋ္ဌကထာအလိုအရ 'အတ္တနော ဒုက္ခ ကရဏံနှိ အတ္တော' လို့ဆိုတော့ ကိုယ့်ကိုယ်နဲ့ကိုယ် ဘယ်လိုဆင်းရဲဖြစ်အောင်လုပ်လို့လဲ

နုပ်- အရှင်ဘုရား ထိုင်တာ- ရပ်တာ- လျောင်းတာ- သွားတာ ဣရိယာပုထ် တခုခုမှာ အနေကြာသွားရင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ တခုခု ဖြစ်တတ်တယ် ဆိုတာ သိကြပါတယ်၊ အခု ဦးဇင်း တနာရီလောက်ထိုင်နေတော့ မညောင်းဘူးလား၊ မကိုက်ခဲဘူးလား-

တော်- ညောင်းတာကိုက်တာမျိုးကတော့ရှိတာပေါ့၊ဒါပေမယ့် တရားသိချင်မှတော့ သည်းခံရမှာပေါ့၊ တခြားကိစ္စများတောင် ဒီထက် သည်းခံရသေးတာပဲ-

နုပ်- တခြားကိစ္စတွေမှာ သည်းခံတာက ပညတ်အချင်းချင်း၊ ကိလေသာအချင်းချင်းမို့ ဘာမှ ကိစ္စမရှိပေမယ့် ပရမတ် အလုပ်မှာတော့ ကိစ္စကိုရှိတယ်-

တော်- ကိလေသာဖြစ်တယ်လို့ ဆိုမလား-

နုပ်- ပရမတ်အလုပ်နယ်ထဲမှာတော့ ကိလေသာ ဖြစ်ကိုဖြစ်တယ်၊ ကိလေသာဆိုတာ ဝီတိက္ကမလို လွန်လွန် ကြူးကြူး ကိလေသာ အကြမ်းမျိုး ပရိယုဋ္ဌာနလို ထထကြွကြွ ကိလေသာ အလယ်မျိုးများမဟုတ်ပဲ၊ သတိမရှိရင် မသိ

www.dhammaransi.com



လိုက်ရတဲ့ အနုသယဆိုတဲ့ ကိလေသာအငယ်မျိုးဖြစ်နေတာ ပေါ့၊ဘာပဲဖြစ်ဖြစ် ဝိပဿနာပညာအလုပ်ဟာဒီကိလေသာ အနုမျိုး‚အငယ်မျိုးကို သတ်ဖြတ်ရတဲ့ ကိစ္စမို့ ဒီကိလေသာ ကို လုံးဝအဖြစ်ခံလို့ မရဘူး-

## သည်းခံစိတ်နဲ့ ဝိပဿနာရှုမရ

တော်- တခုတော့လဲရှိပါတတ် တရားအားထုတ်တဲ့ ယောဂီဟာ 'ကာမံ တစောစ နှာရုစ အဋ္ဌိစ အဝသုဿတု'ပါဠိတော် ရှိတယ်မှတ်လား၊ ဒီတော့ ဒီတရားသာ ရမယ်ဆိုရင် 'ငါ့ရဲ့ အရေပြားတို့ အကြောတို့ အရိုးတို့ ကျန်ချင်ကျန်ပစေ‚ အသားတွေ အသွေးတွေ ခန်းခြောက်ချင်လဲ ခြောက်ပါ စေ- ငါ့ရဲ့ တရားသိအောင် အားထုတ်ရတဲ့ လုံ့လဝီရိယကို တော့ မလျှော့ဘူး'လို့ ဒီလိုစိတ်ထားရမယ်လို့ ဆိုတာလဲ ရှိပါတယ်-

နုပ်- ဒါမှန်တာပေါ့- ဒါပဲလား-

တော်- နောက်ပီး မူလပဏ္ဏာသ သဗ္ဗာသဝသုတ် ခန္တိသံဝရအခွင့် မှာလဲ အရာရာမှာ သည်းခံပြီး ရှုမှ တရားရမယ့်အကြောင်း တွေ သိမှတ်ဖူးပါတယ် ဆရာလဲ သိမှာပါ-

နုပ်- သိပါတယ် သိတာမှ အာဘော်မိအောင်ကို လေ့လေ့ လာလာသိပါတယ် 'ပါဠိတော်မှာ ဒီလိုပါတယ်၊ အဋ္ဌ ကထာက ဒီလိုဆိုပါလား'လို ပေါ့ပေါ့သိမဟုတ်ပဲ သဘာဝ သိပြောတာပါ၊ အခုန ဦးဇင်းရွတ်တဲ့ 'အရေ-အကြော- အရိုးတို့ကျန်စေ၊ ငါ့လုံ့လဝီရိယကိုတော့ မလျှော့အံ့'လို့

www.dhammaransi.com



ဆိုတာဟာ "ခန္ဓာပရမတ်ရဲ့ 'ဖေါက်ပြန်တဲ့သဘော' လို့သိချိန်မှာ ရောက်သလား၊ တရားအားမထုတ်ခင် စိတ်ပြဋ္ဌာန်းတာလား" ဆိုတာ စဉ်းစားပါ-

တော်- ခန္ဓာရဲ့ ဖေါက်ပြန်ဖြစ်ပျက်ကို သိနေတဲ့ အချိန်မှာတော့ ဘယ်ဟုတ်မလဲ အဲဒီ အချိန်မှာ ခန္ဓာရဲ့ သဘောသိတဲ့ အသိကလွဲလို့ ဒိပြင် ဘာသိမှုမဖြစ်ရပဲ-

နုပ်- မှန်တာပေါ့ဘုရား-ဒါဖြင့် ဒီလိုစိတ်မျိုးထားရတာ တရားအားမထုတ်ခင် အားထုတ်ခါနီးမှာ ထားကိုလဲထားရမှာပဲ စိတ်ဓါတ်တက်ကြွမှုပေါ့ ဒီတင်ဘယ်ကမလဲ-

**ထေရဂါထာအဋ္ဌကထာက** မှုဒိတထေရ်လဲ 'ငါတရားမရမချင်း တရားအားထုတ်တဲ့ တိုက်ခမ်းက မထွက်ဖူး' လို့ စိတ်ပြဋ္ဌာန်းပြီး အားထုတ်တာပဲ-

**မဟာဝဂ္ဂဋ္ဌကထာ**မှာပြတဲ့မဟာသိဝမထေရ်ကြီးလဲ ငါလိုပညာတတ်ပြီးသား ဗဟုဿုတရှိပြီးသားပုဂ္ဂိုလ်ဟာ ၂-ရက်အလွန်ဆုံး ၃-ရက် အားထုတ်ရင် ရမှာပဲလို့ ထင်မှတ်ပြီး 'ငါ ညောင်စောင်းကို မခင်းအံ့၊ ကျောမဆန့်အံ့၊ ခြေမဆေးအံ့' လို့ စိတ်ပြဋ္ဌာန်းတာ**ပဲ-**

ဒါတွေပြောရင် အများကြီးနေဦး လိုရင်းက ဒါတွေကို စဉ်းစားကြည့်ပါ၊ ခန္ဓာပရမတ် အသိရှိနေတဲ့အခိုက် ဒီပရမတ်တို့ရဲ့ ဖေါက်ပြန်သဘောကိုဖြစ်စေ၊ သိသဘောကို ဖြစ်စေ၊ အပျက်ကိုဖြစ်စေ လေ့ကျင့်နေတဲ့ဉာဏ်ဟာ ဒီအသိ ဒီလေ့ကျင့်မှုကို မျက်ခြေပြတ်လို့ကို မရဘူး၊ ဒီအထဲမှာ **'အင်း'** ကနဲ့ သဘောကျ **'ဟင်'** ကနဲ့ သဘောမကျတာနဲ့

www.dhammaransi.com



တချက်ထဲစောင့်နေတဲ့ ကိလေသာက '**ဖျတ်ကနဲ**' ဝင်လိုက်မှာ သေချာတယ်နော်၊ စဉ်းစားနေဖို့ အချိန်မရဘူး၊ ဒါကြောင့် ဘဒ္ဒေကရတ္တသုတ်မှာ 'ပစ္စုပ္ပန္နဉ္စယော ဓမ္မံ- တတ္ထ တတ္ထ ဝိပဿတိ'လို့ ဟောတယ်မှတ်လား ပစ္စုပ္ပန် သိနေရတဲ့ အသိဟာ အလွန်ကို အရေးကြီးပါတယ်။

**'စေတနာကောင်းသော်လဲ ကိလေသာက မညှာ'**

တော်- တချို့ကတော့လဲ 'ကောင်းတဲ့ သီလ သမာဓိ ပညာ အတွက်သာ ရည်ရွယ်အားထုတ်ရင်တော့ ကိုယ်ပင်ပန်း စိတ်ပင်ပန်းပေမယ့်လဲ အတ္တကိလမထ မဖြစ်ပါဘူးတဲ့' ဒါတော့ သဘာဝလဲကျတယ်လို့ အောက်မေ့တယ်၊ စိတ် ထားကိုက ကောင်းတာကိုး- ဒါကော ဘယ့်နှယ်သဘောရ သလဲ-

နုပ်- အရှင်ဘုရား မြတ်စွာဘုရားရှိရင် သာသနာတော်မှာ မရှိ သေးတဲ့ ရွှေနေ တေဒင်ရမှာပဲ- ဒီကိစ္စပြောရရင် ကျယ် ဝန်းပါတယ်၊ အချိန်ရမယ်မထင်ဘူး၊ အခုတော င် ဆယ် နာရီခွဲနေပြီကိုယ်တော်-

တော်- ကိစ္စမရှိပါဘူး ပြောသာပြောပါ မိုးကလဲဖွဲ့နေပါသေး တယ်၊ ဦးဇင်းတို့လိုက်ပို့မှာပေါ့ အကျယ်မလိုပါဘူး အတို အကျဉ်းသဘောလောက်ပေါ့—

နုပ်- ကိလေသာဖြစ်တယ်ဆိုတာ စေတနာနဲ့မဆိုင်ပါဘူး-တပည့် တော်တို့ မူလပဏ္ဏာသ စူဠဒုက္ခက္ခန္ဓသုတ်မှာ နိဂဏ္ဌတို့ဟာ ယုံကြည်ချက်နဲ့ ကျင့်နေကြတာပဲ-မြတ်စွာဘုရားက မေး တော့ သူတို့ ယုံကြည်ချက်ကို ပြောကြတယ်လေ'သူတို့ဟာ

www.dhammaransi.com



ဒီလို နေပူကြီးထဲ ကျောက်ဖျာပေါ်မှာရပ်ပြီး အပူခံ အဆင်းရဲခံကျင့်နေရတာဟာ အတိတ်ဘဝတွေက လုပ်ခဲ့တဲ့ အကုသိုလ်ကံတွေ အကျိုးပေးဖို့ မကျန်အောင်အခုကသဲက ကြိုတင်ဆင်းရဲခံ ကျင့်ထားတဲ့ အတွက် နောက်ဆက် အကုသိုလ်ကံတွေလဲ မဖြစ်တော့ဘူး၊ ရှေးတုန်းကကံဟောင်း တွေလဲ ကုန်မယ် ဒီလိုနဲ့ပဲ နောက်တော့ ဆင်းရဲဒုက္ခတို့ ကုန်ဆုံးတဲ့ နိဗ္ဗာန်ကိုရမှာပဲ-ချမ်းသာတဲ့ နိဗ္ဗာန်ကို ဒီလို ဆင်းရဲခံပြီး ရှာမှရမှာပေါ့’လို့ သူတို့ ပြန်ပြောတယ်၊ သူတို့ စိတ်က နိဗ္ဗာန်ကိုရည်ရွယ်ပေမယ့် လုပ်ပုံကမဟုတ်တော့ အတ္တကိလမထ ကိလေသာအစွန်းထဲရောက်ထာပဲ-

နောက်ပြီး တပည့်တော်တို့ ဘုရားအလောင်းတော်ဟာ လေးအသင်္ချေနဲ့ ကပ္ပာတသိန်း ပါရမီဖြည့်ရာ ကာလ ဘဝ တွေမှာ ဒါန-သီလ-သမထ-ဘာပဲလုပ်လုပ် အလွန်ကြီး မြတ်တဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်ကြီးနဲ့ သဗ္ဗညုတ ဉာဏ်တော်ရပါစေကြောင်းစိတ်ထားပြီးလုပ်ခဲ့တာချည်းပဲ- ပါရမီဆယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါး လုပ်သမျှအားလုံး သဗ္ဗညုတဉာဏ်တော်ကြီး အတွက် ရည်ရွယ်ပြီးပြုလုပ်ထာချည်းပဲ- နောက်ဆုံးဘုရား ဖြစ်မယ့်ဘဝ သဗ္ဗညုတဉာဏ်တော်အတွက် ဥရုဝေလတော ကို တွက် ၆-နှစ်လုံးလုံးကျင့် အားလုံး အတ္တကိလမထဖြစ် ကြောင်း ဦးဇင်း ဝိနယမဟာဝဂ္ဂပါဠိတော်မှာ ပြန်ကြည့် ပေတော—

www.dhammaransi.com



တော်- ငါ့အဆင်းရဲခံပြီး ကျင့်နေသမျှ အကျိုးမဲ့အချည်းနှီးဖြစ်ခဲ့ပြီလို့ ငြီးငြူရတာပေါ့- အတ္တကိလမထ အဖြစ်ပဲပေါ့-

နုပ်- ဒါဟာ အလောင်းတော်မှာ စိတ်စေတနာ မကောင်းလို့ ဖြစ်ရတာလား- သီလ သမာဓိ ပညာ အတွက် မဟုတ်လို့ အတ္တကိလမထဖြစ်ရတာလား အရှင်ဘုရားဝေဖန်ပါ-

တော်- ဘုရားအလောင်းတော် အတွက်တော့ စိတ်စေတနာလဲ ပြောစရာမရှိ သီလ သမာဓိ ပညာဆိုလဲ ဆိုစရာမရှိ....

နုပ်- အတ္တကိလမထကျတော့ ဖြစ်တယ်ဆိုရင် ရည်ရွယ်ချက်နဲ့ လုပ်ငန်း ခြားနားတာကို 'မရောလေနဲ့ ယောဆရာကြီးတို့' လို့ ပြောရမလိုဖြစ်နေတယ်၊ ဒါကို သဘောမပေါက်လို့ အလောင်းတော်ရဲ့ အတ္တကိလမထ ဖြစ်မှုဟာ စိတ်ထား မကာင်းလို့ဆိုဝံ့ရင် - သီလ သမာဓိ ပညာ အတွက် မဟုတ်လို့ ဖြစ်ရပါတယ် ဆိုရင်တော့ ဒီပုဂ္ဂိုလ်လောက် မြတ်စွာဘုရားကို မကောင်းတဲ့ စိတ်ထားနဲ့ စွပ်စွဲသူဟာ သာသနာတော်မှာတော့ ရှိဖို့ကိုမကောင်းဘူး၊ ဒီအချက် တွေနဲ့ ပတ်သက်ပြီး ဦးဇင်းကို တပည့်တော် အထူးပဲ လျှောက်ချင်တာက ဦးဇင်းလဲ သင်ရိုး ပိဋကတ်တော်ကို ၂ခေါက် ၃ခေါက် ဖေါက်လာပြီးတဲ့သူပဲကိုယ်သင်လာတဲ့ စာနဲ့ရတဲ့အသိဉာဏ်နဲ့ ဝေဖန်ကြည့်ပြီး သဘာဝ အာဂမ မဆန့်ကျင်မှုယုံပါ၊ ကိုယ့်ဘုရားကို ကိုယ်စွပ်စွဲရာရောက် တတ်ကြောင်း အင်္ဂုတ္တရဂေ, ဒုကတို့မှာ ဆိုတယ်နော် ဘာပဲဖြစ်ဖြစ်လေ ဘုရား တရားတော် အလုပ်လုပ်ရင် မြတ်စွာဘုရားရဲ့ နှလုံးသွင်းဆန္ဒတော်, ရည်ရွယ်ချက်ကို

www.dhammaransi.com



နားလည်အောင် လေ့လာဝေဖန်ပြီးမှ လုပ်ရင် မမှားဘူးပေါ့၊ အပြစ်လဲမဖြစ်ဖူးပေါ့၊ အကျိုးရှိတာပေါ့ ဘုရားဒါဟာ တပည့်တော်က မိကျောင်းမင်း ရေကင်းပြနေတာ မဟုတ်ဖူး၊ သူငယ်ချင်း အနေနဲ့ မမှားအောင် သတိပေးတာ-

တော်- ဟုတ်ပါတယ်လေ အမှန်ပြောရရင် ဦးဇင်းအတွက်က သင်ရိုးကို ဖိုးပန်ထက် ၂ခေါက်လောက် ပိုဖေါက်ခဲ့တာမှန်တယ်၊ အဲဒီ ပရိယတ်ကို လက်တွေ့ အကောင်အထည်ဖေါ်တဲ့(ပဋိပတ်)အကျင့်လုပ်ငန်းကျတော့ ဘာမှမဝေဖန်တတ်ဖူး၊ လက်တွေ့လုပ်ငန်း လေ့ကျင့်နေတဲ့ ဖိုးပန် အနေနဲ့ကျတော့ ပရိယတ်လဲပြန်လေ့လာ ပဋိပတ်လဲ အလုပ်နဲ့စမ်းသပ်နေတော့ ပရိယတ်နဲ့ ပဋိပတ် တထပ်ထဲကျတော့တာပေါ့-

နုပ်- ကဲ-ကဲ အရှင်ဘုရားပြန်မယ် လမ်းကျမှ ကျန်တာရှောက်ပြောတာပေါ့-ဆို၍ ဘုရားဝတ်ပြုကြကာ ပြန်ခဲ့ကြပါတော့သည်၊ ဗားကရာ လမ်းမကြီးကူးပြီး ကြည့်မြင်တိုင်ဘူတာ လမ်းရှောက်ရင်း အရှင်ဘုရား တပည့်တော် အလွန်အားကိုးထားတာကတော့ သင်ရိုးပိဋကတ် ပေါက်ပြီးတဲ့အရှင်ဘုရားတို့လို ပဋိပတ်လုပ်ငန်း လုပ်ချင်တဲ့ သံဃာတော်တွေကို လိုချင်တယ်၊ တပည့်တော်တို့ အခုခေတ်သုံးစကားလို 'စုပေါင်းလေ့လာ, စုပေါင်းလေ့ကျင့်,စုပေါင်းအဖြေရှာ'တဲ့ လုပ်ငန်းလုပ်ချင်ဘယ်၊ ခန္ဓာမှာ ကိုယ်တွေ့လက်တွေ့ ကျနအောင် လေ့ကျင့်အားထုတ်ကြည့်တွေ့သမျှ

www.dhammaransi.com



သိသမျှ ပါဠိတော်, အဋ္ဌကထာနဲ့ စိစစ်ညှိနှိုင်း၊ မြတ်စွာ ဘုရား အလိုတော်ကျသိရရင် သာသနာတော်ဝင် လူရှင် ရဟန်းအားလုံး လောကသား အားလုံးရဲ့ အကျိုးဖြစ်ထွန်း တော့မှာကို တပည့်တော်မြော်လင့်ပါတယ်၊ မြတ်စွာဘုရား ရဲ့ ဆန္ဒတော်ကို တပည့်တော်တို့ ဖြည့်စွမ်းရာလဲ ရောက် မယ်လေ—

တော်- ရည်ရွယ်ချက်ကတော့ ကောင်းပါ့ဗျာ- ဒါပေမယ့် မလွယ်ဘူးထင်တယ်–

နုပ်- ကဲတပည့်တော်နေတဲ့ အိမ်ကတော့ ဒီရှေ့ကအိမ်ပဲ- အိပ် တောင်ကုန်ပီ- ကဲအရှင်ဘုရားလဲ ပြန်ကြွပေရော့-နက်ဖြန် ဘယ်အချိန် ဘယ်မှာ–

တော်- နက်ဖြန် ဦးဇင်း ရွှေတိဂုံဘုရားပေါ်ကို ဆယ်နာရီခွဲ ရောက်နေမယ်-ဟိုကျမှ လူရှင်းတဲ့ နေရာရှာတာပေါ့- ကဲ သွားမယ်-ဆို၍ ပြန်ကြွသည်၊ ကျွန်ုပ်လည်း အိမ်တံခါး ခေါက်၍ ဝင်ပါတော့သည်၊ မိုးကလည်း တစိမ့်စိမ့် မိုး အရှိန်နှင့် လက်ခြေတို့လည်း အေးနေသည်၊ အိပ်ရာထဲ ရောက်ချိန်တွင် ၁၁-နာရီခွဲတော့မည်၊ အိပ်ကာနီး စာ ကြည့်တတ်သော ထုံးစံပင်ဖျက်၍-အထူးသဖြင့် ခြေနွေး ရန် ခြေအိပ်စွပ်ရသည်၊ ခြေအေးသည်မှစ၍- ကိုက်ခဲတတ် သော ရောဂါရှိနေသောကြောင့် ခြေကိုဂရုစိုက်ရသည်၊ သို့ရာတွင် ၉-ထပ်ကြီးဘုရားတန်ဆောင်းထဲတွင် ၃နာရီမျှ မိုးအေးအေး အကာအရံကင်းမဲ့စွာ နေလာခဲ့ရသောခြေမှာ

www.dhammaransi.com



ပြန်နွှေးရန်မလွယ်တော့သဖြင့်-အိပ်မပျော်ရကာ ဦးဇင်းရဲ့ အကြောင်း, ဆွေးနွေးခဲ့သော တရားအကြောင်းတို့ကို ပြန်ပြောင်း သတိရနေလေသည်။

ဦးရေဝတမှာ အလွန်အေးသူ ရိုးသူ ဖြစ်သည်၊ စာသင် စဉ်ကလည်း စာမှလွဲ၍ အခြားဘာကိုမှ စိတ်ဝင်စားသည် မရှိ ပရိယတ္တိပေါ်မှာသာ ဇောက်ချထားသည်၊ အခြား ဗဟုသုတ ဘာမျှမရှာ၊ သို့အတွက် ပရိယတ္တိမှတပါးသော အထွေထွေကိစ္စများတွင် သူများပြောသမျှ နားထောင်နေ တတ်၏၊ ယခုအချိန်တွင်မူ ရဟန်းဝါပင်(၄၀)ပြည့်တော့ မည်ဖြစ်၍တကြောင်း၊ သင်ကြားတတ်မြောက်ထားသော ဓမ္မက္ခန္ဓာ အခြေခံလည်း အလွန် ခိုင်မာတောင့်တင်းနေ၍ တကြောင်း၊ ယင်းသို့သော အကြောင်း များကြောင့်- သာသနာ့မူဝါဒနှင့် ပတ်သက်သော လေ့လာရမည့်,ဝေဖန် ရမည့်, ဆန်းစစ်ရမည့် ကိစ္စများတွင် ဓမ္မက္ခန္ဓာနှင့်ညှိ၍ ဝေဖန်စိစစ်မှု အားနည်းရသည်ကို ကျွန်ုပ်မချင့်မရဲ ဖြစ်ရ သော်လည်း ဦးရေဝတ၏ နဂိုစရိုက် ပင်ကိုမူကို သိထား လေသောကြောင့်သာလျှင် ကျွန်ုပ်ဖြေသာတော့သည်။

မိုးကလည်း သဲတလှည့် ဖွဲတလှည့်နှင့်ရွာနေပေရာ စောင် နှင့်ထွေးထား၍ပင် မနွေးနိုင်သော ခြေတောက် အတွက် ရေနွေးအိပ် အကူအညီရယူကာ နွေးလာသောအခါတွင်မှ တွေးလက်စကို ဆက်လက်တွေးနေမိသည်။

ဦးရေဝတအပေါ်တွင် စာသင်စဉ်က ပရိယတ္တိအတွက် ပူပူပင်ပင် သံယောဇဉ်ဖြစ်ခဲ့သည်၊ ယခု ကိုယ့်ဘဝအကျိုး

www.dhammaransi.com



ပေးနှင့် ကိုယ့်ဘဝတိုက်ပွဲ နွှဲနေရချိန်တွင်လည်း ပဋိပတ္တိ အတွက် ပူပူပင်ပင် သံယောဇဉ်ဖြစ်ရပြန်ပြီ၊ သို့ရာတွင်ယခု သံယောဇဉ်ကားတရား နှင့်ပတ်သက်နေသည်၊ မိမိအနေနှင့် ဦးရေဝတဟူသော ပုဂ္ဂိုလ်ထက် ပရိယတ် ပဋိပတ် စွယ်စုံ လာခဲ့လျှင် သာသနာတော်ရိပ်ကို ခိုဝင်လာသူ ဗုဒ္ဓဘာသာ လူရှင် ရဟန်းတို့အား မြတ်စွာဘုရား၏ သာသနာတော် ပွင့်လင်းစည်ပင်အောင် စွမ်းဆောင်နိုင်မည့်ပုဂ္ဂိုလ်ဟု စိတ် မှာ မြှော်လင့်ထားသည်။

သို့အတွက်'ငါသည်လည်း ယခုလပြည့်ကျော် တရက်တွင် တောင်ကြီး, လွိုင်ကော်သို့ ခရီးထွက်ရမည်၊ ကြားရက် လည်းမကျန်တော့ ကိုယ်တော်ကိုလည်း နောက်တကြိမ် တွေ့ဖို့ လွယ်ကူမည် မဟုတ်သောကြောင့် နက်ဖြန်ဘုရားမှာ တွေ့ကြမည်၊ နက်ဖြန်ည ဆက်တွေ့မည်၊ အကယ်၍ မပြီးပြတ်က နောက်နေ့ (အဖိတ်)တွင် နေ့တရားပွဲ အပြီး ဆက်ပြောမည်- သဘော မပေါက်မချင်း ပြောမည်'ဟု စိတ်တွင်တွေးလျက်,နွေးအောင်ကွေးလျက် အိပ်ပျော်သွား ပါတော့သည်-

## သီတင်းကျွတ်လဆန်း ၁၃ရက်(၁၇-၁၀-၇၅)
## 'နေရာပြင်မှု-သမာစိရ'

နံနက် ၁၀-နာရီအတွင်း စားသောက်မှု စသော ကိစ္စ အထွေထွေ ပြီးစေလျက် အမြန်ဆုံးနည်းနှင့် ဘုရားသို့

www.dhammaransi.com



ရောက်အောင်လာခဲ့သည်၊ ယင်ပြင်တော်သို့ ၁၀-နာရီမခွဲမီ ရောက်သည်၊ လှည့်လည်၍ ကြည့်ရင်း- စနေထောင့်မှာ သွားတွေ့သည်၊ တွေ့လျှင် တွေ့ချင်း-

တော်- ကဲမနေ့က တန်ဆောင်းကိုပဲ သွားရအောင် ဆိုသဖြင့် သွားကြသည် ခေါင်းလောင်းတန်ဆောင်းသို့ ရောက်လျှင်-

နုပ်- ဦးဇင်း တကာကြီးကော မတွေ့ပါလား-

တော်- ကျောင်းက ဦးဇင်းတပါးနဲ့ တိုရစ္ဆာန်ရုံကို သွားလေရဲ့- တခါတရံမှ ရန်ကုန်လာရတော့ သွားချင်မှာပေါ့-

နုပ်- ကဲ ဦးဇင်း ဒီနေ့ နေလဲသာတယ်· တပည့်တော်ခရီးမထွက်ခင်· တရားလုပ်ငန်းနဲ့ ပတ်သက်လို့ သဘောပေါက်အောင် ပြောပြချင်တယ်၊ ဒီညလဲ တပည့်တော် အားပါတယ်၊ ဆက်ပြောကြတာပေါ့-ဦးဇင်းလဲ တခြားကိစ္စတွေ နောက်ရက်တွေမှ ဆောင်ရွက်ပါ·လို့ တပည့်တော် လျှောက်ချင်တယ်-

တော်- ဒီကိစ္စအပြင် ဦးဇင်းအတွက် အရေးကြီးတာ ဘာမှ မရှိပါဘူး- ဆရာက ဒီကိစ္စကို အဓိကထားပြီး ရက်ဆက် ညဆက်ပြောမယ်ဆိုတာပဲ ဦးဇင်းဝမ်းသာပါတယ်-

နုပ်- ကဲ မနေ့ညက မပြတ်သေးတဲ့ ပြဿနာက ဘာပါလိမ့် -

တော်- သြော်-စိတ်စေတနာကောင်းနဲ့ သီလ သမာဓိ ပညာ အတွက် ရည်ရွယ်အားထုတ်ရင် ပင်ပန်း ဆင်းရဲစေကာမူ အတ္တကိလမထ မဖြစ်ဘူးဆိုတဲ့ ပြဿနာပေါ့-

နုပ်- ဒါဟာ မနေ့ညက တပည့်တော်ရှင်းပေးတာ ကိုယ်တော် ပြန်ပြီး လေ့လာမယ်ဆိုရင် ရှင်းလောက်ပါတယ် အတိုချုပ် က သီလ သမာဓိ ပညာတွင်မက ရောမသတ္တဝါဝေနေကို ကယ်တင်လိုတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရဖို့အတွက် အားထုတ်တဲ့ အလောင်းတော်ပင်လျှင် အတ္တကိလမထဖြစ် တယ်လို့ယုံကြည်ရင်ခန္ဓာပရမတ်ကိုသိဆဲသမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ် ပရမတ်သဘောတရား အပျက်ကို ပျက်နေတယ်လို့ သိတဲ့ အသိကလဲ့လို့ ဘာမှ လက်မခံကြောင်း ဦးဇင်းပုံသေမှတ်နိုင် တာပဲ-

တော်- မနေ့ညက ဦးဇင်း မအိပ်ခင် ပြန်စဉ်းစားပါတယ်- မိလိန္ဒပဉှာမှာ ဆိုသလို တရား အားမထုတ်မီ ပြင်ဆင်မှုနဲ့ တရားအားထုတ်မှု-ဒီဟာ ၂ချက် သူ့နေရာနဲ့သူခွဲမထားပဲ ရောမွှေသလို ပြောတဲ့ စကားမျိုးပဲ တရားအားထုတ်တဲ့ အချိန် တရားသိနေတဲ့ အချိန်ဟာ တရားပဲ သိဖို့လိုတာ ပေါ့နော်-

နုပ်- ဒါဟာ သိတ်မှန်တဲ့စကားပဲ-တပည့်တော်တို့ တိုတိုနဲ့လိုရင်း ပြောရမယ်ဆိုရင် တရားအားထုတ်တဲ့ ယောဂီဟာကိုယ်ရော စိတ်ရော အပူအလောင် အညစ်အကြေး စင်ကြယ်ဖို့လိုပါ တယ်-ဒါမှ ကိလေသာ မကပ်မငြိရတဲ့ 'သတ္တာနံ ဝိသုဒ္ဓိယာ' ဖြစ်ရမှာပေါ့- ဒါကို မြတ်စွာဘုရားက သိလောက်တဲ့ စကားနဲ့ ပြလိုက်ထာ 'ကာမသုခလ္လိက, အတ္တကိလမထ'လို့ ဟောလိုက်တယ်- ဒါကို အလယ်လမ်းကြောင်းလို့ မဇ္ဈိမ ပဋိပဒါကို ဖေါ်ထုတ်လိုတဲ့အတွက် ဟို'ကာမ,အတ္တ'တို့ကို

www.dhammaransi.com



'ဘေးအစွန်း' အနေနဲ့ဟောတယ်-မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်ဉာဏ်ဟာ အလယ်လမ်းကြောင်းအတိုင်းသွားရင်၊ ဘေးမှာရှိတဲ့ ကိလေသာကို ဝင်မတိုက် မထိမကပ်တဲ့အတွက် နိဗ္ဗာန်လမ်း ဖြောင့်သွားတာပေါ့-

တော်- လမ်းကြောင်းက ဒါအမှန်ပဲလေ အသိဉာဏ်ဟာ အဲလယ်လမ်းကြောင်းမှာ မနေလို့ ဘေးကပ်သွားရင်တော့ အစွန်းဖြစ်တယ် ကိလေသာဖြစ်တတ်ဆိုရင် ဒီအစွန်း, ဒီကိလေသာဟာ အကြီးအဲကျယ်အနှောက်အယှက်ပဲ-ဒါဟာအန္တရာယ်ကြီးပဲကိုး-

## သက်သက်သာသာနဲ့အတ္တကိလမထ

နုပ်- ဒါကြောင့် တပည့်တော် စောစောထဲကလျှောက်တယ်-ကာမသုခလ္လိက, အတ္တကိလမထတို့ကို ပေါ့ပေါ့ဆဆမမှတ်ပါနဲ့လို့- ကာမသုခလ္လိကဟာ ကျေနပ်, ဝမ်းမြောက်, သဘောကျ,နှစ်သက်ကာမျှနဲ့ဖြစ်တယ်လို့ မနေ့ကလျှောက်ခဲ့တယ်-ကဲ ဒီနေ့ အတ္တကိလမထဟာ တပည့်တော်တို့ ထင်သလို ကြမ်းကြမ်းထန်းထန်း မတွေ့ရပဲနဲ့ ယဉ်ယဉ်ကလေး ဖြစ်ပုံကိုကြည့်ပါ-

အရှင်ဘုရား အဘိဓမ္မာ ပဋိစ္စသမုပ္ပါဒ်ဝိဘင်း - ဒုက္ခဒေါမနဿအဖွင့်မှာ 'ယံ ကာယိကံ ဒုက္ခံ ကာယသမ္ဖဿဇံ ။လ။ ဣဒံ ဝုစ္စတိ ဒုက္ခံ'လို့ ဟောရာမှာ ကိုယ်နဲ့ထိတွေ့ဖြစ်တဲ့ ဆင်းရဲမှု-မသက်သာမှု ကိုယ်နဲ့ပတ်သက်လို့ တွေ့တဲ့ထိတဲ့

www.dhammaransi.com



ခံစားမှုတို့ဟာ ကာယိကဒုက္ခဖြစ်တယ်လို့ ဟောတယ်- စိတ်အတွက်ကျတော့ကော-

တော်- စိတ်ကျတော့လဲ 'ယံ စေတသိကံ ဒုက္ခံ စေတောသမ္ဖဿဇံ ။လ။ ဣဒံ ဝုစ္စတိ ဒေါမနဿံ' ပဲပေါ့ စိတ်နဲ့ ပတ်သက်လို့- မသက်သာမှု၊ ကသိကအော့ကဖြစ်မှု၊ ငြိုငြင်မှု၊ မကျေနပ်မှု၊ စိတ်မသာယာမှုစတဲ့ ဘယ်နည်းနဲ့မှ သာယာစရာရယ်လို့ မမှတ်ရတဲ့ သဘောဟာ ဒေါမနဿ ကိလေသာဆိုတာပဲ-

နှုပ်- ဒါဆိုရင် အရှင်ဘုရား ရှင်းလို့လွယ်သွားပြီ အရှင်ဘုရားက တရားအားထုတ်မယ်လို့ ထိုင်လိုက်ရော ရှုရမယ့် သိရမယ့် တရားရှာရော ရှုရမယ့် တရားဟာ 'ဖေါက်ပြန်မှု' တို့လို့ သိထားတော့-အသိဉာဏ်နဲ့ သိနိုင်တွေ့နိုင်တာ အားလုံးကို 'ဖေါက်ပြန်နေတယ်၊ ဖေါက်ပြန်နေတယ်'ပဲဖြစ်ဖြစ် 'ဖေါက်ပြန်တဲ့ သဘော၊ ဖေါက်ပြန်တဲ့သဘော'လို့ပဲဖြစ်ဖြစ် ရှုရော သိရော- ဒီအချိန်မှာ ကိုယ်တော်ရဲ့အသိဟာ 'ဖေါက်ပြန်မှု' ပရမတ်ကိုသာ သိနေတဲ့အတွက်—

သာယာ နှစ်သက် ကျေနပ်- သဘောကျတဲ့- ကာမသုခလ္လိက မဖြစ်ဖူး-

မသာယာ- မကျေနပ်-မနှစ်သက်တဲ့- အတ္တကိလမထလဲ မဖြစ်ဖူး -

ဒီလိုအစွန်းကို မကပ်၊ မရောက်၊ မထိ၊ မယှဉ်တဲ့ အသိဉာဏ်ဟာ 'မဇ္ဈိမပဋိပဒါ' ခေါ်တဲ့ အလယ်လမ်းကြောင်း တည့်တည့် ဉာဏ်ရောက်နေတဲ့အချိန်ပဲ-ဒီလိုမှမဟုတ်လို့ ကြာကြာထိုင်ထားမိတဲ့ ခန္ဓာဟာ- 'ကာယိကံ ဒုက္ခံ ကာယသမ္ဖဿဇံ'

www.dhammaransi.com



ပါဠိတော်လာတဲ့အတိုင်း'နာမှု-ကိုက်မှု-မခံသာမှု'ကာယိက ဒုက္ခဝေဒနာကြီးတွေပါရော- ဒီနေရာမှာ ရပ်ပြီး အရှင်ဘုရား အမှန်ကိုဆောင်ရွက်ပါ- မြန်မြန်ဆောင်ရွက်ပါ- ဒီလိုတွေကာမှခန္တီသံဝရနဲ့ သည်းခံနေမယ်ဆိုရင်' စေတောသမ္ဘဿဇံနဲ့ ဒေါမနဿဆီ ကြွပေတော့- အရှင်ဘုရား စဉ်းစားကြည့် မခံသာမှု,နာမှု, ကိုက်မှုကြီးတွေနေတာဟာ 'ကာယသမ္ဖဿဇာ ဒုက္ခာဝေဒနာ'လို့ ဟောတော့'ကိုယ်နဲ့တွေ့ရတဲ့ ဆင်းရဲခံစားမှုကြီး'ပဋ္ဌမရှုနေတာက 'ဖေါက်ပြန်တဲ့သဘော'လို့ ဉာဏ်လေးနဲ့ သိရုံသိရုံ မှိန်းလိုက်နေရာက 'မခံသာမှုကြီး' ဝင်လာတော့ ဘယ်လိုနေမလဲ-

တော်- ထင်ရှားတဲ့နေရာကို အသိဟာ အရင်ရောက်မှာပေါ့-

နုပ်- ဒါဖြင့်'နာတာကို သိတဲ့အသိ' ဖြစ်သွားမှာပေါ့ နာတယ်, နာတယ်လို့ သိနေတယ်ဆိုရင် 'ဣတိ ရူပံ။လ။ န ဣတော ဘိယျော' ဖေါက်ပြန်မှုကလွဲလို့ မရှိဘူး- မသိရဘူးဆိုတာ အခုတော့ နာတယ်လို့သိတဲ့ ပညတ် ဒုက္ခဝေဒနာပေါ် ရောက်သွားတော့ ကာယိကဒုက္ခ-စိတ်ကလဲပဲ အဲဒီမခံသာမှုဆီကိုရောက်တော့ ပရမတ်ပေါ်မှာ သိနေတဲ့အသိမှန် ဉာဏ်မဟုတ်တော့ဘူး- လောကပညတ်နယ်က သူသိငါသိ နာမ်ပဲဖြစ်မသွားဘူးလား- နာတာသာသိလို့တော့ 'ကျုပ်တို့ဖြင့်သည်းခံပြီး ရှုနေတာပဲ စိတ်မှာငြိုငြင်မှု, ကသိကအောက်ဖြစ်မှု မရှိပါဘူး'လို့ဆိုတဲ့ ယောဂီများတွေရင် အဲဒီယောဂီဟာ အနာဂါမ်သော်ရင်း,ရဟန္တာသော်ရင်းဖြစ်မှာပဲဆည်း

www.dhammaransi.com



ကပ်ပေတော့ ဒီလို အနာဂါမ်လဲ မဟုတ်ပါဘူး ဆိုရင် ဒီယောဂီဟာ သာသနာမှာ လူသိမ်ပဲ—

တော်- ဪ 'အနာဂါမ်မှာ- ဒေါသကွာ- ကြွင်းရာဖိုလ်နှင့် နေ့ာ'ဆိုတဲ့ သံခိပ်အရထင်တယ်-

နုပ်- မဂ်တက်စဉ် မဂ်က ကိလေသာ ပယ်စဉ်မှာ ပါနေတာ ပဲလေ အရှင်ဘုရား မဟာဝဂ္ဂသံယုတ်, မူလပဏ္ဏာသ, သုတ်သီလက္ခန်,သမ္မော ဒီအဋ္ဌကထာတွေ တသံထဲ ဆိုထား တာကိုကြည့်ပါ၊တပည့်တော်လဲဒီအကိုးပါဠိကိုစာအုပ်တိုင်း ထည့်ထည့်ရေးနေရလို့ ယောဂီတွေကို အားတောင်နာပါ တယ်၊ စကားပြေကတော့ 'လက်ခြေတို့ကို ကြာကြာကွေး ထားမယ်၊ ကြာကြာဆန့်ထားမယ်ဆိုရင် မကြာခင်ကာလ မှာပဲ(ဒုက္ခဝေဒနာ) ဆင်းရဲခံစားမှုတို့ဟာ ဖြစ်လာမယ်တဲ့၊ စိတ်ဟာလဲ ငြိမ်သက်မှု (သမာဓိ) မရတော့ပါဘူးတဲ့-မိမိ ရှုနေသိနေတဲ့ ပရမတ် ကမ္မဋ္ဌာန်း အာရုံကနေပီး ပညတ် ဆင်းရဲခံစားမှုဖက်ကို လည်ကျလာမတဲ့- ဒီတော့ မဂ်ဖိုလ် တရားထူးကို မရတော့ပါဘူးတဲ့' အဲဒါ ပြီးလွယ်အောင် မြန်မာစကားပြေနဲ့ပြောတာ ပါဠိသိချင်ရင်တော့-

တော်- ပါဠိ ဦးဇင်း သိပါတယ်'သတ္တ ဟတ္ထပါဒေ အတိစိရံ ။လ။ ဝိသေသံ နာဓိဂစ္ဆတိ' မဟုတ်လား၊ ဒီပါဠိက ဟုတ်တယ် ဦးဇင်း မှတ်ထားမိတာ အဋ္ဌကထာ ၅စောင် လောက်ဖြစ်မယ်ထင်တယ်၊ သဘာဝကျတဲ့စကားပါပဲ-

နုပ်- အဲဒါအနာဂါမ်မဖြစ်သေးသူဘယ်သူမှဒေါသ-ဒေါမနဿ မဖြစ်အောင် မတားနိုင်ဘူး၊ အနာဂါမ်တောင်မှ

www.dhammaransi.com



ဒေါ်သမူ့ဒွေးပယ်လိုက်ပြီးလို့ မဖြစ်တာပဲ အောင့်နေရတာမှ မဟုတ်ပဲ အဲ အနာဂါမ် မဖြစ်သေးသူတို့ အောင့်အီးသည်းခံနေတယ်ဆိုရင် အဲဒီအောင့်တဲ့ တချိန်လုံး ဒေါမနဿဖြစ်ပါတယ်ဆိုတာ တပည့်တော် အပြော မဟုတ်ဘူး၊ ခုန အဋ္ဌကထာတွေရဲ့ စကားပဲ-

တော်- ဩြော်-ပါဠိတော် အာဘော်ကျအောင်ယူတတ်ဖို့ အလွန်လိုတယ်ဆိုတာ လေ့လာမိမှ သိတာပဲနော်-အခုန အဋ္ဌကထာပါဌ်ကို တွေ့ဖူးတာတော့ ကြာပါပြီ ဒီလို အဓိပ္ပါယ်ကောက်ယူရကြောင်းဆရာ စကားပြေပြောသွားမှရေလည်သွားတယ်-

## နေရာပြင်ရင်သမာဓိပျက်သလား

နုပ်- တချို့က 'နာလာကိုက်လာလို့ နေရာပြင်လိုက်ရင် သမာဓိပျက်သွားမှာပေါ့'လို့ ဒီအဆိုမျိုး ကြားခဲ့ရတာကြာပါပြီ၊ အဲဒီ အယူအဆဟာ သာသနာတော်အတွက် ဝမ်းနည်းစရာကောင်းပါတယ်-

တော်- ဘာဖြစ်လို့လဲ ဒါမမှန်ဘူးလား-

နုပ်- ဒါဖြင့် ဦးဇင်းလဲ ဒီလိုပဲ ယူဆထားပီထင်တယ်၊ ကဲ-ကိုယ်တော် လတ်တွေ့စမ်းကြည့်ရအောင် စောစောကအဋ္ဌကထာများရဲ့ ဝေဖန်ချက်လဲ မမေ့နဲ့နော် ကိုယ်တော်က တရားထိုင်ပီဆိုပါတော့ ဘာကို ဘယ်လိုသိနေမလဲ-

တော်- ဖေါက်ပြန်တဲ့ သဘောတွေကို ဖေါက်ပြန်တယ်လို့ သိနေမယ်-

www.dhammaransi.com



နုပ်- ဟုတ်ပါပြီ အဲဒီလို သိနေတော့ သမာဓိဆိုတဲ့ ငြိမ်သက်မှု ပါရဲ့လား-

တော်- ပါပါတယ်- စိတ်ငြိမ်လို့သိနေတာပဲပေါ့-

နုပ်- မှန်ပါတယ် 'ခဏိကေ စိတ္တေ ကဂ္ဂတာ'နော်၊အဲဒီအသိဟာ ဥပမာ 'ခေါင်းတို့-လက်တို့' ဆိုတဲ့ နေရာတွေ ဆိုပါတော့ သိနေသလား-

တော်- အင်းသိနေတယ်-

နုပ်- အဲဒီလို သိနေတာကြာတော့ အသိကလဲ ထပ်ထပ်သိတော့ စိပ်မလာဘူးလား-

တော်- အသိစိပ် လာတယ်ဆိုတာ ဆက်ဆက်ပြီး ဒါပဲ သိနေမှာပေါ့-

နုပ်- အရှင်ဘုရားက သတိနဲ့ ဂရုစိုက်လေလေ ငြိမ်သက်မှုရလေ သိလေပေါ့· အဲ ခြေတို့-လက်တို့ဆိုတဲ့ ခန္ဓာအစိပ်အပိုင်းကတော့ ကျေးပြီး အထိုင်ကြာလာတော့ ဒီခန္ဓာဟာ နာတတ်ကျင်တတ် ကိုက်ခဲတတ်တဲ့'အာတုရကာယ'မျိုးဆိုတော့ သူက ကိုက်လာတယ်၊ ဒီအချိန် အရှင်ဘုရားရဲ့ အသိစိတ်ဟာ ဘယ်မှာနေမယ်ထင်သလဲ-

တော်- စောစောကပြောတဲ့အတိုင်း ထင်ရှားတဲ့ (နာတဲ့)ဆီကို ရောက်သွားမှာပေါ့-

နုပ်- 'ပရမတ် ဖေါက်ပြန်မှုတို့ကိုသိနေတဲ့ သမာဓိ' ဘယ်ရောက်သွားသလဲ ပရမတ်အသိပေါ်မှာ မရှိတော့ဘူးမှတ်လား- ဒါကို အဋ္ဌကထာက 'စိတ္တံကေဂ္ဂ နလဘတိ'တဲ့၊ မိမိရှုနေတဲ့ ပရမတ် မဟုတ်တော့ပဲ ပညတ်'အနာ'ကို ရောက်တော့

www.dhammaransi.com



'ကမ္မဋ္ဌာန် ပရိပကတိ'ပရမတ်ကနေပညတ်ကိုလည်ကျသွား သတဲ့ သမာဓိကော ပညာကော ဘာမှ အလုပ်မဖြစ်တော့ ရင် တရားရပါ့အုံးမလား- အဲ'ဝိသေသံ နာဓိဂစ္ဆတိ'တဲ့၊ အဲဒါမျိုးကို အရှင်ဘုရား သိထားရင် နာတယ်လို့သိတာနဲ့ ကိုယ့်သမာဓိ ပညာ အကျမခံရအောင် နေရာပြင်လိုက်မယ်၊ မိမိရှုလက်စ ဖေါက်ပြန်မှု ပျက်မှုရှုနေရင် နေရာပြင်လိုက်တဲ့ အချိန်ပိုင်းကလွဲလို့ သမာဓိပျက်ဖို့ ရှိသေးသလား အရှင် ဘုရား ဆက်ရှုဆက်သိသွားရင်-

တော်- တယ်နက်နဲတဲ့ အစိပ္ပါယ်ပဲ၊ နို့ပြင်လိုက်တဲ့ နေရာမှာကော သမာဓိမပျက်ဖူးလား-

နုပ်- ဟောဗျ-အဲဒါမှ ဒုက္ခပဲ ကိုယ်တော် သမာဓိက အဲဒီမှာ ထားလို့လား-

တော်- အဲဒီမှာတော့ မထားဘူးလေ အဲဒီမှာရှုတာမှ မဟုတ်ပဲ-

နုပ်- ဟုတ်ထာပေါ့ ကိုတော့်ဟာက 'အမြုံမ သားကလေး သေလို့ ငိုချင်တဲ့လူလို'နကိုကထဲက သားမမွေးလို့ အမြုံမပါ ဆိုနေ ဘယ်ကသားသေလို့ ဘယ်သူကငိုချင်ရတာလဲ နကို ကထဲက ကိုက်ထာ, နာတာမျိုးဟာ ကိလေသာဖြစ်တဲ့ ပညတ်မျိုးမို့ အစကကို သူ့မရှုပါပဲနဲ့ ဘယ်က သမာဓိက ပျက်ရမှာလဲ ဦးဇင်း ကောင်းကောင်း ဝေဖန်နော်-တခု တော့ရှိပါတယ်၊ နကိုကထဲက ပညတ်ကိုရှုမယ်၊ အဲဒီပညတ် အနာကိုမခံနိုင်လို့ပြင်ရင်တော့ ပညတ် သမာဓိပျက်မှာပဲ-

တော်- ဒါလေ့လာဖို့ ဝေဖန်ဖို့ ကောင်းကောင်းလိုပါလား-

www.dhammaransi.com



နုပ်- ဒီတော့ တပည့်တော်က ဝိပဿနာရှုတယ်ဆိုတာ သမထလို အာရုံတခုထဲ ဇောက်ချမထားရ၊ ပြောင်းလဲနေတဲ့ အာရုံတိုင်း တမျိုးပြီးတမျိုး ခန္ဓာနှံ့အောင် ရှုရသည်လို့ နားလယ်ထားတယ်, မပြင်မရွေ့ ငြိမ်ထားရင် သမာဓိပျက်သည်၊ ပြင်ပေးရင် သမာဓိမပျက်လို့ ဆိုချင်တယ်-

တော်- ဝိပဿနာရှုရာမှာပညတ်ပရမတ်ကွဲဖို့လဲလိုမယ်ထင်တယ်-

## 'မရှိပညတ် ရှိပရမတ်-ကွဲလတ် ရှုနည်းမှန်'

နုပ်- ဝိပဿနာအလုပ် လုပ်ပီဆိုရင် ပညတ် ပရမတ်ဆိုတဲ့ ကိစ္စဟာ မကွဲရင် မသိရင် လုံးဝအလုပ်မဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဝိပဿနာအလုပ်က ပရမတ်အလုပ် ဝိပဿနာလုပ်မယ့်ပုဂ္ဂိုလ်က ပညတ်နယ်သား - ပညတ်နယ်သားက ပညတ်သိ, ပညတ်ပြော, ပညတ်ထင်, ထင်နေလို့တော့ ဝိပဿနာအလုပ်ဟာ ထသက်လုံးလုပ်လို့ရမှာ မဟုတ်ဘူး-

တော်- ဆရာ့ကို တခုတော့ မေးချင်တယ် စိတ်လဲမရှိပါနဲ့နော်-လူချင်းလဲ ရင်းနှီးလွန်းလို့ တရားကိုလဲ ယုံကြည်လွန်းလို့ အားလဲကိုးလွန်းလို့....

နုပ်- ဩော်· မေးမှာသာ မေးစမ်းပါ ကိုယ်တော်ရယ် နိဒါန်းတွေ အထွတ်အတက်တွေ လုပ်မနေစမ်းပါနဲ့ အန္တရာယ်ဖြစ်မယ့်ကိစ္စဆိုရင် ကိုယ်တော် နိဒါန်းပျိုးနေတာနဲ့ အန္တရာယ်တွေမှာပဲ-

တော်- အင်းမေးချင်တာက တခြားမဟုတ်ပါဘူး၊ ဝိပဿနာနဲ့ ပတ်သက်တဲ့ တခြားစာအုပ်တွေလဲ ဦးဇင်း လက်လှမ်းမှီ

www.dhammaransi.com



သလောက် ကြည့်ဖူးပါတယ်၊ ဆရာ့ဝါဒ ဆရာ့စာအုပ် တွေမှာလို ပညတ် ပရမတ် အရေးတကြီးထားတာမတွေ့ရ ဘူး၊ ဆရာ့စာအုပ်တွေမှာ ပညတ် ပရမတ်ကို အရေး တကြီး နေရာမှာထားတာ တွေ့ရတယ်၊ အခုလဲ ပညတ် ပရမတ်မှ ကွဲပြားအောင် ခွဲခြားမသိရင် ဝိပဿနာဉာဏ်ရဖို့ တရားရဖို့မရှိဘူးဆိုတာမျိုးတွေ့ရတော့ ဒီတရားကတမျိုးလို ဖြစ်နေမလားလို့–

နုပ်– ဝိပဿနာအလုပ်ကတော့ ပညတ် ပရမတ် ကွဲပြားအောင် သဘောမပေါက်လို့တော့ မရတာအမှန်ပဲဒါပေမယ့်တခြား ဌာနတွေ တခြားစာအုပ်တွေမှာ ဒီအကြောင်း မတွေ့တာ ကတော့ ပညတ်ပရမတ်ကွဲပြီးနားလယ်ပြီးလို့ ဖြစ်ချင်လဲဖြစ် မှာပေါ့· တပည့်တော်တို့ကတော့ အဓိကကျတဲ့ ကိစ္စကို အဓိကနေရာမှာထားပြီး နားမလယ်လယ်အောင် တိုက်ရိုက် နည်းနဲ့ဖြေရှင်းတာပဲ–ဒါတင် ဘယ်ကမလဲ မြတ်စွာဘုရား သာသနာမှာ တခုတည်းသော မဇ္ဈိမပဋိပဒါ ဝါဒကိုဘယ် ဌာန·ဘယ်စာအုပ်တွေမှာ အဓိကထားလို့လဲ·တပည့်တော်ရဲ့ စာအုပ်တွေမှာတော့ အဓိကဖြစ်ကြောင်· အရှင်ဘုရား တွေ့မှာပေါ့၊နောက်တချက် ဝိပဿနာအလုပ်ဟာ ချမ်းသာ ဆင်းရဲ ကိလေသာအာရုံကို လွတ်အောင်သွားပြီး ပရမတ် သဘောတရားကိုသာ ဥပေက္ခာသဘောနဲ့ ရှုပြီး လွတ် မြောက်စေနိုင်တဲ့ (အဒုက္ခမသုခ) ဥပေက္ခာရှုပုံကိုဘယ်ဌာန ဘယ်စာအုပ်တွေမှာမှ အဓိကအနေမထားပါပဲနဲ့ တပည့်

www.dhammaransi.com



တော် စာအုပ်မှာသာ တွေ့တာကတော့ တပည့်တော်က အဓိကထားတာကို -
တော်- အဓိကထားတာမထားတာကအကြောင်းမဟုတ်ပါဘူး၊ မြတ်စွာဘုရားရဲ့ ဆန္ဒတော်နဲ့ ညီ မညီဆိုတာ -
နုပ်- သူမျှားတကာတွေညီ မညီ တပည့်တော် ကိစ္စမဟုတ်ပါဘူး၊ တပည့်တော် တာဝန်ယူထားပြီး ဆောင်ရွက်နေတဲ့ ကိစ္စတော့ တပည့်တော်ရဲ့ တာဝန်ပေါ့-ကဲ ဒီတော့ ဦးဇင်းက တချက်မေးတာနဲ့ တပည့်တော်က မဇ္ဈိမပဋိပဒါကော- ဥပေက္ခာကော ၃ချက်ရှင်းပြရမှာပေါ့- အဲဒီတော့ ပဌမ အချက်က ဘာပါလိမ့်-
တော်- ပညတ် ပရမတ်လေ-
နုပ်- လောကမှာ သမုတိသစ္စာ, ပရမတ္ထသစ္စာရယ်လို့ နှစ်ပါး ရှိတယ်နော်- ပါဠိရလား-
တော်- အင်း- 'ဒုဝေသစ္စာနိ အက္ခာသိ' ဒါမှတ်လား-
နုပ်- ဟုတ်ပါတယ်- သမုတိသစ္စာဆိုတာက ပညတ်၊ ပရမတ္ထ သစ္စာဆိုတာကတော့ ပရမတ်ပေါ့-သမုတိသစ္စာ ပညတ်- ပရမတ္ထသစ္စာရဲ့ အဓိပ္ပါယ်ကကော-
တော်- 'သင်္ကေတဝစနံ သစ္စံ လောက သမုတိကာရဏာ'ဆို တော့ လောကနယ်ထဲမှာ ပြောဆိုသုံးစွဲလုပ်ကိုင် မှတ်သား အပ်တဲ့-တနည်းတော့လဲ လူထုနည်းနဲ့ စုပေါင်းသမုတ်လိုက်တဲ့ ဆုံးဖြတ်ထားတဲ့ကိစ္စ သတ်မှတ် လုပ်ကိုင်တဲ့ ကိစ္စအားလုံး ဟာ သမုတိသစ္စာ တနည်း ပညတ်ပေါ့-အဲ ပရမတ္ထသစ္စာ ဆိုတာက 'ပရမတ္ထဝစနံ သစ္စံ ဓမ္မာနံ ဘူတကာရဏာ' ဆို

www.dhammaransi.com



တဲ့အတွက် ပညတ်မဖက် သက်သက်သော ရုပ်ပရမတ် နာမ်ပရမတ်တို့ရဲ့ အမှန်တရား လမ်းကြောင်းပါပဲ-

နုပ်- အတိုချုပ်ကတော့ ဩကာသလောကထဲမှာရှိတဲ့ သက်ရှိသက်မဲ့ ဣန္ဒြိယဗဒ္ဓ အနိန္ဒြိယဗဒ္ဓ ရုတ်ဝတ္ထု နာမ်ဝတ္ထု အားလုံးဟာ ပရမတ်ချည်းပဲ၊ တနည်းတော့လဲ ဩကာသလောကထဲက ရှိသမျှ တရားအားလုံး စုပေါင်းပြီး၊ သဘောတရားထုတ်လိုက်ရင် ရုပ်နာမ်ဆိုတဲ့ ပရမတ်ကလွဲလို့ ဘာမှမရှိပါဘူး၊ ဒီသဘောတရားသာ အရင်းခံ သူသာလျှင် မူလဘူတ အခြေခံ အမှန်တရား အရှိတရားပဲ- အဲ ပညတ်ဆိုတာကတော့ ပုံဟန် သဏ္ဌာန် ဒြပ် အကောင်အထည်ကို ကြည့်ပြီး- ဒီပုံဟာ လူ, ယောကျ်ား, မိန်းမ, ခေါင်း, ကိုယ်, ခြေ, လက်, ကျွဲ, နွား စသည်ဖြင့်ပေါ့- စိုင်းဝန်းသမုတ်ကြ, ခေါ်ဝေါ်ကြ, သိမှတ်ကြ, ပညတ်ကြ, ဆုံးဖြတ်ကြနဲ့ အမည်မှည့်ကြတာဟာ ပညတ်ချည်းပါပဲ၊ သူက အရင်းခံ အခြေခံမဟုတ်ဖူး၊ ပရမတ်ဆိုတဲ့ အဘောတရား မှန်တွေ အရင်းခံတရားတွေ စုပေါင်းဖွဲ့စည်းနေတဲ့ အစုအပေါင်းကို 'လူ'လို့ ဝိုင်းပြီး သိမှတ်လိုက်ထာပဲ, ယောကျ်ား မိန်းမလို့ သုံးနှုန်းလိုက်ထာပဲ 'ခေါင်း, ကိုယ်, ခြေ, လက်လို့ နာမည်တပ်လိုက်ထာပဲ- ဒီအရင်းခံ ပရမတ် အစုအပေါင်း တခုမှ မရှိရင် 'လူလို့-မိန်းမ ယောကျ်ားလို့-ခေါင်းကိုယ် ခြေလက်လို့' လုံးဝခေါ်စရာမရှိပါဘူး—

တော်- ဩော်-ဒါကြောင့် ပရမတ်ဟာ အရှိတရား, ပညတ်က မရှိတရားလို့ဆိုတာနော်-

နုပ်- ဟုတ်ထာပေါ့ အရှိတရား ပရမတ်တို့ အစုအပုံနဲ့ တွေ့ပြန်တော့- ဒီပုံဟန်ကိုပဲ ပညတ်က အမည်တပ်လိုက်တော့ ဒီပုံပန်းနဲ့ ဒီအမည်ဟာ ‘ကမ္ဘာနဲ့မြေဇာ’ လို လောကသားတွေက ပုံဟန်ကိုသာ မှတ်တယ်- နာမည်ကိုသာမှတ်လိုက်တော့ အရှိတရား-ပရမတ်တရားဟာ ရှိပါရက်နဲ့ သူက အသိမခံရတာပဲပေါ့- ပညတ်ကတော့ နာမည်တပ်ထားလိုက်ထာနဲ့ မရှိပဲနဲ့ သူက လူသိများနေရတာပဲ- တကယ်တော့-ဒီပညတ်တွေ တွင်ကျယ်နေရတာဟာ အရင်းခံဆိုတဲ့ အမှန်သဘော ပရမတ်ကို သိအောင်မရှာမဖွေတဲ့ အပြစ်ကြောင့်ပဲ-

တော်- ဒီလိုဆိုတော့-

‘ယံပဿတိ န တံဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံနပဿတိ၊

အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော နမုစ္စတိ’

ဆိုတဲ့ ဂါထာအတိုင်းပဲ အဓိပ္ပါယ်က ‘ယံ အာရမ္မဏံ-အကြင် မိန်းမ ယောကျ်ားစသော အာရုံကို၊ ဒိဋ္ဌိယာ-မှားသောအမြင်ဖြင့်၊ ပဿတိ-မြင်၏၊ တံ အာရမ္မဏံ-မိစ္ဆာဖြင့်မြင်သောထိုအမြင်ကို၊၊ နပဿတိ-ပညာမျက်စိဖြင့်မမြင်၊ ယံ အာရမ္မဏံ-အကြင် ရုပ်နာမ် ပရမတ်အာရုံကို၊ ပဿတိ-ဉာဏ်မျက်စိဖြင့် ရှုမြင်တတ်၏၊ တံ အာရမ္မဏံ- ထိုရုပ်နာမ် ပရမတ်ဖြစ်သော အာရုံကို၊ နပဿတိ-နကိုပကတိ ရှိသည့် မျက်စိဖြင့်မမြင်၊ အပဿံ-ပရမတ်တရားဟူ၍ မရှုမမြင်တတ်သော၊ မူဠှော-တွေဝေမိုက်မဲသော ပုထုဇ္ဇန်သည်၊ ဗဇ္ဈတေ-နှောင်ဖွဲ့အပ်၏၊ ဗဇ္ဈမာနော- အနှောင်အဖွဲ့ ခံရသော

www.dhammaransi.com



(အန္ဓဗာလပုထုဇ္ဇနော- အဝိဇ္ဇာတည်းဟူသောအမှောင်ဖြင့် ကန်းသော, မိုက်သော-ပုထုဇ္ဇန်သည်)န မုစ္စတိ သံသရာမှမလွတ်နိုင်ချေ။

နှပ်- ကိုယ်တော်ပေးတဲ့ အနက်က တပည့်တော်တို့ ပခုက္ကူ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒဝံ ပေးတဲ့ အနက်ကို အကျဉ်းချုပ် ပေးလိုက်ထာမှတ်လား· တပည့်တော်တို့ လိုက်ခဲ့တဲ့ သုတ်မဟာဝါ အဋ္ဌကထာလေ-

တော်- အိုး- ဒါတောင်မှတ်မိနေသေးတယ်နော်-

နှပ်- မှတ်မိတာပေါ့ ကိုယ်တော် တပည့်တော်ကဒီသုတ်မဟာဝါ မဟာသတိပဋ္ဌာနသုတ်ကို လေ့လာ နေရတာကိုး- ခုန ကိုယ်တော် အနက်ပေးတာက- သဒ္ဒါနည်းတို့ ဘာတို့အရ သိတ်မှန်ကန်တယ်- အလုပ်နဲ့ကျတော့ အဓိပ္ပါယ် ရှင်းယူရ တယ်· ဒါကြောင့် အခု ပါဠိတွေ အနက်ပေးတဲ့အခါ တပည့်တော်အနေနဲ့ နာယူမှတ်သားသူ အဓိပ္ပါယ်ရအောင် သဘောပေါက်အောင်သာ ရည်ရွယ်ပြီးပေးတာပဲ-

တော်- ဒါဖြင့် ဆရာ့အဓိပ္ပါယ်အနက်က ဘယ်လိုလဲလုပ်စမ်း ပါအုံး-

နှပ်- ‘ယံ' အကြင် မိန်းမယောကျ်ား ပုဂ္ဂိုလ် သတ္တဝါအကောင် အထည် ဒြပ် သဏ္ဌာန်ဟု ယူစွဲထားသည့် ပညတ်အာရုံကို၊ ပဿတိ- အမေပေးတဲ့ ပကတိပညတ်ကို သိတတ်တဲ့ မံသ မျက်စိဖြင့်မြင်၏၊ တံ-ပကတိမံသမျက်စိဖြင့် မြင်တတ်သော ထိုပုဂ္ဂိုလ်သတ္တဝါ ပညတ်အာရုံကို၊ နဒိဋ္ဌံ· ဘုရားပေးတဲ့ ဉာဏ်မျက်စိဖြင့် မမြင်အပ်၊ ယံ-ဖေါက်ပြန်မှု သိမှုဟူသော ဉာဏ်မျက်စိဖြင့်သာ သိမြင်အပ်သော အကြင် ပရမတ်

www.dhammaransi.com



အာရုံကို၊ ဒိဋ္ဌံ ဘုရားပေးတဲ့ဉာဏ်မျက်စိဖြင့်သာမြင်အပ်၏၊
တံ ဉာဏ်ဖြင့် မြင်အပ် ထိုပရမတ်ကို၊ နပဿတိ-ပုထုဇ္ဇန
သဘာဝမှို ကျုနသေချာ မသိမမြင်ပါချေ၊ အပဿံ မရှိအပ်
မသိအပ်သော မိန်းမ ယောကျ်ား ပညတ်တရားကို မြင်၍
ရှိအပ်သိအပ်သော ပရမတ်တရားအမှန်ကို မသိသောမမြင်
သော၊ မူဠှော-တွေဝေမိုက်မဲသော ပုထုဇ္ဇန်သည်၊ ဗဇ္ဈတေ·
တဏှာကျော့ကွင်းဖြင့် နှောင်ဖွဲ့ခံရ၏၊ ဗဇ္ဈမာနော·တဏှာ
အချည်အနှောင် ခံရသော အန္ဓဗာလ ပုထုဇ္ဇနသည်၊
နမုစ္စတိ·သံသရာမှ မလွတ်မြောက်နိုင်ပေ’ တိုတိုပြောရရင်
တော့-အရှိကို ဉာဏ်နဲ့သိတာက ပရမတ်၊ အရှိကိုရှိတဲ့အတိုင်း
ဉာဏ်နဲ့ မသိနိုင်တော့ အကောင်အထည်ကြီးကို စွဲတာ
မှတ်ထာက ပညတ်ပေါ့တပည့်တော်တို့ ဝိပဿနာရှုရတာက
ရှိတာကို ရှိတဲ့အတိုင်း, မှန်တာကိုမှန်တဲ့အတိုင်း, ခန္ဓာရဲ့
ပကတိကို ပကတိအတိုင်း ဉာဏ်နဲ့သိနေရတာကို ဝိပဿနာ
ရှုတယ်လို့ခေါ်ရတာပဲ·

တော်- ဝိပဿနာရှုရာမှာ ပရမတ်ကိုသာ ရှုရတယ်ဆိုတော့-
ဒါက ပညတ်,ဒါကပရမတ်လို့ ခွဲနေရအုံးမလား· မခွဲပဲနဲ့
ကော ရှုမရဘူးလား-

နုပ်- မူလပဏ္ဏာသ သဗ္ဗာသဝသုတ်အဖွင့်မှာပြတာက ‘ရှေးဦးစွာ
ဆရာသမားထံမှာ သရုပ်ကွဲအောင် သင်ကြားနာယူရမယ်-
နောက် ကိုယ်တိုင်သိအောင် လေ့လာရမယ်လို့’ ဆိုတော့
ဆရာသမား လုပ်သူက တပည့် ရှုရမယ့်တရားကို သဘော
ပေါက်အောင် ဟောပေး ပြပေးရတာပေါ့-တပည့်ယောဂီ

www.dhammaransi.com



ကလဲ့ သင်ကြားနာယူထားတဲ့အတိုင်း လိုက်နာလေ့ကျင့်ရတာပေါ့- အဲဒီတော့ မရှုရမယ့် မရှိ ပညတ်ကိုတော့ သင်ဖို့မလိုပါဘူး-လောကပညတ်နယ်သားတွေဟာ ပညတ်နဲ့ချည်းနေထိုင်ပြောဆို လုပ်ကိုင်နေကြတာဖြစ်လို့-သိရမယ့် ပရမတ်ကိုသာ သင်ပြရတာပဲပေါ့-

တော်- ဒီလိုဆိုတော့ ပရမတ်ဆိုတာက ပညတ်လို မရင်းနှီးတော့ သဘောပေါက်လွယ်ပါ့မလား-

နုပ်- လွယ်တော့ မလွယ်ပါဘူး ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိပိုင်းမှာ ပြတဲ့အတိုင်း (နာမရူပမတ္တမေဝိဒံ)

'ခန္ဓာမှာတွေ့တဲ့ ဒီသဘောတို့ဟာ သိကာမျှ, ဖေါက်ပြန်ကာမျှဖြစ်တယ်'

(န သတ္တော န ပုဂ္ဂလော အတ္ထိ)

'သတ္တဝါဆိုတာ ပုဂ္ဂိုလ်ဆိုတာ ရှိကိုမရှိဘူး'

ထို့အတူပဲ အမျိုးမျိုးသော ဘီး, ဝင်ရိုး, လှည်းအိမ်, လှည်းတန်စတဲ့ အစိတ်အပိုင်းတွေကို ပေါင်းစုပြီးထားတော့-

(ရထောတိ ဝေါဟာရမတ္တံ ဟောတိ)

'လှည်းရယ်, ရထားရယ်လို့ ခေါ်ရုံသာရှိတယ်'

(ပရမတ္ထတော ရထော နာမ နတ္ထိ)

'အမှန်စစ်ကြည့်တော့ လှည်းလို့ ရထားလို့ ပြစရာရှိကိုမရှိဘူး' အဲဒီ သဘောအတိုင်း=

(ပဉ္စသုဥပါဒါနက္ခန္ဓေသုသတိ· သတ္တော ပုဂ္ဂလောတိ ဝေါဟာရမတ္တံ ဟောတိ)

'အစုအလန်းကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါးတို့ ပေါင်းစု

www.dhammaransi.com



ထားတဲ့ကိုယ်ကို သတ္တဝါပဲ, ပုဂ္ဂိုလ်ပဲလို့ခေါ်ရရုံပြောရရုံ သာရှိတယ်'

(ပရမတ္ထတော ပန နာမရူပမတ္တမေဝအတ္ထိ)

'အမှန် ပရမတ်အနေနဲ့ သိကာမျှ, ဖေါက်ပြန်ကာမျှပဲ ရှိတယ်'

(ဧဝံ သဿတော ဟိ ဒဿနံ ယထာဘူတဒဿနံ နာမ)

'ဒီလို ခန္ဓာရဲ့ အမှန်သဘောကို အမှန်အတိုင်း ဉာဏ်နဲ့ မြင်ရင် (ယထာဘူတ) ဟုတ်မှန်တဲ့အတိုင်း မြင်တဲ့ဉာဏ် ဖြစ်ပေ'

လို့ ဟောထား ပြထားရတာပေါ့· နောက်ပြီးတော့လဲ· သစ်သားအရုပ်ကို ကြိုးနဲ့တပ်ဆွဲရတဲ့ ရုပ်သေးရုပ်ဥပမာ၊ ကျူစည်းထောင်တဲ့ဥပမာ၊ စည်တီးတော့ အသံဖြစ်လာတဲ့ ဥပမာ၊ အကာန်းနဲ့အကျိုးလမ်းသွားနိုင်ကြတဲ့ဥပမာ၊လှေနဲ့ လူ မြစ်ကိုကူးတဲ့ ဥပမာတွေနဲ့ သဘောပေါက်အောင် ပြရ တာပေါ့—

တော်- ဟင် ဆရာ့ဟာက နာမရူပပရိစ္ဆေဒ ကုန်ရောပဲ—

နုပ်- ဒါပေါ့ဘုရား-မသိရင်အလုပ်မှမဖြစ်ပဲ- အဲဒီတော့ဦးဇင်း အမေးကို ပြန်ကောက်မယ်- ဝိပဿနာရှုတယ်ဆိုတာ ရှိတဲ့ အရှိသာရှုရတယ်ဆိုတော့ ခန္ဓာမှာ ဘာရှိသလဲ-

တော်- ခုနအတိုင်းပေါ့'ပရမတ္ထတော ပန နာမရူပမတ္တမေဝ အတ္ထိ'ဆိုတော့ အမှန်အရှိဟာ 'သိသဘောနဲ့ ဖေါက်ပြန် သဘောသာရှိတယ်'တဲ့-

www.dhammaransi.com



နုပ်- ဒါဆိုရင် ဒီသဘောတို့ဟာ ခန္ဓာရဲ့ 'ပရမတ္ထတော' ဆိုတဲ့ ပရမတ်တွေ အမှန်တွေ မဟုတ်လား-

တော်- ဟုတ်ပါတယ် ပရမတ်တွေပါပဲ-

နုပ်- အဲဒီ အမှန်တွေကို အမှန်အတိုင်း သိနေတဲ့ ဉာဏ်ဟာ 'ယထာဘူတဉာဏ်' လို့ ဆိုထားတယ်- ဝိပဿနာအလုပ်ဟာ 'ဤကား သိသဘော, ဤကား ဖေါက်ပြန်သဘော' လို့ သိနေတဲ့ 'ယထာဘူတဉာဏ်' အခြေခံပဲ· ဒီအခြေခံမပိုင်ရင် မခိုင်ရင် အထက်ဝိပဿနာကို မတက်နိုင်တော့ဘူး 'ဤကား ဖေါက်ပြန်တဲ့သဘော, ဤကား သိတတ်တဲ့ သဘော' လို့ သိပါ-များများသိပါ- ထပ်ကာထပ်ကာသိပါ· အခြေခံ ဖြစ်တဲ့ ယထာဘူတဉာဏ်ဟာ ခိုင်မာလာရင် ရှုရမယ့် ဝိပဿနာဉာဏ် ခိုင်မာတာပဲ- နောက်တော့- သိသဘောနဲ့ ဖေါက်ပြန်သဘောကလွဲလို့ ဘာမှမရှိပါလားလို့ ကိုယ့်ဟာ ကိုယ် ဆုံးဖြတ်နိုင်တဲ့အဆင့်ကို ရောက်လာမယ်· ဒီအတိုင်း ဦးဇင်း သဘောပေါက်ထားပီလား-

တော်- ပေါက်ထားလို့ ဒီအတိုင်း သိကိုသိနေတာပဲ-

နုပ်- ဒါဖြင့် အရှင်ဘုရားရှုနေတာ သိနေတာဟာ မရှိပညတ်ကို ရှုတာလား· အရှိပရမတ်ကို ရှုတာလားဆိုတာ စဉ်းစား ကြည့်ပါ-

တော်- အရှိပရမတ်ကို ရှုတာပေါ့-

နုပ်- ဒါဖြင့် ဝိပဿနာရှုရဖို့ အရှိပရမတ်ကိုသိဖို့ မလိုဘူးလား-

တော်- ဟာ ဒီပရမတ်ကို မသိရင်ရှုမှ မရှုနိုင်ပဲ ရှုရမယ့်တရားကို သိဖို့လိုတာပေါ့-

www.dhammaransi.com



နှုပ်- ဒါဖြင့် ဝိပဿနာရှုရာမှာ ပညတ် ပရမတ် ကွဲပြားအောင် မသိရင် ရှုလို့ ရ-မရ-

တော်- ပညတ်မသိရင်ထားပါလေ ပရမတ်မသိရင်တော့ ရှုလို့ ဘယ်ရမလဲ -

နှုပ်- ဒီလိုဆိုရင် တပည့်တော်က ဝိပဿနာ လုပ်ငန်းအတွက် ပညတ် ပရမတ်ကွဲပြားဖို့ အဓိကထားတယ်ဆိုတာ ပိုအုံးမလား, လွန်အုံးမလား, တကယ် လိုအပ်သလား ဆိုတာ ရှင်းရောပေါ့-

တော်- အင်းလေ ရှင်းပါတယ် ရှင်းပါတယ်၊ ဒါထက်ဦးဇင်း အနေနဲ့ သံသယတခုတော့ ရှိနေတယ်၊ ကိုယ့်လူနဲ့ကိုယ်ပဲ မေးရအုံးမယ်၊ ဒီပရမတ်ကို မသိပေမယ့် 'သမာဟိတော ယထာဘူတံ ပဇာနာတိ'လို့ ဘုရားဟောတော့သမာဓိသာ အရေးကြီးတယ် သမာဓိရှိရင် ရုပ်နာမ် ပရမတ်တို့ရဲ့ အမှန် တရားကို ကိုယ့်ဟာကိုယ် သိလာမယ်ဆိုတဲ့ စကားဟာ ဘယ်လိုများ-

## 'သမာဓိရှိတိုင်း-အမှန်မသိ'

နှုပ်- မှန်ပါတယ် ဘုရားဟောထားသားပဲ· အမှန်တရားဆိုတာ 'ဖေါက်ပြန်မှု-သိမှု' ပရမတ်နော် အဲဒါကို သမာဟိတော ဆိုတဲ့ ငြိမ်သက်တဲ့ စိတ်ဟာ သိလာမယ်ဆိုတော့ ဒီအမှန် တရား ပရမတ်ကိုသိတတ်တဲ့ ငြိမ်သက်မှုလိုတယ်၊ တရား အားထုတ်ပီ ဆိုရင်တော့ စိတ်ငြိမ်မှုဟာ ရှိရမှာပဲပေါ့- မငြိမ်ရင် သိမှုမသိပဲ-

www.dhammaransi.com



တော်- ဒါကိုပြောတာမဟုတ်ဖူး- သမထတခုခုနဲ့ ထူထောင်ထားတဲ့ သမာဓိကြီး တခုခုပေါ့ဗျာ- အဲဒါမျိုးရှိရင်တော့- သူ့ဟာနဲ့သူ သိသွားမှာပဲလို့ ယုံကြည်ကြတယ်, ပြောလဲ ပြောကြတယ်၊ ဒါကြောင့် သမထတခုခု သမာဓိရအောင် လုပ်ကြတာပေါ့-

နုပ်- ဩ....ဒီအယူအဆထဲ ဦးဇင်းလဲ ပါနေမှကိုး- . ဒါကြောင့် အာနာပါန ကြိုးစားတာထင်ပါရဲ့-

တော်- အာနာပါန အားထုတ်ထာက ဒါရည်ရွယ်လို့ မဟုတ်ပါဘူး၊ အခုဟာက သံသယဖြစ်လို့ပါ-

နုပ်- ဒါဖြင့် သမာဓိကို ဘယ်အတိုင်းအတာအထိ အားထုတ်ရမလဲ (ဥပမာ-စျာန် ဒါမှမဟုတ် အဘိညာဉ်) ရအောင် အားထုတ်ထားရမလား-

တော်- ဒါလောက်တော့ ဟုတ်မယ်မထင်ပါဘူး၊ တော်တော်လေး ခိုင်မာတဲ့ သမာဓိမျိုးပေါ့-

နုပ်- ဒီလိုဆိုရင် အဲဒီလောက် သမာဓိခိုင်မာသူ တဦးတယောက်ဟာ ပရမတ်တွေ သူ့ဟာသူသိပြီးတော့ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် အလိုအလျောက် ရသွားဖူးတာ ဦးဇင်းတွေ့ဘူးသလား-

တော်- ဦးဇင်းက အတွေ့အကြုံ နဲ့လို့လား မပြောတတ်ဖူး တယောက်မှတော့ မတွေ့ဖူးဘူး-

နုပ်- မတွေ့ဖူးတာတောင် ရိုးရိုးမဟုတ်ပဲ အတွေ့အကြုံနဲ့လို့ဆိုတဲ့ ချွင်းချက်က ပါနေသေးတာကိုး- ဒါဖြင့် ကြားကော ကြားဖူးသလား-

www.dhammaransi.com



တော်- ကိုယ်လဲ ဘယ်ရိပ်သာမှ မရောက်ဖူးတော့ ကြားလဲ မကြားဖူးပါဘူး-

နုပ်- ရိပ်သာတခုခု ရောက်ဖူးရင်တော့ ကြားရမြင်ရမယ်လို့ကော ကိုယ်တော်ထင်သလား-

တော်- ဖြစ် မဖြစ်သာပြောစမ်းပါဗျာ- စိတ်တောင်ရှုပ်သွားပီ-

နုပ်- မရှုပ်နဲ့လေ မေးတာက အရှင်ဘုရားပဲ ဒီလိုဒီလို ဟိုဟိုဒီဒီ ရိပ်သာတွေတော့ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ပြနေကြတာ တပည့်တော်အနေနဲ့ ဝေဖန်စရာလဲ မလိုပါဘူး ရှိချင်လဲ ရှိနေကြမှာပါ၊ ဒီတရားကို အားထုတ်လာတော့ တပည့်တော်ရဲ့ ယူဆချက်မှာ မြတ်စွာဘုရားက 'သမာဟိတော ယထာဘူတံ ပဇာနာတိ' လို့ ဟောတာ အမှန်ဟောတာပဲ- ယထာဘူတဆိုတဲ့ ပရမတ် အမှန်တရားကိုသိဖို့ သမာဓိဟာ 'အနိမိတ္တသမာဓိံ ဘာဝယတော' လို့ ခန္ဓဝဂ္ဂမှာဟောတော့ နိမိတ်ပညတ် မဟုတ်တဲ့ ပရမတ် သမာဓိမျိုးပေါ့-

အဲဒီ ပရမတ်သမာဓိမျိုးဟာ သမ္မာဝါယာမ, သမ္မာ သတိ, သမ္မာသမာဓိဆိုတဲ့ အဓိစိတ္တမဂ္ဂင်ထဲပါတဲ့ သမာဓိ မျိုးဖြစ်တော့ သူ့သမာဓိနဲ့ သူ့ပညာ တတွဲထဲ တဆက်ထဲ ဖြစ်သွားတာပေါ့- အဲဒီ သမ္မာသမာဓိမျိုးဆိုရင် နကိုက ပရမတ်ကို သိရမယ့် သမာဓိမျိုးဖြစ်လို့- သမ္မာပုဒ်နဲ့တွဲပီး သမ္မာသမာဓိလို့ ဟောတော်မူတာပေါ့- မဇ္ဈိမပဋိပဒါမဂ္ဂင် မဝင်တဲ့ ပရမတ်ကို မသိတဲ့ သမာဓိမျိုးကျတော 'သမ္မာ' ဆိုတဲ့ ပရမတ်ကို သိနိုင်တဲ့ အရည်အချင်းမရှိတဲ့ အတွက် 'သမ္မာ' ပုဒ် မတပ်ပဲ ရိုးရိုးသမာဓိလို့ဟောတယ်၊

www.dhammaransi.com



အခု အရှင်ဘုရားမေးတဲ့ သမာဓိမျိုးက သတ်သတ် လုပ်ယူရတဲ့ သီးခြားသမာဓိမျိုး မဟုတ်လား-

တော်- ဟုတ်ပါတယ် သီးခြား သမာဓိတမျိုးမျိုးပေါ့-

နုပ်- အဲဒါဆိုရင် စျာန်အဘိညာဉ်ရပြီး ဒီစျာန်အဘိညာဉ်ကို အခြေပါဒကလုပ်ပြီး၊ ဝိပဿနာ တက်ရှုလို့ ရဟန္တာဖြစ်သွားတာတွေလဲ မြတ်စွာဘုရားလက်ထက်တော်က အများကြီးပါ

တော်- ဟုတ်တယ် အဲဒီ သမထယာနိက မျိုးကို ပြောတာပဲ

နုပ်- အဲဒီလိုမဟုတ်ပဲ စျာန်အဘိညာဉ်ဖြစ်တဲ့ သမာဓိကြီးရပြီးကာမှ ဝိပဿနာဆီ မတက်ရောက်ပဲ ပျက်စီးသွားတဲ့ ဓမ္မပဒဋ္ဌကထာလာ အရှင်မဟာကဿပကြီးရဲ့ တပည့် ဝိဗ္ဘန္တဘိက္ခု ဝတ္ထုတို့၊ သမ္မောအဋ္ဌကထာလာ အကာန်းမနဲ့ ညားတဲ့ သာမဏေတို့၊ အဲဒါနဲ့တဆက်ထဲ နေတို့ လတို့ကို တောင် လက်တို့ ခြေတို့နဲ့ သုံးသပ်ပွတ်တိုက်နိုင်တဲ့သီဟိုဠ်က စျာန်အဘိညာဉ်ရ ရဟန်းလူထွက်တို့ဟာ စျာန်အဘိညာဉ်ရတဲ့ သမာဓိကြီးများနဲ့ ဝိပဿနာဆီမရောက်ပဲ ပျက်စီးသွားတာတွေ-

တော်- အင်း ဟုတ်တော့လဲ ဟုတ်ပါတယ်၊ အခု ဆရာပြောတဲ့ ဝတ္ထုတွေထဲမှာ ဓမ္မပဒက အရှင်မဟာကဿပကြီး တပည့် ဝိဗ္ဘန္တဘိက္ခုဆိုတာစျာန်အဘိညာဉ်ရပြီးကာမှ ဝိပဿနာကို ဆက်ပြီး အားမထုတ်ပဲ လူထွက်သွားတာကိုး၊ နောက်ပြီး သမ္မောအဋ္ဌကထာကအကာန်းမနဲ့ ညားတဲ့သာမဏေဟာလဲ သူ့ဥပဇ္ဈာယ်ဆရာရဲ့ စကားနားမထောင်ပဲ စျာန်ကိုချည်း

www.dhammaransi.com



ကစားတော့ ကာန်းမနဲ့ ညားရောပေါ့ နောက်သီဟိုဠ်က စျာန်အဘိညာဉ်ရတဲ့ လူထွက်ကလဲ အဘိညာဉ်တွေရလို့ ဝိပဿနာ ဆက်အားမထုတ်ပဲ ဒီမှာတင် ရပ်နေတော့ ဝိပဿနာ ယထာဘူတဉာဏ် မရတော့ဘူးပေါ့-

နှပ်- အံမယ် အံမယ် ဒီလိုတော့လဲ ကိုယ့်သပိတ်ကြီးက ဝေဖန်လိုက်တာ သိတ်မဆိုးပါလား၊ ဒါပေမယ့် အရှင်ဘုရား စောဒကက 'သမာဟိတော ယထာဘူတံ ပဇာနာတိ' အရ သမာဓိရှိရင် ယထာဘူတဆိုတဲ့ အမှန်သဘော ပရမတ်ကို အမှန်သိရမယ်ဆိုတဲ့သဘောမို့လား၊ အဲတာကို တပည့်တော်က သမာဓိရတိုင်း အမှန်ပရမတ်ကို သိနိုင်တဲ့ ပုဂ္ဂိုလ်ရှိသလို စျာန်သမာဓိတင် ရပ်နေလို့ စျာန်ပျက်တဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတဲ့အကြောင်း သာဓကပြတာပါ-

တော်- တကယ်လို့သာ ဒီရလာတဲ့ စျာန်သမာဓိမှာ ရပ်မနေပဲ ဆက်အားထုတ်မယ်ဆိုရင် ရမှာကတော့ သေချာသလောက်ပဲ ထင်တယ်-

နှပ်- ဒါလဲ ကျွတ်လွတ်ထွက်မြောက်နိုင်တဲ့ စရိုက်ဗလန္ဒေနဲ့ သက်ဆိုင်နေတော့ ကျိန်းသေ မပြောနိုင်ဘူးပေါ့၊ အရှင်ဘုရား ဓမ္မပဒမှာ (သုဝဏ္ဏကာရ) ရွှေပန်းတိမ်သည်သားဝတ္ထုကို ကြည့်ပါ၊ အဲဒီ သူငယ်ဟာ အရှင်သာရိပုတ္တရာရဲ့ တပည့်ဖြစ်လို့ အရှင်သာရိပုတ္တရာဆီမှာ ရဟန်းပြုတော့ အရှင်သာရိပုတ္တရာက လူငယ်လူရွယ်မို့ အသုဘ ကမ္မဋ္ဌာန်းပေးပြီး တောထဲလွှတ်ပီး တရားအားထုတ်ခိုင်းလိုက်တာ ၃-၄ လ ကြာလို့မှ သမာဓိမရတော့ ဘုရားကသာချွတ်ရမယ့် 'ဗုဒ္ဓ

www.dhammaransi.com



ဝေနေယျ’ပဲလို့ စိတ်ကမှတ်ပီး ဘုရားဆီကိုသွားအပ်တယ်၊ ဒီတော့မှ မြတ်စွာဘုရားက အာသယာနုသယဉာဏ်နဲ့ ထောက်လှမ်းပီးတော့မှ ကြာဖူးကြီးတခုကို အမိဋ္ဌာန်နဲ့ ဖန်ဆင်းပီး ‘ရော့ဒီကြာဖူးကြီး မင်းယူသွား- ဟိုကျောင်းဝင်းအပြင်ဖက်မှာ သဲတွေကိုစုပုံ၊ အဲဒီ သဲပုံပေါ်မှာ ဒီကြာဖူးကြီးကိုစိုက်ပီး မလှန်းမကမ်းကထိုင်ကာ ‘လောဟိတကံ-လောဟိတကံ’လို့ သမထသမာဓိ အလုပ်မျိုးဘုရားက ပေးလိုက်တယ်-

ရဟန်းလဲ သူ့လက်ထဲ ကြာဖူးကြီး ရောက်ကထဲက အင်မတန် စိတ်ပျော်သွားတယ်၊ ဒါနဲ့ ကြာဖူးကြီး ယူသွား မြတ်စွာဘုရား မှာလိုက်တဲ့ အစီအစဉ် အတိုင်း လုပ်တာပေါ့ နောက်တော့ အစဉ်အတိုင်း နီဝရဏတွေကွာ ဥပစာရဈာန်ရ နောက် ပထမဈာန် တွေရ နောက်ဝသီဘော် ငါးပါးနိုင်အောင် လေ့ကျင့်ပီး ဈာန်ကစားတော့ တာပဲ၊ ဈာန်အဆင့်ဆင့်ရ ရပြီး စတုတ္ထဈာန်ရောက်တော့ သူသိတ်ပျော်နေပီပေါ့၊ ဒီတော့မှ မြတ်စွာဘုရားက ဉာဏ်တော်နဲ့ ထောက်လှမ်းပီး-

‘သက္ခိုဿတိ နုခေါ သော အတ္တနော ဓမ္မတာယ ဥတ္တရိ ဝိသေသံ နိဗ္ဗတ္တေတုံ’

‘သော-ဒီရဟန်းအား၊ အတ္တနောဓမ္မတာယ- သူ့အလို အလျောက်၊ ဥတ္တရိဝိသေသံ- ဝိပဿနာပရမတ် တရားထူး တရားမြတ်ကို၊ နိဗ္ဗတ္တေတုံ-ဖြစ်စေနိုင်ဖို့၊ သက္ခိဿတိနုခေါ တတ်နိုင်မလား’လို့ ကြည့်လိုက်တော့-

www.dhammaransi.com



'န သက္ကိဿတီတိ ဉတွာ'
'မတတ်နိုင်ဘူးလို့ သိတော့'

တော်- ဆရာ အနက်ပေးပုံကလေးကသဘောကျစရာတော်တော် ကောင်းပါလား 'အတ္တနော မမ္မတာယ'ဆိုတာကို 'မိမိရဲ့ သဘောအားဖြင့်'လို့ ဒါမှ မဟုတ်ရင်လဲ 'သူ့သဘော အတိုင်း'လို့ အနက်ပေးကြမှာပေါ့၊ ဆရာ့ အနက်က ခေတ်ဆန်ဆန်'သူ့အလိုအလျောက်'ဆိုတော့ အဓိပ္ပါယ်လဲ ပေါ်လွင်ပါတယ်-

နုပ်- အရှင်ဘုရားကလဲ အရေးထဲ စာတွေ ထည့်စဉ်းစားနေ တာကိုး- ဒီဝတ္ထုမှာ အရေးကြီးတဲ့ပိုင့် အရှင်ဘုရားတွေ့ပြီ မှတ်လား-

တော်- အင်းတွေ့ပါတယ်၊ စတုတ္ထစျာန်အထိ ရထာတောင် 'သူ့အလိုအလျောက်' သိပါ့မလားလို့ ဉာဏ်တော်နဲ့စူးစမ်း ကြည့်တော့'မတတ်နိုင်ဘူး'လို့ သိတော်မူတယ် ဒါမို့လား-

နုပ်- ဟုတ်ပါတယ် ဒီတော့မှမြတ်စွာဘုရား အကူအညီပေးပုံက-
'တံ ပဒုမံ မိလာယတူတိ အဓိဋ္ဌဟိ'
'အဲဒီ ကြာဖူးကြီးဟာ နွမ်းကျေကျစေ သတည်း' လို့ အဓိဋ္ဌာန်တော်မူပြီးနောက်မှ သင်္ခါရတရားတို့ရဲ့ အနိစ္စ စသော အချက်တွေ ရှုမြင်နိုင်ပြီး-
'ဉစ္ဆိန္ဒသိနေဟ မတ္တနော၊ လ။ နိဗ္ဗာနံသုဂတေနဒေသိတံ'
ဂါထာအဆုံးမှာ ဒီကိုယ်တော်လေး ရဟန္တာဖြစ်သွား လေသတဲ့ ကဲ-ဓမ္မပဒ ဒီဝတ္ထုကို အရှင်ဘုရားပြန်ကြည်အုံး

www.dhammaransi.com



အရင်တုံးကတော့ တပည့်တော်လဲ ပေါ့ပေါ့ပဲ ထားတာ အခု တရားတို့ဘာတို့ ဟောလာ ပြလာရတဲ့ အချိန်မှာ သက်သေ သာဓကလေး ဆောင်ဖို့လိုလာတော့ ဓမ္မပဒ ဋ္ဌကထာက ဝတ္ထုတွေကြည့်ရ လေ့လာရတော့ ဒါတွေ ပြန်တွေ့တာပေါ့-

တော်- ဦးဇင်းလဲ မျက်ခြေတော့ မပြတ်ပါဘူး၊ စာချနေတုန်း ကလဲ စာမေးပွဲ ဘာသာပြန်အတွက် ဓမ္မပဒဋ္ဌကထာ ကတော့ မပြတ်ချခဲ့တာပဲ၊ ဒါပေမဲ့ ဝတ္ထုအနေနဲ့ပဲသဘော ထားတယ်၊ တကယ့် သုတ်ပါဠိတော်တွေလောက် အလေး မထားခဲ့တာတော့ အမှန်ပဲလေ-

နုပ်- ဒါဖြင့် ဒီဝတ္ထုထဲမှာ လေးနက်တဲ့ အဆစ်အပိုင်းကို ထုတ် ကြည့်ရအောင် သာမည အမှတ်တမဲ့နဲ့ကြည့်ရင် သမထ သမာဓိနဲ့ စတုတ္ထဈာန်ထိအောင် ရထားတဲ့ ကိုယ်တော်မှာ 'သူ့ဟာနဲ့သူ ဝိပဿနာတက်ပီး ရှုနိုင်သလား' လို့ ဆင်ခြင် ကြည့်တော့-

* မရှုနိုင်ဘူး-

ဒီတော့ မြတ်စွာဘုရားက ဘာလုပ်ရသလဲ-

* အကူအညီပေးရတယ်-

ဒီအဋ္ဌကထာ ဖတ်သွားရင် ဒါတွေ တွေ့သွားမှာပဲ- တွေ့တော့လဲ ဘာကိစ္စရှိသလဲနောက်တော့ရွှေပန်းတိမ်သား ကိုယ်တော်လေး ရဟန္တာဖြစ်သွားတယ်-

တော်- အင်းလေ ကိစ္စပြီးသွားတာပေါ့-

www.dhammaransi.com



နုပ်- အင်း ကိစ္စပြီးတာက ရွှေပန်းတိမ်သား ကိုယ်တော်လေး ဒါနဲ့ ပတ်သက်ပြီး ဒုက္ခဖြစ်နေတာက ကိုယ်တော်တို့ တပည့်တော်တို့-

တော်- ဘယ်လို ဒုက္ခဖြစ်ထာလဲ-

နုပ်- ကိုယ်တော့် ပြဿနာမေးသွားပီထင်တယ် 'သမာဟိတော ယထာဘူတံ ပဇာနာတိ' လေ အခု ရွှေပန်းတိမ်သား ကိုယ်တော် လေးဟာ 'သမာဟိတော' ဖြစ်သော်လဲ ယထာဘူတကို ပဇာနာတိ မဖြစ်တော့ ဘုရားအကူအညီ ပေးရတယ်၊ တပည့်တော်တို့လဲ သမထ သမာဓိမျိုးသာ အားကိုးနေရင်တော့ သိရမယ့် ယထာဘူတ သဘာဝကို ကိုယ့်အလိုအလျောက် မသိရင် ဘယ်သူအကူအညီပေးမလဲ သတ္တဝါရဲ့ အလိုစရိုက် ဣန္ဒြေအနုအရင့် သိနိုင်တာကလဲ ဘုရားကလွဲလို့ မရှိဘူး၊ အရှင်သာရိပုတ္တာဟာ သူ့တပည့် ရွှေပန်းတိမ်သည်သား ရဟန်းကို ဘုရားဆီသွားအပ်တော့ မြတ်စွာဘုရားက 'ငါဘုရားရဲ့ အာသယာနုသယဉာဏ်တော် ဆိုတာ ၄-အသင်္ချေနဲ့ ကပ္ပါတသိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးမှ တသောင်းသော လောကဓာတ်ကိုတုန်လှုပ် ခြောက်ချားလျက် ရအပ်တဲ့ သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားတို့ အရာသာဖြစ်တယ်'လို့ ဆင်ခြင်မိကြောင်းဓမ္မပဒ ဋ္ဌကထာမှာ ဖေါ်ပြပါတယ်၊ ကိုယ်တော်လေးသမာဓိက ပညာမကူးနိုင်တာ သိတော်မူတဲ့ ဘုရားရှိလို့ကူညီပေးတယ်၊ အခု 'ငါ'တို့ သမာဓိရှိရင် ယထာဘူတဖြစ်တဲ့ ပရမတ်ကို

www.dhammaransi.com



သိမှာပဲ' ထင်ပြီး အားထုတ်နေတဲ့ ယောဂီတို့ တကယ် ပရမတ်ကိုမသိတော့ ဘယ်သူက အကူအညီပေးမလဲ-

သတ္တဝါရဲ့ဌာန္တြေအနေအရင့် ပါရမီစသည်တို့ဟာ ဘုရားရဲ့ အရာသာဖြစ်တယ်၊ လက်ျာတော်ရဲ့ အရှင်သာရိပုတ္တရာ မတတ်နိုင်ပုံကိုကြည့်ပါ၊ အဒီပ္ပါယ်ကတော့ သမာဓိရှိလို့ ဝိပဿနာ ပညာကိုတတ်သွားနိုင်တဲ့ ယောဂီဆိုရင် အလွန် ကောင်းပါတယ်၊ အကူအညီ ပေးနိုင်တဲ့ သိတော်မူ မြင်တော်မူတဲ့ မြတ်စွာဘုရားမရှိတဲ့ အခုနေအခါ ကိုယ့် သမာဓိက ပညာမတက်တော့ ခက်သမှ အလွန်ခက်ပဲ-

တော်- ဘာလိုလို့နဲ့ စဉ်းစားကြည့်တော့ ဒီကိစ္စဟာ မသေး ပါလား-

နုပ်- 'သမာဟိတော ယထာဘူတံ ပဇာနာတိ' ဒီပါဠိတပိုင်းကို ကိုင်ပြီး သမာဓိရှိရင် သူ့ဟာသူဖြစ်တယ်လို့ ထင်နေကြ ပြောနေကြတာဟာ သူ့ဟာသူ ဝိပဿနာဖြစ်သူရှိသလို သမာဓိကနေပြီး ဝိပဿနာ မတက်လာတဲ့ သူကျတော့ မခက်ပါလား-

တော်- အင်း ဟုတ်တယ်နော်- မတက်တဲ့လူလဲ ရှိသေးတာကိုး-

နုပ်- ဒါကြောင့် တပည့်တော်တို့က သတ္တဝါစရိုက်လိုက်မသိနိုင် တော့ လိုအပ်တဲ့ ပရမတ်ကိုသိဖို့ ပြကိုပြရတယ် သူ့ဟာနဲ့သူ သိလဲသိ မသိလဲ အကူအညီ ပေးပြီးသား ဖြစ်မသွား ဘူးလား-

တော်- ဟုတ်တယ်နော် တကယ်တော့ သမာဓိရှိတိုင်း ဝိပဿနာ ဖက် ရောက်ချင်မှရောက်ထာ-

www.dhammaransi.com



နုပ်- ဒီပါဠိတော်ကို တပည့်တော်တို့က သမာဓိရှိတိုင်းဝိပဿနာပညာဖြစ်သည်မဟုတ်၊ဝိပဿနာပညာဖြစ်တိုင်းသမာဓိဟာပါတာချည်း၊တနည်းသမာဓိပါအောင်(သမာဓိံ ဘိက္ခဝေ ဘာဝေထ) ပညာဘာဝနာရှုလိုသူတိုင်း သမာဓိရအောင်ပွားများကြလို့ မြတ်စွာဘုရားက တိုက်တွန်းတော်မူတာပဲဘုရာ့-

တော်- အခု ဒီဝတ္ထုကို ဆရာဖော်ပြဝေဖန်လိုက်တဲ့ ကိစ္စမှာဦးဇင်းအတွက် ပညာတိုးသွားပါတယ်၊ တရားလုပ်ငန်းနဲ့ပတ်သက်တဲ့ သုတ်,ဝတ္ထုတွေ ကိုယ်တိုင်လဲ ဒီလောက်အထိမနှိုက်ခဲ့ဖူးဘူး၊ သူတပါးရေးတဲ့ သုတ်,ဝတ္ထုတွေမှာဒီလိုလဲခဲရာခဲဆစ် မဝေဖန်ကြတော့ ဒီသုတ်တွေ ဝတ္ထုတွေရဲ့နက်နဲတဲ့မြုပ်ကွက်တွေကို စာဖတ်ရုံဖတ်သွားတဲ့ပုဂ္ဂိုလ်တွေအတွက် ပြည့်စုံအောင်သိခွင့်မရကြဘူးပေါ့၊ဒီကိစ္စကတော့သဘောရှင်းသွားပါပြီ၊ တရားအားထုတ်ရာမှာ လိုအပ်တဲ့မဇ္ဈိမပဋိပဒါအကြောင်း-အခုသိချင်တဲ့မဇ္ဈိမပဋိပဒါဆိုတာက ပရိယတ္တိလို စာအနေမေးတာမဟုတ်ဖူး၊ မြတ်စွာဘုရားစပြီး ဓမ္မစကြာဟောတုန်းက စာမတတ်တဲ့ ပဉ္စဝဂ္ဂီတို့ကိုဟောတဲ့ သဘာဝမဇ္ဈိမပဋိပဒါကို ပြောပြပါ-

## 'မဇ္ဈိမဉာဏ် သိဘို့ရန်'

နုပ်- မြတ်စွာဘုရား ဓမ္မစကြာဟောတုန်းက တပည့်တော်လဲ ရှိမှမရှိပဲ- တကယ်တော့ မြတ်စွာဘုရား သာသနာတော်မှာဓမ္မစကြာတရားရယ်, အနတ္တလက္ခဏာတရားရယ် ဒီ၂သုတ်

www.dhammaransi.com



သဘောပေါက်ရင် သာသနာအလုပ်ကုန်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီ ၂သုတ်နဲ့ သာဝကတို့အတွက် လမ်းဆုံး ရဟန္တာအထိဖြစ်ကြလို့ပဲ-သို့ရာတွင် သတ္တဝါတို့ရဲ့ စရိုက် ဣန္ဒြေကိုကြည့်ပြီး လျော်ရာလျော်ရာ ဟောရလို့ မမကုန္ဒာ ရှစ်သောင်းလေးထောင်ဖြစ်ရတာပဲ-

တော်- မဇ္ဈိမပဋိပဒါကို ဒေသနာလို စာလိုတော့ ဆရာတို့ ဦးဇင်းတို့က နဲနဲပါးပါး သဘောပေါက် ရိပ်မိတယ်ဆိုပါတော့- အလုပ်နဲ့ ယထာဘူတ အံဝင်ဂွင်ကျ ဖြစ်အောင် လူဗိန်းကိုပြောတဲ့နည်း ပြောစမ်းပါ-

နုပ်- အရှင်ဘုရားက လူဗိန်းဖြစ်သွားပြန်ပြီလား-

တော်- နကိုကထဲက အလုပ်နဲ့ ပတ်သက်လို့တော့ လူဗိန်းပဲ-

နုပ်- မြတ်စွာဘုရားရဲ့ သာသနာဝါဒဟာ ရှေးဦးစွာ ကိလေသာ မဖြစ်အောင် ဆုံးမဖို့ နောက် ကိလေသာပယ်ဖို့ ဒါပဲ၊ တပည့်တော်တို့ သတိပဋ္ဌာန်အလုပ်ဟာ ကိလေသာမဖြစ်အောင် အရင်ဆုံးမတယ်၊ ဒီတော့ မဇ္ဈိမပဋိပဒါ မဂ္ဂင် လမ်းကြောင်းဟာ ကိလေသာ အစွန်း မကပ်မရောက်ရတဲ့ အလုပ်ပဲ၊ ကာမသုခလ္လိကအစွန်း, အတ္တကိလမထအစွန်း ဆိုတာဟာ အမှန်ကတော့ လောဘ, ဒေါသ, မောဟ ကိလေသာအစွန်းတွေပဲ ဒီအစွန်းတွေလွတ်အောင် မဇ္ဈိမ ပဋိပဒါဆိုတဲ့ မဂ္ဂင်ဟာ ဘာကိုဘယ်လိုရှုနေမလဲ သိနေမလဲ ဒါအောက်ခြေကပြောတာ-

တော်- အဲ ဟုတ်ပြီ ဒါအလုပ်သဘော ပါအောင်နော်-

www.dhammaransi.com



နုပ်- အရှင်ဘုရား တပည့်တော်ကလဲ အလုပ်ကို ပြောနေတာ တပည့်တော်တို့ ယောဂီတွေကို မှတ်လွယ်အောင် သင်ထားတဲ့ ဆောင်ပုဒ်ရှိတယ်-

'အာရုံပညတ် စွဲယူမှတ်· ဖြစ်တတ်ကိလေသာ'

'ပရမတ်အာရုံ သိခိုက်ကြုံ· ပြတ်ကုန်ကိလေသာ'တဲ့

ကိလေသာ ဖြစ်ပီဆိုရင် ကြည့်လိုက် ပညတ်အာရုံသာ ဖြစ်မယ်၊ တနည်း- ပညတ်အာရုံပြုရင် ကိလေသာဖြစ်မှာပဲ ရုပ်နာမ်ခန္ဓာရဲ့ ပရမတ်အာရုံမျိုးကျတော့ ကိလေသာမဖြစ်ရာက ပြတ်မယ်,ကုန်မယ်-

တော်- ဒီဆောင်ပုဒ် အဓိပ္ပါယ်လဲ ရှင်းစမ်းပါအုံး-

နုပ်- တပည့်တော်တို့ အမှတ်တမဲ့ပေါ့လေ ပညတ်အာရုံ တခုခုတွေ့ရင် လောဘ,ဒေါသ ကိလေသာဖြစ်တယ်လို့ သိဖို့ကတော့ မလွယ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ဒီပညတ်အာရုံတွေထဲမှာ ဒီကိလေသာတွေဟာ ဗွက်ထနေတော့ 'ကြွေးထူမပူ- သန်းထူမယားး' ဆိုသလို ကိလေသာထဲမှာ ကိလေသာဖြစ်နေတာဟာလက်နှီးစုပ်အမဲကိုမင်စွန်းသလိုပဲ မယူးပါဘူး၊ အဲ-လိုချင်မှု လောဘ, ပြစ်မှားမှု ဒေါသ ဖြစ်လာတဲ့အခါ သတိထားပီး ပြန်ကြည့်လိုက်ရင်တော့- အဲဒီ လောဘ,ဒေါသ ကိလေသာဖြစ်ရတဲ့ ပညတ်အာရုံကို သွားတွေ့လိမ့်မယ် ရှင်းအောင်ပြောရရင်- အရှင်ဘုရား ဒီမျက်မှန်ဆိုပါတော့ ဒါစာကြည့်ဖို့ ငါလိုချင်တယ်ဆိုတဲ့ နေရာ ဒီမျက်မှန် ပညတ်အာရုံမရှိရင် လိုချင်တဲ့ လောဘ ကိလေသာဖြစ်ပါ့မလား-ဒီလိုလောဘ ကိလေသာဖြစ်ထာ

www.dhammaransi.com



ကိုက အလိုရှိတဲ့ ဣဋ္ဌာရုံ ပညတ်ကြောင့် ဖြစ်ထာ အထင် အရှားပဲ ဒီလိုပဲ မနှစ်သက်တဲ့ အနိဋ္ဌာရုံပညတ်ကြောင့်လဲ ဒေါသကိလေသာဖြစ်ထာပဲ-

တော်- ဦးဇင်းအနေနဲ့ရှင်းရှင်းပြောရရင်လောဘကိလေသာဟာ ဣဋ္ဌာရုံကြောင့်ဖြစ်တယ်၊ ဒေါသကိလေသာဟာ အနိဋ္ဌာရုံ ကြောင့်ဖြစ်တယ်လို့ သိထားတယ်လေ- အခုမှ ပညတ် ဆိုတာပါလာတာကိုး-

နုပ်- ပညတ်အာရုံလို့ပါလာတာက ဒီမဇ္ဈိမပဋိပဒါလမ်းကြောင်း မဂ္ဂင်ရဲ့ ပရမတ်အလုပ်ကို ခွဲသိနိုင်အောင် ပညတ်လို့တပ်ပေး ရတယ်၊ ဆိုလိုတဲ့ သဘောအတိုချုပ်က လောဘကိလေသာ ဖြစ်ဖြစ်၊ ပညတ်အာရုံပြုတာချည်းပဲ ဒိဋ္ဌိကိလေသာတောင်မှ 'ငါ'ဆိုတဲ့ အကောင်အထည်ကိုစွဲလို့ဖြစ်ထာပဲမဇ္ဈိမပဋိပဒါ အလုပ်ဟာ အဲဒီလို ကိလေသာအစွန်းဖြစ်တတ်တဲ့ ပညတ် အာရုံမျိုးမဟုတ် ပရမတ်အာရုံလို့ သဘောပေါက်လာရင် အလုပ်ဖြစ်ထာပဲ-

တော်- ဒါဖြင့်မဇ္ဈိမပဋိပဒါဖြစ်အောင် ပရမတ်ကိုအာရုံပြုရမယ် ဆိုပါတော့-

နုပ်- ဒီလိုမဟုတ်ပါဘူး၊ တပည့်တော်တို့က 'ဒွေ မေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန န သေဝိတဗ္ဗာ'လို့ မဇ္ဈိမပဋိပဒါလမ်းစဉ် ကိုမဟောခင်ဒီအစွန်းမကပ်ဖို့ ဘုရားအရင်ဟောတယ်နော်-

တော်- အရင် ဟောတာတော့ ဟုတ်ပြီ၊ အလုပ်လုပ်ရ မှာက မဇ္ဈိမပဋိပဒါမဟုတ်လား-

www.dhammaransi.com



နုပ်- အဲဒီ အရင်ဟောသလို ဒီအစွန်းမကပ်လို့ ကိလေသာမဖြစ် ရရင် မဇ္ဈိမပဋိပဒါလမ်းစဉ်အရ သမ္မာဒိဋ္ဌိဟာ သူ့ဟာသူ နိဗ္ဗာနာယသံဝတ္တတိဆီကို သွားတာပဲ-

တော်- အလုပ်သေသေချာချာမလုပ်ရသေးလို့လားတော့မပြော တတ်ဖူး သဘောတော့ မပေါက်သေးဘူး-

**ဒါရုက္ခန္ဓောပမသုတ်**

နုပ်- အရှင်ဘုရား သဠာယတန သံယုတ် ပါဠိတော် ထဲက ဒါရုက္ခန္ဓော ပမသုတ်ကို မှတ်မိလား-

တော်- ကောင်းကောင်း မမှတ်ထားမိဘူး ပြောရင်တော့ သတိ ရမှာပါ-

နုပ်- မြတ်စွာဘုရားဟာ ကောသမ္ဗီပြည် ဂင်္ဂါမြစ်ကမ်းနားမှာ ရဟန်းတို့နဲ့ စုဝေးရောက်ရှိနေတဲ့အခိုက် ဂင်္ဂါမြစ် ရေစီး ကြောင်းမှာ သစ်တုံးကြီးတတုံး မျောလာတာတွေ့တော့ မြတ်စွာဘုရားက ရဟန်းတို့ကို ဒီသစ်တုံးကြီး ညွှန်ပြပြီး ချစ်သားတို့ ဒီသစ်တုံးကြီးဟာ-

ဒီဖက်ကမ်းပေါ်လဲ မတင်ရင်-
ဟိုဖက်ကမ်းပေါ်လဲ မတင်ရင်-
ရေလယ်မှာလဲ မနစ်မမြုပ်ရင်-
သောင်ပေါ်ကိုလဲ မတင်ရင်-
လူတွေကလဲ မဆယ်ရင်-
နတ်တို့ကလဲ မဆယ်ရင်-
ဝဲကလဲ မစုပ်ရင်-
အတွင်းကလဲ မဆွေးမပုပ်ရင်-

www.dhammaransi.com



ဒီသစ်တုံးကြီးဟာ သမုဒ္ဒရာကိုရောက်မှာပဲ ဘာ့ကြောင့်လဲဆိုရင် ဒီဂင်္ဂါမြစ်ရဲ့ ရေစီးအယဉ်ဟာ သမုဒ္ဒရာကိုညွတ်တယ်, ကိုင်းတယ်, ရှိုင်းတယ် အဲဒီအတွက်ပဲ ချစ်သားတို့ထိုအတူ သင်တို့ဟာလဲ-

ဒီဖက်ကမ်းပေါ်လဲ မတင်ရင်-

ဟိုဖက်ကမ်းပေါ်လဲ မတင်ရင်-

ရေလယ်မှာလဲ မနစ်မမြုပ်ရင်-

သောင်ပေါ်ကိုလဲ မတင်ရင်-

လူတွေကလဲ မဆယ်ရင်-

နတ်တို့ကလဲ မဆယ်ရင်-

ဝဲကလဲ မစုပ်ရင်-

အတွင်းကလဲ မဆွေးမပုပ်ရင်-

သင်ချစ်သားတို့ဟာနိဗ္ဗာန်ကိုရောက်ကြမှာပဲ၊ဘာ့ကြောင့်လဲဆိုရင် ခန္ဓာပရမတ်တို့၌ ပရမတ်ကို အမှန်မြင် အမှန်သိသော သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်သို့ ကိုင်းသော, ရှိုင်းသော, ညွတ်သောကြောင့်ဖြစ်တယ်လို့ မိန့်တော်မူတယ်၊

'ဒီဖက်ကမ်းဆိုတာက- မျက်စိ-နား-နှာ စတဲ့ အတွင်းအာယတန ၆ပါးကိုခေါ်တယ်'

'ဟိုဖက်ကမ်းဆိုတာက အဆင်း, အသံ, အနံ့ စတဲ့ အပြင်အာယတန ၆ပါးကိုခေါ်တယ်'

'ရေလယ်မှာ မြုပ်ဆိုတာက-နှစ်သက်စွဲလန်းတတ်တဲ့ ရာဂကိုခေါ်တယ်'

www.dhammaransi.com



'သောင်ပေါ်တင် ဆိုတာက- ငါ ဟူသော မာနကို ခေါ်တယ်'

'လူဆယ်တယ် ဆိုတာက- လူများနှင့်ရောနှော လူ့ကိစ္စတွေ ဆောင်ရွက်ပေးမှုကိုခေါ်တယ်'

'နတ်ဆယ်တယ် ဆိုတာက- မိမိအားထုတ်တဲ့ သီလ, သမာဓိ, ပညာကြောင့် နတ်ဘဝကို တောင့်တမှု'

'ဝဲစုပ်မှုဆိုတာက-ကာမဂုဏ်အာရုံ လိုက်စားမှု'

'အတွင်းပုပ်ဆွေးမှုဆိုတာက- မိမိ၌ သီလ, သမာဓိ, ပညာ မရှိပဲလျက် ရှိဟန်ဆောင်မှု'တို့ပဲ-

အဲဒီတော့ သမ္မာဒိဋ္ဌိဆိုတာ သူ့အလိုလို နိဗ္ဗာန်ကိုညွတ်, ကိုင်း,ရှိုင်းတာပဲ ကိုယ်က သွားခိုင်းရတာ မဟုတ်ဘူး၊ ဒီသမ္မာဒိဋ္ဌိဆိုတာ မဇ္ဈိမပဋိပဒါ ကျင့်စဉ်မှာခေါင်းဆောင်ရှေ့သွားပဲ အခိပ္ပါယ်ကတော့ ခန္ဓာပရမတ်ရဲ့ သဘောကိုလေ့လာတဲ့ဉာဏ်ဟာ ကိလေသာအစွန်းကို မကပ်ရင် မဇ္ဈိမပဋိပဒါဟာ နိဗ္ဗာန်ကို သေသေ ချာချာ ရောက်ထာမို့ နိဗ္ဗာနဂါမိနီပဋိပဒါ ဝတ္တတိလို့ ဟောတာပေါ့-

တော်- ဒါဖြင့် ဒီအသိဉာဏ်ဟာ အစွန်းမကပ်မိဖို့ သတိထားရုံနဲ့ မဇ္ဈိမပဋိပဒါကျတယ်လို့ ဆိုမလား-

နုပ်- ဆိုပါတယ်ႉ

တော်- ဒီလိုဆိုရင်'မဇ္ဈိမ'ဆိုတာက အစွန်း-ဘေးကို ကိလေသာ ဖြစ်လို့ မကပ်ထာ-

www.dhammaransi.com



'ပဋိပဒါ'ဆိုတာက 'ပဋိပဇ္ဇိတဗ္ဗတော စ ပဋိပဒါ' လို့ ဝိဂ္ဂြိုဟ်ဆိုထားတော့ မဇ္ဈိမပဋိပဒါ ဖြစ်အောင် ကျင့်ကို ကျင့်မှုဆိုတဲ့ အဓိပ္ပါယ်ပဲ

နုပ်- အကျင့်ဆိုတဲ့ စကားလုံးဟာ အတော်ကျယ်ဝန်းပါတယ်၊ မဇ္ဈိမပဋိပဒါက အလယ်လမ်းကြောင်းအကျင့်ဆိုတဲ့စကား နဲ့ အာဇီဝကတို့ နိဂဏ္ဌတို့လိုသာသနာပ ဗာဟိယတိတ္ထိတို့ရဲ့ 'ဝတ'တို့'တပ'တို့သုံးတဲ့ အကျင့်နဲ့မတူဘူး အလွန်ခြားနား ပါတယ်၊ ဝတတို့ တပတို့လို ကိလေသာဖြစ်လို့ဖြစ်မှန်းမသိ အောင် အကျင့်သာ အဓိကထားပြီး ကိုယ်ကို စိတ်ကို ညစ်နွမ်းအောင် နှိပ်စက်ကျင့်တာမျိုးက အသိမပါ-ပညာ မပါတဲ့'ဒုံးပေကတ်သပ်'အကျင့်မျိုး-

မြတ်စွာဘုရားရဲ့ မဇ္ဈိမပဋိပဒါကတော့ ကိလေသာအစွန်း လွတ်အောင် 'လေ့ကျင့်'မှုမျိုး- ဒီတော့ 'အကျင့်' ဆိုတဲ့ အပြော-အသံ-သာ တူတယ် သဘောကတော့ မတူဘူး၊ ဘယ်လို မတူသလဲဆိုရင် တပည့်တော်တို့က ပရမတ်ဖြစ်တဲ့ သဘောတရားတို့ ဖေါက်ပြန်မှုကို ဉာဏ်ကလေ့လာတဲ့အခါ 'ဒါဖေါက်ပြန်တဲ့ သဘောတွေပဲ ဒါပျက်တဲ့သဘောတွေပဲ' လို့ သိရုံသိနေရတာ အစွန်းဆိုတဲ့ ကိလေသာဘက်ရောက် မသွားအောင် တနည်း သိစရာရှိတဲ့ ဖေါက်ပြန်မှုကို သိနေ အောင် ထိန်းသိမ်းနေတာပဲ ထိန်းသိမ်းနိုင်အောင်အလေ့ အကျင့်လုပ်နေတာပဲ· ဘာဖြစ်အောင်, ညာဖြစ်အောင် လုပ်ယူရတဲ့ သဘောမပါဘူး၊ ဒီလို ကိလေသာ ဘေးအစွန်း မရောက်အောင် စောင့်ရှောက် ထိန်းသိမ်းပေးခြင်းသည်

www.dhammaransi.com



ပင်လျှင် ပရမတ်ကို သိတတ်တဲ့ အလေ့အကျင့်မျိုး ဖြစ်တဲ့အတွက်- ပရမတ်လေ့ကျင့်ခဏ်း လုပ်နေတာကို-လေ့ကျင့်နေတာကိုပဲ 'ပဋိပဒါ'လို့ ခေါ်တာပေါ့- သေနိယတို့ ပုဏ္ဏတို့လို ခွေးလိုကျင့်တာမျိုး, နွားလိုကျင့်တာမျိုးဆိုတဲ့ 'ဝတတို့ တပတို့'လို လုပ်ကျင့်လုပ်ယူတာမျိုးက 'အကျင့်' ဖြစ်တယ်၊ 'မဇ္ဈိမပဋိပဒါ'ဆိုတဲ့ အလုပ်က အသိဉာဏ်ဟာ အဓိကပါလားလို့ သိအောင်လေ့လာနေတယ်, လေ့ကျင့်နေတယ်-

တော်- ဒီလိုဆိုတော့ အကျင့် မဟုတ်ဖူးလို့ဆိုရမှာပေါ့-

-နုပ်- အရှင်ဘုရား သဘောပေါက်ပီလို့ တပည့်တော်ထင်နေတာ မပေါက်သေးပါလား-ဒီအတိုင်းဆိုရင် 'ဟာ-မကျင့်ရဘူးတဲ့ သိရင်ပီးတာပဲတဲ့'ဆိုတဲ့ စကားမျိုး အထင်ရောက်မှာတော့ တပည့်တော့ အစိုးရိမ်ဆုံးပဲ- တပည့်တော် ဆိုလိုတာက 'အကျင့်ပဓာနမဟုတ်, အသိပဓာနဖြစ်ကြောင်း'ပြောတာပါ၊ နောက်ပီး မဇ္ဈိမပဋိပဒါလုပ်ငန်းမှာ 'ပဋိပဒါ'ဆိုတဲ့ စကားလုံးပါတာနဲ့ 'ကျင့်ရမယ်, ကျင့်မှရမယ်, မကျင့်လို့ ဘယ်ရမလဲ'ဆိုတဲ့ အဓိပ္ပါယ်ကို ကောက်ရာကနေပီးတော့ 'တရားနာဖို့မလိုဘူး- ကျင့်ရင်သိလာမှာပဲ' စသည်ဖြင့် ပေါ့လေ အဲဒါတွေဖြစ်လာတာပဲ-

တော်- ဆိုလိုတာက အဲသိအတွက်သာ, သိဖို့သာ အဓိကထားပီး လေ့ကျင့်တယ်ပေါ့-

www.dhammaransi.com



နုပ်- ဟုတ်ထာမှသိတ်ဟုတ်ပေါ့- ဘယ်သူတွေဘယ်လောက်ကျင့်တယ်ပြောပြော- ငါ့ထက်တော့ပိုပြီး မကျင့်ခဲ့နိုင်ပါဘူးလို့ မြတ်စွာဘုရား ကိုယ်တော်တိုင် ပြောခဲ့ဘူးသေးတာပဲ-

တော်- ဘယ်လို ဘယ်လို-

နုပ်- ဩော် ကိုယ်တော်က မသိချင်ယောင် ဆောင်နေပြန်ပြီ၊ ဟို မဇ္ဈိမပဏ္ဏာသ ပါဠိတော် သင်္ဂါရဝ သုတ်မှာလေ သင်္ဂါရဝဆိုတဲ့ ဘာရဒွါဇပုဏ္ဏားကို ပြောတာကြည့်ပါ-

'ဘာရဒွါဇတဲ့၊ ဟိုရှေးရှေး အတိတ်ကာလက အင်မတန် ပြင်းပြင်းထန်ထန် အားထုတ်ခဲ့ကြတဲ့ အတွက် အကြီးအကျယ် ကြမ်းထန်းတဲ့ ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ) ကြီးများကို ခံစားခဲ့ကြရတဲ့• တရားကျင့်လာတဲ့ သမဏ ဗြာဟ္မဏ အားလုံးတို့ဟာတဲ့• ကျင့်ခဲ့တာလဲ ငါကျင့်တာလောက်ပဲ၊ ဒုက္ခဖြစ်ထာလဲ· ငါဖြစ်သလောက်ပါပဲ ဒီထက် မပိုပါဘူးတဲ့၊ အေး-နောင်တချိန် အနာဂတ်ကာလမှာလဲ အင်မတန် ပြင်းပြင်းထန်ထန် အားထုတ်ကြအုံးမှာဖြစ်တဲ့ အတွက် အကြီးအကျယ် ကြမ်းထန်းတဲ့ ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ)ကြီးများကိုခံစားကြရအုံးမယ့်တရားကျင့်သူ သမဏ, ဗြာဟ္မဏ အားလုံးတို့ဟာလဲ- ငါကျင့်တာမျိုးလောက်နဲ့ ငါဆင်းရဲဒုက္ခဖြစ်ထာမျိုးလောက်ပဲ ဖြစ်မှာပဲ ဒီထက်မပိုပါဘူးတဲ့၊

အဲ အခု လောက ပစ္စုပ္ပန်မှာလဲ ဘယ်သူ ဘယ်ဝါတွေ ဘယ်လောက် ဆင်းရဲခံပြီးကျင့်တယ်ပဲပြောပြော အလွန်ဆုံး ငါကျင့်ခဲ့တာနဲ့ အတူသာဖြစ်ရမယ်- ငါကျင့်ခဲ့တာထက်

www.dhammaransi.com



တော့ မပိုပါဘူးတဲ့ အဲဒီလိုကျင့်လို့ ဒီအကျင့်ကြောင့်ဖြစ်တဲ့ ဆင်းရဲခံစားမှု (ဒုက္ခဝေဒနာ)တွေ နှိပ်စက်နာကျင်မှုတွေ တွေ့ရ ခံစားရတာယာလဲ အလွန်ဆိုးငါ့လောက်ပဲဖြစ်မယ် ဒိထက် ဘယ်သူမှမပိုပါဘူး'တဲ့- နောက်ပြီး အထူးမှတ်ဖို့ ကောင်းတာက-

'ဘာရဒွါဇ-တဲ့၊ ငါဟာ ဒီလောက်ပြုနိုင်ခဲ့, လုပ်နိုင်ခဲ့, ကျင့်နိုင်ခဲ့တဲ့- အကျင့်မျိုးကို အားထုတ် ပြုကျင့်လာတဲ့ အတွက် လူတို့ပြုလုပ်နေကျ ကုသိုလ်ကမ္မပထ တရားထက် လွန်မြတ်တဲ့ အရိယာအဖြစ်ရောက်အောင် ပို့ဆောင်နိုင်တဲ့ ဉာဏ်အမြင်ထူးကိုတော့ မရခဲ့ဘူး'လို့ ဟောတယ်ဆိုတာ ဦးဇင်း သတိရသလား- မရလဲ ကျောင်းရောက်တော့ ပြန်ကြည့်ပေါ့နော်-

တော်- အင်း သဘောတော့ မှတ်မိသလိုလိုပဲ-

နှုပ်- အဲဒါ ဘုရားပြောတဲ့ ဘုရားစကားအစစ်ပဲ- စာအုပ် အနားမှာရှိရင် နံပတ်တောင်ပြောလိုက်ချင်ရဲ့- ဦးဇင်းကို အသည့်တော် သဘာဝအကျဆုံး ပြောမယ် အရှင်ဘုရား စဉ်းစားပါ- ဝေဖန်ပါ- ဝေဖန်တဲ့ကိစ္စဟာ ဘုရား အလွန်ကြိုက်ပါတယ်၊ တပည့်တော်တို့ရဲ့ ရုပ်နာမ်ခန္ဓာဟာ 'စိတ်, စေတသိတ်, ရုပ်'ဆိုတဲ့ ပရမတ်သုံးခု- တနည်း ရုပ်နာမ်နှစ်ခု တနည်း ဖေါက်ပြန်သဘော, သိသဘောတို့ ပေါင်းစပ် ဖွဲ့စည်းထားတယ်ဆိုတာ ယုံရဲ့လား- လက်ခံ သလား စဉ်းစဉ်းစားစား အဲမိန့်ရှိ-

တော်- ယုံပါတယ်- လက်ခံပါတယ်....

www.dhammaransi.com



နုပ်- ဘာဖြစ်လို့ ယုံတာလဲ, ဘာဖြစ်လို့လက်ခံတာလဲ-

တော်- ဟာ ဒါတော့ မြတ်စွာဘုရား ဟောထားတာပဲဟာ....

နုပ်- အဲဒီ အရှင်ဘုရားရဲ့ အဖြေကိုက ဘုရားမကြိုက်ဖူး-

တော်- ဘာဖြစ်လို့လဲ-

နုပ်- ကိုယ်တော် ကိုယ်တိုင်သိမဟုတ်ပဲနဲ့ ပြောသံကြားပီးယုံတာဟာ 'ဝိဘဇ္ဇဝါဒီ' မပီသလို့ပဲ-

တော်- ကိုယ်တိုင်သိမှ အသိမှန်ဆိုလိုသလား-

နုပ်- နို့မြတ်စွာဘုရားရဲ့တရားတော်ဟာ 'သာမံ ပဿိတဓမ္မောတိ သံဒိဋ္ဌိကော'ဆို-

တော်- အေးလေ•ကိုယ်သိဖြစ်အောင် အခုလေ့လာနေတာပေါ့-

နုပ်- ဒါဖြင့် ခုနက ဖေါက်ပြန်သဘော, သိသဘော-ပြောသံကြားနဲ့ ယုံတော့ထားလိုက်နော်- အဲဒီ သဘောတို့ဟာ သူတို့က ဘယ်လိုနေလို့လဲ-

တော်- သူတို့က ဖေါက်ပြန်နေတယ်, သိနေတယ်-

နုပ်- ထားပါတော့ သူတို့ဖေါက်ပြန်တာက တခါတရံလား အမြဲပဲလား-

တော်- 'နဒီသောတောဝိယ' မြစ်ရေများ အမြဲစီးဆင်းနေသလို 'ဒီပဇာလာဝိယ' မီးလျှံများ အမြဲတက်နေသလို အမြဲဖြစ်နေတာပေါ့-

နုပ်- အဲဒီ အမြဲဖေါက်ပြန်နေပါတဲ့- သဘောတရားကို မဇ္ဈိမပဋိပဒါ သမ္မာဒိဋ္ဌိဉာဏ်ဟာ အဲဒီလို ဖေါက်ပြန်နေတဲ့ သဘောတရားကို 'ဖေါက်ပြန်နေတယ်' လို့ အဲဒီအတိုင်း သိနေတယ်-

www.dhammaransi.com



တော်- အင်း-အင်း ဆက်ဆိုပါအုံး-
နုပ်- ဟော ကိုယ်တော်စာချတဲ့စိတ် ရောက်သွားပီထင်တယ်-
တော်- မဟုတ်ပါဘူး ဆက်လေ့လာချင်လို့ပါ-
နုပ်- 'ဘိက္ခဝေ- ချစ်သားတို့၊ အနိစ္စံဝေ-ပျက်နေသည်သာလျှင် ဖြစ်သော၊ ရူပံ-ဖေါက်ပြန်မှုကို၊ အနိစ္စံ ရူပန္တိ-ပျက်နေတဲ့ ဖေါက်ပြန်မှုတို့ရယ်လို့၊ ပဿတိ-မြင်၏၊ သာဒိဋ္ဌိ-ထိုအမြင် သည်၊ အဿ-တရားအလုပ် အားထုတ်တဲ့ ယောဂီအား၊ သမ္မာဒိဋ္ဌိ-မှန်သောအမြင်သည်၊ ဟောတိ-ဖြစ်၏'တဲ့၊ ဒါ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အဇ္ဈတ္တိကအနိစ္စသုတ်ပဲ-
တော်- ဝိပဿနာရှုတဲ့ဉာဏ်ဟာ ခန္ဓာရဲ့ဖေါက်ပြန်နေတဲ့သဘော မှန်ကို အဲဒီ အမှန်အတိုင်း မြင်နေမယ် သိနေမယ်ဆိုရင် သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ဖြစ်ပီပေါ့-

## 'အမှန်မြင်သိ-သမ္မာဒိဋ္ဌိ'

နုပ်- အမြင်မှန်မဟုတ်ပါဘူး၊ အမှန်မြင်ပါ-
တော်- တူတူပေါ့ဗျာ-
နုပ်- အရှင်ဘုရား ဘယ်တူမလဲ လူကိုလူလို့ ယောကျ်ားကို ယောကျ်ားလို့ မြင်တာဟာအမြင်မှန်ပဲ ပညတ်ထားတာကို ပညတ်အတိုင်း မြင်တာ- အမှန်မြင်ဆိုတာက ပညတ်လို မမှန်တာတွေကို မမြင်ပဲ-အမှန်သဘော ပရမတ်ကို- အမှန် အတိုင်း မြင်တာမို့ အမှန်မြင်လို့-
တော်- အို့ အို- ဒီလိုတောင် ပညတ် ပရမတ် ခွဲသေးသကိုး-

www.dhammaransi.com



နုပ်- မခွဲလို့ ဘယ်ရမလဲ ဒီအလုပ်က ပညတ်နဲ့လုပ်လို့မရတဲ့အမှန် ပရမတ်အလုပ်ပဲဟာ—

တော်- ကဲ ထားပါတော့ အမှန်မြင်နော်- ဒီဉာဏ်က ခန္ဓာရဲ့ ဖောက်ပြန်တဲ့ သဘောအမှန်ကိုမြင်လို့-ဟုတ်ပြီအမှန်အတိုင်း မြင်ပြီ သိပြီဆိုပါတော့ နောက်ဘာဆက်လုပ်ရသလဲ—

နုပ်- ခန္ဓာရဲ့ အမှန်သဘောသိလို့ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ် ဖြစ်ပြီပဲ ဆက်သိရုံပေါ့—

တော်- ကဲပါလေ-ဦးဇင်းက အရေးတကြီးဆက်သိချင်မှဆရာက ထစ်ထစ်ထားတာကိုး....

နုပ်- မဟုတ်ပါဘူး အရှင်ဘုရား အခုသိတဲ့ ဒီဉာဏ်ဟာ ဒီဖောက်ပြန်မှုကို ဆက်သိ,ထပ်သိ, အကြိမ်ကြိမ် အဖန်ဖန် သိရင် ဒီ'ရုပ်'ဆိုတဲ့ သဘောတရားကို ဒီဉာဏ်နားလည် လာမယ်, သဘောပေါက်လာမယ်-

## 'သူ့သဘာဝ ဖြစ်ပျက်ကြ'

(ဣတိ ရူပဿ ဃမုဒယော) 'ဒါတွေဟာ ဖောက်ပြန်တဲ့ သဘောတို့ ဖြစ်ထာပါလား'လို့ သိလာမှာပေါ့-နောက် ကြာကြာ ဆက်ဆက် သိနေတော့လဲ (ဣတိ ရူပဿ အတ္ထင်္ဂမော) 'ဒီဖောက်ပြန်မှုတွေ ပျက်နေပါလား' လို့လဲ ဆက်သိလာမှာပဲ-

တော်- ဒါကတော့ ခန္ဓာရဲ့ သဘောအရ သိနေတာပေါ့နော်-

www.dhammaransi.com



နုပ်- မှန်တာပေါ့ဘုရား- ဒီဖေါက်ပြန်မှု ပရမတ်ရဲ့ နဒီသောတ ဆိုတဲ့ ပရမတ်ရေစီးကြောင်းဟာ ဒီအပျက်လမ်းစဉ်သွားနေတာပဲကိုး-

တော်- အနိစ္စတို့ အပျက်တို့ သိတယ်ဆိုတာ ခန္ဓာသဘာဝကို သိတယ်ဆိုရမယ်နော်-

နုပ်- ဒီရုပ်နာမ်ခန္ဓာကိုက ပျက်နေတာကို ရှုတဲ့ဉာဏ်က အဲဒါကို သိတာ ဒိပြင်ဘာမှ သိစရာမရှိဘူး၊ အရှင်ဘုရား အနတ္တလက္ခဏသုတ်နဲ့ပါဠိတော်များမှာကြည့်ပါ၊မြတ်စွာဘုရားက

'တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံဝါ'တဲ့

'ချစ်သားတို့ ရူပံကို သတိပြုကြ-ဖေါက်ပြန်တဲ့ သဘောဟာ မြဲသလား, မမြဲဘူးလား'တဲ့၊ ဒီတော့ ပဥ္စဝဂ္ဂီတို့က 'အနိစ္စံဘန္တေ'တဲ့၊ 'ဖေါက်ပြန်တဲ့ သဘောဟာ မမြဲပါဘုရား'တဲ့ အဲဒါ အရှင်ဘုရားကြည့်- ဖေါက်ပြန်တဲ့ပရမတ်သဘောရဲ့ ထုံးစံကိုက ပျက်ပျက်သွားတာ တွေ့နေတဲ့ ပဥ္စဝဂ္ဂီတို့က မမြဲပါလို့လျှောက်ထားဟာ ကြံဖန်စိတ်ကူးပြီး လျှောက်ထားလား၊ ခန္ဓာရဲ့ သဘောကို မြင်လို့လားဆိုတာ ကြည့်လေ-

တော်- ခန္ဓာရဲ့ သဘောတရားဟာ အပျက်ဖြစ်လို့ သိတဲ့အတိုင်း လျှောက်ထားပေါ့-

နုပ်- ခန္ဓာ့သဘောက အပျက်, ဉာဏ်အမြင်က ပျက်တယ်လို့ သိနေတာဟာ- လုပ်သိရသလား, ကြံပြီးသိရသလား, ဒါသိဖို့ ကျင့်ရသေးသလား အရှင်ဘုရားစဉ်းစားပြော-

www.dhammaransi.com



တော်- ဟာ-အလို-တကယ့်ကို ကျေးဇူးများလိုက်ထာဆရာရယ်-
အို မဇ္ဈိမပဋိပဒါဆိုတာ နကိုကထဲက အရှိပရမတ်ကို ရှိတဲ့
အတိုင်း သိနေရတာဟာ- ဘယ်က ဘာကျင့်ဖို့လိုမလဲ-
အသိဆက်ဖြစ်နေအောင်တော့ ပရမတ်အသိ လေ့ကျင့်ခဏ်း
သာ လုပ်ပေးရမှာပါလား-

နုပ်- တပည့်တော် အစကထဲက လေ့ကျင့်ရတာပါလို့ လျှောက်
သွားပဲ-

တော်- ဩော်အစကတော့ဆရာလိုမှသဘောမပေါက်သေးပဲကိုး

နုပ်- တပည့်တော်တို့ ဦးဇင်းတို့ရဲ့ ခန္ဓာပရမတ်ဟာ သူ့ဟာသူ
ပေါက်ပြန့်တယ်, သူ့ဟာသူပျက်တယ်၊ သူ့ဟာနဲ့သူ
သိတယ် သူ့ဟာနဲ့သူပျက်တယ်၊ အဲဒါအရှုံခံခန္ဓာပရမတ်ပဲ
ဒီခန္ဓာ ဒီလိုဖြစ်အောင်ဘယ်သူကလုပ်ပေးရသလဲဘယ်သူက
တိုက်တွန်းရသလဲ-

တော်- အို ပရမတ်ပဲ ဆရာရယ် 'သဘာဝံဓာရေတီတိ ဓမ္မော'
သို့ သဘောသူဆောင်တာ ပရမတ်တရား မဟုတ်လားလို့-

နုပ်- အဲ ဟုတ်ပီ၊အရှင်ဘုရားကတရားအားထုတ်မယ်ဆိုဇဘာလဲ
ဘာတွေကို ဘယ်လိုရှာပီး ရှုရသေးသလဲ ဘယ်ပိုကျင့်လို့
ဒီပရမတ်ရဲ့သဘောကို သိရတာလဲ-

တော်- ဆရာနဲ့ မတွေ့ခင် ဆရာ့ စာအုပ်တွေ ကြည့်ကထဲက
ဘာဆိုလဲ....အဲ....

'ရုပ်နာမ်လမ်းစဉ်-ဖြစ်ပျက်ပင်- တွင်တွင်သွားလေသည်'

'ရုပ်နာမ်သွားရာ- လမ်းကြောင်းသာ- ဉာဏ်ဟာလိုက်
ရမည်'

www.dhammaransi.com



'လိုက်ဉာဏ်သဘော- ဘူတတော- မိန့်ဟောခဲ့လေသည်'
'ဣတိဝုတ္တံ-ပါဠိမှန်•ဗုဒ္ဓံဟောချက်ညီ'

အဲဒီမှာ ဦးဇင်း သဘောပေါက်လိုက်ထာက- ဒီရုပ်နာမ် ခန္ဓာဟာ ဖြစ်ပျက်ဖြစ်ပျက်နေတဲ့ သူ့လမ်းစဉ်အရ သူက တော့ တွင်တွင်သွားမှာပဲ သွားနေတာပဲ၊ သူသွားရာ လမ်းကြောင်းအတိုင်း အသိဉာဏ်ဟာ နောက်ကနေ လိုက်လိုက် သိသွားရုံပါလား• အင်း 'ဘူတံ ဘူတတော ပဿတိ'ဆိုတဲ့ ဣတိဝုတ်ပါဠိတော်နဲ့တော့ အံကိုက်ပါလား• လို့ ဝမ်းမြောက်တယ်၊ နောက်ပီး ဆရာဆိုလိုတဲ့ 'အရှုခံနဲ့ ရှုဉာဏ်'ဆိုတာဟာ သတ်သတ်တော့ 'သင်္ခါရေ သင်္ခါရာ ဝိပဿန္တိ'ပဲ အရှုခံဖြစ်တဲ့ ရုပ်နာမ်သင်္ခါရကိုသိပါတယ်ဆိုတဲ့ ဉာဏ်သင်္ခါရက ရှုနေသကိုးလို့ သဘောပေါက်ထားတယ်- အခု ဆရာနဲ့တွေ့ပြန်တော့ အတိအကျ သဘောကျသွားတာ ပေါ့ ကောင်းလိုက်ထာ-

နုပ်-[redacted]မဇ္ဈိမပဋိပဒါ ဆောင်ပုဒ်တွေတောင်ရနေပါလား-

မဟော်- အို ကုန်အောင်ရပါတယ်၊ဦးဇင်းက သဘောကျလာရင် အရကျက်တတ်တဲ့ အရင်က ဝါသနာအတိုင်းပေါ့-

နုပ်- အရှင်ဘုရား ဝိပဿနာလုပ်ငန်းဟာ 'ဘူတံ ဘူတတော ပဿတိ'အရ သူ့သဘောအတိုင်း သူရှိနေတဲ့ ပရမတ်ကို မိမိကိုယ်တိုင် ဘာမှ လုပ်မပေးရသလိုသူ့ကိုအရင်းအတိုင်း သိတဲ့ ဉာဏ်ဟာလဲ ဘယ်လိုလုပ်ယူဖို့လိုသေးသလဲ-

www.dhammaransi.com



တော်- သူ့သဘောနဲ့သူ ဖြစ်ပျက်နေတာကို သူ့သဘော သိအောင် ဉာဏ်ဟာ နောက်ကနေ အလိုက်သင့်လိုက် သိနေဖို့ပဲ လိုမယ်နော်-

နုပ်- အရှင်ဘုရား 'ပဋိပဒ္ဒိတဗ္ဗောတိ ပဋိပဒါ'ကို ဘာပြောချင် သေးသလဲ-

တော်- ဟာ ထိပြန်ပြီ ကြိုးစားရှာကြံယူရတာ မဟုတ်တဲ့ အဓိပ္ပါယ်ပေါ်ပါပြီဗျာ-

နုပ်- ကဲ ၅ နာရီတောင်ထိုးပြီ ဒီမဇ္ဈိမပဋိပဒါကုန်အောင်မပြောရ သေးဘူး-

**'အစွန်းလွတ်က မဇ္ဈိမ'**

တော်- ၅ နာရီထိုးလို့ ပြန်ချင်ပြီလား နဲနဲသည်းခံပြီး သင်ကြား ပေးစမ်းပါ၊ ဒီကပြန်ရင် လုပ်ငန်းခွင်ဝင်နိုင်အောင်လေ- နောက်လဲ ဆရာနဲ့တွေ့ဖို့လွယ်မှာ မဟုတ်ဖူး၊ ဦးဇင်း ကိုယ်တိုင်ကလဲ ဆရာ့မှိုပြောရအုံးမယ်၊ လူတွေနဲ့ သိတ်ပြီး ရောရောနှောနှော မနေချင်တော့ဘူး၊ ကိုယ့်အကြံအတိုင်း အောင်မယ်ဆိုရင် ဒေးစွန်ပါဖြစ်ဖြစ်, ဇင်းကျိုက်ဖြစ်ဖြစ် တောရ ဆောက်တည်ပြီး ကိုယ့်ကိစ္စ ကုန်အောင် လုပ်ချင် တယ်၊ ဒီနေ့ ဖိုးထွန်းသာ ပါမလာလို့ ဒီစကားပြောတာ သူတို့ကိုလဲ ဦးဇင်း အသိမပေးဘူး၊ ဦးဇင်း စဉ်းစားတာက 'ငါဟာ ကိုယ့်အတွက် ပရိယတ္တိလဲကျေနပ်လောက်အောင် သင်ခဲ့ပြီ၊ မြတ်စွာဘုရားကျေးဇူး၊ ဆရာသမား၊ ကိုယ့်တကာ တကာမတွေရဲ့ ကျေးဇူးလဲ နှစ်ပေါင်း ၂၀ ကျော်အောင် သာသနာကျေးဇူးဆပ်တဲ့အနေ စာချခဲ့ပြီးပြီ၊ ဘာလိုသလဲ

www.dhammaransi.com



ပဋိပတ္တိဆိုတဲ့ ငါ့အတွက် ငါ့အကျိုးစီးပွားသာ ရှာဖို့လို တော့တယ်၊ ဒီအလုပ်တော့ ကိုယ့်တာဝန်အရ ကိုယ်မဖြစ် မနေ အားထုတ်မယ်၊ ဒီလို အားထုတ်လို့ ကိစ္စကုန်ရင်လဲ ပဋိပတ္တိ သာသနာပြုအုံးမှာပဲ၊ အဲ - ကိစ္စမကုန်လို့သေလဲ အင်္ဂုတ္တရပါဠိတော် သောတာနုဂတသုတ်မှာ ဟောသလို လုပ်ငန်းခွင်မှာ သေတဲ့အတွက် အင်မတန် အကျိုးရှိမှာမို့' ဦးဇင်းတော့လုပ်ငန်းခွင်ဝင်ရင်းနဲ့ အသေခံမယ်' လို့ဆုံးဖြတ် ထားပီးဖြစ်တဲ့အတွက် ဆရာအသေးစိပ်သာပြောပြပါ- ဟုဆိုလေရာ ကျွန်ုပ်မှာ အံ့အားသင့်စွာ နားထောင်နေရာမှ ရုတ်တရက် ဆောင့်ကြောင့်ထိုင်ပြီး....

'အို အရှင်ဘုရား စေတနာမှန်မြတ်လှချီလား၊သက်တော် ထင်ရှား မြတ်စွာဘုရားသာ ရှိတော်မူခဲ့ပါရင် ညာလက်ရုံး တော်ဆန့်တန်းပီး -

'အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ၊
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ဣမသ္မိံ ဓမ္မဝိနယေ အပ္ပမတ္တော ဝိဟဿတိ၊
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ'

လို့ နှစ်ထောင်းအားရ ဥဒါန်းကျူးတော်မူမှာပဲ၊ အရှင် ဘုရား ဒီစိတ်ဓာတ်တော့ မကျပါစေနဲ့ တပည့်တော်အနေနဲ့ ဒီစိတ်မျိုးတော့ ရှိတယ်၊ ဒါပေမဲ့ ကိုယ့်ဒုက္ခ ကိုယ်ရှာ- ကိုယ်ရှာလာတဲ့ ဒုက္ခက ကိုယ့်လည်ပင်း အနင်းခံနေရတော့ အသက်တောင် ဝဝမရှူနိုင်တဲ့ အဖြစ်ထဲက သေသော်လဲ သာသနာပြုရင်းသေ မသေသေ.သော် ဒီစိတ်ဓာတ်

မျိုးစေ့တော့ အပင်ဖြစ်အောင် လုပ်မယ်ဆိုတာလဲ ကြံ့ကြံ့ခိုင်ခိုင်ထားပါတယ်- အခု အရှင်ဘုရားကတော့ စိတ်ဓာတ်ကလဲတက်ကြွတယ်၊ အကောင်အထည် ပေါ်အောင်လဲ ကြိုးစားမယ်ဆိုတော့ မြတ်စွာဘုရား သာသနာတော်ရဲ့ သူရဲကောင်းကြီးအဖြစ် တပည့်တော် မြင်လဲမြင်လိုပါတယ်, တိုက်လဲ တိုက်တွန်းပါတယ်, ကူညီစရာရှိတဲ့ကိစ္စလဲ ကူညီလိုပါတယ်ဘုရား-

တော်- ဒီကိစ္စတော့ ဆရာတက်နိုင်သမျှ လျှို့ဝှက်ထားပါ၊ ဆရာ စာအုပ်ရေးရင်တောင် ဦးဇင်း တောကိုသွားလို့ အနည်းဆုံး ၆လလောက်ကြာမှ ရေးပါ၊ ရေးတော့လဲ ဦးဇင်းရဲ့ နေတဲ့ရပ်ရွာ၊ အခုသွားနေမယ့်အရပ်၊ ဒါတွေ အားလုံးတော့ ထည့်မရေးစေချင်ဘူး-

နုပ်- သြော် အရှင်ဘုရားက ကြော်ငြာသလို ဖြစ်မှာစိုးလို့ဆိုတဲ့ အဓိပ္ပါယ်လား-

တော်- မဟုတ်ပါဘူး• ဒါမျိုးဟာ ကိုယ့်ဟာနဲ့ကို [illegible] ဖြစ်ဖို့လိုတယ်မှတ်လား–ဦးဇင်းအနေနဲ့ကတော့ ဘယ်နည်းနဲ့မှ လူသိမခံချင်ဘူး-မနေ့က ကျောင်းတကာ ဖိုးထွန်းသာနဲ့ ဆရာနဲ့ ပြောနေကြတာ ဦးဇင်းကြားပါတယ်၊ ကထိန်ပြီးရင် ဦးဇင်း ဘယ်နည်းနဲ့မှမနေဘူး- ထွက်မှာပဲ-အဲဒါကို ဆရာလဲ တာဝန်မခံပါနဲ့- ဒီစကားမျိုး အခုတခါသာ ပြောတာတောင် လွန်လှပြီ- ဆရာ အနေနဲ့ တရားကို ကုန်အောင် ညွှန်ပြပေးနိုင်အောင်သာ ပြောရတာပါ-

နုပ်– ဒါဖြင့် အရှင်ဘုရား တောကိုကြွကာနီး တပည့်တော်နဲ့ တွေ့နိုင်အုံးမလား–

တော်– ဒါတော့ ဆရာသည်းခံနော်• တွေ့ဖို့အတွက် ဦးဇင်းလဲ လာမှာမဟုတ်ဖူး• ဆရာလာဖို့လဲ မလိုပါဘူး– တရားနဲ့ ပတ်သက်တဲ့ အကူအညီသာ ပြည့်စုံအောင် သင်ပြပေးပါ–

နုပ်– အခု တပည့်တော် လျှောက်ခဲ့သလောက်ဆိုရင် ဦးဇင်း ကောင်းကောင်းသဘောပေါက်ပြီပဲ–ဒီအထဲမှာဦးဇင်းဉာဏ် မရှင်းရင်တော့ ခရီးဖင့်မှာစိုးရပါတယ်၊ ကိုယ့်ဉာဏ် ရှင်း မရှင်းတော့–ကိုယ့်စိတ်ထဲမှာ ဘဝင်ကျမကျပေါ့–

## ‘မဇ္ဈိမပဋိပဒါ အဓိကပါ’

တော်– အလုပ်သဘောကတော့ ဘဝင်မကျစရာ မရှိပါဘူး– ဒီကြားထဲမှာ မဇ္ဈိမပဋိပဒါကျဖို့တော့ အဓိကထားရမှာ ပေါ့နော်–

နုပ်– ဒီလိုဒီလို အရှင်ဘုရား မဇ္ဈိမပဋိပဒါဆိုတာက အားသွန် ခွန်စိုက်မှုပါပါဘူး•လောမကြီးပါနဲ့ ခန္ဓာရဲ့နကိုရှိပရမတ်ကို [illegible]တိုင်း ဉာဏ်က နောက်ကနေ လိုက်အကဲခပ်ရတာပါ–

တော်– ဦးဇင်းရဲ့ ရည်ရွယ်ချက်လဲပြောပြီးပြီ၊ ဒီအလုပ်ကို စိတ်ချ လက်ချလုပ်နိုင်အောင် ဆရာပြပေးဖို့လဲ ပြောပြီးပြီ– အခု နောက်ထပ် တောင်းပန်ချင်တာကတော့ ဦးဇင်းအနေနဲ့ စာသင်ခဲ့ဘူးတာကိုထောက်ပြီး ‘ဒါလောက်ပြောရင် သိပါ လိမ့်မယ်’ဆိုပြီး ‘မြုပ်ကွက်–ပေယျာလ’ တွေမထားခဲ့ပါနဲ့– ပဋိပတ္တိ လုပ်ငန်းမှာတော့ ဦးဇင်းကို လူမိုက်တယောက်

www.dhammaransi.com



အနေထားပြီး ပြောသာပြောပါ-ဦးဇင်း သဘောမပေါက်ထာလောက်ပဲမေးပါ့မယ်-

နုပ်- ကောင်းပါ့ဘုရား-တပည့်တော်တို့ မြတ်စွာဘုရားသာသနာတော် စတင်တာကို ပြန်လှေ့လာရင် ဓမ္မစကြာကိုတွေ့မယ် နော်- ဒီဓမ္မစကြာမှာလဲ-မြတ်စွာဘုရားရဲ့ 'သူမတူတဲ့ဝါဒဟာ မဇ္ဈိမပဋိပဒါ ဝါဒ'ပဲ၊ဒီဝါဒကိုကြည့်သောအားဖြင့် အခြားဝါဒတွေဟာ 'ကာမသုခလ္လိက- အတ္တကိလမထလို့' တပည့်တော်တို့က စာရင်းဇယားနဲ့ ခြားကြည့်လိုက်တယ်၊ နောက်ပြီးတော့ ဒီမဇ္ဈိမ ပဋိပဒါဟာ 'တထာဂတေန အဘိသမ္ဗုဒ္ဓါ'လို့ ဟောတော့- ဘုရားပွင့်မှ- ပွင့်တဲ့ဘုရားတို့မှသာ ထိုးထွင်းသိလာရတဲ့ တရားပါလားလို့ အဖြေထွက်မယ်-

တော်- ဒါ အရင်းခံအကျဆုံး အမှန်ဆုံးပဲပေါ့-

နုပ်- ဒါပေါ့ဘုရား-ဒီလိုဖြင့်- ဘုရားမပွင့်ရင်- မကျင့်တဲ့လူတွေ ဘာလုပ်နေနေ- ကျင့်တဲ့လူတွေ ဘာကျင့်နေနေ- 'ကာမသုခလ္လိက နယ်နဲ့ အတ္တကိလမထနယ်' ထဲက ထွက်ပါ့မလား-

တော်- မဇ္ဈိမပဋိပဒါလမ်းသာ မရလို့တော့-ဒီအစွန်းဒီနယ်ထဲမှာ နေမှာပဲ-

နုပ်- ဟုတ်ထာပေါ့ ဒါထားပါအုံး- ဘုရားရဲ့ သာသနာ့ဝါဒဟာ မဇ္ဈိမပဋိပဒါ(မဂ္ဂင်အကျင့်)ဖြစ်တော့ ဒီမဂ္ဂင်အလုပ် မလုပ်တဲ့- တပည့်တော်တို့ကော ဒီအစွန်းထဲက ထွက်ပါ့မလား-

www.dhammaransi.com



တော်- ဒါကတော့ ဓမ္မဒိဋ္ဌာန်အနေ- ယေဘုယျ အနေနဲ့တော့ အစွန်းထဲမှာပဲပေါ့-

နုပ်- နို့ ဒါဖြင့် တပည့်တော်တို့ ဒီအစွန်းထဲက ဘယ့်နှယ် ထွက်မလဲ-

တော်- ကာမသုခလ္လိက မဖြစ်အောင်ရှောင် အတ္တကိလမထ အလုပ်မျိုး မလုပ်မိအောင် ကြိုးစားရမယ်ထင်တယ်-

နုပ်- ဟိုး မရ ဘယ်တော့မှမရဘူး· အရှင်ဘုရား အစွန်းမကပ် ရဘူးဆိုတာ- ရှောင်ရမယ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါအနေ သဘောထားကြလို့ လွဲနေတာပေါ့· အရှင်ဘုရားဓမ္မစကြာ ပါဠိတော်ရွတ်ကြည့်ရင် သိလိမ့်မယ်-

'ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ'....

ကဲလေ အရှင်ဘုရား စဉ်းစားကြည့်-

တော်- ပေယျာလတွေမလုပ်ပါနဲ့ဆိုမှ-ဟောသာ ဟောစမ်းပါ· သိချင်လှပြီ-

နုပ်- မြတ်စွာဘုရားက 'ချစ်သားတို့-တဲ့၊ အဲဒီ အစွန်းနှစ်ပါးကို မကပ်မမှီရင်· ငါဘုရားတို့မှ ထိုးထွင်းပြီးသိရတဲ့ မဇ္ဈိမ ပဋိပဒါဟာ'တဲ့၊ အစွန်းနှစ်ပါးကို မကပ်မမှီ ပယ်နိုင်တာက မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင်ဉာဏ်ပဲ· ပုဂ္ဂိုလ် သတ္တဝါက ပယ်နိုင်တာ မဟုတ်ဘူးနော်- ဉာဏ်တောင်မှ မဇ္ဈိမပဋိပဒါ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ပဲ· တချို့က ပုဂ္ဂိုလ် သတ္တဝါက ပယ်တယ်မှတ်ပြီး· အာရုံ ငါးပါးတွေ ရှောင်လိုရှောင်- အစားခြိုးခြံ အဝတ်ခြိုးခြံပြီး ကျင့်လိုကျင့် ဖြစ်ကုန်တော့

www.dhammaransi.com



'မဇ္ဈိမပဋိပဒါဆိုတာ' ဘယ်မှာလဲ- ဒီပယ်မှုဟာ ဉာဏ်ရဲ့ ကိစ္စသာ ဖြစ်တဲ့အတွက် သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ဉာဏ်ဟာ ကိလေသာ အစွန်း မကပ်အောင် ကိလေသာမဖြစ်တတ်တဲ့ ခန္ဓာပရမတ်ရဲ့ 'ဖေါက်ပြန်မှု့ပျက်မှု၊သိမှု့ပျက်မှု' တို့ကိုသာ သမ္မာဒိဋ္ဌိရဲ့ သတ္တိအတိုင်းသိနေရင်- ဒီအစွန်းကလွတ်မသွားဘူးလား—

တော်- ဒီအစွန်းတွေကို မဂ္ဂင်ဉာဏ်ကသာ ပယ်နိုင်တဲ့ အတွက် ခန္ဓာပရမတ်ရဲ့ သဘောကို သိနေတဲ့ ဉာဏ်ဟာ အစွန်းလွတ်နေတာပေါ့- မှန်ပါတယ်....

နုပ်- အရှင်ဘုရား ပရမတ်ကိုသိတဲ့ဉာဏ်ဟာ မဂ္ဂင်ဉာဏ်ဖြစ်တဲ့ အတွက် အစွန်းလွတ်အောင် ရှောင်တာ- ပယ်တာဟာ- ပုဂ္ဂိုလ်သတ္တဝါမဟုတ် ဉာဏ်ပါလားလို့ သိလာလိမ့်မယ်- ဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့- ပရမတ်ကိုသိဖို့သာအားထုတ်နေရင်- ဒီကာမသုခလ္လိကအစွန်း၊ အတ္တကိလမထအစွန်း ဆိုတာဟာ စကားထဲမှာထည့်ပြောဖို့တောင်မလိုတော့ဘူး-

တော်- နက်နဲပါပေ့ဗျာ- ဦးဇင်းတို့ အစဉ်တစိုက်သိထားတွေက ဒီအစွန်းတွေကို အကောင်အထည်အနေထားပြီး ကိုယ်က ရှောင်မှု ကိုယ်ကပယ်မှုလို့ အောက်မေ့နေတာ- သူ့ပါဠိတော်အရလဲ ရှင်းနေတာပဲ- ဒါပေမယ့် ဒီအလုပ်ဉာဏ်မျိုး မရသေးရင်တော့ ဒီလိုပဲ သူက ငါက ပယ်ရတယ်ထင်ပြီး ပယ်နေကြမှာပဲ ဉာဏ်အသိတော့ မဖြစ်ဖူးပေါ့လေ—

နုပ်- အလုပ်သဘော တပည့်တော်လျှောက်မယ် တရားအားထုတ်ချင်တဲ့ ယောဂီဟာ- အစွန်းထဲကလာတာနော်- တရား

www.dhammaransi.com



အားထုတ်ပြီဆိုတော့ ခန္ဓာမှာဉာဏ်ဆိုတဲ့အသိကပ်ထားမယ် ယောဂီဟာ ခန္ဓာရဲ့ အရှိသဘော, အမှန်သဘောကို အသိနဲ့ လေ့လာတော့ အမျိုးမျိုး အဖုံဖုံ ဖောက်ပြန်မှု, ပြောင်းလဲမှု,ထိခိုက်မှု,ပြိုကွဲမှုတွေတွေ့လာရော-သိလာရော-ဒီအခါချိန်မှာ ဆရာသင်ကြားထားတဲ့ 'ဖောက်ပြန်နေတယ်, ပျက်နေတယ်' လို့ သိနေတဲ့ ယောဂီဟာ ခန္ဓာရဲ့ အမှန်ပရမတ်ကိုသိတာမှ ဟုတ်ရဲ့လား—

တော်- အိုး သိတာပေါ့- ခန္ဓာအရှိက ဖောက်ပြန်တာ,ပျက်တာဒါကို ဒီအတိုင်း သိနေ, မြင်နေရင်- သမ္မာဒိဋ္ဌိဆိုတဲ့ အမှန်မြင် အမှန်သိပေါ့—

နုပ်- ဒီအမှန်ပရမတ်ကို အမှန်အတိုင်း အရှင်ဘုရား မြင်ပြီ, သိပြီဆိုတော့ ဒီသမ္မာဒိဋ္ဌိဟာ မဇ္ဈိမပဋိပဒါမဂ္ဂင်လို့- မဆိုနိုင်ဘူးလား—

တော်- ဆိုနိုင်တာပေါ့—

နုပ်— ဒါဖြင့် အရှင်ဘုရား အစွန်း ၂ပါး လွတ်မနေဘူးလား—

တော်- အင်း လွတ်နေတယ်လေ—

နုပ်- ဒါဖြင့် မဇ္ဈိမပဋိပဒါ လမ်းကြောင်းအရ ခန္ဓာပရမတ်ကိုသိနေတာနဲ့ ဒီဉာဏ်ဟာ 'ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မမဇ္ဈိမာပဋိပဒါ'ဆိုတဲ့ ပါဠိတော်နဲ့ဘယ့်နဲ့လဲ

တော်- ဟာ-ဒီလမ်းကြောင်းဟာ တကယ်ကို အားစိုက်မလုပ်ရပဲအလိုလိုအစွန်းလွတ်သွားတယ်၊မဇ္ဈိမပဋိပဒါဖြစ်လာတာလဲ အံ့ဩစရာပါပဲနော်—

www.dhammaransi.com



နုပ်- အစွန်းလွတ်သို့ မဇ္ဈိမပဋိပဒါ ဖြစ်ထာ မဟုတ်ဖူး - မဇ္ဈိမ ပဋိပဒါနည်းနဲ့ ပရမတ်ကိုသိနေလို့ အစွန်းက လွတ်သွား တာပဲ-

တော်- ဒါကြောင့် မြတ်စွာဘုရားရဲ့ ဉာဏ်တော်ဟာ အံ့ဩဖွယ် ဖြစ်တာပဲ-

နုပ်- အရှင်ဘုရား ရှေ့ဆက် အားထုတ်လို့ ဉာဏ်ရင့် လေလေ- မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ကြည်ညိုလေလေပဲ- အဲ-နိဗ္ဗာန်လဲ မျက်မှောက်ပြုမိရော-မြတ်စွာဘုရားနဲ့ တရား, သံဃာပေါ်မှာ ချွင်းချက်မရှိ မတုန်မလှုပ်သက်ဝင်ယုံကြည် တော့တာဟာ ဓမ္မရဲ့ လမ်းမှန်ကြောင့်ပဲ-

## 'မဇ္ဈိမမှန်-ဥပေက္ခံ-ရှုရန်ပြလိုက်မည်'

တော်- ကဲဖြေနာရီလဲထိုးပီမိုးလဲမရွာတော့ပါဘူး-ဆင်းကြပါစို့၊ ဒီညလဲ ဆရာစောစောလာပါနော် မဇ္ဈိမပဋိပဒါနဲ့ ပတ်သက်လို့ အတော်ကို သဘောပေါက်ပါတယ်၊ ဒီနေ့ ထိုင်ချည်းပဲနေရလို့အတော်ညောင်းသွားတယ်၊လမ်းရှောက် ပြန်ရရင် မကောင်းဘူးလား၊ ဆရာ ပင်ပန်းနေမလား၊ လမ်းသွားရင်းလဲ စကားပြောသွားရအောင်လို့-

နုပ်- လမ်းရှောက်ဖို့ကတော့ တပည့်တော်က ဝန်မလေးပါဘူး၊ စကားလဲ ပြောသွားတာပေါ့ဆို၍ ဘုရားကိုရှိခိုးပူဇော်ကြ ပြီးလျှင်အနောက်ဖက်စောင်းတန်းမှဆင်းလာကြလေသည်။

တော်- ဆရာ့ကိုလဲ အားနာပါတယ်၊ နောက်လဲ တွေ့နိုင်ဖို့ခရီး ကွာသွားမှာမို့ ဆရာအားတဲ့ ရက်ကလေးမှာ ပြည့်ပြည့်စုံစုံ

www.dhammaransi.com



သိချင်နေလို့မေးနေရတာပါ၊ ဆရာ့ဆီက အစအန ရတာ လေးကို ကျောင်းရောက်တော့လဲ ပါဠိတော် အဋ္ဌကထာ တို့နဲ့ အကျယ်သိအောင် လေ့လာအုံးမယ် အလုပ်နဲ့အံကျပြီ ဆိုတော့ အဲဒီအချိန်မှာ ထွက်မှာပဲ ဘာစာအုပ်မှလဲမယူ တော့ဘူး၊ တိစီဝရိတ်နဲ့ သပိတ်နဲ့ပဲ သွားမယ်-

နုပ်- အရေးကြီးတာက မဇ္ဈိမပဋိပဒါသဘောပေါက်ဖို့ လိုတယ်၊ ဒီသမ္မာဒိဋ္ဌိ အသိအမြင်ဟာ ရင့်ကျက်လာရင်'မုဆိုးစိုင်သင်' ဆိုသလိုအထက်ပိုင်းကျတော့ဉာဏ်ကပဲဦးဆောင်သွားမှာပဲ ပရမတ် အခြေခံပေါ်မှုတည်ထားတဲ့ ဉာဏ်ဟာ ပရမတ် အလေ့အကျင့်များလာတော့ ပရမတ် အသိဉာဏ်တွေသာ ရင့်ရင့်ပီး အသင်္ခတ ပရမတ်သဘော ရောက်သွားမှာနော်-

တော်- ဒါကို ကောင်းကောင်း ယုံကြည်ပါတယ်၊ အဲ အခု လမ်းရှောက်လာရင်း မဇ္ဈိမပဋိပဒါ သဘောနက်နဲပုံကို စဉ်းစားလာရင်း တခု သတိရလာတယ်· ဘာလဲဆိုတော့ အခု ဆရာရှင်းပြတဲ့ မဇ္ဈိမပဋိပဒါဆိုတာဟာ နက်ရှိုတဲ့ ပရမက်ကို ပရမတ်အတိုင်း အမှန်အတိုင်း သိအောင်သိနေ အောင် လေ့ကျင့်အကဲခပ်လို့အမှန်အတိုင်းလက်ခံယုံကြည်မှု ဖြစ်ထာနဲ့ မဇ္ဈိမပဋိပဒါဖြစ်လာတာပဲ အစွန်းလဲလွတ်သွား တာပဲ ဘာမှ လုပ်ယူရတာ ကြိုးစားအားထုက်ရတာမပါဘူး ကြောင့်ကြမှုလဲ မပါဘူးဟုတ်လား-

နုပ်- မှန်ပါတယ် ဒီအတိုင်းဖြစ်အောင်သာ လေ့ကျင့်မှုပေးရ တာပါ=

www.dhammaransi.com



တော်- အဲဒါကြောင့် ဦးဇင်း သတိတခုရတာက တချို့တရား အားထုတ်ကြတာဟာ လှံ့လ အားစိုက်မှု တခုခုလုပ်ပြီး ရှုကြတယ်၊ ထချို့လဲ အမျိုးမျိုးအဖုံဖုံ ရှာကြံလုပ်ယူကြ တယ်လို့လဲ ကြားဖူးတယ် စုံလို့ပါပဲ အဲဒါတွေဟာ မဇ္ဈိမ ပဋိပဒါကျပါ့မလား-

နုပ်- ဒီအလုပ်မျိုးကို ဦးဇင်းလဲမလုပ် တပည့်တော်လဲ မလုပ်တဲ့ အတွက် ဦးဇင်းက တပည့်တော်အတွက် တပည့်တော်က ဦးဇင်းအတွက် ရှင်းဖို့လိုအုံးမလား မဇ္ဈိမပဋိပဒါကျမကျလဲ ဦးဇင်းက ပူဘို့ရှိသေးသလား၊ လိုရင်းက အရှင်ဘုရားနဲ့ တပည့်တော် ဆွေးနွေးနေတဲ့ အချက်ထဲမှာ ဒီကိစ္စ အရှင်ဘုရားလုပ်ရင် တပည့်တော် ဝေဖန်မယ်၊ တပည့်တော် ပြောတဲ့အထဲပါရင် အရှင်ဘုရားက ဝေဖန်ပေါ့၊ အခု အရှင်ဘုရားနဲ့ တပည့်တော်အတွက် ဘာပြဿနာမှမရှိပဲနဲ့ တော့ အလုပ်ပိုပါတယ်၊ ကိုယ့်အလုပ်ကိုယ်မှန်ဖို့သာအရှင် ဘုရားလေ့လာဝေဖန်ပါ-

တော်- အေးလေ အဲဒါ အကောင်းဆုံးပါပဲ- ကိုယ့်ကိစ္စသာ ကိုယ်ရှင်းဖို့ ကောင်းတာတော့ အမှန်ပဲ-

နုပ်- အရှင်ဘုရား နိဒါနဝဂ္ဂသံယုတ် အာဏိသုတ်ကို လေ့လာ ဖူးသေးလား-

တော်- အဲဒီသုတ်ကိုအဋ္ဌကထာနဲ့လေ့လာပြီးတော့-သာသနာမှာ နောင်တချိန် ပရမတ္ထဓမ္မ လောကုတ္တရပဋိသံယုတ္တ, ဂမ္ဘီရာဂမ္ဘီရဖြစ်တဲ့ တရားတွေဟာ အားနည်းသွားတော့ မယ်- ကွယ်ပျောက်သွားတော့မယ်- ဒီတရားတွေနေရာမှာ

www.dhammaransi.com



လောကီတရား ပညတ်တရားတွေ အစားဝင်လာလိမ့်မယ်၊ ဒီအခါမှာဆိုရင် တရားစစ်တရားမှန်တွေဟာ ရှာဖို့မလွယ်၊ သိဖို့မလွယ်ဖြစ်မယ်လို့ ပုဗ္ဗန်လက်မကက္ကဋတရားလဲ တကာ တကာမတွေကို မကြာခဏဆိုသလို ဟောပြောသတိပေးနေပါတယ်၊ ဒီတင်ဘာကအိုးမလဲ ကဿပသံယုတ်က သဒ္ဓမ္မပဋိရူပသုတ်နဲ့လဲ ရွှေအတုနဲ့အစစ်လို နမူနာပြပြီး ဟောတာပါပဲ- အဲဒီလို ကိုယ်ကိုယ်တိုင်လဲ သံဝေဂဉာဏ် ဖြစ်တုံး အိုးသည်ကုန်း ဘုန်းကြီးဆီက ‘မဇ္ဈိမဉာဏ်–သိဘို့ရန်’ စာအုပ် ရတာပါပဲ- ရလို့ ဖတ်ကြည့်လိုက်တော့ ကိုယ်သိချင်တဲ့ ပရမတ်တော့ သိရတော့မှာပဲလို့ အဲဒီကစပြီး ဒီတရားတွေ မကွဲယ်ခင် ငါတော့ အပြတ်အသတ်လုပ်မယ်လို့ ဆုံးဖြတ်လိုက်ထာပါပဲလေ–

နုပ်- ကဲ ရှမ်းလမ်းရောက်ပီ လမ်းခွဲကြပါစို့၊ မနေ့ညကနေရာကို လာမယ်နော်–ဟု နှုတ်ဆက်ကာ လမ်းခွဲခဲ့ရင်း ကိုယ်တော့် အတွက်ပဲ စိတ်ဝင်စားလာသည်၊ ကြည်ညိုလာသည့် ဘာ့ကြောင့်မသိဝမ်းနည်းလာသည်၊ သာသနာ့အာဇာနည် ပေတကား–ဤမျှစာပေတတ်၍ အကျင့်သီလအနေအထိုင် ကောင်း၍သီတင်းသုံးဖေါ်ချင်းလေးစားမှုခံရ၍ကြည်ညိုသူ တကာ တကာမပေါ်များ၍ နေသော်လည်း–

‘ဓမ္မ ဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊
မာ အာမိသဒါယာဒါ’

www.dhammaransi.com



'ချစ်သားတို့ ငါဘုရားအထံမှ မဂ်အမွေ- ဖိုလ်အမွေ- နိဗ္ဗာန်အမွေသာခံယူကြကုန်လော့ ပစ္စည်းလေးပါးအမွေကို မခံမယူကြလေနှင့်'

မြတ်စွာဘုရားသည် သားတော်သမီးတော်တို့အား ဆင်းရဲ သံသရာမှပြတ်၍ နိဗ္ဗာန်အထိ ချမ်းသာသောတရားအမွေခံ ဖြစ်စေချင်သည်၊ သံသရာဆင်းရဲတွင် ထပ်လောင်းဆင်းရဲ စေတတ်သောပစ္စည်းလေးပါးအမွေခံများမဖြစ်စေချင်ပေ၊ အကြောင်းမူ ပစ္စည်းဟူသည် ရန်သူမျိုးငါးပါးနှင့်ဆက်ဆံ သည်၊ ဘဝတိုင်း ဘဝတိုင်း ဤပစ္စည်းစသည်တို့အတွက် အနှိပ်စက်ခံရ အသေခံခဲ့ရပေါင်းများသည် စွဲလန်းသေက အပယ်ချလေသေးသည်၊ ကိုယ်တော်မှာ မြတ်စွာဘုရား အလိုတော်အတိုင်း ဆောင်ရွက်သည်။

စဉ်းစား စိတ်ကူး၍ လာရင်း အိမ်ရောက်တော့သည်၊ အိမ်တွင် ဥက္ကလာပနှင့်အင်းစိန်မှ စောစောစီးစီးကန်တော့ မည့်သူများ ရောက်နေသည်၊ နက်ဖြန်ဆိုလဲ ဂရုပွဲနှံ့ လပြည့်နေ့လဲ နေ့တရားပွဲ ညတရားပွဲနှံ့လပြည့်ကျော်[illegible] ဆိုလဲ ဆရာခရီးထွက်သွားမှာမို့ ကြိုတင် လာကန်တော့ကြ သောဟူ၏။

ကျွန်ုပ်ကား-ကိုယ်တော်ဆီသာ စိတ်ရောက်နေသည် သို့နှင့် ရေမိုးချိုး ကန်တော့ခံပြီး ထမင်းစား သူတို့ ပြန်သွားပြီး ခေတ္တအပန်းဖြေကာ ၇-နာရီခွဲခန့်တွင် ဇထပ်ကြီးဘုရားသို့ ထွက်ခဲ့ရပြန်သတည်း။

www.dhammaransi.com



## သီတင်းကျွတ်လဆန်း ၁၃ ရက်ည (၁၇-၁၀-၇၅)

၉ ထပ်ကြီးဘုရား၏ ရှေ့မျက်နှာစာတွင် ပန်းဆီမီးကပ်သူတွေ ဘုရားရှိခိုးသူတွေ ပုတီးစိတ်သူတွေ ပြည့်လျက်ရှိသည်၊ ကိုတင်အောင် - မခင်နု တို့ စာအုပ်ဆိုင်ပင် မသိမ်းသေး လူစည်ကားနေသည်၊ ဘုရား၏တောင်ဖက်, မြောက်ဖက် တန်ဆောင်းထဲတွင် ကိုယ့်အစုနှင့်ကိုယ် တရားကြိတ်ဝိုင်းများ, ဆွေးနွေးဝိုင်းများ တွေ့ရှိရသဖြင့် ကျေနပ်ဖွယ်ပင် အချို့လည်း ယင်းဝိုင်းများသို့ မဝင်မကပ် တကိုယ်တည်း ကေစာ အားထုတ် သူလည်းရှိ၍ ပတီးကုံးကြီး များကို တလှုပ်လှုပ် စိပ်နေသူများလည်း နေရာ အနှံ့အပြား၊ ကိုယ်တော်ကိုတွေ့ရန် ဘုရားကြီး၏ ကျောဖက်သို့လျှောက် လာသောအခါ မနေ့ညက တရားဆွေးနွေးသောနေရာတွင် ကိုယ်တော်ကို မတွေ့-မှောင်ရိပ်ခိုကာ သစ္စာတိုင်နေသလား, ဆုပန်နေသလား, စသည်အားဖြင့် ဘာမှန်းမသိရသော အစုံအတွဲ ၃ တွဲခန့် တွေ့ရှိရသဖြင့် မနှစ်မြို့စရာ မကျေနပ် စရာများဖြစ်၍ ခပ်သုပ်သုပ်ပင် လာခဲ့ရာ 'ဆရာ-ဆရာ' ဟု ခေါ်သံကြားမှ အသံလာရာသို့ နားစွင့်မိသည်-

တော်- ဆရာ ဒီကိုလာပါ-

နုပ်- သြော် အရှင်ဘုရား ဒီမှာကိုး- (ဘုရား တန်ဆောင်း အပြင်ဖက် ဒေါင့်တိုက်ကဖြစ်သည်)

တော်- လာပါ ဒီမှာနေရာ ကောင်းတယ် မိုးလေလုံတယ်-

နုပ်- ဘယ့်နှယ် အရှင်ဘုရား ဒီရောက်နေတာလဲ-

www.dhammaransi.com



တော်- ဆရာမတွေ့ခဲ့ဘူးလား၊ ဦးဇင်းလဲဆရာနဲ့ပြန်လာလို့ရေမိုး ချိုးပြီးကထဲက မနေ့ညကနေရာမှာ တရားလာထိုင်တယ်၊ နာရီဝက်လောက်ပဲ ရှိမယ်ထင်တယ်၊ နေ့ခင်းက ဆွေးနွေး ခဲ့တဲ့ မဇ္ဈိမပဋိပဒါ အရသာ စတွေ့တာပဲ-

နုပ်- အံ့မယ် ဘယ်လို ဘယ်လို တပည့်တော် အမောတောင် ပြေသွားပြီ-

တော်- ဒီလိုဗျာ- ခါတိုင်းတော့ အခုလောက်လဲ သဘော မပေါက်သေးဘူး- အဲဒီတော့ အားထုတ်ရမယ့် တရားကို ဟိုရှာဒီရှာနဲ့ အချိန်အတော်ကုန်တယ်-အခုတော့ ဒီခန္ဓာရဲ့ မူရင်းဟာ ပရမတ်-ဒီပရမတ်က အမြဲကိုရှိနေတာမှုတ်လား-

နုပ်- ဒါတော့မဟုတ်ဖူး- ပရမတ်ဟာ အမြဲမရှိဘူး-ဒါပေမယ့် အမြဲသိနိုင်တာဆိုမှ မှန်တယ်-

တော်- အမြဲရှိတယ်ဆိုတာက ဒီလိုလေ- ဖြစ်လိုက် ပျက်လိုက်နဲ့ ရှိတဲ့ အရှိကို သိနေတာပေါ့-

နုပ်- ဒါဆိုရင်တော့ ဟုတ်ပါတယ်- ကဲ ဆက်ပြီး....

တော်- ခန္ဓာမှာ အမြဲသိနိုင်တဲ့ ပရမတ်ဟာ အမြဲသိမှုရှိလာရင် ဘယ်လိုမှ ကြောင့်ကြမစိုက် အချိန်မယူရပဲနဲ့ တွေ့တာနဲ့ သူပဲဆိုပြီး သိနေတော့တာကိုး- သက်သာပါ့ဗျာ- ရှာဖွေ ပြီးလဲ မကြည့်ရဘူး- တကိုယ်လုံး သိချင်တဲ့နေရာ ဟိုပြေး သိလိုက် ဒီပြေးသိလိုက်နဲ့ တော်တော် နေရာကျတာပဲ-

နုပ်- ကိုယ်တော် တော်တော်ကျေနပ်သလား-

တော်- ကျေနပ်ဆို အတော့်ကိုသဘောကျပါတယ်-

www.dhammaransi.com



နုပ်- အဲဒါမဇ္ဈိမပဋိပဒါ အရသာမဟုတ်ဖူး- ကာမသုခလ္လိက အရသာပေါ့-

တော်- ဒီလောက်တော့သဘောပေါက်ထားတာပဲ-ခန္ဓာပရမတ်ရဲ့ သဘောတရား အပျက်တွေကို သိလာတုံး သိနေတုံးက- သဘောကျတာနဲ့ အဲဒီ သာယာမှုအပျက်ကိုရှုနိုင်လို့ မဇ္ဈိမ ပဋိပဒါရဲ့ အရသာလို့ ပြောတာပေါ့-

နုပ်- ဒါဆိုရင် သာဓုဘုရား တပည့်တော်က ရှုံးသွားပြီ-အဲဒီလို အပျက်ရှုနိုင်တော့ ရှေ့ကို....

တော်- အဲဒီတုံး- နောက်က အသုံဗလံတွေ ကြားလာတာပဲ- ဒါလဲ ကိုယ့်အသိနဲ့ကိုယ်လိုက်နေသေးတာပဲ-နောက်တော့ ဒီအသံတွေဟာ တဖြေးဖြေးနဲ့ ဝေးမသွားပဲ- မှန်မှန်ကို ကြားနေရတော့- ကိုယ်ကလဲ-မရင့်ကျက်သေးလို့- နောက် လှည့်ကြည့်ရော-သူတို့သူတို့စုံတွဲတွေပဲ ဆရာတွေလာမှာပေါ့ အဲဒါနဲ့ထလာပြီး ဒီနေရာလာနေရတာ-

နုပ်- နှို့ကိုယ်တော် ဆက်မထိုင်ဘူးလား-

တော်- ဆက်ထိုင်ရင်တော့လဲဖြစ်ပါတယ်-ဒါပေမယ့်ဆရာလာရင် မတွေ့မှာစိုးလို့ မထိုင်ပဲနဲ့ စောင့်နေတာ-

နုပ်- ဖြစ်မှဖြစ်ရလေဘုရား- ဒီအခါမှာ ဒါမျိုးနဲ့ လာတွေ့ရတာ တပည့်တော်တို့ ဘာသာရေး အနေနဲ့တော့ အတော်ကို ဝမ်းနည်းစရာကောင်းတယ်၊မိမိအတွက် သူတပါးအနှောက် အယှက် ဖြစ်ထာဟာ ဗိုလ်ချုပ် အောင်ဆန်း ပြောတဲ့ 'ရမ်းကားမှု၊ စော်ကားမှု' မျိုးပေါ့-ကဲထားလိုက်ပါတော့-

www.dhammaransi.com



ခုနက အရှင်ဘုရားက ခန္ဓာရဲ့ အမှန်တရား ပရမတ်တို့ ဖေါက်ပြန်တဲ့ကိစ္စကို အရင်သိနေတယ်နော်—

တော်- အင်း-သိတာပေါ့- သူက အရင်းခံစတင်သိရမယ့်သဘော မှတ်လား—

နုပ်- ဟုတ်ထာပေါ့- အဲ သူ့ကို အရှင်ဘုရားကသိချင်တဲ့နေရာကို စိတ်ထားလိုက်ထာနဲ့သိသလား—

တော်- ဟာ-ဒီလိုသိချင်တဲ့နေရာ ရှာသိနေရမယ်ဆိုရင် ကိုယ့်လို့လ ပယောဂပါနေမှာပေါ့—

နုပ်- အလို- ကိုယ်တော်က တယ်ဟုတ်လိုက်ပါလား- အင်း ဆက်ပါအုံး—

တော်- ထိုင်လိုက်ကထဲက ခန္ဓာကိုယ်မှာ စိတ်အသိကပ်ပြီး ငြိမ်ထားလိုက်တယ်—

နုပ်- ဟုတ်ပြီ ဒီတော့ ...

တော်- ခန္ဓာရဲ့အရင်းခံ သဘောတရားတွေဟာ- တကယ်သိပြီ ဆိုတော့ နေရာအနှံ့အပြားမသိချင်မှနေရော့သူတို့ကတော့ တကိုယ်လုံးမှာ'သူ့ကိုသိပါ, ငါ့ကိုကြည့်ပါ' ဆိုနေသလိုပဲ-

**'ဉာဏ်တွေ့သဘော-ဟေိပဿိကော'**

နုပ်- အမယ်မယ် 'ဟေိပဿိကော'ဆိုတာ သဘောပေါက်ရော လား—

တော်- သြော်.... 'ဟေိပဿိကော' အင်းဟုတ်ပြီ- တရားထိုင်တုံး ကတော့ ဟိုကြည့်လိုက် ဒီရှုလိုက်နဲ့ ဘာမှမစဉ်းစားမိဘူး- အခု ဆရာပြောမှ အင်း 'ဟေိပဿိကော'ကိုး ဒါနဲ့ အဲဒီ ဖေါက်ပြန်ချင်တိုင်း ဖေါက်ပြန်နေတဲ့ သဘောတွေကိုပဲ-

www.dhammaransi.com



ဆက်တိုက်လိုက်သိနေလိုက်ထာနောက်တော့ကိုယ့်အသိဟာ ဒီခန္ဓာမှာ ဘယ်နေရာ ရှုနေမှန်းတောင် မသိတော့ဘူး· 'ပေါက်ပြန် နေတာတွေပဲ'လို့ အသိကသာ သိနေတော့ တယ်–

နှုပ်– ဒါဟာ 'နာမ ရူပ မတ္တာတော ဥဒ္ဓိ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ။လ။ နတ္ထီတိ နိဋ္ဌံ ဂစ္ဆတိ' ဆိုတဲ့အတိုင်း ခန္ဓာမှာ သိတဲ့သဘောရယ်,ပေါက်ပြန်တဲ့သဘောရယ်-က လွဲလို့ ဘယ်ကမှ ပုဂ္ဂိုလ်သတ္တဝါ မိန်းမ ယောကျ်ား လူ နတ်ဆိုတာ မဟုတ်ဖူး မရှိဘူးလို့ ကိုယ်သိနဲ့ကိုယ် ဆုံးဖြတ် နိုင်တဲ့ အခြေကို ရောက်လာတယ်–

တော်– ဟာ သေသေချာချာပါပဲဗျာ– ခုနကမှ စိတ်ထဲမှာ သဘောကျသွားတာက–တကယ်ဉာဏ်နဲ့ အမှန်ကို တကယ် သိတဲ့ အသိထဲမှာ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးဆိုတာသဘော ပေါက်လာတယ်–

နှုပ်– ဒါအမှန်ပဲဘုရား့ ဉာဏ်သိသာမဟုတ်လို့ ပါးစပ်ပြောနဲ့သာ ဆိုရင် 'ဒါ လူမဟုတ်ဖူးလား– မိန်းမ, ယောကျ်ား မဟုတ်ဖူးလား, ခေါင်း ကိုယ် ခြေ လက်မဟုတ်လို့ဘာလဲ' စသည်ပေါ့ဘုရား–ဒီလိုပြောလာရင် ဉာဏ်သိမရှိလို့တော့ အရှင်ဘုရားဘာပြောပြော မရဘူးပဲ–

တော်– ဟုတ်တယ်-အခုလိုတွေ့တော့ ကိုယ့်ဟာနဲ့ကိုယ် ယုံကြည် လာတာပဲ အဲဒီတကိုယ်လုံး သဘောတရားတွေကို တသိထဲ သိနေရာက ဖြစ်ပျက်ကို သဘောပေါက်ပြန်ရော–

www.dhammaransi.com



နုပ်- အလို ကိုယ်တော်က ဖြစ်ပျက်ကို ဘယ်လိုသဘောပေါက်လိုက်ထာလဲ-

တော်- ဒါကတော့ ဦးဇင်းစိတ်ထဲမှာ မဆန်းဘူးလို့ထင်တယ်-

နုပ်- တပည့်တော်ကလဲ ဆန်းတယ် ပြောထားလို့လား-

တော်- မဟုတ်ဖူး ဒါကိုပြောတာမဟုတ်ဖူး-ဒီဖြစ်ပျက်ဆိုတာဟာ နကိုကထဲကရှိနေတာ သူ့သဘာဝ အပျက်ကို မသိလို့ ဖေါက်ပြန်နေတယ်လို့ မှတ်ရတာ- အမှန်ကတော့ အဲဒီ ဖေါက်ပြန်တာကိုက အပျက်တွေပဲ-

နုပ်- ကိုယ်တော်က ဖေါက်ပြန်တာကို အပျက်လို့ ဘာဖြစ်လို့ ပြောနိုင်သလဲ-

တော်- ဥပမာဗျာ ဦးဇင်းတို့ ဆွမ်းတွေကို သပိတ်နဲ့ထည့်ထားလို့ 'ဆွမ်းသပိတ်'လို့ ခေါ်တာပဲ အမှန်က အဲဒီသပိတ်ထဲမှာ ဆွမ်းတွေချည်းပဲ အဲဒီအတိုင်းပါပဲဗျာ အပျက်တွေ စုရုံး ပေါင်းစည်းထားတာကို ခြုံငုံပြီးရှုလိုက်တော့ အားလုံးဟာ ဖေါက်ပြန်နေပါလားလို့- စသိရတာကိုး- သေသေချာချာ ကြည့်တော့ အဲဒီ ဖေါက်ပြန်မှုတွေဟာအပျက်ချည်းပဲ-

နုပ်- ဟာ တယ်ဟုတ်လိုက်ပြန်ပါလား- ဒါထက် အပျက်ကို အရှင်ဘုရား ဘယ်လိုသိသလဲ-

တော်- ဖေါက်ပြန်တဲ့ သဘောတွေဟာ ဟိုနေရာက တရွရွနဲ့ ဖြစ်လိုက် ပျောက်သွားလိုက်ဒီနေရာက တရှိန်ရှိန်နဲ့ဖြစ်လိုက် ပျောက်သွားလိုက် နေရာကိုနှံ့ရော-

နုပ်- ဟုတ်တော့ဟုတ်တယ် သိတ်မမှန်သေးဘူး၊ တကယ်တော့ အဲဒီ ရွကနဲဖြစ်လိုက်တဲ့ သဘောလေးတခုကို စိတ်က

www.dhammaransi.com



ကပ်ပြီးသိထားတဲ့အခါ သူ့ဟာနဲ့သူ ဒီနေရာမှာပဲချုပ်သွား
တာတွေ့မယ် ပရမတ် အနိစ္စတို့မည်သည်မှာ ဖြစ်ရာနေရာက
တဆံခြည်မျှမရွေ့ဘဲနဲ့ ချုပ်တယ်ဆိုမှုတ်လား· ဒီနေရာမှာဖြစ်
ဒီနေရာချုပ်ပဲ အဲဒါအပျက်ခေါ်တာပဲ-

တော်- ဟုတ်မှာပါ ခန္ဓာရဲ့ပရမတ်သဘောက အမှန်ပဲ· ကိုယ့်
ဉာဏ်က မထိရောက်သေးလို့သာပေါ့နော်—

နုပ်- အိုး အရှင်ဘုရား ဒီရက်လောက်နဲ့ ဒီအသိဖြစ်ထာ
အရှင်ဘုရား ပရိယတ္တိဉာဏ် အခြေခံ ကောင်းတာရယ်-
သောဝစ္စဿတာရယ်ရှိလို့ပါ-တပည့်တော်ဆီကယောဂီတွေ
အင်မတန်တော်တဲ့ ယောဂီတောင် တရက် နှစ်ရက်နဲ့တော့
ဒီလောက်ကို မသိပါဘူး၊ အရှင်ဘုရား ပါရမီကောင်းပါ
တယ် ကြိုးစားပါ-

တော်- တရားအားထုတ်တော့ ဖေါက်ပြန်တာတို့ ပျက်ထာတို့
သိပြီးတဲ့နောက် ဥပေက္ခာက ဘယ်အချိန်ဝင်မလဲ သင်္ခါ
ရုပေက္ခာဉာဏ်မှာ ဥပေက္ခာဖြစ်ထာတော့ စာထဲမှာရှိတယ်
အဲဒီအခါမှာ ဖြစ်မှာလား-

## ‘ဥပေက္ခာမှ ရှုနည်းကြံ’

နုပ်- ဥပေက္ခာကတော့ ၆ပါးတို့ ၁၀ပါးတို့ စာမှာရှိသားပဲ-
ဒါပေမယ့် တပည့်တော်တို့ အလုပ်သဘောနဲ့ဉာဏ်ချေက်တဲ့
အခါ ဒေသနာသဘောနဲ့ နာမည်ဆိုင်းဘုတ် တပ်ထာပါ၊
တပည့်တော်တို့ အကြမ်းစား သိထားရမှာက ‘လစ်လျူ’

www.dhammaransi.com



ပြုတာပဲမဟုတ်လား- လစ်လျူပြုတာဟာ ဘာကိုပြုတာလဲ ဆိုရင် ကိလေသာကို လစ်လျူပြုတာပဲ-

တော်- အင်းဟုတ်ပါတယ် ဘယ်တော့ ဘယ်အချိန်မှာ ဘယ်လို ပြုတယ်ဆိုတာကို မေးတာ-

နုပ်- ဟုတ်ပါပြီ- မဇ္ဈိမပဋိပဒါ လမ်းစဉ်အရ သမ္မာဒိဋ္ဌိဟာ အမှန်ကိုမြင်ချိန် ဖေါက်ပြန်တဲ့ သဘောပရမတ်ကိုသိနေရင် ဒီအသိဟာ ပရမတ်အသိဖြစ်လို့ကိလေသာဖြစ်ခွင့်မရှိပါဘူး၊ ချမ်းသာ ဆင်းရဲရယ်လို့လဲ မမှတ်သားဘူး၊ ဖေါက်ပြန် ချုပ်ပျက်နေတဲ့ သဘောကိုက ချမ်းသာခံစားတဲ့ (သုခ ဝေဒနာ) ဆင်းရဲခံစားတဲ့ (ဒုက္ခဝေဒနာ) မဟုတ်တော့-

'သံကိလိဋ္ဌ သုခ ဒုက္ခာနံ အဘာဝါ မဇ္ဈေ ဘဝါတိ မဇ္ဈိမာ'လို့

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကဆိုတော့ 'ခံစားတတ်တဲ့ ချမ်းသာ ဆင်းရဲတို့ မဖြစ်ထာမရှိတာ . တနည်း ကိလေသာ ဖြစ်တဲ့ ချမ်းသာမှတ်မှု ကာမသုခလ္လိကနဲ့ကိလေသာဖြစ်တဲ့ ဆင်းရဲမှတ်မှု အတ္တကိလမထ ၂ခုတို့ရဲ့ အလယ်အကြားမှာ ဖြစ်လို့ မဇ္ဈိမ'လို့ ခေါ်တယ်ဆိုတော့ ဒီပရမတ်ကို သိနေ မြင်နေတဲ့ အသိအခိုက်ဟာ မဇ္ဈိမပဋိပဒါ ဖြစ်နေတယ်- မသိတာတို့ လွတ်သွားတာတို့ကို ထည့်မှတ်လို့ မရဘူး-

တော်- ဆရာကလဲ အဲဒီ မဇ္ဈိမပဋိပဒါတော့သဘောပေါက်ထား ပီးသားပါ- ဦးဇင်းက ဥပေက္ခာ သဘောသာ မေးနေ တာပါ-

www.dhammaransi.com



နှုပ်- အား• အရှင်ဘုရားတော့ခက်ပီ မဇ္ဈိမပဋိပဒါရဲ့သဘောက 'ကာမသုခလ္လိက လောဘအစွန်း, အတ္တကိလမထ ဒေါသ အစွန်း' အဲဒီ ကိလေသာအစွန်း မငြိမကပ်တဲ့ လမ်းစဉ် အလေ့အကျင့်၊ ဥပေက္ခာက- 'ဒုက္ခာဘာဝေန အဒုက္ခ-သုခါဘာဝေန အသုခံ' ကာမအစွန်း-အတ္တအစွန်း နှစ်ပါး မကပ်တဲ့ အကျင့်ကို မဂ္ဂင်အကျင့်ဖြစ်တဲ့အတိုင်း လေ့ကျင့် အားထုတ်တော့ ဖေါက်ပြန်မှုတို ပျက်နေတယ်လို့သာ သိရတဲ့အချိန်ဟာ ဆင်းရဲရယ်လို့ မမှတ်မသိ၊ ချမ်းသာရယ် လို့လဲ မရှုမထင်တော့ရင် အရှင်ဘုရားက ဘာရယ်လို့ ထင်သလဲ-

တော်- ခုနက'ဒုက္ခာဘာဝေန အဒုက္ခံ'အရ ဒါဥပေက္ခာပဲလား•-

နှုပ်- မှန်ပါတယ် ဥပေက္ခာပါပဲ-

တော်- ဒီလိုဆိုရင် ဥပေက္ခာဟာ မဇ္ဈိမပဋိပဒါလေ့ကျင်တာနဲ့ ဥပေက္ခာဖြစ်လာတယ်ဆိုတော့ ဥပေက္ခာ ရှုရတယ်ဆိုတဲ့ လုပ်ငန်းဟာ သတ်သတ်ဘယ်ဟုတ်တော့မလဲ-

နှုပ်- အရှင်ဘုရား ပါဠိတော်မှာ မဇ္ဈိမပဋိပဒါ အလုပ်မပါပဲနဲ့ ဥပေက္ခာရှုတဲ့ အလုပ်ရှိရင်တပည့်တော်ကို ရှာပေးစမ်းပါ-

တော်- ဟော ဆရာကလုပ်ပီ ဦးဇင်းက ဝိပဿနာနဲ့ပတ်သက်လို့ ကိုယ်တွေ့ ဘာမှ မယ်မယ်ရရ မရှိသေးတာ• အခု ဆရာနဲ့ တွေ့လို့ ဒီတရက် နှစ်ရက်အတွင်း လေ့လာသိရှိရတဲ့ အသိနဲ့ စဉ်းစားဝေဖန်ကြည့်ရတာကို- ဒါ အမြဲ လေ့လာနေတဲ့ ဆရာက ပါဠိတော်ရှိရင် ရှာပေးပါဆိုမယ့်အစား ပါဠိတော် မှာ မရှိပါဘူးဆိုရင် ပိုမကောင်းဘူးလား-

www.dhammaransi.com



နိုင်- ခုနက အရှင်ဘုရားစကားထဲမှာ 'မဇ္ဈိမပဋိပဒါ လေ့ကျင့်တာနဲ့ ဥပေက္ခာ ဖြစ်လာတယ်ဆိုတော့ ဥပေက္ခာရှုရတယ်ဆိုတဲ့ လုပ်ငန်းဟာ သတ်သတ် ဘယ်ဟုတ်တော့မလဲ' ဆိုတာဟာ ဥပေက္ခာရှု လုပ်ငန်းတခု သတ်သတ်ရှိသေးတယ်ဆိုတဲ့ သဘော ဦးဇင်း စွဲယူထားမှာ စိုးရိမ်တဲ့အတွက် သာမည 'ပါဠိတော်မှာမရှိပါဘူး'ဆိုရင် ဦးဇင်းစိတ်ထဲမှာ ကျေနပ်မှာ မဟုတ်တဲ့အတွက် 'ပါဠိတော်မှာ ရှာပေးစမ်းပါ'ဆိုတဲ့ အသုံးကို သုံးလိုက်ရတာပဲ-

တော်- အင်း ဟုတ်သလောက်လဲ ဟုတ်ထာပေါ့လေ- ဒါထားပါအုံး- အခု ဆရာရှင်းပြတဲ့ အဲဒိပွါယ်က ဘာပဲဖြစ်ဖြစ်- ကိလေသာ အစွန်းမကပ်တဲ့ မဂ္ဂင်အလုပ်သာ လုပ်ရင်တော့ မဇ္ဈိမပဋိပဒါလမ်းစဉ်ကျမှာပဲ- မဇ္ဈိမပဋိပဒါကျအောင် ပရမတ်ဖေါက်ပြန်မှုရဲ့ အပျက်ကိုသာဉာဏ်သိသိနေ ဥပေက္ခာသဘော ကျိန်းသေဖြစ်မယ် ဆိုပါတော့·

နိုင်- မှန်တာပေါ့ ကိုယ်တော်-နိဗ္ဗိဒါပဿနာဉာဏ်ဟာ အဆင့်ဆင့်ရင့်လာတော့- ရုပ်နာမ် သင်္ခါရကို လစ်လျူ ရှုတဲ့ 'သင်္ခါရုပေက္ခာ' ရောက်လာတာ ဘယ်လိုပြောင်းရှုလို့လဲ-

တော်- ပြောင်းမရှုရပါဘူး- သူ့ဟာသူ ဉာဏ်ဖြစ်သွားတာပဲ- ဒါပေမယ့် အဲဒီ အချိန်ဟာ ဉာဏ်အင်မတန်ရင့်လို့ မဂ်နားကပ်နေတဲ့အချိန်ဆိုတော့- သင်္ခါရုပေက္ခာကို သဘောကျပါတယ်၊ ဆရာပြတဲ့ ဓမ္မာနုပဿနာရဲ့ သဘောကတော့ 'ရုပ်နာမ်'ဆိုတဲ့ 'ရူပံ-နာမံ'ရယ်လို့စပြီး ပရမတ်နဲ့တာထွက်ကထဲက မဇ္ဈိမပဋိပဒါကော ဥပေက္ခာကော တပြိုင်နက်

www.dhammaransi.com



ပါလာတယ်လို့ သဘောကျထားတယ်–

နှုပ်– ဒါ အမှန်ပေါ့ ကိလေသာမကပ်တဲ့ မဇ္ဈိမပဋိပဒါ အလုပ် မှန်ရင် ကိလေသာမဖြစ်တဲ့ ဥပေက္ခာလဲပါတာပေါ့–

တော်– အဲ–အဲ–အဲဒီအချက်ကိုပြောတာမဇ္ဈိမပဋိပဒါနဲ့ဥပေက္ခာ ကပ်ပါသွားပုံလေး–

နှုပ်– ဒါမျိုးကို သဘောအနေနဲ့သာ အရှင်ဘုရားကိုလျှောက်ပါ တယ်· ဟောတရား အနေနဲ့တော့ ဘယ်တခါမှ မဟောဖူး သေးပါဘူး– ကဲ–ဥပမာ အရှင်ဘုရားက 'ဖေါက်ပြန်တဲ့' သဘော တခုခုဖြစ်ဖြစ်, ပျက်တဲ့ သဘောကိုပဲ ဖြစ်ဖြစ် ရှုနေတယ်ဆိုပါတော့– အဲဒီ အချိန်မှာ အရှင်ဘုရားရဲ့ အသိဟာ ဘာကိုသိနေသလဲ–

တော်– ဖေါက်ပြန်သဘော ပရမတ်ကို သိနေတာပေါ့–

နှုပ်– ဒါကို မဇ္ဈိမပဋိပဒါကျတဲ့ အသိလို့ ဆိုနိုင်မလား–

တော်– ဆိုနိုင်တာပေါ့· ဘာကိလေသာ အစွန်းတခုခုမှမကပ်ပဲ ကိုး–

နှုပ်– အစွန်းကိလေသာမကပ်တဲ့ 'ဖေါက်ပြန်သဘော'လို့ သိရ အောင်အရှင်ဘုရားအနေနဲ့ကြိုးစားချက်, လုပ်ဆောင်ချက်, ဆောင်ရွက်ရတဲ့ အချက်တွေ ဘာရှိသလဲ·

တော်– ဘာရယ်လို့တော့ မမှတ်မိဘူး– ခန္ဓာရဲ့သဘောကို အသိ ကပ်ပြီး လေ့လာနေတာနဲ့ သိလာတာပဲ သိနေတာပဲ–

နှုပ်– ဒါမှန်တယ် နကိုရှိပရမတ်ဟာ ရှိနေတဲ့အတွက် အသိဉာဏ် ရောက်လို့ သိနေတာဟာ (အဗျာပါရ)ကိုယ်လုပ်မယူရတဲ့ ရှာမယူရတဲ့ ပရမတ်အမှန်၊ အဲဒီ ပရမတ်ကို ကြောင့်ကြ

www.dhammaransi.com



မစိုက်ပဲ သိနေရတာဟာမဇ္ဈိမပဋိပဒါမဂ္ဂင်လမ်းစဉ်၊ဒီလမ်းစဉ်အရဖေါက်ပြန်မှုလို့သိသိနေတဲ့ဉာဏ်ဟာ'ဦးဇင်းစဉ်းစားနေဘ်'ဆင်းရဲကိုတွေ့နေသလား,ချမ်းသာကိုတွေ့နေသလား·

တော်- ဆင်းရဲကို တွေ့နေတယ်-

နုပ်- ဟော ဦးဇင်း လွန်ပြေးပီ- ခန္ဓာကိုသိတဲ့ ဉာဏ်အသိနဲ့ ပြောစမ်းပါ—

တော်- အင်းဟုတ်တယ် ဆင်းရဲလဲ မတွေ့ဘူး- ချမ်းသာလဲ မတွေ့ဘူး-

နုပ်- ဟုတ်ပီ ဒါ ခန္ဓာတွေ့ပဲ- နို ဝေဒနာသံယုတ်မှာဆိုတယ်- ရုပ်နာမ်ခန္ဓာမှာ 'ဝေဒနာ'ဆိုတဲ့ ခံစားမှုဟာ တခုမရှိ တခု ရှိတယ်ဆိုတာ ယုံရဲ့လား—

တော်- သံယုတ်ပါဠိတော်ဗျာ ယုံပါတယ်—

နုပ်- ဒါဖြင့်'ဖေါက်ပြန်သဘော'လို့မဇ္ဈိမပဋိပဒါနဲ့သိနေတဲ့အချိန် ဆင်းရဲလဲ မတွေ့ဘူးဆိုရင် ဒုက္ခဝေဒနာ ဖြစ်,မဖြစ်-

တော်- ဒုက္ခဝေဒနာ မဖြစ်ဖူး—

နုပ်- သုခဝေဒနာကော ဖြစ်,မဖြစ်—

တော်- သုခဝေဒနာလဲ မဖြစ်ဖူး—

နုပ်- ဝေဒနာသုံးပါးတပါးပါးဖြစ်ရမယ့်ခန္ဓာဟာ·ဘာဝေဒနာ ကျန်သလဲ- ·ဘာဝေဒနာသိဖြစ်မလဲ—

တော်- (ကွပ်ပြစ်ကို လက်နှင့်ရိုက်၍)အိုးကပ်နေရက်နဲ့ မသိလိုက်ထာနော်- တကယ်ပဲ မသိချင် ဟန်ဆောင် နေသလိုပဲ ဟုတ်လိုက်ထာ နက်နဲသိမ်မွေ့လိုက်ထာနော်- စာသဘောနဲ့ သိဖို့ (ဦးဇင်းအနေနဲ့တော့) တကယ့်ကို မလွယ်ပါဘူး၊

www.dhammaransi.com



ဖိုးပန် တော်လှချည်လား- လက်စသတ်တော့ ဦးဇင်းတို့ 'ဖေါက်ပြန်နေတယ်, ပျက်နေတယ်'လို့သိတဲ့ အသိဟာ- နှစ်သက် မနှစ်သက် အစွန်းလဲမကပ် (ဆင်းရဲချမ်းသာလဲ မမှတ်တော့ ဒီအသိမှ ဥပေက္ခာဖြစ်ပါလား-

နုပ်- နို့ဥပေက္ခာဟာ သင်္ခါရုပေက္ခာရောက်အောင် စောင့်ရှုရအုံးမှာလား-

တော်- မဇ္ဈိမပဋိပဒါနဲ့ စရှုကထဲကဥပေက္ခာပါလာပြီးဘဲစောင့်ဖို့ မလိုပါဘူး-

နုပ်- အရှင်ဘုရား ဝိပဿနာရှုရာမှာ သင်္ခါရုပေက္ခာဟာ အရေး မကြီးပါဘူး၊ တကယ်အလုပ်လုပ်တဲ့ ဝိပဿနုပေက္ခာသာ အရေးကြီးပါတယ်၊ ဝိသုဒ္ဓိမဂ်တို့ ပဋိသမ္ဘိဒါမဂ်တို့မှာ ပါသားပဲ-

တော်- အစဖေါ်ပေးရင်တော့ သိမှာပါပဲ-

နုပ်- 'အာရဒ္ဓဝိပဿကဿဝိပဿနာဉာဏေနလက္ခဏတ္တယေဒိဋ္ဌေ သင်္ခါရာနံ အနိစ္စဘာဝါဒိ ဝိစိနနေ မဇ္ဈတ္တတာ ဥပ္ပဇ္ဇတိ၊ အယံ ဝိပဿနုပေက္ခာနာမ'။

အဲဒါ ဝိပဿနုပေက္ခာဖြစ်ပုံပေါ့-

တော်- သတိရပြီ- ဝိပဿနာ ရှုအားသန်တဲ့ ယောဂီအတွက် ရုပ်နာမ်ပရမတ်ကို အမှန်အတိုင်း သိမြင်နေတဲ့ ဝိပဿနာ ဉာဏ်ဟာ သင်္ခါရတို့ရဲ့ မမြဲတဲ့, ဆင်းရဲတဲ့,အနှစ်သာရ မဲ့တဲ့ သဘောတို့ကို မြင်တဲ့အခါမှာ အဲဒီသဘောတို့ကို သိမြင် စိစစ်ပြီး 'ဤသင်္ခါရတို့သည် ဤသဘောမျှပါတကား'လို့ ရှုမြင်တဲ့ဉာဏ်ဟာ ဝိပဿနုပေက္ခာဉာဏ်ဆိုပဲ-

www.dhammaransi.com



နုပ်- တကယ်တော့ ဒီဝိပဿနာပေက္ခာဟာ ရှုနေတဲ့ ယောဂီရဲ့ စိတ်ကူး ကြံစည်နေရတဲ့ ကိစ္စမဟုတ်ဖူး- ပရမတ်ကို သိနေတဲ့ဉာဏ်အခိုက်မှာဖြစ်ထာမှုစိတ်မဝင်စားပါနဲ့အလုပ် ဖြစ်တဲ့ သတိပဋ္ဌာန်မဂ်ဟာ သူ့ကိစ္စသူဆောင်ရွက်သွားရင် ရင့်ကျက်လာတဲ့ လေ့ကျင့်ဉာဏ်ဟာ သင်္ခါရ ရုပ်နာမ်ကို သူ့ဟာသူ လစ်လျူပြုပြီး မဂ်ဝင်သွားမှာပါ၊ ဒါကြောင့်

နာမရူပပရိစ္ဆေဒဋ္ဌကထာမှာ-

'ပရိပက္ကာ ကမေနေဝံ၊ ပရိဘာဝိတ ဘာဝနာ၊

ပရိစ္စဇန္တိ သင်္ခါရေ၊ ပက္ခန္ဒတိ အသင်္ခတေ'

လို့ဆိုတာပေါ့ ကိုယ်တော်-

တော်- ဩော် ဩော်- ဒီအဋ္ဌကထာပါဠိ ဦးဇင်းတော့ မတွေ့ဖူးဘူး၊ တယ်ကောင်း ပါလား- မှတ်ထားရ အုံးမယ်- တကယ်ပဲ ပရမတ် အမှန်သိဖို့သာ ဂရုစိုက် လေ့ကျင့်ဘို့ လိုတယ်-လေ့ကျင့်ပါများတော့ ရင့်ကျက်လာတဲ့ဉာဏ်ဟာ မဂ်ဖိုလ်ကိုတန်းသွားတာပဲနော်-

နုပ်- ဒါပေါ့ဘုရား ခန္ဓာရဲ့ အမှန်တရား ပရမတ်တို့သာထပ်ထပ် သိအောင် လေ့ကျင့်ဖို့လိုတဲ့ အတွက် မြတ်စွာဘုရား ကိုယ်တော်တိုင်က-

'ဘာဝိတာ- ပွားပါ'

'ဗဟုလီကတာ- ကြိမ်ဖန်များစွာ နှလုံးသွင်းပါ'

လို့ ဟောညွှန်တော်မူသလို အဋ္ဌကထာများကလဲ-

www.dhammaransi.com



'ပုနပ္ပုနံ-သမ္မသိတဗ္ဗံ-အကြိမ်ကြိမ်အဖန်ဖန်ကြည့်ပါ'

'ပုနပ္ပုနံ-မနသိကာတဗ္ဗံ အကြိမ်ကြိမ်အဖန်ဖန် နှလုံးသွင်းပါ'

'ပုနပ္ပုနံ-ပရိဂ္ဂဟေတဗ္ဗံ-အကြိမ်ကြိမ်အဖန်ဖန် သိမ်းဆည်းပါ'

'ပုနပ္ပုနံ-ဝ ဝတ္ထပေတဗ္ဗံ-အကြိမ်ကြိမ် အဖန်ဖန် ပိုင်နိုင်အောင်သိပါ'

လို့ တိုတ်တွန်းတော်မူကြတာပါပဲ-ဒါဟာ ဉာဏ်ရင့်ကျက်မှု လုပ်ရတာချည်းပဲပေါ့-

တော်- အို....ဒီစကားတွေဟာ အရင်တုန်းက ဦးဇင်းတို့သိတဲ့ အသိနဲ့ အခုဆရာက အလုပ်သဘောအရ'ဉာဏ်ရင့်ကျက်မှု အတွက်'လို့ပြောမှ မြတ်စွာဘုရားရဲ့ သတ္တဝါအပေါ်ထားရှိတဲ့ မဟာကရုဏာတော်၊ အဋ္ဌကထာဆရာတို့ရဲ့ စေတနာကို သဘောပေါက် နားလည်တော့တယ်....

ဋ္ဌမ်- အရှင်ဘုရားက တရားကို မဟုတ်ပဲ- တိုက်တွန်းချက်ကျမှ သဘောပေါက်ရတယ်လို့-

ယော်- ဒီလိုပါ....ဆရာပြောလာတဲ့ အလုပ်သဘောတလျှောက်လုံးဟာ- အရင်းခံဖြစ်တဲ့'ဖေါက်ပြန်မှု'ဖြစ်စေ'သိမှု'ဖြစ်စေ သူတို့ရဲ့သဘာဝ 'အပျက်'ကိုသာ အထပ်ထပ်, အဖန်ဖန်, အကြိမ်ကြိမ်, အခါခါ, မပြတ်မလပ် လေ့ကျင့်နေဖို့သာ လိုတယ်, သိနေဖို့သာလိုတယ် ဒီလို ပရမတ်ကိုသိတဲ့ အသိ တသိထဲထားပြီး လေ့ကျင့်နေရင်တော့-

www.dhammaransi.com



'မဇ္ဈိမပဋိပဒါလဲဖြစ်တယ်'
'အစွန်းလဲ လွတ်တယ်'
'ဝိပဿနာပေက္ခာလဲဖြစ်တယ်'
'သင်္ခါရုပေက္ခာလဲဖြစ်မယ်'
'မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အသင်္ခတလဲရောက်မယ်'

ဆိုတာတွေ တဆက်ထဲ နားလည် သဘောပေါက်သွား တာကိုပြောတာပါ၊ ဝမ်းသာလိုက်ထာ ဆရာရယ်-

နုပ်- အိုး-ဒီလို သဘောပေါက်ထာ မှန်ရင်တော့ ဦးဇင်း ဆက်ကြိုးစားပါ လမ်းမှားဖို့-လမ်းချော်ဖို့-မရှိတော့ဘူး- ဦးဇင်းအတွက် မစိုးရိမ်ရတော့ဘူး-

တော်- ကဲ ဒီညတော့ ဝမ်းမြောက်အားတက်တဲ့စိတ်နဲ့ အားထုတ်တော့မယ်-နက်ဖြန်ဆွမ်းစားပြီး ၁၁ နာရီလောက် ဒီနေရာကိုပဲလာပါ၊ ရွှေတိဂုံဘုရားတော့ မသွားတော့ဘူး-ဒီနေရာက လူလဲရှင်းပါတယ်-

နုပ်- ဒါဖြင့် တပြည့်တော်ပြန်မယ်- ဦးဇင်း အလုပ်သဘော ပေါက်သွားတာ တပည့်တော် အင်မတန် ဝမ်းသာအားရ ရှိပါတယ်၊ တပည့်တော် ကိစ္စကတော့ ကိုယ်ပြောပြရတဲ့ ယောဂီဟာ သဘောပေါက်တယ်, အလုပ်ဖြောင့်မယ်ဆိုရင် ကိုယ်ကိုယ်တိုင် မဂ်ဖိုလ်နိဗ္ဗာန်ရသလိုပဲ-

ကဲ ဆရာ့လိုက်ပို့မယ်ဆိုပြီး ထွက်လာကြသည်၊ သို့နှင့် အိမ်ပြန်ရင်း ဝမ်းသာကြောင်း, အားတက်ကြောင်းများ ပြောရင်း ၁၁-နာရီ အိမ်ပြန်ရောက်သည်၊ အိမ်ရောက်လျှင်

www.dhammaransi.com



ခေတ္တ အညောင်းဆန့် အပန်းဖြေပြီး ကိုယ်တော်နှင့်ပြောဆို ဆွေးနွေးချက်တို့ကို အကြမ်းပြန်ရေးပြီး အိပ်လိုက်သည်။

## သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၊ (၁၈-၁၀-၇၅)

နံနက် ၁၀-နာရီခွဲပြီးသည်တွင် စားသောက်မှု ကိစ္စအဲထွေထွေ ကိစ္စများ ပြီးစီးအောင် ဆောင်ရွက်ကာ ဝမ်းမြောက်စွာနှင့် ကိုးထပ်ကြီးဘုရား စနေဒေါင့် တိုက်ကလေးသို့ ဦးတည်၍လာခဲ့သည်၊ ယနေ့ သီတင်းကျွတ်မီးထွန်းပွဲအစနေ့ဖြစ်သည့်အတိုင်းမီးထွန်းပူဇော်ရန်ပြင်ဆင်နေသူတို့ ပန်းကပ်နေသူတို့ စသည်များအပြင် နေ့နံအလိုက်ဆွမ်းတော် ကပ်သူများ, ဆွမ်းတော်ကပ်ပြီး၍ စုပေါင်းစားသောက်နေသူများဖြင့် စည်ကားလျက် ရှိလေသည်၊ ကျွန်ုပ်လည်း ကိုယ်တော်နှင့် ချိန်းထားသော နေရာသို့ လှမ်းမျှော်ကြည့်ရာ ကိုယ်တော် မရောက်သေးသည်နှင့် မြတ်စွာဘုရားကို အာရုံပြု၍ ဆယ်မိနစ်မျှ ဂုဏ်တော်ကို နှလုံးသွင်း ပွားများကာ တိုက်ကလေးဖက်သို့ ထွက်လာခဲ့သည်။

နုပ်- ကိုယ်တော် အခုမှ ရောက်တယ်ထင်တယ်-

တော်- ဆယ်နာရီခွဲပြီးကထဲက ရောက်ပါတယ်၊ ဆူဆူညံညံရှိတာနဲ့ ဟိုနောက်နားမှာ စင်္ကြံသွားနေတာပါ၊ အခုမှ ဆရာ ရောက်လောက်ပြီ ထင်တာနဲ့ ပြန်လာတာ-

နုပ်- စင်္ကြံလျှောက်တော့ကော ဘယ်လိုနှလုံးသွင်းသလဲဘုရာ့-

www.dhammaransi.com



တော်- ဒါကတော့ သတိပဋ္ဌာန် ဣရိယာပထ အညွှန်းအတိုင်း ရုပ်နာမ်အမှတ် သတိထားပြီး လျှောက်ထာပေါ့- ဒါပေမဲ့ ခန္ဓာအကြောင်း သိသင့်သလောက်သိထားတော့ဖေါက်ပြန်တဲ့ သဘောတရားတွေဟာ- လှုပ်ရှားတိုင်း, ရွေ့ရှားတိုင်း, ပြောင်းလဲတိုင်း, ပျက်သွားတာ, ချုပ်သွားတာ,ကုန်သွားတာ, ပျောက်သွားတာတွေကို အတတ်နိုင်ဆုံး အသိပါအောင် လျှောက်ထာပါပဲ-

နုပ်- ကောင်းလိုက်လေဘုရား-ဣရိယာပထနည်းနဲ့ သွားတဲ့အခါ သွားတယ်,သွားနေတယ် သိရုံသာဆိုရင်တော့ လွယ်တာပေါ့• အဲဒီ သွားမှုကိစ္စ ဆောင်ရွက်တဲ့အခါ လှုပ်ရှားရွေ့ရှားနေတဲ့ ဖေါက်ပြန်မှုတို့ ပျက်သွားတာ သိဖို့တော့ အတော် ဂရုစိုက်ရတယ်ဘုရာ့- ဒီခန္ဓာမှာ အသိဉာဏ်ဖြစ်အောင် လေ့လာထားတော့- သွားမှုကိစ္စလဲ သဘောပေါက်လာတာပေါ့ဘုရား- ကောင်းပါဘုရား- ဒါထက် မနေ့ညက အားထုတ်ပုံနဲ့သိပုံလေး-

တော်- မနေ့ညက ဖြစ်ပုံကတော့ တရားမထိုင်ခင် ဝမ်းသာနေလို့ တော်တော်နဲ့ထိုင်မရဘူး၊ဒီအတိုင်းထိုင်ရင်လဲကာမသုခလ္လိကာ ဖြစ်မှာစိုးလို့ အဲဒီစိတ်ကို တတ်နိုင်သလောက် ဖျောက်ပီးမှ တရားအားထုတ်ရတော့ နာရီဝက်လောက် အချိန်နှောင်းသွားတာပေါ့-

နုပ်- နေပါအုံး အရှင်ဘုရား ဝမ်းသာတဲ့စိတ် ဖြစ်တိုင်း ကာမသုခလ္လိက ဖြစ်ထာမဟုတ်ပါဘူး၊ အဲဒီစိတ်ကိုစွဲပြီး သဘောကျပြီး အဲဒီအထဲမှာ နစ်မြုပ်နေမှဖြစ်ထာပါ-

www.dhammaransi.com



'နိရာမိသံဝါ သုခံ ဝေဒနံ ဝေဒယမာနော နိရာမိသံ သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ'

ဆိုတဲ့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပါဠိတော်လာအတိုင်း 'ကာမဂုဏ်နဲ့မစပ်တဲ့ချမ်းသာမှု ဝမ်းသာမှုခံစားတဲ့အခါလဲ ဒါဟာ ကာမဂုဏ်နဲ့မစပ်တဲ့ချမ်းသာ ဝမ်းသာခံစားမှုပဲ'လို့ သိနေရင်လဲ ဝေဒနာနုပဿနာ ရှုပြီးသားဖြစ်ထာပဲမဟုတ်လား·ကာမသုခလ္လိက မဖြစ်ပါဘူး၊ အသိပါဖို့သာလိုပါတယ်၊ တပည့်တော်တို့ ဝိပဿနာအန္တရာယ် ဆယ်ပါးမှာ ကြည့်ပါ- 'ဩဘာသဆိုတဲ့ အလင်းရောင်တို့ ပီတိဆိုတဲ့ နှစ်သက်မှုတို့ သုခဆိုတဲ့ ချမ်းသာခြင်းတို့စတဲ့ သဘောတွေဟာ သူတို့ကိုတွေ့တာနဲ့ ဝိပဿနာအန္တရာယ် မဖြစ်သေးပါဘူး' အဲနောက်ဆုံးက နိကန္တိဆိုတဲ့ တွယ်ကပ်စိတ်ဖြစ်လာမှ အန္တရာယ်ဖြစ်တယ်မဟုတ်လား- အခုအရှင်ဘုရားက ဝမ်းသာနေရုံမဟုတ်ဘူးလား-

တော်- ဝမ်းသာနေရုံဆို ဘယ်ဒီလောက်ကြာမလဲ ကိုယ်ထဲမှာကို တဒိတ်ဒိတ်နဲ့ ပီတိတွေဖြစ်နေလို့ ဒီလောက်ကြာသွားတာပေါ့-

နုပ်- ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ တပည့်တော်လျှောက်ချင်တာက အများစုရဲ့ သဘောထားက ဝိပဿနာဆိုတာ သီးသန့်လုပ်ရတဲ့ လုပ်ငန်းတခုလို့ သဘောထားကြတယ်၊ သတိပဋ္ဌာန်လေးပါးစလုံး အရှင်ဘုရား သဘောကိုလေ့လာကြည့်ပါ၊ ဒီခန္ဓာရဲ့ပြုလုပ်နေတဲ့ဖြစ်ရှိနေတဲ့ ကိစ္စအားလုံးကို ပညတ် ရှုထောင့်က မဟုတ်ပဲ- ပရမတ် ရှုထောင့်က

www.dhammaransi.com



ပြောင်းကြည့်ပြောင်းသိတာပဲဘုရား-ဥပမာခန္ဓာရဲ့အမူအရာ တခုကို ပညတ်ရှုထောင့်က 'လှုပ်တယ်'လို့ ပြောတယ်၊ ဒါကိုဘဲ ပရမတ်ရှုထောင့်က 'ဖေါက်ပြန်တယ်'လို့သိတယ်၊ အမူအရာဖြစ်ရပ်ကတော့ တမျိုးထဲ ကိုယ့်ရှုထောင့်နဲ့ကိုယ် တမျိုးစီဖြစ်သွားတာ- အသိပါမှု မပါမှုမှာ သတိပဋ္ဌာန်ဖြစ် မဖြစ် ဆုံးဖြတ်ရတာပေါ့—

တော်- ဒါဖြင့် အဲဒီနေရာမှာ အသိပါအောင် ဘယ်လိုနှလုံးသွင်း ရမယ်ဆိုတာ–

## 'ဝမ်းသာလဲ ဝိပဿနာရှု'

နုပ်- ဓမ္မပဒဋ္ဌကထာမှာသပ္ပဒါသမထေရ်ဝတ္ထုကိုကြည့်ဒီမထေရ် ဟာ ရဟန်းဖြစ်ပြီး နောက်တချိန်မှာ သူပျင်းလာတော့- လူလဲမထွက်ချင် ဒီအဝတ်နဲ့ သေဖို့ကိစ္စသာ ရှာကြံနေတုန်း မီးဖိုထဲမှ မြွေဟောက်တကောင်ကို ကိုယ်တော်တွေဝိုင်းဖမ်း ပြီး သွားလွှတ်ဖို့ အိုးထဲထည့်နေတာမြင်တော့ သူကနေရာ ကျပါဆိုပြီး တပည့်တော်သွားလွှတ်ပေးပါ့မယ်• အိုးကိုသာ ပေးပါတောင်းပြီး ကျောင်းဝင်းအပြင်ကိုယူသွား-သေချင် နေတဲ့ ကိုယ်တော်က မြွေကိုက်အောင် အိုးထဲလက်နှိုက် အကိုက်ခံတာကိုး- ဒါနဲ့လဲ မြွေကမကိုက်တော့ မြွေပါးစပ် ဖြဲပြီး လက်ထည့်လဲမကိုက် မြွေစိတ်ဆိုးအောင် အိုးထဲ လက်ထည့်မွှေလို့လဲ မကိုက်တော့ လွှတ်ပြီးပြန်လာတာကိုး- သူက မြွေနဲ့လဲမသေတော့တခြားသေဖို့ကိစ္စကိုသာရှာနေ ကြံနေတဲ့အချိန် ရေချိုးမလို့ တခြားရဟန်းတွေ ရေဆိပ်ကို

www.dhammaransi.com



ဆင်းတော့ သူကလဲ လိုက်သွားတယ် ရေဆိပ် သဖန်းပင်နားမှာ ရဟန်း ၂-ပါး ခေါင်းရိပ်နေတာ တွေ့တဲ့အခါ ပိုနေတဲ့ဒါးတလက်ကိုခဏငှါးပြီး သဖန်းပင်အကွယ်ကိုသွား သူ့လည်ပင်းသူလှီးပြီး သေကြောင်းကြံတာကိုး-ဒီလိုကြံပြီး လည်ပင်း(ရေမျို)ကို ဒါးတင်ပြီးတယ်ဆိုရင်ပဲ သူက ငါဒီမှ နောက်တော့ သေတော့မယ်- ရဟန်းဆိုတာ သီလမစင်ကြယ်ပဲသေရင် နစ်နာတယ်-ဆင်းရဲတယ်-ဒီတော့ ငါ့သီလ စင်ကြယ် မစင်ကြယ် ဆင်ခြင်အုံးမှပဲလို့ စိတ်ကူးရတာနဲ့ သူရဟန်းဖြစ်စက ယနေ့အထိ သူ့သီလဟာ အင်မတန် စင်ကြယ်တာသိတော့-

'နိမ္မလံ သီလံ အဒ္ဒသ တဿတံ ဒြလောကေန္တဿ သကလသရီရံ ဖရန္တီ ပီတိ ဥပ္ပဇ္ဇိ၊ သော ပီတိံ ဝိက္ခမ္ဘေတွာ ဝိပဿနံ ဝဍ္ဎေန္တော သဟပဋိသမ္ဘိဒါဟိ အရဟတ္တံပတွာ' တဲ့ ကလေ ကိုယ်တော်ဘယ့်နှယ်လဲ....

တော်- ဟုတ်ထာပေါ့ဆရာ့ရဲ့ သူက သူ့သီလစင်ကြယ်ကြောင်း သိလို့ ဝမ်းသာတဲ့ပီတိဖြစ်တယ်၊ ဒီပီတိကို စွဲမထားပဲခွါပြီး အားထုတ်လို့ရဟန္တာဖြစ်ထာ-ဦးဇင်းက ဒီပီတိကိုစွဲထားတာ ခွါရမှန်းလဲမသိဘူး- မသိတော့လဲ အဲဒီဝမ်းသာမှုထဲမှာ နစ်နေထာပေါ့-

နုပ်- နောက်တခုံ ဓမ္မပဒမှာပဲ ပဋာစာရဝါသီတိဿ ဝတ္ထုလေ-တောထဲမှာ တရား အားထုတ်ဖို့ လာတဲ့ ရဟန်းတပါး ကျောက်ဂူထဲဝင်နေတော့ ဂူထဲမှာနေတဲ့နတ်ကမကျေနပ်ဖူး ဒီရဟန်း တခြားသွားအောင်ပြေးအောင် သူမလုပ်နိုင်တော့

www.dhammaransi.com



ဒီရဟန်းကို သားလိုခင်မင်တဲ့ တကာမကြီး သားငယ်တယောက်ကို ဝင်ပူးပြီး ဖမ်းစားထားတာပဲ- နောက်တခြားလူတယောက်ကို ဝင်ပူးပြီး ဒီကလေးပျောက်စေချင်ရင် သင်တို့အိမ်က ဆွမ်းခံကိုယ်တော်ဆီမှာ- နွာတို့-ရှိန်းခိုမှုန့်တို့ တောင်းပြီး ရှူခိုင်းလိုက် ပျောက်လိမ့်မယ်လို့ပြောတာကိုး- ဒီတကာမကြီးကလဲ သဒ္ဓါသနာစိတ်ရှိတယ်- ဒီလိုဆေးတောင်းလိုက်ရင် သူ့ကိုယ်တော် သီလထိခိုက်မှာစိုးလို့မတောင်းဘူးလို့ ပြန်ပြောတယ်– နောက်တော့ နတ်ကခြေဆေးရေလေးပဲယူပြီး ခေါင်းက လောင်းချပေးလိုက်ပါဆိုတော့ တကာမကြီးက ဒါတော့ဖြင့် ဝန်မလေးဘူး-ကိုယ်တော်ပေးတာမှ မဟုတ်ပဲလို့ သဘောပေါက်ပြီးဝန်ခံလိုက်တယ်၊ အဲ နံနက် ကိုယ်တော် ဆွမ်းခံလာတော့ ခြေဆေးရာက ရေကိုယူပြီး ကိုယ်တော်ကိုပန်ကြားလို့ ကလေးခေါင်းကို လောင်းလိုက်ထာနဲ့ ကလေးဟာ အကောင်းပကတိ ဖြစ်သွားတယ်၊

ကိုယ်တော်လဲ ဆွမ်းဘုဉ်းပေးပြီးလို့ ဂူကိုပြန်တော့ ဂူဝရောက်ရင်ပဲ- နတ်က ဂူပေါက်ကပိတ်ပြီး 'ဘယ့်နဲ့ ဆေးဆရာကြီး ဒီကိုမဝင်ပါနဲ့'လို့ တားတော့တာပဲ၊ ကိုယ်တော်ကလဲအံ့အားသင့်သွားပြီး'ငါဘယ်တုန်းကဆေးကုလို့လဲ'လို့မေးတဲ့အခါ နတ်က ဟိုတုန်းက ဆေးကုတာကို မပြောပါဘူး 'ဒီမနက် - ဟိုတကာမကြီး ကလေးကို ကုလာတယ်မဟုတ်လား'လို့ ဆိုတော့ ကိုယ်တော်က စဉ်းစားတယ်-ငါဟာ ရဟန်းဖြစ်သည်မှ ဒီနေ့ထိ ငါ့သီလ ကျိုးပေါက်

www.dhammaransi.com



ပြောက်ကျားခြင်းကို နုတ်တောင်မှ မမြင်လို့ သူကြံဖန်ပြီး ငါ့ကို စွပ်စွဲတာပဲ· ငါ့သီလဟာ တကယ့်ကို စင်ကြယ်ပါလားလို့–

'တဿ သီလံ အာရဗ္ဘ ဗလဝ ပီတိ ဥပ္ပဇ္ဇတိ၊
သောတံ ဝိက္ခမ္ဘေတွာပါဒုဒ္ဓါရမ္မိအကတွာ
ဟတ္ထေဝ အရဟတ္တံ ပတွာ'တဲ့

ကိုယ့်သီလ စင်ကြယ်ခဲ့ပုံကို သဘောကျ ဝမ်းသာတော့ ကြက်သီးမွေးညှင်းထတဲ့ နှစ်သက်မှုတွေ၊ ရင်ထဲတလှပ်လှပ်နဲ့ ဖြစ်တဲ့ ဝမ်းသာမှုတွေ ဝမ်းထဲမှာလှိုင်းတပိုးထသလိုဖြစ်တဲ့ သဘောကျမှုတွေဖြစ်လာတော့ချက်ခြင်းသတိရတယ်-ဒီပီတိတွေတော့ ခွါမှပဲဆိုပြီး ဖြစ်ပေါ်လာတဲ့ သဘောတရားစုတို့ဟာ ဖြစ်ပျက်တွေပဲလို့ အပျက်ကိုသာ ရှုလိုက်ထာ ရပ်နေရာက ခြေတောင်မကြွ မလှမ်းမပြင်ပဲ ဒီနေရာတင်ပဲ ရဟန္တာဖြစ်ဆိုပဲ–

တော်– ဟုတ်ပဗျား· တော်ပါပြီ· အခုဆရာပြောလို့သတိရလေ· ဒီပီတိကို မရှုမိလို့ နှမြောလေပဲ· တတယ်တော့ ဝိပဿနာအလုပ်ဟာ ဘယ်လိုပဲရှိရှိ· ဒီခဏ္ဍာပေါ်မှာ· သဘောထားအမှန်ဆိုတဲ့ ပရမတ်သိသိနေဖို့သာလိုကြောင်း-ဒါသက်သေသာဓကတွေပဲလို့ ဦးဇင်းထင်တယ် ဟုတ်ကဲ့လား–

နုပ်– ဒါကြောင့်ပေါ့ဘုရား သတိပဋ္ဌာန်ပါဠိတော်မှာ–

'ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ'လို့ ဟောတော်မူတာပေါ့–

www.dhammaransi.com



တော်- ဒါ-ဆရာ-ဣရိယာပထပိုင်းမှာသာဟောတာမဟုတ်လား။

## ‘ဣရိယာပုထ်တိုင်း ဆိုင်တဲ့ပါဠိ’

နုပ်- ဩြော်-ဒီပါဠိတော်ဝါကျကို ဣရိယာပထပဗ္ဗမှာပါတော့- ဒီအပိုင်းမှာသာဟောလို့ ဒီအပိုင်းနဲ့သာ သက်ဆိုင်တယ် ထင်တာကိုး- ဒါတော့ အရှင်ဘုရားတင်မဟုတ်ဖူး တချို့ ဒီလိုပဲပြောတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်- အမှန်ကို လေ့လာကြည့်ပါ၊ သတိပဋ္ဌာန်ဣရိယာပထပိုင်းမှာ-

‘ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ- သွားဆဲအခါ သွားသည်လို့သိ’

‘ဌိတော ဝါ ဌိတောမှိတိ ပဇာနာတိ- ရပ်ဆဲအခါ- ရပ်သည်လို့သိ’

‘နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ- ထိုင်ဆဲအခါ- ထိုင်သည်လို့သိ’

‘သယာနော ဝါ သယာနောမှိတိ ပဇာနာတိ- အိပ်ဆဲ အခါ အိပ်သည်လို့သိ’ ဟောပြီး တဆက်ထဲ- ‘ယထာ ယထာ ဝါ။လ။ပဇာနာတိ’တဲ့ အရှင်ဘုရားစဉ်းစားကြည့် မြတ်စွာဘုရားက ဣရိယာပုထ်လေးပါးနဲ့ အလုပ်လုပ်တဲ့ ယောဂီဟာ-

‘အကြင် အကြင်သို့သော အခြေအနေ-ပုံဟန် အမူအရာ- အသွင်အပြင်-ဖြစ်နေရှိနေ၏၊ ထိုထိုသို့သော အခြေအနေ ပုံဟန် အမူအရာ အသွင်အပြင် အနေအထားအတိုင်းသိနေ’

www.dhammaransi.com



အမိပ္ပါယ်က ဒီလိုမဟုတ်လား- အရှင်ဘုရားက-ဣရိယာပုထ်ကြီးလေးပါးအပြင် ဘာနဲ့အားထုတ်မှာမို့လဲ•ဒီအတွင်းမှာဘဲ ရှုတာဆိုတော့ သွားနေတုန်းသိရရင်လဲ ဒီခန္ဓာရဲ့ သဘောတရားဘဲ- ရပ်ရင်းရှုလဲ ဒီပရမတ်ခန္ဓာရဲ့ သဘောတရားဘဲ- ထိုင်ရင်းရှုလဲ ဒီသဘောတရားဘဲ- အိပ်ရင်းရှုလဲ ဒီပရမတ်ပဲမှတ်လား ဒီခန္ဓာရဲ့ သဘာဝတရားကို ဒီခန္ဓာရဲ့ ဣရိယာပုထ် အမူအရာ အတွင်းမှာသာ ရှုရကြောင်းကို ဣရိယာပထဟောတော့ အဲဒီ အပိုင်းထဲမှာ ထည့်သွင်းဟောတာပေါ့-

နောက်ပြီး ဒီခန္ဓာဟာ အနတ္တာဖြစ်တော့- ပြုပြင်ပြောင်းရွှေ့မယူရပဲ- ကျတဲ့အတိုင်း, ဖြစ်တဲ့အတိုင်း, ရှိတဲ့အတိုင်း ရှုရကြောင်း သိတော်မူစေလိုလို့ပဲဆိုတာ ထင်ရှားအောင် ဟောတာပေါ့ဘုရား-အမှန်က ဘယ်လိုနေနေ ဘယ်အခြေအနေမှာပဲရှိရှိ ခန္ဓာရဲ့ အမှန်သဘောကိုသိနေဖို့လိုတာပေါ့-

တော်- ဒါမှန်ပါတယ်-သမ္ပဇညပဗ္ဗမှာ 'ဥစ္စာရပဿာဝကမ္မေ'လို့ ဟောတော့- ကျင်ကြီးစွန့်ရာ- ကျင်ငယ်စွန့်ရာမှာတောင် ခန္ဓာရဲ့သဘောတရားကိုသိဖို့အစွမ်းကုန် အောင်ဟောထားတာဘဲနော်-

နုပ်- ကဲ ဒီတော့ ဒါအရှင်ဘုရား သဘောပေါက်ပြီနော်- အဲဒီတော့ မနေ့ညက တရားအားထုတ်တော့ အသိဘယ်လိုရှိတယ်ဆိုတာ အမိန့်ရှိအုံးဘုရာ့ ဒါက အရေးကြီးတယ်-

တော်- ဒါတင်မဟုတ်ပါဘူး၊ အားလုံး အရေးကြီးတာချည်းပါပဲ- ပထမ အားထုတ်တော့ ဆရာပြောတဲ့ အတိုင်း

www.dhammaransi.com



ထင်ရှားသိလွယ်ရာကို အရင်ရှုတယ် အသိဉာဏ်ကပ်လိုက်တဲ့ နေရာတိုင်းဟာ သူ့ဟာနဲ့သူ ဖေါက်ပြန်နေတာချည်းပဲ- ဒီလိုနဲ့ တကိုယ်လုံးနှံ့အောင် ပိုက်စိပ်တိုက်ပြီး လေ့လာတာ တနာရီလောက် ကြာသွားမယ်ထင်တယ်- ဒီသဘောတရား တွေချည်းပဲလို့ ယုံကြည်လာတာပဲ-

နုပ်- ဒီဖေါက်ပြန်မှု (ပရမတ်) အမှန်သဘောကလွဲလို့ ဘာမှမရှိ ပါလားလို့ တကယ်ယုံကြည်တယ်နော်- ခေါင်းတို့ ကိုယ်တို့ ခြေတို့ လက်တို့ဆိုတာကော တွေ့နေသေးသလား-

တော်- ခန္ဓာရဲ့ ဖေါက်ပြန်မှု သဘောတရားတွေလို့ သိနေတဲ့ အချိန်အတွင်းမှာတော့ ဘယ် ခေါင်း, ကိုယ်, ခြေ, လက်မှ သတိမထားပါဘူး-

နုပ်- ဒါအရှင်ဘုရားအလုပ်နော်- ပရိယတ္တိဉာဏ်နဲ့တော့ ဖြေလို့ မဖြစ်ဖူးနော်-

တော်- ဦးဇင်းသိပါတယ်- ဉာဏ်သိ သိမှ ဖြစ်မှာပါ-

နုပ်- ဟုတ်ပြီဘုရား့ တကယ်တော့ ခေါင်း, ကိုယ်, ခြေ, လက် ဆိုတာက ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ နှလုံး သွင်းမှ သိတာကိုး- သူတို့ရယ်လို့ သတိမထား တော့လဲ နှလုံးမသွင်းလို့ မသိဘူးပေါ့- ဒါဖြင့် ဆက်စမ်းပါအုံး-

တော်- အဲဒီလို ခန္ဓာကို ကွက်ခြားကွက်ခြားနဲ့ ရှုပြီးလို့နေရာ နှံ့သွားပြီးတဲ့နောက် တကိုယ်လုံးခြုံပြီးတော့ ရှုကြည့်တာပဲ ဆရာရေ့- အဲဒီလိုရှုတော့ တကိုယ်လုံးဟာ ပထမတော့ ခြုံလို့မရဘူး- ကွက်ခြားရှုသလိုပဲ ဖြစ်နေတယ်- ဒါပေမဲ့ ခုနကရှုတာမျိုးလို တစိပ်စိ, တပိုင်းစီတော့ မဟုတ်ဘူး-

www.dhammaransi.com



အားလုံးဟာ ဘာနဲ့တူသလဲဆိုရင် ကျောင်းသားတထောင် လောက်ရှိတဲ့ ကျောင်းမှာ ကျောင်း လွှတ်လိုက်တော့ တယောက်တပေါက်နဲ့ ဆူညံနေသလိုပဲဗျာ- တကိုယ်လုံး ဆူပွက်နေတာပဲ-

နုပ်- အဲ-အိုးကင်းပူပူထဲ နှမ်းတွေ ထည့်လိုက်သလို နေမှာပေါ့-

တော်- ဟုတ်တယ် ဒီအဲတိုင်း ဆူပွက်နေတော့ ဘယ်ဟာက ခေါင်းက-ကိုယ်က· ဘယ်လိုဖြစ်နေတာကခြေလက်ပဲဆိုတာ ဘယ်လိုမှ မှတ်မရပါဘူး-

နုပ်- နို့ အရှင်ဘုရားက မှတ်ကြည့်သေးသလား-

တော်- သူ့မှတ်ကြည့်နေရင် အလုပ်ပျက်သွားမှာပေါ့- အခု ဆရာမေးလို့ အမှတ်မရတာပြောတာ-

နုပ်- အင်း·တယ်ဟုတ်ပါလား ဆက်စမ်းပါအုံး- နောက်ဘယ်လို ရှုတယ်ဆိုတာ-

တော်- အဲ-တကိုယ်လုံးခြုံပြီး တသိထဲသိရမယ်လို့ဆရာပြောပေမဲ့ နာရီဝက်လောက်ထိတော့· တသိထဲသိလို့ကိုမရဘူး နောက် တော့မှ- တသိထဲခြုံသိတော့တာပဲ-

နုပ်- အရှင်ဘုရားခြုံသိတော့· ဖေါက်ပြန်တဲ့ သဘောကိုလား· ဘာကိုလဲ-

တော်- ခြုံပြီးသိတဲ့အခါကျတော့ဖေါက်ပြန်မှုကိုမဟုတ်တော့ဘူး အပျက်ကို-

နုပ်- အိုး· သိတ်ဟုတ်ပါလား-

တော်- အဲဒါဘာဖြစ်လို့လဲ-

www.dhammaransi.com



နုပ်- ဒါ အရှင်ဘုရားတွေတာ အမှန်နော်- ဒါဖြင့် တပည့်တော် ရှင်းပြမယ်- ဒီခန္ဓာမှာ အမှန်ရှိတဲ့ သဘာဝတရားက 'ဖေါက်ပြန်မှုနဲ့သိမှု'ပဲ၊ ဒီသဘာဝအမှန်ကိုသိဘို့လေ့ကျင့်တဲ့ ယောဂီဟာ ဖေါက်ပြန်မှုကို- ဖြစ်ဖြစ်- သိမှုကိုဖြစ်ဖြစ်- သိအောင်-ရင်းနှီးအောင်-ပိုင်နိုင်အောင်လေ့လာ-လေ့ကျင့် နေရတာကိုး အဲ-လေ့ကျင့်မှုများလာလို့ဒီဖေါက်ပြန်မှုဆိုတဲ့ သဘောတွေဟာ တကယ်ရှိတဲ့ အမှန်တရားတွေလို့ ယုံကြည်လာတယ်-ဒါဆို အခြေခံခိုင်မာလုံလောက်ပီ၊ အဲနောက် တော့မှ ဖေါက်ပြန်မှုသဘောတရားကို ဆက်လေ့လာတော့- ပရမတ်သဘောတရားတို့ရဲ့ ထုံးစံသွားရာလမ်းကြောင်းဟာ- အပျက်ပဲကိုး-

'ဖေါက်ပြန်မှုကို သိတဲ့အခါ ခြုံသိလို့မရ၊ ဘာ့ကြောင့် လဲဆိုတော့ ဖေါက်ပြန်တဲ့ သဘောတို့ဟာ တယောက် တပေါက် မျိုးစုံလို့ပဲ'

'ခြုံပြီး တသိထဲ သိခြင်းဟာ အပျက်ကို သိခြင်းပဲ၊ ဘာ့ကြောင့် ဖေါက်ပြန်မှု မျိုးစုံဖြစ်ဖြစ် သိမှုမျိုးစုံဖြစ်ဖြစ် တပျက်ထဲ ပျက်နေလို့ပဲ'

တော်- နေပါအုံး အဲဒါစာနဲ့ ရေးမှတ်ထားချင်လို့- ဒါဖြင့် ဦးဇင်းသိတာရှုတာ မှန်တယ်ပေါ့-

နုပ်- အပျက်ရှုတယ်ဆိုတာကတော့ မှန်ပါတယ်- ဘယ်လိုပျက် ထာကို ဘယ်လိုရှုသလဲ- ဒီအပိုင်းမှာ စာလိုအညွှန်း ဆွေးနွေးရမှာ မဟုတ် - ခန္ဓာဉာဏ်ရောက် သိရမှာ ဖြစ်လို့ အတိကျဆုံးပြောစမ်းပါ-

www.dhammaransi.com



တော်- ပျက်တယ်ဆိုတာ အရင်ဦးဇင်းတို့ အပြောသိ-လေ့လာ သိနဲ့တုန်းကတော့ သဘောတရား တခုကနေ တခုကို ပြောင်းရွှေ့သွားတာ အပျက်လို့ မှတ်ထားဘူးတယ်-အခု ဒီမှာတွေ့တဲ့ အပျက်ကတော့ တကယ်ပျက်ထာပဲ- ဒါလဲ ပြောရတာအခက်သား ပျက်တယ်လို့သာပြောရတာ-အမှန် ကတော့- ကုန်သွားတာ-ချုပ်သွားတာ မရှိတော့တာကိုး-

**'ဝိပဿနာဆိုတာ မရှိတာသိမှုဖြစ်တယ်'**

နုပ်- ခယဓမ္မာ- ဝယဓမ္မာ- ဝိရာဂဓမ္မာ နိရောဓ ဓမ္မာ - ဆိုတဲ့ ဟောချက်စုဟာ အပျက်ရဲ့ ပရိယာယ်ပုဒ်တွေပဲ ဘုရား့- ဒါထက် အဲဒီကုန်သွား ချုပ်သွားလို့ မရှိတော့-အရှင်ဘုရား ဘာရှုသလဲ-

တော်- ပျက်တဲ့သဘော ရှုနေတာပဲလေ-

နုပ်- အရှင်ဘုရားရှုတဲ့ အပျက်ဟာ မရှိတော့ဘူးဆိုတော့ ဘာကို ရှုနေသလဲလို့-

တော်- ဦးဇင်းတော့အပျက်ပဲရှုနေတာ ဒိပြင်ဘာမှလဲမသိပါဘူး အပျက်ပဲသိနေတာပဲ-

နုပ်- အလုပ်ဉာဏ်ဟာ တကယ်ကျတော့ ပါးစပ်နဲ့ပြောဖို့တောင် ခက်တယ်ဆိုတာပေါ့-ဦးဇင်း ရှုမြင်နေတာကတော့အမှန်ပဲ ပါးစပ်နဲ့ပြောရတော့ အဲဒီပျက်လို့ မရှိတာကို သိနေတာပဲ ပေါ့-

တော်- အား- မှန်တယ်ပေါ့နော်-

www.dhammaransi.com



နှုပ်– မှန်ဆို'ဟုတ္တာ အဘာ၀ဒ္ဒေန အနိစ္စာ' ပရမတ္ထအားဖြင့် ဖွားကနဲဖြစ်ပြီး ဘာမှ မကျန်တော့ပါလားလို့ မရှိတော့တာကို သိနေတာဟာ အနိစ္စတွဲ့အပျက်တဲ့-အဲဒီမရှိတာကို ရှုနေတယ်ဆိုပါတော့-ဒီတော့လဲ မရှိတာကို ရှုနေတာဟာ 'အဘာ၀ပညတ်'မဟုတ်လားလို့ တချို့က ဆိုချင်ဆိုကြမယ် တချို့ကလဲ 'အစကမရှိ- နောက်လဲမရှိ- ခုလဲမရှိတော့-ဘာမှရှုစရာမလို နကိုအတိုင်းသာ စိတ်ကိုထားရင်ပြီးတာပဲ' လို့ဆိုကြတယ်–

တော်– ဦးဇင်းလဲ ကြားဖူးတယ် ဒါမျိုးကိုဆိုတာလား–

နှုပ်– ဒါကို ဆိုတာပေါ့ ဘုရား- အမှန်သဘောကိုကြည့်ပါ-ဝိပဿနာဉာဏ်ရဲ့အလုပ်ဟာ ဖေါက်ပြန်မှု-သိမှုဆိုတဲ့ပရမတ်တို့ရဲ့ ဖြစ်မှုကိုလဲသိတယ်- နောက်ဖြစ်ပြီးတဲ့ ဖြစ်လာတဲ့ သဘောတရားတို့ရဲ့ ပျက်တဲ့ ကုန်တဲ့ မရှိမှုကိုလဲသိတယ်- ဖြစ်ဆိုတဲ့ရှိရာက ပျက်ဆိုတဲ့ မရှိရာကိုသိတာဟာ ဝိပဿနာဉာဏ်ပဲ၊ဘာမှမရှိတဲ့အဘာ၀ မဟုတ်ဖူး–နောက်ပြီးတော့လဲ-

'ဍ္ဌတိ ရူပဿ သမုဒယော-ဖေါက်ပြန်မှုတို့ ဖြစ်နေတယ်'
'ဍ္ဌတိရူပဿ အတ္ထင်္ဂမော- ဖြစ်တဲ့ ဖေါက်ပြန်မှုတို့ ချုပ်သွားပြီ'

အဲဒီဖြစ်မှုကိုလဲသိရတယ်-ချုပ်ပျက်သွားတာလဲ သိရတယ် မသိလို့တော့မရဘူး- ရှုစရာမရှိဘူးဆိုတာ မဟုတ်ဘူး- အဲဒီ ရှိရာဖြစ်ရာ ဖေါက်ပြန်ရာကနေ ချုပ်ရာပျက်ရာ မရှိရာကို သွားကြောင်း သိနေမှ ဝိပဿနာအလုပ်ဖြစ်ထာကိုး—

www.dhammaransi.com



တော်- ဦးဇင်းတော့ ဒီအတိုင်းပဲရှုနေတာပဲ-

နုပ်- အဲနောက်တော့ ဘာရှုနေသလဲ ဘာသိနေသလဲ-

တော်- အပျက်တခုထဲပဲ သိနေတယ် ပျက်ထာတွေကိုသိတဲ့အသိ တခုထဲပဲရှိနေတယ်-

နုပ်- ဒီအချိန်မှာခေါင်း ကိုယ် ခြေ လက် စတဲ့အကောင်အထည် လဲ မတွေ့ရတော့ စိုးရိမ်မှုလေးတွေ- အားငယ်မှုလေးတွေ များ ဖြစ်သေးသလား-

တော်- ဖြစ်ဆို ဖေါက်ပြန်တဲ့ သဘောစုကနေ- အပျက်တွေကို တွေ့လာတယ်- အပျက်စုတွေကနေ- ပျက်တတ်တဲ့သဘော ကလေးတခုသာ ကျန်တော့ ရုတ်တရက် အားငယ်သလို ဖြစ်သွားတယ်၊ ဒါလဲခဏပါပဲ ချက်ခြင်းဆိုသလိုအပျက်ကို ဆက်ရှုတာပါပဲ-

နုပ်- နေပါ**အုံး** အရှင်ဘုရား ဒီလို ဒလဟောအပျက်ကို မြင်လို့ စိုးရိမ်ပြီ အားငယ်ပြီဆိုရင်စိတ်ထဲက ကြောက်ကိုကြောက် လာတယ် တော်တော်နဲ့ တာပြန်စုလို့မရတတ်ဖူး၊ တပည့် တော်တို့ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ပုဏ္ဏမသုတ်မှာ မြတ်စွာဘုရားက ခန္ဓာငါးပါးဟာ အတ္တဆိုတဲ့ အကောင် အထည် အခိုင်အမာဆိုတာ မရှိပုံ မဖြစ်ပုံကို ဟောတဲ့အခါ တရားနှလုံးသွင်းနေတဲ့ ရဟန်းတွေအထဲမှာရဟန်းတပါးက သူစိတ်ကူးရသလို ကြံလိုက်ထာက-

'အချင်းတို့- ဖေါက်ပြန်မှုသည် အခိုင်အမာမဟုတ်ဖူးတဲ့၊ ခံစားမှု, မှတ်မှု, ပြုပြင်မှု, သိမှုတို့သည် အခိုင်အမာ မဟုတ်ဖူးတဲ့၊ ဒီလိုအခိုင်အမာ မဟုတ်ပဲနဲ့ပြုတဲ့ ကုသိုလ်

www.dhammaransi.com



အကုသိုလ်အလုပ်တွေဟာ ဘယ်အကောင်အထည် သွားဖြစ်ပါမလဲ'

လို့ အကြံဖြစ်ထာကို မြတ်စွာဘုရား သိတော်မူလို့ တားမြစ်ရသေးသတဲ့၊ အမှန်က ဒီသဘောတရားတို့ဟာအကြောင်း အထောက်အပံ့ ပစ္စည်းဆက်ကြောင့်ဖြစ်ရတာ- အထောက်အပံ့အကြောင်းကုန်ရင် ချုပ်ပျက်တတ်တဲ့ သဘောတွေကို သိထားရင် သူ့အကြောင်းကုန်လို့ သူချုပ်ထာပဲလို့ရှုရုံပေါ့

တော်- ဦးဇင်းလဲ ခဏသာစိုးရိမ်ပြီး ဒီအပျက်ဆက်ရှုတာပဲ-

နုပ်- ဒီလိုဆိုတော့ ဦးဇင်းလဲ တောင်ကျော် သွားတာပေါ့ ဓမ္မပဒမှာ ပဥ္စဂ္ဂ ပုဏ္ဏားလင်မယားကို မြတ်စွာဘုရားက ဘိက္ခုပြုဿနာနဲ့ပတ်သက်ပြီး ဟောတာကြည့်ပါ-

'သဗ္ဗသော နာမရူပသ္မိံ-ယဿ နတ္ထိမမာယိတံ၊

အသတာစ န သောစတိ-သ ဝေ ဘိက္ခုတိ ဝုစ္စတိ'တဲ့

'ပရမတ်ဖြစ်တဲ့ ဖေါက်ပြန်မှု သိမှုဆိုတဲ့ သဘောတရားကို ရှုနေ သိနေတဲ့ ယောဂီဟာ ဒီသဘောတရားတခုခုမှာငါပဲ၊ ငါ့ဥစ္စာပဲလို့ တွယ်တာမြတ်နိုးမှု မရှိရင်-အပျက်တွေတပျက်ထဲ ပျက်နေတာ တွေ့နေလို့လဲ စိုးရိမ်အားငယ်မှု မရှိရင် ဒီယောဂီကို ဘိက္ခုဆိုတဲ့ သံသရာဘေးမြင်သူ လွတ်မြောက်တော့မယ့်သူလို့ ခေါ်ပေတော့'တဲ့

တော်- ဟုတ်တယ်ဦးဇင်းတော့ဒီအကွက်တခါထဲဝင်သွားတာပဲ-

နုပ်- ဝမ်းသာကျေနပ်စရာပဲဘုရာ့ နောက်တော့ကော-

တော်- ဒီအပျက်တွေပဲ ဆက်သိရာကနေ-စိတ်ကဘယ်လိုဆုတ်နစ်သွားတယ်မသိဘူး၊ အပျက်ချည်း သိရဖန်များတော့ မရှု

www.dhammaransi.com



ချင်တော့သလို ပျင်းသလိုဖြစ်လာတယ်၊ တကယ်တော့လဲ ပျင်းတာမဟုတ်ဘူး၊ သိကလဲသိချင်နေတယ် သိရတာကလဲ ဝန်လေးနေတယ် အဲဒီလိုလဲဖြစ်တယ်–

နုပ်– ဒါလဲလမ်းစဉ်အမှန်ပဲ ဆုတ်နစ်ထာ မဟုတ်ဖူးဘုရား ငြီးငွေ့တာ အရှင်ဘုရား၏ စိတ်ဟာ ဒီအပျက် ခန္ဓာပေါ်မှာ တရိပ်ရိပ်တသုတ်သုတ်နေတဲ့ အပျက်ချည်းသာတွေ့နေတော့ ဩ့ ဒီခန္ဓာဟာ–

'အတာကော– အားကိုးရာမရှိပါလား'

'အလေကော– အားထားရာမရှိပါလား'

'အသရကော– မှီခိုကိုးစားရာမရှိပါလား'

လို့ ဉာဏ်ဖြစ်လာတာပဲ အဲဒီလို မြင်တဲ့ သိတဲ့အချိန်မှာ နကိုက မှီခိုအားထားစရာမဟုတ်တဲ့ အနှစ်မဲ့တဲ့ အနတ္တသဘာဝလို့သိထားတဲ့ ယောဂီကလဲ့ရင်စိတ်ပျက်ပြီးလွှတ်ပစ်တတ်တယ်၊ ဒါလို လွှတ်မိရင်တော့ အကြီး အကျယ်မှားသွားတာပေါ့- ဒီအချိန်ဟာမကြာပါဘူး–

တော်– ဟာ ဟုတ်ပြီ ဦးဇင်း မလွှတ်ဖူး မလွှတ်ဖူး–

နုပ်– ဒီလိုဆိုနေရာကျတာပဲ- မလွှတ်တော့ ဘာတွေ့သလဲဘုရား- မြန်မြန်ပြောစမ်းပါ–

တော်– ခန္ဓာမှာတွေ့နေရတဲ့ အပျက်စုကြီးဟာ တဖြည်းဖြည်းနဲ့ သေးသွားတယ်–

နုပ်– အရှင်ဘုရား၏ အသိဉာဏ်ဟာ ဒီခန္ဓာကို ဘယ်လိုသဘော ပေါက်နေသလဲလို့–

www.dhammaransi.com



တော်- ဒီခန္ဓာရဲ့ သဘောတရားအမှန်ကို ရှာလာတာ- ကြာလေ ဘာမှမဟုတ်လေဆိုတဲ့ သဘောတွေသာ သိနေရတော့- တော်တော်ပဲ- အာလယတွေ ကင်းလာတယ်၊ မတွယ်တာချင်ဘူး၊ တွယ်တာရလောက်အောင် အမာခံလဲ မရှိဘူး၊ စိတ်တော့ တော်တော်ကုန်ပါတယ်၊ ဒါပေမဲ့လဲ ရှုလို့လဲ သဘောကျစရာမတွေ့ မရှုပဲနေလို့လဲမရ-

နုပ်- ဒီလို အကြပ်တွေ့နေတဲ့အခါ ခန္ဓာကို မလွဲသာသိ သိနေရတော့ စိတ်ထဲမှာဘာဖြစ်လာသလဲ-

တော်- ဒီခန္ဓာဟာ အပျက်သဘောတွေ စုနေတဲ့ ဒုက္ခတွေပဲ ဒါဟာလဲ ဒီရုပ်နာမ်ခန္ဓာကြောင့်ဖြစ်ထာပဲ တကယ်လို့သာ ဒီခန္ဓာမရရင် ဒီဒုက္ခတွေတွေ့မှာမဟုတ်ဖူး၊ ဘုရားရဟန္တာတို့ ချမ်းသာသွားတာဟာ ဒီခန္ဓာဒုက္ခ ငြိမ်းသွားချုပ်သွားလို့ပဲလို့ ခန္ဓာရတဲ့ အပြစ်ကိုသွားမြင်ပြန်ရော-

## 'သံဝေဂဉာဏ်-တွဲသိရန်'

နုပ်- ဒါသံဝေဂဉာဏ်နဲ့တွဲသွားတာ ခန္ဓာရဲ့ အပျက်ရှုမှုကော လွတ်သွားသေးလား-

တော်- ရှုနေတာတချက် အပြစ်မြင်တာတချက် အဲဒီလိုတွဲသွားနေတယ်၊ ဒီလို ရှုလို့ သိလို့ ဆယ်မိနစ် ၁၅မိနစ်လောက်ရှုမိပြီးတော့ ဒီသဘောတွေဟာ ရှုတဲ့ သိတဲ့ အချိန်ကစပြီး သူ့ဟာနဲ့သူ ဖေါက်ပြန်, သူ့ဟာနဲ့သူပျက်, သူ့ဟာနဲ့သူ ဆင်းရဲ, နေတယ်၊ ဘယ်သူမှ ဘယ်လိုမှ မတတ်နိုင်တဲ့ သဘောစုတွေပဲလို့ သဘောထားပြီး သိနေ လိုက်ထာ-

www.dhammaransi.com



အဲဒီအပျက်သဘောတွေဟာ တဖြည်းဖြည်းနဲ့ တံလျှပ်များ လိုတွေ့နေရာက ချုပ်ပျောက်သွားပါလေရော-

နုပ်- ဒါဖြင့် အရှင်ဘုရား- ဘာရှုနေသလဲ ဘာသိနေသလဲ-

တော်- ရှုစရာတော့မရှိတော့ဘူး၊ သိတာကတော့ အပျက်တွေ ဒုက္ခတွေ မရှိတော့ဘူးလို့သိတယ်-

နုပ်- ဒီသိမှုဟာ ခန္ဓာသင်္ခါရကို ရှုလို့သိတာလား သင်္ခါရကိုမရှုပဲ သိတာလား-

တော်- ပထမတော့ ခန္ဓာသင်္ခါရကိုရှုပြီးသိတာပဲ၊ အဲဒီ အပျက် သင်္ခါရချုပ်ငြိမ်းသွားတော့ ခန္ဓာသင်္ခါရငြိမ်းမှုကိုသိတာပဲ-

နုပ်- အဲဒီ သင်္ခါရငြိမ်းတဲ့အသိဟာ ဘယ်လောက်ကြာသလဲ-

တော်- မကြာဘူးထင်တယ် အလွန်ဆုံး စိတ်အထင် တမိနစ် လောက်ပဲ အများဆုံးရှိမယ်-

နုပ်- အဲဒီ တမိနစ်လောက်သိပြီးတော့ ဘာဆက်သိသေးလဲ-

တော်- ခန္ဓာမှာ အပျက်စရှုတုန်းကလို တကိုယ်လုံး အပြည့်ပဲ-

နုပ်- အဲဒီလို ပြန်တွေ့တော့ အရှင်ဘုရား စိတ်မှာဘယ်လို ဖြစ်လာသလဲ-

တော်- အပျက်ရှုတာကတော့ နကိုအတိုင်းပါပဲ၊ ဒါပေမဲ့ အသိ ကတော့ ငါဒီခန္ဓာဒုက္ခကြီး ပြန်တွေ့နေရပြန်ပြီလို့ ငြီးငွေ့တဲ့ စိတ်ချည်းပဲဖြစ်နေတယ်-

နုပ်- အရှင်ဘုရား တရားထိုင်တာ ဘယ်လောက်ကြာသလဲ-

တော်- ည ၁၂-နာရီလောက်ကနေ နံနက် ၃ နာရီကျော်အထိ ပါပဲ-

နုပ်- ဒီမနက် ဘယ်အချိန်မှထသလဲ-

www.dhammaransi.com



တော်- ဦးဇင်း ၃နာရီ ထိုးပြီးလို့ မအိပ်တော့ပါဘူး၊ ဒီတရားနာပြီးတော့ ဆက်စဉ်းစားတယ်၊ ဒီခန္ဓာရဲ့ဆင်းရဲမျိုးစုံဟာ ဖြစ်ပျက်ဖြစ်ပျက်နဲ့ နှိပ်စက်နေတာပဲ၊ ခုနက အပျက်တွေ မတွေ့ရသလို ဆင်းရဲလဲမတွေ့ရတဲ့အဖြစ်ဟာ တယ်ကောင်းတာပဲ ဒီခန္ဓာဇာတ်မသိမ်းမချင်း ဒီအပျက်တွေဒီဆင်းရဲတွေ တွေ့နေရမှာပဲ သုံးဆယ့်တဘုံဆိုတာလဲ ဒီခန္ဓာနဲ့ ဒီအပျက်နဲ့ ဒီဆင်းရဲကလွဲလို့ ချမ်းသာတဲ့ ကောင်းမွန်တဲ့ သဘော ဘယ်မှာမှ မရှိတာ အမှန်ပဲလို့ ဒီလို ခန္ဓာရဲ့အပြစ်,ဘုံဘဝရဲ့ အပြစ် ခန္ဓာမရတဲ့ ချမ်းသာ ဒါတွေတွေးပြီး ၄နာရီထိုးထ ဘုရားဝတ်တက် ကိုယ့် ဆောင်ရွက်စရာရှိတဲ့ သံဃဝတ်, အာဂန္တုက ဝတ်တွေပြုပြီး ၅နာရီခွဲ လဖက်ရည်သောက်-နောက်လမ်းလျှောက် အဲ ခုချိန်ထိ မအိပ်ရသေးပါဘူး၊ အိပ်ချင်စိတ်လဲမရှိဘူး၊ စိတ်လက်လဲပေါ့ပါး သွက်လက်လာတယ်၊ စိတ်ထဲမှာ ထမ်းလာတဲ့ အထုပ်တခု ပစ်ချလိုက်ရသလိုပဲ-

နုပ်- ဒါကိုဉာဏ်စဉ်နဲ့ ပြောရင်တော့ ဆိုင်းဘုတ် တပ်စရာတွေ များပါတယ်၊ အတိုချုပ်တော့ အရှင်ဘုရား အခုပြောပြ ဒီအထဲမှာ အရှင်ဘုရား မပြောပဲချန်ထားတဲ့ ကိစ္စလဲတပည့်တော်သိတယ်-

တော်- ဦးဇင်း ချန်ထားတယ်လို့ ဆရာဘယ်လိုသိသလဲ-

နုပ်- ဒီလမ်း ဒီအသိဟာ ဒီလောက်လမ်းဖြောင့်လာရင် ဒါကို တွေ့မယ်, ဒီကို ရောက်မယ်ဆိုတာ တပည့်တော်တို့ရဲ့ ယောဂီ အတွေ့အကြုံအရ သိတာပေါ့-

www.dhammaransi.com



တော်- ဟုတ်ပါတယ် အခု ဦးဇင်း တခုပြောချင်တယ်၊ ဒီအလုပ်ကို ဆက်တိုက်ဇောက်ချပြီး လုပ်ရအောင် နက်ဖြန်ပြန်မယ်၊ ကထိန်ကိစ္စပြီးတာနဲ့ ဦးဇင်း အလုပ် ထွက်လုပ်တော့မယ်၊ ဆရာလဲခွင့်ပြုနော် ဝမ်းလဲသာပါ၊ ဦးဇင်းတော့ သိတ်ကျေနပ်ပြီ၊ ဆရာ့တာဝန်လဲကျေပြီဦးဇင်းတာဝန်ပဲရှိတော့တယ်-

နုပ်- ဝမ်းမြောက်လိုက်ထာဘုရား- တပည့်တော် တာဝန်ကျေပြီ ဆိုပေမဲ့ ပြောပြစရာတွေ အများကြီး ရှိပါသေးတယ်- ဒီတော့ အခု တပည့်တော်ပြန်မယ်၊ ည ၈နာရီလောက်မှ ပြန်လာအုံးမယ်၊ ဦးဇင်း ပြန်ကြွကာနီး နှုတ်ဆက်စကား ပြောရအောင်ပေါ့-

တော်- ကောင်းပါတယ်- ညကျတော့ စကား အေး အေး ပြောတာပေါ့-

ဆို၍ ဘုရားနှင့်ကိုယ်တော်ကို လေးလေးစားစား ရှိခိုး ဦးတိုက်ကာ ပြန်ခဲ့လေသည်။

## သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ည (၁၈-၁၀-၇၅)

ည ၇ နာရီခွဲလောက် ကိုးထပ်ကြီးဘုရားသို့ ရောက်ပြီး ဘုရားဝတ်ပြု ရှိခိုးကာ မီးထွန်း ပူဇော် ထားကြသည်ကို ကြည့်ရှုပြီး ကိုယ်တော်ရှိနေမည့် တိုက်တန်းဆောင်းဖက်သို့ လျှောက်လာခဲ့သည်၊ ရောက်လျှင် တကာကြီးဦးထွန်းသာ နှင့်တွေ့၍ ဘုန်းကြီးကိုမေးရာ ညနေ ၄ နာရီ လောက်က

www.dhammaransi.com



နက်ဖြန်ပြန်ဖို့ ဘုရားကြီးတိုက်ကဆရာတော်တွေ နှုတ်ဆက်ဖို့ ကြွသွားတာ အချိန်မီပြန်ရောက်ပါလိမ့်မယ်-ဟု ပြောသော ကြောင့် ကိုယ်တော်ကို စောင့်မျှော်ရင်း-

နုပ်- ကဲ ဦးထွန်းသာ ခင်ဗျားဘုန်းကြီး ဘာပြောသလဲ-

သာ- ဘုန်းကြီးကတော့ ဆရာ့ကို ကျေးဇူးတင်လို့ မကုန်နိုင် ကြောင်း ထပ်ခါတလဲလဲ ပြောသလောက် ကျုပ်တို့ အတွက်တော့ ဆရာ့ကို အများကြီး မကျေနပ်ဖူးဗျာ-

နုပ်- အိုး ဘာဖြစ်လို့ပါလဲ-

သာ- ဘာဖြစ်ရမလဲဗျာ ဘုန်းကြီးတခြားမသွားရအောင် ပြော ပေးပါဆိုမှ အခုတော့ မရတော့ဘူး-

နုပ်- တနေ့ကပဲ ကျွန်တော် ပြောတယ်မှတ်လား- တရားဟာ နည်းလမ်းရပြီးရင် ဘယ်မှသွားစရာမလိုဘူးလို့ ဦးထွန်းသာ လဲ ရှိသားပဲ-

သာ- အေး- အဲဒီတုန်းကတော့ ဟုတ်သလိုပဲဗျ- ဟော မနေ့ ညကမှ ပြောတယ် 'တကာကြီး တဲ့ ဘုန်းကြီး ဒီတရာ သဘောကိုတွေ့ပြီ သိလာပြီတဲ့ ဒီတော့ အရှိန်ရတုန်း လွတ်လွတ် ကျွတ်ကျွတ် ထွက် အားထုတ်မှ ဖြစ်မယ်တဲ့- နောင်အခါဆိုရင် ဘုန်းကြီး အကျိုးအတွက်သာ မဟုတ် တကာကြီးတို့နဲ့ အားလုံးအကျိုးအတွက် သွားအားထုတ် မှာတဲ့'ဗျာ ကျုပ်တော့ ပြောမပြောချင်ဘူး-

နုပ်- အဲဒါ ကျွန်တော်ကလဲ ဘာတတ်နိုင်မှာလဲလို့-

www.dhammaransi.com



သာ- အခု ဒီည နောက်ဆုံးအနေနဲ့ ထပ်ပြီး တောင်းပန်ပေးပါဗျာ- ဆရာပြောရင်ရပါလိမ့်မယ်=

နုပ်- မဟုတ်ဖူး ဦးထွန်းသာ အရင်ကသာ ရရင်ရမယ်၊ အခု အခြေအနေကတော့ ရမှာမဟုတ်ဖူး- သူရမယ့် တရားကို အခု အရိပ်အရောင်တွေ့နေပြီကိုး–

ယင်းသို့ စကားပြောနေစဉ် ဘုန်းကြီး ၅ပါး တန်းစီဝင်လာတာ တွေ့ရသည်၊ သီတင်းကျွတ် မီးထွန်းပွဲ၏ အလင်းရောင်ကြောင့် ကိုယ်တော်တွေကို ထင်ထင်ရှားရှား၊ ဖူးတွေ့ရချိန်တွင်–

၁- သဲကုန်း ဦးရေဝတ
၂- ပဲခူး ဦးဝိလာသ
၃- အေးရွာ ဦးဣန္ဒဝံသ
၄- ပိန်းကန် ဦးသုန္ဒရ
၅- တံတေး ဦးပညာစက္က

တို့ဖြစ်ပြီး အားလုံး သက်တူရွယ်တူ စာသင်ဖက် ယခု စာချကြီးများ ဖြစ်သည်ကို ဦးရေဝတ မိတ်ဆက်ပေးမှ သူငယ်ချင်းတွေ ပြန်တွေ့ပြီး ဝမ်းသာအားရ စကားပြောကြသည်။

ဦးဝိလာသ- ဒီနေ့မှဗျာ- ဟောဒီ သပိတ်ကြီးလာပြီး ကိုရင့်အကြောင်း, တရားအကြောင်းပြောလို့ မတွေ့ရတာကလဲ ကြာလို့- ဟောဒီ သူငယ်ချင်းတွေ အကြောင်းကြားပြီး လိုက်လာကြတာပဲဗျ- အရင် ကြားတော့ ဘေးကုနေတယ်ဆို–

www.dhammaransi.com



နုပ်- တပည့်တော် ဆေးဆရာလုပ်နေတာက လွန်ခဲ့တဲ့နှစ်ပေါင်း အစိတ်လောက်တုန်းကပါ—

## 'မိတ်ဆွေစုပေါင်း တရားတောင်း'

ဦးသုန္ဒရ- ကဲ ဒါတွေထားပါအုံး ဗိုလ်ဝိရာ နက်ဖြန် ဦးရေဝတက ပြန်တော့မှာမို့ လိုအပ်တဲ့ တရားဆွေးနွေးတာ ကျုပ်တို့က ကြားနာရအောင် ဦးရေဝတကတော့ ဖိုးပန်ကို သိတ်ချီးကျူးတာဗျ ကျုပ်တို့ကလဲ ကိုယ့်ရောင်းရင်းချင်းမို့ အင်မတန် ဝမ်းသာကြတယ်၊ အလ္လာပ သလ္လာပတွေ နောက်မှပြောကြဗျာ· ကဲကဲ တရားပြောဗျာ—

နုပ်- ပြောရမှာက တပည့်တော်တို့ မဟာသတိပဋ္ဌာန်အတိုင်းပါ ကိုယ်တော်—

ဦးသုန္ဒရ- မဟုတ်ဘူးလေဗျာ·သတိပဋ္ဌာန် ပါဠိတော်အဲတိုင်းက တော့ ကျုပ်တို့ သုတ်မဟာဝါ တက်လာ ချလာတဲ့ လူချည်းပဲလေ လက်တွေ့အနေနဲ့တော့ ကျုပ်တို့ကမသိဘူး ဖိုးပန်က လက်တွေ့လုပ်နေတော့ အဲဒီ အလုပ်သဘော ပြောတာ· ဦးရေဝတကို ပြောသလိုပေါ့· ကျုပ်တို့ကလဲ အခု ဘုရားကြီးတိုက်မှာ မဟုတ်တော့ဘူး၊ ဟောဒီ ဦးပညာစက္က တပါးပဲ ကျန်တော့တယ်· အားလုံး ကိုယ့် အရပ် ကိုယ်ပြန် ရောက်နေကြပြီ· အခုမနေ့ကမှ ကျုပ်က လာတာ တွေ့ချင်တော့ လာဆိုနေရတယ်၊ တောရောက် တော့ တရားအားထုတ်နိုင်အောင်ပေါ့—

www.dhammaransi.com



နုပ်– ဒီလိုဆို ဒီတညထဲနဲ့ ဘယ်ပြည့်စုံအောင် ပြောလို့ရမှာလဲ ဦးရေဝတတောင် ၃ရက်ရှိပြီ–

ဦးဝိလာသ· အံမယ် အံမယ် ဖိုးပန်က ကျုပ်တို့ကို အထင်သေး လိုက်ထာဗျာ– ကျုပ်တို့ကလဲ တတောင်ပြ တထွာမြင်တဲ့ လူတွေပါဗျာ– ဖိုးရေဝတ ဒီနေ့ပြောလို့ ကျုပ်တို့တောင် နဲနဲပါးပါး သဘောပေါက်ထားပီးပီ ဟုတ်လားဗျာ–

နုပ်– အဲဒီတော့ တပည့်တော် ဟောနေ ပြနေ အားထုတ်နေတဲ့ ဓမ္မာနုပဿနာ ပြောမယ်နော်–

ဦးသုန္ဒရ· နို့ သတိပဋ္ဌာန်အချုပ်ဟာ ဓမ္မာနုပဿနာလို့ လယ်တီ ဆရာတော်ရဲ့ ကမ္မဋ္ဌာန်း ပေါင်းချုပ် စာအုပ်ထဲမှာ တွေ့ဘူးတယ်–

နုပ်– မှန်တာပေါ့ကိုယ်တော် ကာယ, ဝေဒနာ, စိတ္တတို့ကို အနုစ် ထုတ်လိုက်ရင် ပရမတ္ထဓမ္မပဲ ရတာကိုး· အဲဒီ ပရမတ်ကို သိဖို့ ဒီသဘောတရားကို မြင်ဖို့ အားထုတ်ရတာချည်းပဲ–

ဦးဘုန္နဝံသ· အားထုတ်ကာစပုဂ္ဂိုလ်မှာ ပညတ်ကစပြီးအားထုတ် ရတယ်မှတ်လား– ပရမတ်ဟာ သိဖို့လွယ်တာမှ မဟုတ်ပဲ– ဖိုးပန်ကြည့်လုပ်နော်– သူငယ်ချင်းတွေ စာသင်လာကြ တုန်းကမငြင်းမခုန်ကြပဲနဲ့ အခုမှငြင်းနေရရင်မကောင်းဘူး–

နုပ်– ဟာ ငြင်းချင်ငြင်းရပစေလေ–ပရမတ်ကို တိုက်ရိုက် မသိနိုင် သေးရင်– ပညတ်နဲ့ပဲ စတင်လေ့ကျင့်ဖို့ ကာယ, ဝေဒနာ တို့ကို ဟောထားတာပေါ့– ပရမတ်ကို သိလောက်တဲ့ ဉာဏ်ရှိလာရင်တော့ ပညတ်ကို ဘာဖြစ်လို့ အချိန်ကုန်ခံနေ

www.dhammaransi.com



တော့မလဲ- သေလွယ်ကာ ပျောက်လွယ်ကာ- လိုအပ်တဲ့ ပရမတ်ကို ဒါရိုက် ရှုလိုက်ထာပေါ့-

ဦးဣန္ဒဝံသ- အမယ်မယ်- ဖိုးပန်က အရင်တုန်းကညဉ့်မပျောက်သေးဘူး- တိုလိုက်တယ်ဆို ထွက်လာတာပဲ- ကဲဗျာ- ကျုပ်တို့ကလဲ မြန်မြန်သိချင်တဲ့လူတွေပဲ-ပရမတ်ကိုဘယ်လိုသိရမလဲ-

နုပ်- တပည့်တော်တို့ ခန္ဓာမှာရှိတာက 'စိတ္တံ-စေတသိကံ-ရူပံ' ဆိုတဲ့ သင်္ခတပရမတ် နိဗ္ဗာန်ကအသင်္ခတပရမတ် ၂မျိုးနော်- နိဗ္ဗာန် ဆိုတဲ့ အသင်္ခတ ပရမတ်ကို လိုချင်လို့- တပည့်တော်တို့မှာရှိနေတဲ့ သင်္ခတ ပရမတ်နဲ့ အလုပ်လုပ်ရတာပေါ့ဘုရား-

အားလုံး- ဟုတ်ပီ ဟုတ်ထာပေါ့- အဲဒီ အလုပ်သဘောကို-

နုပ်- တပည့်တော်တို့ ဒီခန္ဓာက 'စိတ္တံ-စေတသိကံ'ကို အာရုံကိုညွတ်တတ်သိတတ်တဲ့ သဘောသတ္တိကြောင့် သူ့ကို အလုပ်ခွင်မှာ 'နာမံ' နာမ်လို့ သုံးတယ် 'ရူပံ'ကိုတော့ ဖေါက်ပြန်တတ် ပြောင်းလဲတတ်တဲ့ သဘောသတ္တိကြောင့် သူ့ကို အလုပ်ခွင်မှာ 'ရူပံ' ရုပ်လို့ သုံးတယ်-

ဦးဝိလာသ- အားလုံး 'ရုပ်နာမ်' ဆိုပါတော့ဗျာ- ဒါအလုပ်လုပ်ဖို့ပေါ့နော်-

နုပ်- ဟာ ကိုယ်တော်တို့ အလုပ်လုပ်တော့ ရုပ်လို့ နာမ်လို့ ဘယ်မှတ်လို့ဖြစ်မှာလဲ-

ဦးသုန္ဒရ- ဘာဖြစ်လို့လဲ-

www.dhammaransi.com



နုပ်- တပည့်တော်တို့ ဥဒါန်းအဋ္ဌကထာ, ဣတိဝုတ်အဋ္ဌကထာ တို့မှာ 'မြတ်စွာဘုရားဟာ မဂဓဘာသာတမျိုးထဲ ဟော ပေမဲ့-နာယူမှတ်သားသူများကတော့-ကိုယ့်ဘာသာနဲ့ကိုယ် နားလည်မှု အလုပ်ဖြစ်တယ်- ဉာဏ်ဖြစ်တယ်' တဲ့ ပါဠိ အကိုးပြရအုံးမလား-

ဦးသုန္ဒရ- မပြပါနဲ့ဗျာ- ကျုပ်တို့လဲ တွေ့ဖူးပါတယ်- အဲဒီတော့ ဘယ်လိုမှတ်ရမလဲ-

နုပ်- ရူပံကို တပည့်တော်တို့ အနက် ပြန်တော့ရင် ဗျုပ္ပတ်ကို ကြည့်ပါ-

ဦးသုန္ဒရ- 'ရုပ္ပတီတိရူပံ, ရုပ္ပနလက္ခဏံရူပံ' ပေါ့ဗျာ-ဖေါက်ပြန်တတ် သောကြောင့် ဖေါက်ပြန်တတ်တဲ့ အနက်သဘောကြောင့် ရူပံလို့ဆိုသတဲ့-

နုပ်- ဒါဟုတ်နေပြီ- ဒါဖြင့် ဘာကဖေါက်ပြန်သလဲ- ဘယ်လို ကြောင့်ဖေါက်ပြန်သလဲ-

ဦးပညာစက္က- နားထောင် နေပါတယ်ဗျာ- ဟောစမ်းပါဆိုမှ ကျုပ်တို့ကို စာစစ်နေပြန်ပီ-

နုပ်- မဟုတ်ပါဘူး- အရှင်ဘုရားတို့အားလုံး တပည့်တော်ထက် စာတော်တဲ့ပုဂ္ဂိုလ်တွေချည်းပဲ-

ဦးဝိလာသ- အခု ဖိုးပန်က ပိုးပြီးတော်တယ်လို့ ဖိုးရေဝတက ပြောတယ်ဗျ-

နုပ်- ကဲထားစမ်းပါအုံး ဖေါက်ပြန်ပုံကိုအရှင်ဘုရားတို့သဘော ပေါက်သွားအောင်ပါ-

www.dhammaransi.com



ဦးသုန္ဒရ- ဖေါက်ပြန်တယ်ဆိုတာ 'သိတေနပိရူပ္ပတိ-ဉဏ္ဍေနပိ ရူပ္ပတိ'မှုတ်လား-

နုပ်- ဟုတ်ပါတယ် ကိုယ်နားလယ်တဲ့ သဘောနဲ့ပြောရင်-

-အေးတယ်လို့ မှတ်ထားက ပညတ်၊
ဖေါက်ပြန်တယ်လို့ သိတာက ပရမတ်၊
-ပူတယ်လို့ မှတ်ထားက ပညတ်၊
ဖေါက်ပြန်တယ်လို့ သိတာက ပရမတ်၊
-ဆာလောင်တယ်လို့ မှတ်ထားက ပညတ်၊
ဖေါက်ပြန်တယ်လို့ သိတာက ပရမတ်၊
-မွတ်သိပ်တယ်လို့ မှတ်ထားက ပညတ်၊
ဖေါက်ပြန်တယ်လို့ သိတာက ပရမတ်၊
-မှက် ခြင် ယင် လေလို့ အကိုက် အခဲ အတွေ့ အထိလို့ မှတ်ထားက ပညတ်၊
ဖေါက်ပြန်တယ်လို့ သိတာက ပရမတ်၊

ဒါဖြင့် တပည့်တော်တို့ ခန္ဓာမှာ ဒါတွေ တွေ့နေတာပဲ- လောက အမှတ်အသားနဲ့ ပူတယ်၊ အေးတယ်မှတ်လိုက်တာ တွေဟာ အားလုံး ပညတ်ချည်းပဲ-

ဦးဣန္ဒဝံသ- အဲ ဟုတ်ပီဗျာ- ပရမတ်သိရမယ်ဆိုတော့ ဘယ်လို မှတ်ရမလဲ-

နုပ်- မမှတ်ရပါဘူး မှတ်ရင်ပညတ်ဖြစ်သွားမှာပေါ့-'ဖေါက်ပြန် တဲ့သဘော'လို့ သိရမှာပေါ့-

www.dhammaransi.com



ဦးသုန္ဒရ- ဒီအေးတာ- ပူတာတို့ကို 'ဖေါက်ပြန်တယ်'လို့ သိဖို့ လွယ်ပါ့မလား-

နုပ်- လွယ်တာမလွယ်တာ ပြောမနေနဲ့-ဒါဟာသတိပဋ္ဌာန်နေ၁်- သတိ-အမိကထားပီး လုပ်ရမယ့်အလုပ်- လုပ်လို့ဖြစ်,မဖြစ်- ဦးရေဝတ မေးကြည့်လေ-

ဦးဝိလာသ- မေးပြီးလို့သဘောကျပြီးပီ၊ဒီဖေါက်ပြန်တာသိနေရင် ရုပ်ကို(အေးလေ) ရုပ်ကို သိနေတယ်ဆိုပါတော့-

နုပ်- မှန်ပါ-ဘုရားဟောတဲ့ရုပ်၊ကိုယ့်အသိက'ဖေါက်ပြန်မှု'ပေါ့-

ဦးဝိလာသ- ကျုပ်တို့ထဲမှာတော့ ဦးသုံနဲ့ဦးဣန္ဒဝံ တို့က တရား တွေ ဘာတွေ အားထုတ်ဖူးတယ် - လူဗိန်း ကတော့ ကျုပ်တို့ပဲ အခြေခံ ကျနအောင်သာပြောပါ- အခြေခံ မှန်ရင် ရှေ့ကို သေချာသွားမှာမို့ သေသေချာချာမေးနေရ တာရှုတော့ဖေါက်ပြန်မှုလို့ပဲသိနေရမှာလားနာမ်ကိုကော-

နုပ်- နာမ်ကိုအသာထားစမ်းပါအုံး- ဒီရုပ်တခု ပိုင်နိုင်သွားရင် နာမ်ဆိုတာ'သဃမေဝ ပါကဋံ ဟောတိ'လို့ ဝိသုဒ္ဓိမဂ်မှာ မဆိုဘူးလား-

ဦးဝိလာသ- ဟုတ်ပီ ဘွာဘွာ၊ ကဲ အခု ရှုမယ်ဆိုပါတော့ လက်တွေ့ဗျာ-

နုပ်- ကဲ အရှင်ဘုရား ငြိမ်ငြိမ်ထိုင်ထား-စိတ်ကလဲ ခန္ဓာရဲ့ အမှန် သဘောကို အမှန်သိမယ်လို့ ပိုင်းဖြတ်ပီးတော့ ကိုယ်ထဲမှာ အသိရောက်ထားပါ (၅မိနစ်ခန့် ကြာသောအခါ)

ကဲအရှင်ဘုရား ဘာသိသလဲ-

www.dhammaransi.com



ဦးဝိလာသ- ဘာမှ မသိပါလား-

နုပ်- အရှင်ဘုရား ဖိထိုင်ထားတော့ တောင့်မှု၊ တင်းမှု၊ နွေးမှု စတာတွေ မသိဘူးလား-

ဦးဝိလာသ- ဒါတော့သိတာပေါ့-တောင့်တယ်၊တင်းတယ်မှတ်ရမှာလား-

နုပ်- အဲဒါပေါ့- ကိုယ်သိနေကျ ပညတ် အမှတ်ပဲ သွားမှတ်နေတာ-

ဦးဝိလာသ- နို့ အဲဒါတွေတွေ့တော့ ဘယ်လိုသိရမလဲ-

နုပ်- ဒါတွေဟာ သူ့သဘောနဲ့သူ ဖေါက်ပြန်မှုတွေပဲလို့သိနေရမှာပေါ့-

ဦးဝိလာသ- ကဲဗျာ ပြန်ထိုင်ပီး ပြန်မှတ်မယ်(ဆို၍ထိုင်ပြန်သည်)

နုပ်- အရှင်ဘုရား ဘဲ့ာတွေ့သလဲ-

ဦးဝိလာသ- ဖေါက်ပြန်တာတွေလို့ သိနေတယ်-

နုပ်- ပညတ်လို မှတ်ရင်ဘာ၊ ပရမတ်လိုတော့ ဘာလဲ-

ဦးဝိလာသ- အောက်ဖက်ကပူနေတယ်- အဲဒါကိုဖေါက်ပြန်တယ်လို့ သိနေတယ်-

နုပ်- အဲဒီလို တကိုယ်လုံးရဲ့ ပရမတ်သဘောတရားတို့ တလှုပ်လှုပ် တရွရွ-တမွမွ တသုတ်သုတ်နဲ့ ပြောင်းလဲနေတဲ့ သဘောတွေ၊ မငြိမ်မသက်ရွေ့ရှားတဲ့ သဘောတွေ အို ပညတ်လို သိလို့ မှတ်လို့ရတာအားလုံးကို 'ဖေါက်ပြန်တဲ့သဘောတွေ' လို့ အသိလေ့ကျင့်ခဏ်း လုပ်နေရမယ်-

ဦးဝိလာသ- ကဲ သဘောတော့ ရိပ်မိထားပါပြီလေ- ဒါတွေကို ကြာကြာသိနေ မှတ်နေတော့ ဘာဖြစ်လာမလဲ-

www.dhammaransi.com



နှပ်- ဒါတော့ အလုပ်က ပြောလာပါလိမ့်မယ် အရှင်ဘုရားတို့ ဦးရေဝတနဲ့ ဆွေးနွေးရင် သိမှာပါ-

ဦးရေဝတ- ဒီနေ့ တညနေလုံး ဆွေးနွေးပြီးသားပါ- ဗိုလ်ဝိက တမင် ဆရာ့ကို မေးချင်လို့မေးနေတာ-

ဦးသုန္ဒရ- ကျုပ်တို့က အလုပ်ကို သဘောကျပြီးသားပါ၊ ဒါကို ဒေသနာနဲ့ ဝေဖန်ဖို့ ဆွေးနွေးကြတာကိုး-

နှပ်- ဒါဖြင့် ဦးရေဝတနဲ့ ဆွေးနွေးတဲ့သဘောတွေကိုဒေသနာနဲ့ တိုက်ပေါ့-

ဦးသုန္ဒရ- ဦးရေဝတ ပြောသလောက်တော့ ဝေဖန်စရာ မလို ပါဘူး- ယထာဘူတကျနေတာကိုး-

နှပ်- နို့ တပည့်တော်လဲ ဒီထက်မှ ပိုမသိပဲ ဘာကိုဝေဖန်မှာလဲ အရှင်ဘုရားတို့ ဒီစာအုပ်တွေကိုဖတ်ဖူးပြီးလား (ဦးရေဝတ ထံမှ စာအုပ်တွေယူပြသည်) အဲဒါ တပည့်တော် ရေးတာ တွေပဲဘုရာ့-

ဦးသုန္ဒရ- ဟုတ်လား ဒီထဲက 'မဇ္ဈိမပဋိပဒါရှင်းချက်နဲ့ အရိယာ လမ်းမဂ်စခန်း' ဒီ ၂အုပ်တော့ တွေ့ဖူးတယ်- သဘာဝ ကျသွားပဲလို့တော့ အောက်မေ့တယ်- သတ်သတ်တော့ ခင်ဗျားရေးတာကိုး- ဒီလိုတော့လဲဘယ်ဆိုးလို့လဲ အေးဗျာ အေးဗျာ ဝမ်းသာပါတယ်- ကဲ-ဗိုလ်ဝိတို့လဲ ဒီစာအုပ်တွေ သာ လေ့လာပေတော့- တပည့်တော်လဲ စာအုပ်ဒီစုံ လေ့လာရအုံးမယ်-

နှပ်- ဒီတော့ အရှင်ဘုရားတို့ တပည့်တော် စာအုပ်တစုံစီလှူမယ် တချို့စာအုပ်တွေတော့ ကုန်နေလို့ ရမှာမဟုတ်ဖူးဘုရာ့

www.dhammaransi.com



တပည့်တော်ကလဲ နက်ဖြန် နေ့ရော ညရော တရားပွဲနဲ့ မအားဘူးဘုရား့ သဘက်ခါတော့လဲ ခရီးထွက်ရမှာမို့ တွေ့ဖို့တော့ မလွယ်ဘူး- ဒီတော့ ဒီလိုလုပ်ပါ၊ ရွှေတိဂုံဘုရားဈေးက တောင်ဖက် မှတ်လှေခါးနားက 'တင်ထွေးယဉ်' ဆိုင်မှာ တပည့်တော် လက်မှတ်နဲ့ကြွပါ စာအုပ် တစုံစီ လှူလိုက်ပါလိမ့်မယ်လေ-

ဦးဝိလာသ- ဘုရားဈေးက ဘယ်ဆိုင်လဲဗျ-

နုပ်- အိုး အရှင်ဘုရားကလဲ- ဟို တပည့်တော်တို့ စာသင်နေတုံးက စာအုပ် အမြဲ ဝင်ဝင်ရှာတဲ့ ဦးတင်-ဒေါ်နုယဉ် ဆိုင်လေ-

## 'နေရာပြင်မှ ဉာဏ်တက်ရ'

ဦးသုန္ဒရ- ဩော် သိပီ သိပီ ဗိုလ်ဝိကလဲ သူ့ဖေါက်သယ်ဆိုင်လေ ကဲ ထားပါတော့ ဒီနေ့ညနေက ဦးရေဝတနဲ့ ဆွေးနွေးတဲ့ အထဲမှာ နေရာပြင်တဲ့ ပြောင်းတဲ့ကိစ္စ အဲဒါလေးသိတ်ပြီး တော့ ဘဝင်မကျတကျ ဖြစ်နေတယ်၊ ဦးရေဝတကတော့ ပြောပါတယ်၊ ကိုယ့်အချင်းချင်း ရှင်းရှင်း ပြောရရင် ကျုပ်တို့လဲ အမြဲမပြတ် မဟုတ်ပေမဲ့ နဲနဲပါးပါးအားထုတ် ဖူးတော့ သမာဓိနဲ့စိုက်ပြီးရှုမှတ်လို့ အတော်လေးတွေ့နေမှ နေရာပြင်လိုက်ရတယ်, ပြောင်းလိုက်ရတယ်ဆိုရင် ငြိမ်သက် နေတဲ့ သမာဓိစိတ်ဟာ ပျက်မသွားတောင်မှ လျော့ကျ သွားတာတွေ့ရတယ်၊ ဒါကတော့ ကိုယ့်အမြင် ကိုယ့်အသိ ပါလေ-

www.dhammaransi.com



ဦးဣန္ဒဝံသ- အေးဗျ- ကျုပ်တို့ လေ့လာဘူး သလောက်တော့ အဲဒီလို ညောင်းလို့ ကိုက်လို့ ပြင်လိုက်ရရင် နောက်ပြန်ပြီး သမာဓိတာစူလို့ တော်တော်နဲ့ မရတော့ဘူး-အဲ-ဦးရေဝတ ကတော့ ရကိုရတယ်တဲ့ ဒါဟာလဲ ကျုပ်အမြင်ပေါ့လေ တကယ်လို့ ဖိုးပန်ကြီး သဘောပေါက်တဲ့နည်းနဲ့ ဒီလိုဒီလို ရတယ်, မရဘူး၊ ဖြစ်တယ်မဖြစ်ဖူးဆိုတာ အလုပ်သဘာဝ ရော- ဒေသနာရော ထောက်ပြလိုက်ရင်တော့ သိတ်ကို နေရာကျမယ်ထင်တာပဲ- ဒါလေးပဲ စိတ်ထဲ မတင်မကျ ဖြစ်နေတာ-

ဦးပညာစက္က- အာဂမယုတ္တိ သဘာဝယုတ္တိ လိုတယ်ပေါ့ဗျာ-

နုပ်- ဗိုလ်ဝိကလဲ ဘာဆိုအုံးမလဲ-

ဦးဝိလာသ- ကျုပ်တို့က အလုပ်လက်တွေ့မရှိလို့ ဘာမှမပြော တတ်သေးဘူး-

နုပ်- တပည့်တော်တို့ အရှင်ဘုရားတို့ဟာ အတူတူ စာသင် လာကြတာ အချင်းချင်းမို့ ပြောကြဆိုကြ ဆွေးနွေးကြ တာကိုး ဒီအထဲမှာ အခု ၃၇၀၀ အသက် ၅၆နှစ်ရှိတဲ့ ဦးပညာစက္ကဟာ အငယ်ဆုံး ဗိုလ်ဝိဆို ၃၉ ဝါတောင်ရှိပြီ ဆရာတော်တွေ ဖြစ်နေပြီ ဒီတော့ အသက်ကလဲကြီး တရားနဲ့ နေသင့်တဲ့ အချိန်ရောက်နေပြီ ပရိယတ္တိကို သင်ကြား ပို့ချလာကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တော့ ဒေသနာတော် ဆိုတာကတော့ ဖွတ်ဖွတ်ကျေလောက်ပါပဲ- မဟာသိဝ မထေရ်ကြီးလို ငါပြပေးလိုက်တဲ့ တပည့် တွေတောင် ၃ သောင်းလောက် ရဟန္တာဖြစ်ကြသေးတာ

www.dhammaransi.com



ငါကိုယ်တိုင် အားထုတ်လိုက်ရင် ၂ရက် ၃ရက်ပေါ့လို့ ထင်ပြီး တောထွက်-တကယ် အားထုတ်တော့ နှစ်ပေါင်း သုံးဆယ်ကြာသွားတယ်မှတ်လား- ယထာဘူတ သဘာဝ မိဖို့လိုပါတယ်ဘုရား-

ဦးသုန္ဒရ- ကျုပ်တို့ကတော့ ဒီလိုဟုတ်ပေါင်ဗျာ-

နုပ်- အဲဒီတော့ တပည့်တော်လျှောက်ပါ့မယ်- တရားအားထုတ် တယ်ဆိုတာ- ကိလေသာကွာတဲ့ သမာဓိအတွက် မဟုတ်ဖူး ကိလေသာသေတဲ့ ပညာအတွက်လုပ်ထာပ-ါ၊ ဆိုလိုတာက သမာဓိလိုရင်း မဟုတ် ပညာလိုရင်းလို့ ဆိုလိုတာပါ-

ဦးသုန္ဒရ- နို့ သမာဓိမပါလို့ ဖြစ်ပါ့မလား ဖိုးပန်ရဲ့-

နုပ်- သမာဓိမပါရလို့ တပည့်တော် မလျှောက်ပါဘူး၊ အဓိက မဟုတ်ထာသာဆိုတာပါ၊ သမာဓိက ၃မျိုး ရှိတဲ့အနက် တချို့လဲသမထလုပ်ငန်းတခုခုအရှိန်ရအောင်ထူထောင်ပြီးမှ ဝိပဿနာရှုကြတာမျိုးရှိကြပါတယ်၊ တချို့လဲ ဝိပဿနာကို ဘယ်သမထတခုခုနဲ့မှမထူထောင်ပဲ တိုက်ရိုက်ရှုကြပါတယ်-

ဦးသုန္ဒရ- အေးဟုတ်ပြီ သမထ တခုခုမှမထူထောင်ပဲနဲ့ ဝိပဿနာ လုပ်လို့ ရပါ့မလား-ဒါဟာနေ့ာ် စိတ်လဲမရှိနဲ့ မယုံလို့တော့ မဟုတ်ဖူး ကိုယ်က သမာဓိအခံနဲ့ လုပ်ဖူးတော့ ဒါကိုနဲနဲ လေ့လာချင်လို့မေးတာပါ- ဖိုးပန်ကတော့ အလုပ်ဝါရင့် နေမှကိုး-

နုပ်- အရှင်ဘုရားလဲ စိတ်မရှိနဲ့နော်- တပည့်တော်တို့ ဘုရား လက်ထက်က သေပေါက်သေဝကျလို့ အရေးကြီးပြီဆိုရင် ဝိပဿနာတိုက်ရိုက်ကိုပြတာချည်းပဲ အရှင်ဘုရား ခန္ဓဝဂ္ဂ

www.dhammaransi.com



အဿဇိသုတ်မှာ ကြည့်လေ- "အဿဇိရဟန်း သမာဓိ အလုပ်နဲ့ စျာန်တွေရ ဝိပဿနာတက်ရှုမယ်လုပ်- စျာန်က ပြန်ပျက် ဒီလိုဖြစ်နေတာ တနေ့ကျလို့ အတော်ကြီးမမာ မကျန်းဖြစ်နေမှ ဘုရားဆီ လူလွှတ်ပြီး လျှောက်ခိုင်း ဘုရားကြွလာတော့ သူ့ရောဂါ မေးစစ်ပြီးမှ သူ့စိတ် မချမ်းမသာဖြစ်ထာ လျှောက်တော့ ဘယ်အတွက် စိတ် မချမ်းမသာဖြစ်ထာလဲ မေးတဲ့အခါ သူသမာဓိပြန်မရလို့ ငါတော့ဖြင့် သာသနာအလုပ်က ဆုတ်ယုတ်ပြီ ရှုံးပြီလို့ စိတ်မချမ်းသာကြောင်း လျှောက်တော့ မြတ်စွာဘုရားက အေးဒီလိုပဲ သမာဓိကို အားထားတဲ့ပုဂ္ဂိုလ်ဟာပျက်တတ်တဲ့ သဘောမို့ ပျက်တော့ ဒီအတိုင်း စိတ်ပျက်ကြတာပဲလို့ အပြစ်တင်ပြီးတော့မှ 'တံ ကိံ မညသိ အဿဇိ ရူပံ-နိစ္စံဝါ အနိစ္စံဝါ'လို့ တိုက်ရိုက် ခန္ဓာငါးပါး ပရမတ်တရားကို ဟောတယ်၊ ဆက်ပြီးတော့တခါ 'သော သုခံ စေ ဝေဒနံ ဝေဒယတိ - သာ အနိစ္စာတိ ပဇာနာတိ'လို့ ဆက်လက်ပြီး ဝိပဿနာပြပေးတာ ရဟန္တာဖြစ်ရောမဟုတ်လား- အဲဒီမှာ သမာဓိလုပ်ငန်း အရှင်ဘုရားတွေ့သလား"

ဦးသုန္ဒရ- သမာဓိ လုပ်ငန်း အထင်အရှားတော့ မတွေ့ဘူး၊ ပါတော့ ပါရမယ်လေ-

နုပ်- ဒါတော့ သိတ်မှန်တဲ့စကားပေါ့-သမာဓိမပါပဲ ဘာရမလဲ- နောက်ပြီး နိဒါန ဝဂ္ဂ သံယုတ် သုသိမ သုတ် မှာလဲ ကြည့်ပါအုံး-

www.dhammaransi.com



'သုသိမ မဂ္ဂေါ ဖလံဝါ န သမာဓိနိဿန္ဒော, နသမာဓိအာနိသံသော, နသမာဓိဿနိပ္ဖတ္တိ၊ ဝိပဿနာယ ပနေသော နိဿန္ဒော, ဝိပဿနာယ အာနိသံသော, ဝိပဿနာယနိပ္ဖတ္တိ'တဲ့

ဘယ့်နှဲ့လဲကိုယ်တော် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ သမာဓိရဲ့ဆိုင်ရာ မဟုတ်ကြောင်း-ဝိပဿနာရဲ့ ဆိုင်ရာသာ ဖြစ်တဲ့အကြောင်း ထင်ရှားစေတဲ့အချက်ပဲ- နောက်ပြီး- တိပရိဝဋ္ဋနဲ့ ဟောတဲ့ သုတ်ပေါင်း မျှားစွာမှာလဲ တိုက်ရိုက်ချည်းပဲ- တခါ သဠာယတနသံယုတ် အညတရဘိက္ခု ၂-သုတ်စလုံးမှာ 'တံကိံမညသိ ဘိက္ခု ရူပံ နိစ္စံဝါ အနိစ္စံဝါ' ဒါမျိုး ချည်းပဲ-ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် ဖဂ္ဂုနသုတ်မှာလဲ ဒီအတိုင်းချည်းပဲ-

ဦးဣန္ဒဝံသ- ဒီလိုဆိုရင် သမာဓိက ဘယ်အနေနဲ့ပါမလဲ-

## 'အံဝင်ဂွင်ကျ-ခဏိက'

နုပ်- ဒါကျတော့ တပည့်တော်တို့ ဆရာတော် ဦးရာဇိန်ဆီမှာ ဝိသုဒ္ဓိမဂ်လိုက်ကြတုန်းက မဟာဋီကာစကား သိတ်ပြောတဲ့ ဦးသုံကိုယ်တော့် မဟာဋီကာမှာကြည့်လေ-

'နဟိ ခဏိကသမာဓိံ ဝိနာဝိပဿနာသမ္ဘဝတိ' နောက် တခါ-

'ခဏိကစိတ္တေကဂ္ဂတာတိ ခဏမတ္တဋ္ဌိတိကော သမာဓိ' တဲ့ က-

www.dhammaransi.com



'ခဏိကသမာဓိမပါပဲ- ဝိပဿနာမဖြစ်ပါဘူးတဲ့'
နောက်ပြီး-
'ခဏိကသမာဓိဆိုတာဟာ ဝိပဿနာစိတ်ရဲ့ အခိုက်အတန့် မျှတည်ခြင်းရှိတဲ့ ငြိမ်သက်မှု'တဲ့

ဦးသုန္ဒရ- ဟုတ်တော့ဟုတ်ပီ- ဘုရားလက်ထက်ကလဲ သမာဓိ အလုပ်တွေ ကြာရှည်လေးမြင့် လုပ်နေကြတာတော့ အရှိ သားပဲ--

နုပ်- ရှိပါတယ်လေ- ဒါက သမထယာနိက လမ်းမျိုးပဲ-

ဦးသုန္ဒရ- အခုလဲ သမာဓိအလုပ်ကို ဒီလမ်းမျိုးသွားဖို့လုပ်ထာနဲ့ တူပါတယ်၊ ဖိုးပန်ကတော့ တိုက်ရိုက်ရှုတဲ့လမ်းကို ဘာဖြစ် လို့ ကြိုက်ထာလဲ- ဒါလဲသိချင်လို့နော်-

နုပ်- အရှင်ဘုရားက သမထယာနိကလမ်း ကြိုက်တယ်နဲ့တူတယ် ဘာပဲဖြစ်ဖြစ် တပည့်တော်အနေနဲ့ လျှောက်ရရင် သမထ ယာနိကခေတ် မဟုတ်တော့ဘူးလို့ တပည့်တော်ထင်တယ်-

ဦးသုန္ဒရ- ဘယ်လိုကြောင့် သမထခေတ် မဟုတ်ဖူးလို့ ထင်ပုံ လုပ်စမ်းပါအုံး-

နုပ်- အရှင်ဘုရား ဝိသုဒ္ဓိမဂ်မှာဆိုတယ်လေ သာသနာ ၂၀၀၀ရဲ့ နောက်ပိုင်းမှာဖြစ်တဲ့ အနာဂါမ် ရဟန္တာတို့ဟာ ဖလ သမာပတ် ဝင်စားနိုင်ကြသော်လဲတဲ့- နိရောဓသမာပတ် တော့ မဝင်စားနိုင်ကြတော့ဘူးတဲ့-ဘာ့ကြောင့်လဲဆိုရင်တဲ့ စျာန်မရကြတော့လို့တဲ့- ဒီတော့ တပည့်တော်ကတွက်တယ် စျာန်အဘိညာဉ်ဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်နဲ့မဆိုင်ဘူး-သူ့ကိုလဲ ရဖို့မဖြစ်မယ့် အတူတူ အချိန်ကုန်မခံပဲ ဝိပဿနာပရမတ်

www.dhammaransi.com



ကို တိုက်ရိုက်ရှုရတဲ့ 'ဓမ္မာနုပဿနာ'သာ အားထားတော့ တာကိုးဘုရား-

ဦးသုန္ဒရ- ဒါတော့ သဘောပေါက်ပါပြီ- ကျုပ်လဲကြိုက်ပီ- တိုက်ရိုက်ရှုတော့ စောစောက ဗိုလ်ဝိရှုသလို'ဖေါက်ပြန်တဲ့ သဘော'ရယ်လို့ သိနေရမယ်ပေါ့-ဆိုပါတော့ဗျာ အဲဒီလို သိနေရင်း သိနေရင်းနဲ့- ညောင်းလာမယ် ကိုက်လာမယ် ဆိုရင် ဒီညောင်းတာ, ကိုက်ထာကို မရှုတော့ပဲ နေရာ ပြင်လိုက်ရမယ်ပေါ့-

နုပ်- ညောင်းလို့ ကိုက်လို့ မခံသာလို့ နေရာပြင်တယ်ဆိုတာလဲ ညောင်းလို့ ကိုက်လို့ဆိုပြီး ခဏခဏ ပြင်ရတာတော့ မဟုတ်ဖူးပေါ့-ဒီအလုပ်ရဲ့ ရည်ရွယ်ချက်ကိုက ကိလေသာ သတ်တဲ့အလုပ်ပါ- ကိလေသာဖြစ်လောက်တဲ့ စိတ်ညစ်မှု, စိတ်ဆင်းရဲမှုဖြစ်မှသာ ဒီဒေါမနဿ ကိလေသာကို မဖြစ် အောင် တားဆီးလိုက်တဲ့အနေနဲ့ ပြင်ရတာ ပြောင်းရတာပဲ ခဏနေပြင်ပြန် ခဏနေပြင်ပြန်ရင် ငြိမ်သက်ရမယ့်ခန္ဓာဟာ လှုပ်ရှားနေတာနဲ့ ခရီးမရောက်ဘူး- တပည့်တော်ဆိုလိုတဲ့ သဘောက ရှုနေတာက ကိလေသာမဖြစ်တဲ့'ဖေါက်ပြန်မှု' ပရမတ်၊ တွေ့ကြုံနေတာက ကိလေသာဖြစ်တဲ့ 'ညောင်းမှု ကိုက်မှု' ပညတ်ဆိုရင် မပြင်လို့ ဖြစ်ပါ့မလား- ဒီတော့ ပြင်တာ မပြင်တာဟာအကြောင်း မဟုတ်ပါဘူးကိလေသာ ဖြစ်မဖြစ်က အကြောင်းပါ-

ဦးဣန္ဒဝံသ- အိုး- ဒီစကားတော့ သိတ်ကြိုက်တာပဲ- မှန်လဲ မှန်ဒါကိုး ဦးသုံရ-

www.dhammaransi.com



ဦးသုန္ဒရ- ဟုတ်ထာမှ သိတ်ဟုတ်ပါတယ်- ကိလေသာသတ်ဖို့ လုပ်နေရတာကိုး ဒီတော့ ကိလေသာဖြစ်ပုံ မဖြစ်ပုံကလေး သိရအောင်-

နုပ်- ကိလေသာဆိုတာက စိတ်မှာပူလောင်မှု ညစ်နွမ်းမှုပေါ့- တပည့်တော်တို့က ခန္ဓာရဲ့ပကတိသဘာဝဖြစ်တဲ့ဖောက်ပြန်မှုကို သိနေတဲ့အခါ မိမိသူတပါး ပြုလုပ်မှုမဟုတ်တဲ့ အနတ္တ သဘောတရား ပရမတ်ကို မဂ္ဂသစ္စာ ဉာဏ်ပညာနဲ့သိနေတဲ့ အချိန်ဟာ ခန္ဓာရဲ့ ပင်ရင်းသဘာဝကို ပင်ရင်းအတိုင်း လုံ့လပယောဂစိုက်ထုတ်မှုမပါတဲ့ အသိနဲ့သိနေရတဲ့အတွက် သိရတဲ့စိတ်ဟာ ပူလောင်မှုလဲမဖြစ်ဖူး ညစ်နွမ်းမှုလဲမရှိဘူး ဒါကို ကိလေသာမဖြစ်ဖူးလို့ ဆိုလိုပါတယ်-

အဲ ခန္ဓာရဲ့ နကိုမူလ အရှိမဟုတ်တဲ့ တနည်းဆိုတော့ ညောင်းလောက်အောင် ပြုလုပ်မှု၊ ကိုက်လောက်အောင် ပြုလုပ်မှုကြောင့်ဖြစ်တဲ့ အတွေကို သိနေရတဲ့ အသိဟာ သဘော မကျမှု၊ မကျေနပ်မှု၊ စိတ် မသက်သာမှု- စတဲ့ ပူလောင်မှု ညစ်နွမ်းမှုတို့ဖြစ်တော့ အဲဒါ ကိလေသာ ဖြစ်ထာပေါ့-

ဦးသုန္ဒရ- နေအုံးဗျ ညောင်းတာ၊ ကိုက်ထာတို့ဟာ ခန္ဓာက သူ့ဟာသူဖြစ်တယ်လို့ မဆိုနိုင်ဘူးလား- ဟို- ပြောရရင် ပေါ့လေ- ညောင်းအောင် ကိုက်အောင်တော့ ဘယ်သူမှ လုပ်မယ်မထင်ဘူး- ဒါက ကျုပ်ရဲ့ ကိုယ်ပိုင် အတွေး ဉာဏ်ပါ-

နုပ်- ဦးဇင်း တရားထိုင်ဘူးတယ်နော်-

www.dhammaransi.com



ဦးသုန္ဒရ- အင်း နဲနဲပါးပါးဆိုပါတော့ဗျာ- သိတ်မထိုင်ဘူးလို့ အထင်တော့ မကြီးလိုက်ပါနဲ့နော်-

ဦးဝိလာသ- ဦးသုံတို့ကတော့ စကားပြောရင် အကာအကွယ် လေးက ပါတာချည်းပဲ-

နုပ်- ကိစ္စမရှိပါဘူးဘုရား- အရှင်ဘုရားထိုင်တော့ ညောင်းတာ တွေ့ဘူးသလား-

ဦးသုန္ဒရ- ညောင်းတာတော့ တွေ့ဘူးပါတယ်-

## 'နောက်ဆက်ဒုက္ခ-မရှုရ'

နုပ်- ဒီလိုညောင်းတာဟာ- ထိုင်ကထဲက ညောင်းတာလား- နောက်မှညောင်းတာလား-

ဦးသုန္ဒရ- ကပ်သီးကပ်သတ်ပြောရော့မယ်- ထိုင်ကထဲကညောင်း ရင် ထိုင်ဖြစ်ပါ့မလား- ၁၅မိနစ် မိနစ် ၂၀ အဲဒီလောက် ကျမှ ညောင်းတာပေါ့-

နုပ်- ဒီလို ညောင်းတဲ့ကိစ္စဟာ တခါတလေမှာ ဖြစ်ထာလား- ထိုင်လို့ ဒီအချိန်လောက်ကြာတိုင်း ဖြစ်ထာလား-

ဦးသုန္ဒရ- ဒါကတော့ ၁၅ မိနစ် တထိုင်ထဲ ထိုင်လိုက်ရင် တညောင်းထဲညောင်းမြဲပဲ-

နုပ်- ဒါဖြင့် အရှင်ဘုရား ညောင်းတာဟာ ဒီအချိန်လောက် ထိအော်င်မလှုပ်မရှားနေရင် ညောင်းနေကျဖြစ်လို့ ညောင်း မှာကို သိရက်သားနဲ့ ထိုင်လို့ ညောင်းလာတာဟာ ကိုယ်တော် လုပ်ယူရာမကျဘူးလား-

www.dhammaransi.com



ဦးသုန္ဒရ- အဲဒါပြဿနာပဲ- ကျုပ်မရှင်းသေးပါဘူး- ဒီအချိန်ထိအောင် ထိုင်တိုင်း ဒီအညောင်းဟာ သူ့ဟာသူရှိနေလို့ သူ့ဟာသူညောင်းတယ်လို့ မဆိုနိုင်ဘူးလား-

နုပ်- အရှင်ဘုရား နဲနဲသည်းခံပြီး စဉ်းစားကြည့်ပါ- ခုနက အရှင်ဘုရားပြောသလို ညောင်းတာဟာ အစကမရှိပါပဲနဲ့ အခုနောက်မှ ၁၅မိနစ်လောက်ထိအောင် မပြုမပြင်မလှုပ်မရှားနေလို့ ဖြစ်လာတော့ အစကမရှိကြောင်း ထင်ရှားပါတယ်- နောက်ပြီး ၁၅မိနစ် လောက်ကြာရင် ညောင်းတတ်တယ်လို့ အရှင်ဘုရား ကိုယ်တိုင် သိထားသားနဲ့ ညောင်းအောင် နေလို့ ညောင်းတာဟာ- အရှင်ဘုရား လုပ်ယူတာ-

ဦးသုန္ဒရ- ဒီလိုဆိုတော့ လုပ်ယူတာ မဟုတ်ပေမဲ့ လုပ်ယူတဲ့ အဓိပ္ပါယ်တော့ ရောက်ထာပေါ့လေ-

နုပ်- ဒါဖြင့် ညောင်းတာတွေတော့ ဘယ်လိုရှုနေသလဲ-

ဦးသုန္ဒရ- ညောင်းတာ ပေါ်တော့လဲ ညောင်းတယ် ရှုတာပဲ- ဖိုးပန်တို့ကကော ဘယ်လိုရှုသလဲ-

နုပ်- ညောင်းလို့ ကိုက်လို့ မခံသာဖြစ်လာရင် နေရာပြင်လိုက်ထာပဲ-ပြောင်းလိုက်ထာပဲ-

ဦးသုန္ဒရ- ဒါကို ဘာဖြစ်လို့မရှုတာလဲ-

နုပ်- ညောင်းလို့ ကိုက်လို့ မခံသာလို့ မရှုတာပဲ- စိတ်ထဲက မခံသာရင် ဒေါမနဿ ကိလေသာက- သူကတော့ တရား အားထုတ်နေတဲ့ ယောဂီပဲလို့ ခွင့်လွှတ်မယ်လို့ အရှင်ဘုရားထင်သလား-

www.dhammaransi.com



ဦးဝိလာသ- ပရမတ်တရားတို့မည်သည် မျက်နှာ မလိုက်တတ်ပါဘူးလေ-

နုပ်- နောက်ပြီးတော့ ခန္ဓာငါးပါးဆိုတဲ့ ဒီရုပ်နာမ် သဘာဝဟာ- အနတ္တ- ဒီအနတ္တထဲပါဝင်တဲ့ ရူပက္ခန္ဓာဟာသူ့ကိစ္စ ဖေါက်ပြန်မှုကို သူဆောင်ရွက်တယ်၊ ဝေဒနာက္ခန္ဓာဟာ ခံစားမှုကို-၊ သညာက္ခန္ဓာဟာ- မှတ်မှုကို-၊ သင်္ခါရက္ခန္ဓာဟာ- ပြုပြင်စေ့ဆော်မှုကို-၊ ဝိညာဏက္ခန္ဓာဟာ- သိမှုကို သူဆောင်ရွက်ပြီး သူ့ရဲ့ဆိုင်ရာကိစ္စကို- သူ့သဘာဝအတိုင်း အနတ္တဆိုတဲ့ သူတပါး အမိန့်ဩဇာခံမဟုတ်တဲ့ ကိုယ်ပိုင်အခွင့်အရေးနဲ့ ပရမတ်ပီပီ ဆောင်ရွက် လုပ်ကိုင်နေကြတယ်- အဲဒီတော့ တပည့်တော်တို့ရဲ့ ရုပ်နာမ် ခန္ဓာကို ကြည့်ပါ- အခုပဲ ဆယ်ခါမက နေရာပြင် နေရတာဟာ- သူ့ကိစ္စ သူလုပ်နေကျ သင်္ခါရက္ခန္ဓာရဲ့ ဆောင်ရွက်ချက်တွေပဲ-

တပည့်တော်တို့ အခု နေရာပြင်နေရတာကို ကြည့်ပါ- ကောင်းနေရင် ပြင်ရတာ အလုပ်ရှုပ်ပါတယ်မပြင်ချင်ဘူး- ဒါတပည့်တော်တို့ရဲ့သဘောကပေါ့လေ- အဲခန္ဓာကတော့ မင်း ညောင်းနေပြီ, ကိုက်နေပြီ, ပြင်မယ်- မင်း ခန္ဓာဟာ မကောင်းဘူးနော်လို့ သတိပေးသလို တပည့်တော်တို့က မတတ်သာလို့ နေရာ ပြင်ရ တာတောင်မှ 'မကောင်းလို့ ပြင်ရတာ'လို့သဘောထားရင် ကောင်းပါတယ်- ဒါဟာ ခန္ဓာရဲ့ အနတ္တသဘောကို သိထားရင် အဆင်ပြေတာပေါ့ ဒီလို အနတ္တသဘောမို့ သင်္ခါရက္ခန္ဓာက သူ့ကိစ္စသူ့အလုပ်

www.dhammaransi.com



ဖြစ်တဲ့ ပြုပြင်မှုဆောင်ရွက်ချက်ကို အညောင်းခံ့အကိုက်ခံ, မခံသာမှု အဖြစ်ခံပြီး ပေနေရင် အနတ္တ ဖြစ်တဲ့ ခန္ဓာ သဘာဝကို ဆန့်ကျင်ရာလဲ ကျမယ်- စိတ်ဆင်းရဲမှု ကိလေသာလဲ ဖြစ်မှာပေါ့-

ဦးသုန္ဒရ- အင်း 'သူငယ်ချင်း မြို့အုပ်ကယ်မှ ထောင်လုံးလုံးကျ' ဆိုတာလို တဖြေးဖြေးနဲ့ ခုမှပဲ အတ္တဝါဒ ဖြစ်မှန်းမသိ ဖြစ်တော့တာကိုး-

ဦးဝိလာသ- ကျုပ်တို့ကတော့ တရားအားမထုတ်ရသေးလို့ ဒီလို ဟိုလို ဘာမှမပြောလိုသေးပေမယ့် အခု ဖိုးပန်တင်ပြချက် တော့ သဘာဝရော-အာဂမရော ညီတယ်လို့ထင်တယ်-

ဦးဣန္ဒဝံသ- ဟုတ်ပါတယ် တရား အားထုတ်ဖူး သူတိုင်းဟာ အထိုင်တရားနဲ့ ပတ်သက်ရင်တော့- ဒါအများကြီးတွေ့ကြုံ ရတာပါပဲ- မလှုပ်ရ-မပြင်ရဆိုတဲ့ ဂိုဏ်းဂဏစွဲ ရှိရင်သာ မလှုပ်ပဲ မပြင်ပဲနေရင်နေမယ်-ဒီလိုနေလို့ အတ္တဆံသွားတာ ဒေါမနဿကိလေသာ ဖြစ်သွားတာတော့ ရှိမှာပေါ့-

ဦးပညာစက္က- ဒီလိုရှိနေ ဖြစ်နေလို့ ဘယ်ရမလဲဗျာ- နကိုတရား အားထုတ်တဲ့ ရည်ရွယ်ချက်က ကိလေသာ ပယ်သတ်ဖို့ ဆိုရင်- ကိလေသာဖြစ်မှုကို အထူး ရှောင်ကြဉ်ရမှာပေါ့-

နုပ်- ဒါပေါ့ဘုရား- တရားအားထုတ်တဲ့ ယောဂီမှန်ရင် ဘယ် ယောဂီမှ ကိလေသာ အဖြစ်မခံလိုကြတာ အမှန်ပါ- ဒါပေမဲ့ နူးညံ့တဲ့ ကိလေသာမျိုးကျတော့- သူ့ဉာဏ်မရင့် ရင် သူမလိုက်တတ်ပါဘူး- အဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်ပါဠိ တော်မှာ- အရှင်သာရိပုတ္တရာက တရား အားထုတ်ဆဲ

www.dhammaransi.com



အစဉ်မပြတ်ရှိပုံကို အသိဉာဏ်ရောက်ပြီး သိပုံလေးရှင်းစမ်းပါအုံး-

နုပ်- ဒီခန္ဓာရဲ့ သဘောဟာ သင်္ခတပရမတ်လို့ အစကထဲက တပည့်တော် လျှောက်ခဲ့တယ်-

ဦးသုန္ဒရ- ဒါကို ကျုပ်တို့ အားလုံး သဘောပေါက်ထားပြီပဲ-

**'အမြဲသိရန်-ရှုမှုမှန်'**

နုပ်- ဒီပရမတ်ကို မမြင်မသိတော့ ဒီသဏ္ဍာန်ဟာ- လူပဲ-နတ်ပဲ-အစိုင်အခဲပဲလို့ ထင်ခဲ့ကြတယ်- ဒီအထင်ဟာ ခန္ဓာရဲ့ သဘောမှန်ကိုမြင်တဲ့ အမြင်မဟုတ်ဘူး- ခန္ဓာရဲ့ ပရမတ်အမှန်သဘောကတော့- သူ့ဟာသူနဲ့ 'ဖေါက်ပြန်မယ်-ပျက်မယ်၊ သိမယ်- ပျက်မယ်'ပဲ- အဲဒါတွေကို အမှန်သိတတ်တဲ့ မဇ္ဈိမပဋိပဒါ- သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်နဲ့ကြည့်တော့ အမှန်သိလာတယ်- အခု တပည့်တော်တို့ ငြိမ်ငြိမ်ကလေး ထိုင်နေမယ်- ဘေးကကြည့်တဲ့ လူကတော့ ဒီလူငြိမ်နေပါလားလို့ မြင်မယ်- အမှန် တပည့်တော်တို့ခန္ဓာရဲ့ အတွင်းသဘောကတော့- ဘယ်တော့မှမငြိမ်ဘူး, ဘယ်လိုနေလို့မှ မငြိမ်ဘူး- ခန္ဓာရဲ့သဘောကို- အရှင်ဘုရား လေ့လာဖူးရင် အိပ်နေလို့ တရေးနိုးတဲ့အချိန် လေ့လာကြည့် သိတာပဲ- ရေချိုးနေဆဲ လေ့လာကြည့် သိတာပဲ- ဆွမ်းစားနေရင်း အကဲခပ်အုံးမလား သိတာပဲ- ဒါကြောင့် ပရမတ်ဆိုတဲ့ သဘောတရားတို့ကို လေ့လာသိရှိရတဲ့ ယောဂီဟာ-တရားဂုဏ်-၆ပါးရတယ်-ဒီထဲမှာ- 'သံဒိဋ္ဌိကော,အကာလိကော,

www.dhammaransi.com



ပေဟိပဿိကော, ဩပနေယျိကော’တို့ဟာ အမြဲရှိကြောင်း ပြတာပဲ ဒီအမြဲရှိတဲ့ အမှန်ပရမတ်ကို ရှုမြင်တတ်လို့- အမြဲရှိ မဟုတ်တဲ့ ညောင်းမှု· ကိုက်မှု စတာတွေကို မရှုရတဲ့ ပညတ်မှန်း သိသွားတာပေါ့ဘုရား—

ဦးသုန္ဒရ- ကောင်းပါပြီဗျား ကျုပ်တို့လဲ ဝိပဿနာ မတောက် တခေါက် လုပ်ဖူးတာလေးနဲ့ ဆွေးနွေးလိုက်ထာ သူငယ် ချင်းနဲ့တွေလို့ ဗောက်ချ လှေ့ကျင့်တော့မယ်ဗျား· ကဲ တပည့်တော်တော့ ကျေနပ်သွားပီ ဗိုလ်ဝိတို့ သိချင်ရင် ဆွေးနွေးပေအုံးတော့—

ဦးဝိလာသ- ကျုပ်တို့က စာအုပ်တွေကြည့်ပီး လေ့လာရအုံးမယ်၊ လုပ်ငန်းကတော့ ဦးသုံ မေးတာနဲ့ ကျုပ်တို့သဘောပေါက် နေတယ် အလုပ်ဖြစ်အောင် လေ့ကျင့်ရမှာပေါ့—

နုပ်- အရှင်ဘုရားတို့ သဘောပေါက်ထာ တပည့်တော် အလွန် ဝမ်းသာပါတယ်၊ ဘုရား သာသနာကို အဆင့်ဆင့် ပွားအောင် အရှင်ဘုရားတို့ အဆောင်ရွက်နိုင် ဆုံးပဲ- တပည့်တော်ကဗမာစကားနဲ့ပြောလို့သံသယတော့မဖြစ်ကြ ပါနဲ့ တကယ်တော့ သံယုတ်ပါဠိတော်, ပဋိသမ္ဘိဒါမဂ် ပါဠိတော်နဲ့ ဝိသုဒ္ဓိမဂ်, သမ္မောအဋ္ဌကထာများ၏ စကား တွေပါ—

ဦးဝိလာသ- သိပါတယ် ဖိုးပန်ရယ် ကျမ်းဂန် လွတ်သွားရင် အချင်းချင်းပေမယ့် တီးမှာ- ကျုပ်က အလုပ် မလုပ်ဖူး တော့ ဖိုးပန်-စာတွေရှောက်ပြောနေတယ်တောင်ထင်တာ ဦးသုံက ထောက်ပြီး ဆွေးနွေးမှ ဒါအလုပ်ကိုးလို့သိတာပဲ·

www.dhammaransi.com



နုပ်- ဒါဖြင့် ယုံယုံ ကြည်ကြည်သာ လေ့လာတော် မူကြပါ ဘုရား-
(ကဲ- ကျုပ်တို့ပြန်မယ် သပိတ်ကြီးနဲ့ ဖိုးပန်လဲ့လိုရာခရီးကို တဖြောင့်တည်း ရောက်ကြပါစေ- စသည်ဆုတောင်းကြပြီး ပြန်ကြွကြလေသည်)
ဦးရေဝတ- ကဲ ဆရာလဲ ၁၁နာရီတောင်ထိုးနေပြီ-
နုပ်- ကိစ္စမရှိပါဘူး ဘုရား့ မီးတွန်းပဲ့ရှိနေတာပဲ-
ဦးရေဝတ- စောစောက ဦးသိုနဲ့ ဦးဣန္ဒဝံတို့က သူတို့ တရားအားထုတ်ဖူးတယ်၊ ဒီညနေ ဦးဇင်းနဲ့ ဆွေးနွေးတာတော့ သူတို့တော်တော်ပြောကြဆိုကြတယ်၊တကယ်လေ့လာထားတဲ့ ဆရာနဲ့တွေ့မှ သူတို့သိတ်ပြီးမပြောကြတာသူတို့ဆိုလိုတဲ့ သဘောက ဦးဇင်းဟာ ဆရာနဲ့တွေ့ပြီး ၂ရက် ၃ရက်နဲ့ ဒီလောက်သိတယ်ဆိုတာ သိတ်မကျေနပ်ကြဘူး မယုံချင်ကြဘူးလေ ဆရာနဲ့လဲတွေ့ချင်လို့ လိုက်ပြီးဆွေးနွေးကြမယ်ဆိုပြီး လိုက်လာကြတာပဲ-
နုပ်- ကိုယ်တော်တွေ ကျေနပ်ပုံကော ရကြသလား-
ဦးရေဝတ- ကျေနပ်ကြပါတယ်၊ဆရာနဲ့ကျတော့သူတို့လုပ်လာတဲ့ လုပ်ငန်းစဉ်တောင် ဖေါ်မပြောကြဘူး မဟုတ်လား- ဦးဇင်းတော့ သူတို့က ငယ်နိုင် ဖြစ်နေတာကိုး- ညနေက ဦးဇင်းနဲ့ ဆွေးနွေးတော့ သူတို့လုပ်ငန်းမှ အဟုတ်ပြောနေကြတာပဲ- ဆရာက ပညတ်အာရုံကြောင့် ဒေါမနဿကိလေသာဖြစ်ပုံပြောတာ သူတို့ မငြင်းကြဘူး၊ ဦးဇင်းနဲ့တုန်းက မဖြစ်ပါဘူးလို့ အတင်းငြင်းကြတယ်-

www.dhammaransi.com



## 'ကိလေသာဖြတ်-ပရမတ်'

နုပ်- တကယ်တော့ ပရမတ် အာရုံဆိုတာ ဘာကိလေသာမှ ဖြစ်ကောင်းတာ မဟုတ်ပါဘူး၊ ကိလေသာ ဖြစ်လာတယ် ဆိုရင် ပညတ်အာရုံချည်းပဲ- ပညတ်အာရုံ အားနည်းရင် ကိလေသာ ပါးပြီးတော့ ပညတ်အာရုံ ကြီးကျယ်ရင် ကိလေသာ အားကောင်းတာပေါ့- ဒါကြောင့် မှတ်လွယ်အောင်-

'အာရုံပညတ်-စွဲယူမှတ်- ဖြစ်တတ်ကိလေသာ၊
ပရမတ်အာရုံ- သိခိုက်ကြုံ-ဖြတ်ကုန်ကိလေသာ'

လို့ တပည့်တော်တို့ ရေးထားတယ်၊ အတိအကျဆုံး ပြောရရင် သာသနာလုပ်ငန်းမှာ 'သတိ-ပညာ' တနည်းတော့ 'သတိပဋ္ဌာန်နဲ့ သတိပဋ္ဌာန်ဘာဝနာ'ရှိတဲ့ အနက် သမ္မာဒိဋ္ဌိ ပညာဆိုတဲ့ ဘာဝနာပိုင်းကို မပွားများနိုင်ခင် 'သတိ အနေ-သတိပဋ္ဌာန်အနေ'နဲ့ ပရမတ်ရုပ်နာမ်ကို သိကာစမှာ ပညတ်အာရုံ မကင်းသေးတော့ ကိလေသာ စင်နေပါ တယ်လို့ မဆိုနိုင်သေးပါဘူး- အဲ သတိအနေက လွန်ပြီး ပရမတ်ဖြစ်တဲ့ ဖေါက်ပြန်မှု, သိမှုတို့ရဲ့ ပျက်တဲ့ သဘော သက်သက်ကို 'ပျက်တယ်-ပျက်တယ်'လို့ ဘာဝနာအနေ သမ္မာဒိဋ္ဌိပညာအနေနဲ့ ပွားတဲ့အပိုင်းမျိုးကျတော့မှ ကိလေ သာ ပါးလာတယ်-

ဦးရေဝတ တယ်နူးညံ့ပါလား- ကိလေသာ ပြတ်မသွားသေး ဘူးပေါ့-

www.dhammaransi.com



နုပ်- ကိလေသာပါးတဲ့ သဘာဝကတော့ 'ပျက်တဲ့သဘောကို သိနေတဲ့အခိုက်- ကုန်နေ- ချုပ်နေတဲ့ သဘောလောက် သိနေတဲ့အချိန်ဟာ စွဲစရာယူစရာ အာရုံ သိတ်ကိုနည်းသွားတာကိုး' ဒါဟာတပည့်တော်က ဝိသုဒ္ဓိမဂ်, ပဋိသမ္ဘိဒါမဂ် ကျမ်းဂန်အရသာပြောတာ အလုပ်လုပ်နေတဲ့ ယောဂီ အနေနဲ့ဆိုရင် အဲဒီအခါချိန်မှာ စွဲယူစရာ အာရုံ ဖြတ်သွားလို့ ကိလေသာဖြစ်ကို မဖြစ်ဖူးလို့ အောင့်မေ့ရတာပေါ့- နဲနဲ ပါးပါး ကိလေသာရှိနေတာကို ယောဂီရဲ့ဉာဏ်က မမှီလို့ ထင်လိုက်ရတာမျိုးပါ-

ဦးရေဝတ- ဪ ဒါမျိုးထင်တယ် 'ငါ့မှာ ကိလေသာမရှိတော့ပါလား'လို့ အဓိမာနဖြစ်ကြတာလေ-

နုပ်- အဓိမာနကလဲ ဒါမျိုးကို အခိုက်အတံ့ သိရာကနေ အစွဲကြီးပြီး အထင်ကြီးတာ- အခုဖြစ်ထာမျိုးက အားထုတ်သန့်တဲ့ ဉာဏ်ရင့် ယောဂီမှာ 'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ' မျိုးပေါ့-တပည့်တော်ဆိုလိုတဲ့ သဘောကတော့ ကိလေသာဆိုတာ ပညတ်အာရုံဆိုလို့ နဲနဲပါးပါးရှိတာတောင် ကိလေသာ ဖြစ်သေးတယ်လို့ဆိုရင်- တကယ့်ကို ပညတ်အကောင်အထည်ကြီးဖြစ်နေတဲ့ နေရာ- ကိလေသာတော့ ဒုန်းဒယ်နဲ့ပေါ့- ဒီတော့ အရှင်ဘုရားလဲ နက်ဖြန်ပြန်ကြွပြီးရင်- နောင်တွေ့ဖို့ တော်တော်ခဲယဉ်းမှာမို့ အလုပ်နဲ့ ပတ်သက်တဲ့ သိချင်တာကလေးတွေ မေးအုံး, ဆွေးနွေးအုံးပေါ့-

www.dhammaransi.com



ဦးရေဝတ- မေးဖို့ ဆွေးနွေးဖို့ကတော့ ရှိနေသေးတာပေါ့- ဒါပေမယ့်- ဒီညဆွေးနွေးချက်တွေဟာ ဦးဇင်းတို့လုပ်ငန်း အနေနဲ့ အတော်ကို ပြည့်စုံသွားလို့ ဆွေးနွေးစရာ မကျန် သလောက်ပါပဲ- ဦးဇင်းအတွက်တော့ ဒီနှစ်မှာ တရား အားထုတ်တော့မယ်လို့ စိတ်ဆုံးဖြတ်ပြီး ကထိန်အတွက် ရန်ကုန်လာကာမှ ဦးဇင်း ပါရမီဆုတောင်းပြည့်ဖို့ ဘယ်လိုမှ မြှော်လင့်မထားတဲ့ အရင်းနှီးဆုံး ကိုယ့်မိတ်ဆွေကို ဆရာ အဖြစ်နဲ့ လာတွေ့ရပြီး ကိုယ်လိုချင်တဲ့ တရားနည်းလမ်းကို ယထာဘူတကျကျ လေ့လာခွင့် သိခွင့်ရတဲ့အပြင် လေ့ကျင့် အားထုတ်နည်းပါ လက်တွေ့ရလိုက်လို့ ဦးဇင်းတော့ အလို ဆန္ဒပြည့်ဝသွားလို့ ကျောင်းကထိန် ပြီးရင်တော့ ကိုယ့်ရဲ့ လုပ်ငန်းဆက်ပြီလို့သာ ဆရာ အသိအမှတ် ပြုပါတော့- ဦးဇင်းရဲ့ ဆန္ဒပြည့်သလို ဆရာလဲ အလိုရှိအပ် တောင့်တ အပ်တဲ့ ကောင်းမြတ်တဲ့ သာသနာပြုစိတ်ဓာတ် သမ္မာဆန္ဒ တို့လဲ လပြည့်ဝန်းလို ပြည့်ဝပြီး မြတ်စွာဘုရား သာသနာ တော်ကို နေဝါ လဝန်းလို ထွန်းလင်းတောက်ပအောင် ပရမတ္ထ သာသနာပြုနိုင်ပါစေ-

နုပ်- တပည့်တော်လဲ အရှင်ဘုရားနဲ့တွေ့ရတာ မိတ်ဆွေဟောင်း လဲဖြစ်- တပည့်တော် မြှော်လင့်တဲ့ တရားလေ့လာ အားထုတ်တဲ့ ပုဂ္ဂိုလ်လဲဖြစ်တော့ အတော့်ကို ဝမ်းမြောက် ပါတယ်- ဦးဇင်းနဲ့ စတင်တွေ့ပြီး အခု အချိန် အထိ ကာယ, ဝစီ, မနောတို့နဲ့ ပတ်သက်လို့ ထိခိုက်လွန်ကျူး ပြစ်မှားမိတဲ့ ချွတ်ယွင်းမှုလေးများရှိခဲ့သော်-အရှင်ဘုရားက

www.dhammaransi.com



ခွင့်လွှတ်တော်မူပါ- အရှင်ဘုရားက တပည့်တော်အပေါ် စိတ်စနောင့်စနင်း ရှိမှုများကိုလဲ တပည့်တော်က လုံးဝ ခွင့်လွှတ်ပါတယ် ဘုရား ကြုံတောင့်ကြုံခဲ- အရှင်ဘုရားကို ဆွမ်းတနပ်တောင်မှ မကပ်လိုက်ရတာ တခုပဲ တပည့်တော် စိတ်မကောင်းဖြစ်မိပါတယ်-

ဦးရေဝတ- အို မဖြစ်ပါနဲ့ ဦးဇင်း အများကြီး ပြည့်စုံပါတယ်- ဆရာနေတဲ့လမ်း တောင်ဖက်က လမ်းမှာ ဦးဇင်းတကာ တယောက်ရှိတယ်- သူ့ကို စုံစမ်းကြည့်တော့ ဆရာဟာ အိမ်ပိုင်မရှိပဲ-သားမယားတွေနဲ့ အဆင်းရဲခံပြီး သာသနာ ပြုနေတဲ့ အကြောင်း သူတို့နားက လင်းလွန်း ဘုရားလေး တန်ဆောင်းမှာ ဝါတွင်းဝါပ ဆရာ့တရားပွဲဘယ်တော့မှ မပြတ်ကြောင်း သာသနာ့စိတ် တခုကို ထက်ထက်သန်သန် ထားကြောင်း သတင်းကြားရတော့မှ အဲဒါ ဆရာတော် တို့နဲ့ စာသင်ဖက်ဖြစ်တဲ့အကြောင်း- စာသင်တုန်းကထဲက ထက်မြက်ကြောင်း ပြောရ ပါသေးတယ် - ဒီတော့ တကာကြီး- ဟို-အထုပ်သွားယူစမ်းပါ-

(ဆိုသဖြင့်ကျောင်းတကာ ဦးထွန်းသာသည် ကျောင်းကို သွား၍ အထုပ်တခုကို ယူလာသည်) ဦးဇင်းကို ခင်မင် ရင်းနှီး သံသရာအကျိုး ကောင်းဖို့ မြှော်လင့်ပါရင်ဒီ အထုပ် လက်ခံပါ- ဒါဟာ ဦးဇင်း စင်စင်ကြယ်ကြယ်နဲ့ အလှူခံ ရထားတာတွေပါ-တခြား ပစ္စည်းပစ္စယတွေ ကျောင်းမှာ လဲ သိုမှီးသိမ်းဆည်းထားတာ မရှိပါဘူး- ဆရာ့ပညာကို တော့ ဝမ်းမြောက်ဝမ်းသာ ကျေးဇူးပြုပါရစေ-

www.dhammaransi.com



ဆို၍ လေးလေးစားစား ပေးအပ်လေသည်၊ ကျွန်ုပ်လည်း ဝမ်းသာဝမ်းနည်းခြင်းဖြင့် လက်ခံပြီး ကိုးထပ်ကြီးရှင်တော်မြတ်အား ပူဇော်ကန်တော့ကြကာ ၁၁နာရီခွဲတွင် ဆင်းပြန်လာရာ ကိုယ်တော်နှင့် ကျောင်းတကာတို့လည်း စကားမပြော တုဏှိဘောဖြင့် လိုက်ပို့ကြလေသည်) အိမ်ရောက်၍ အထုပ်ဖြေကြည့်လိုက်သောအခါ မှာဆရိုက်လုံချီ ၂ထည်၊ တက်ထရွန်အင်္ကျီပိတ် ၅ကိုက်၊ ဝတ္ထုငွေ ၃၅ဝိ နှင့် စာတစောင်-စာကား-

"ကျေးဇူးရှင်ဆရာသို့ ကျေးဇူးဆပ်ရန် အကြောင်းပေါ်လာသည်ကား- မနေ့က- တကာကြီး ဦးထွန်းသာက ကထိန်အတွက် ဝယ်ချမ်းသော ပစ္စည်းများ အားလုံးစုံသွားပြီဖြစ်၍ တပည့်တော်ပိုင်သော ဝတ္ထုငွေ ၅ဝဝိကို ဆရာတော် အသုံးပြုလိုရာပြုပါဟု လျှောက်သောကြောင့် ဤသို့ တိုက်တိုက်ဆိုင်ဆိုင် ကျေးဇူးဆပ်ခွင့် ရခြင်းအတွက် ဆရာလက်ခံပါ"

ဦးရေဝတ

ဟုပါရှိပါသတည်း။ ထိုအချိန်မှစ၍ ကွဲကွာခဲ့ရာ ယနေ့အထိ သတင်းမကြားရတော့ပေ။ ကျွန်ုပ်သည် ဦးထွန်းလွင်ဆိုသူနှင့် ၅ရက်တိုင်တိုင် ညနေပိုင်းများတွင် ကျွန်ုပ်နေအိမ်၌ ဆွေးနွေးသော တရား အချက်အလက်များကို 'မဇ္ဈိမပဋိပဒါ ရှင်းချက်' ဟူသော အမည်ရှိ စာအုပ်ကိုရင်း-

www.dhammaransi.com



ဓမ္မာစရိယ ဦးဝေပုလ္လနှင့် တနေ့နှင့်တည ရွှေညောင်သွား ရထားပေါ်တွင် ဆွေးနွေးသော တရားများကို 'သိတာနှင့် သိစရာ'ဟုသော အမည်ရှိ စာအုပ်ကိုရှင်း ၂ကြိမ်မီထုတ်ဝေခဲ့ပြီးဖြစ်ရာ- ဝိပဿနာတရားကို လေ့လာလိုက်စားသူများ ကျေးဇူး များကြသည်ကို သိမြင်ရသည်ဖြစ်ပါ၍ ယခု ဦးရေဝတ (မူလဓမ္မာစရိယ- ဂဏာဝါစက)နှင့် ၃ရက် ၃ည ဆွေးနွေးရသော တရားများကိုလည်း (ဒိဋ္ဌဓမ္မော) အမည်ဖြင့် ထုတ်ဝေလိုက်ပါသည်၊ ဆက်လက်၍ ဤသို့ ရက်ရှည် တဦးချင်းဆွေးနွေးချက် မဟုတ်သော- အတိုနည်းအားဖြင့် မေးမြန်း ဆွေးနွေးကြသော အများ မေးမြန်းချက်တို့ကိုလည်း အခါအခွင့်သင့်က စုပေါင်း ထုတ်ဝေမည်ဖြစ်ပါကြောင်း-

ဆရာဦးကြည်
၁၆-၉-၇၆

www.dhammaransi.com



# နောက်ဆက်တွဲ

ဤစာအုပ်ကို ဖတ်ရှု လေ့လာသူတို့သည် - အံချီနေရာတို့တွင် စာပေကို သိပြီးသော ပုဂ္ဂိုလ် အချင်းချင်းဖြစ်၍-ပါဠိသာထည့် ပြော၍ အနက် မပါသောကြောင့် မရှင်း မလင်း ဖြစ်သော ပုဂ္ဂိုလ်တို့ ရှိကြမည် ဖြစ်သောကြောင့် - ထိုပုဂ္ဂိုလ်များ အတွက် သိရ - မှတ်ရ - လွယ်ကူ စေခြင်းငှါ - ဤ နောက်ဆက် တွဲ တွင် အနက်ပြန်၍ ထည့်ပေးလိုက်ပါသည်။

(၁) စာမျက်နှာ ၂၃-တွင်....

"ဣဒံ ပန အာနာပါနဿတိ ကမ္မဋ္ဌာနံ ဂရုကံ ဂရုကဘာဝနံ ဗုဒ္ဓ ပစ္စေက ဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရ ဘူမိဘူတံ"

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၂၇၆)

'ဣဒံ ပန အာနာပါနဿတိ ကမ္မဋ္ဌာနံ - ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းသည်ကား....၊ ဂရုကံ - ခက်ခဲ၏၊ ဂရုကဘာဝနံ-အားထုတ်ရာတွင် ခက်ခဲသော ဘာဝနာ ဖြစ်၏၊ ဗုဒ္ဓ-ပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ - မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, မြတ်စွာဘုရား၏ သားတော်ကြီးများဖြစ်ကုန်သော၊ မဟာပုရိသာနံယေဝ - ယောကျ်ားမြတ်တို့၏ သာလျှင်၊ မနသိကာရ ဘူမိဘူတံ-နှလုံးသွင်းနိုင်ရာ ဌာန ဖြစ်၏'။

www.dhammaransi.com



(၂) စာမျက်နှာ ၂၄-တွင်....
'နစေဝဏ္ဏတ္တရံ နစဏ္ဏတ္တရ သတ္တ သမာသေဝိတံ'
(ဝိသုဒ္ဓိ-ဋ္ဌ်း)
'နစေဝဏ္ဏတ္တရံ-ထွက်လေ-ဝင်လေ သိမှတ်တတ်ရုံ သူတို့နှင့် မဆိုင်သော-ဘုရားစသော ကြီးမြတ်သော ယောကျ်ား မြတ်တို့၏ တရားသာဖြစ်၏၊ နစ ဏ္ဏတ္တရ သတ္တသမာ သေဝိတံ-မဟာပုရိသယောကျ်ား အာဇာနည်တို့မှတပါး အများသော လူသူ သတ္တဝါတိုင်းတို့၏ ပေါက်မြောက် အောင် ပွားများ အားထုတ်နိုင်သော တရားမဟုတ်'။

(၃) စာမျက်နှာ ၂၆-တွင်....
'တသ္မာ ဓော ဗလဝတိ သတိစ ပညာစ ဣစ္ဆိတဗ္ဗာ'
(ဝိသုဒ္ဓိ-ဋ္ဌ်း)
'တသ္မာ-ဆိုအပ်ခဲ့ပြီး အကြောင်း အသီးသီးကြောင့်၊ ဓော-ဤအာနာပါန သတိကမ္မဋ္ဌာန်း၌၊ ဗလဝတိ-အား ကောင်းသော၊ သတိစ-ဂရုစိုက်မှု သတိကိုဋ္ဌ်း၊ ပညာစ· အသိပညာကိုဋ္ဌ်း၊ ဣစ္ဆိတဗ္ဗာ-အလိုရှိအပ်၏'။

(၄) စာမျက်နှာ ၃၅-တွင်....
'ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညတတ္တံ ပညာယတိ'
(တိကအင်္ဂုတ္တရသင်္ခတလက္ခဏာသုတ်-၁၅၀)
'ဥပ္ပါဒေါ-ဖြစ်ခြင်း လက္ခဏာသည်၊ ပညာယတိ-ထင်ရှား၏၊ ဝယော-ပျက်ခြင်းလက္ခဏာသည်၊ ပညာယတိ

www.dhammaransi.com



ထင်ရှား၏၊ ဌိတဿ-ဖြစ်ခြင်းအခိုက်အတန့်၏၊ အညတတ္တံ-ပြောင်းလဲ၍ တည်ခြင်း လက္ခဏာသည်၊ ပညာယတိ-ထင်ရှား၏'။

(၅) စာမျက်နှာ ၁၁၉-တွင်....

'အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ၊
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ၊
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ"

(သဂါထာဝဂ္ဂသံယုတ် အရုဏဝတီသုတ်-၁၅၉)

'ဗုဒ္ဓသာသနေ-မြတ်စွာဘုရား၏ သာသနာတော်၌၊ အာရမ္ဘထ-လုံ့လကြိုးကုတ် အားထုတ် ကြကုန်လော့၊ နိက္ကမထ-ထွက်မြောက်ကြောင်း လုံ့လကို ပြုကြကုန်လော့၊ ယုဉ္ဇထ-ဘာဝနာနှင့်ယှဉ်သောလုံ့လကို ကြိုးပမ်းကြကုန်လော့၊ ကုဉ္ဇရော-ဆင်ပြောင်ကြီးသည်၊ နဠာဂါရံ ကြူအိမ်ကို၊ ဓုနာထဣဝ-ချေဖျက်သကဲ့သို့၊ မစ္စုနော-သေမင်း၏၊ သေနံ-စစ်သည်ကို၊ ဓုနာထ-ဖျက်ဆီးကြကုန်လော့။

ယော-အကြင်သူသည်၊ ဣမသ္မိံ ဓမ္မဝိနယေ-ဤဓမ္မဝိနယဟုဆိုအပ်သော သာသနာတော်၌၊ အပ္ပမတ္တော-မမေ့မလျော့သည်ဖြစ်၍ ဝိဟဿတိ- သတိပဋ္ဌာန်ဘာဝနာဖြင့် နေလတ္တံ့၊ သော-ထိုသတိ-မပြတ် ကပ်ရှုတတ်သော ယောဂီသည်၊ ဇာတိသံသာရံ-တဖန် ဖြစ်ခြင်းဟု ဆိုအပ်

www.dhammaransi.com



သော သံသရာကို၊ ပဟာယ-ဘာဝနာဉာဏ်ဖြင့် ပယ်၍၊ ဒုက္ခသန္တိ - ဆင်းရဲ သံသရာ၏ အဆုံးကို၊ ကရိဿတိ ပြုလတ္တံ့ ။

(၆) စာမျက်နှာ ၁၄၃-တွင်

'အာရဒ္ဓ ဝိပဿကဿ ဉာဏေန လက္ခဏတ္တယေ ဒိဋ္ဌေ သင်္ခါရာနံ အနိစ္စဘာဝါဒိ ဝိစိနနေ မဇ္ဈတ္တတာ ဥပ္ပဇ္ဇတိ၊ အယံ ဝိပဿနုပေက္ခာနာမ'

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁၅၇၊ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ-၁၇၅ အဋ္ဌသာလိနီအဋ္ဌကထာ-၂၁၈)

'အာရဒ္ဓဝိပဿကဿ-အားထုတ်ဆဲဖြစ်သော ဝိပဿနာ ယောဂီအား၊ ဉာဏေန-ပရမတ်ကိုသိသော ဝိပဿနာ ဉာဏ်ဖြင့်၊ လက္ခဏတ္တယေ-အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာသုံးချက်ကို၊ ဒိဋ္ဌေ-မြင်သည်ရှိသော် သင်္ခါရာနံ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏၊ ဝါ-ဖေါက်ပြန်-သိမှု သင်္ခါရ အစုတို့၏၊ အနိစ္စဘာဝါဒိဝိစိနနေ - ပျက်ခြင်း အဖြစ်စသည်ကို စူးစမ်း ဆင်ခြင်ရာ၌၊ မဇ္ဈတ္တတာ- ကိလေသာ ဘက်မလိုက်ပဲ အညီအမျှ ရှုသော အဖြစ် သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ အယံ - ဤ ရှု မြင် ချက် သည်၊ ဝိပဿနုပေက္ခာနာမ-ဝိပဿနုပေက္ခာမည်၏။

(၇) စာမျက်နှာ ၁၄၄-တွင်

'ပရိပက္ကာ ကမေနေဝံ၊ ပရိဘာဝိတဘာဝနာ၊
ပရိစ္စဇန္တိ သင်္ခါရေ၊ ပက္ခန္ဒန္တိအသင်္ခတေ'။

(နာမရူပ ပရိစ္ဆေဒဋ္ဌကထာ-၁၅၂)

www.dhammaransi.com



'ဝေ-ဤဆိုခဲ့သောအတိုင်း၊ ပရိဘာဝိတဘာဝနာ-ပွား များလေ့လာအပ်သော ဘာဝနာဉာဏ်သည်၊ ကမေန- အစဉ်အတိုင်း၊ ပရိပက္ကာ-ရင့်ကျက်ခြင်းသို့ ရောက်လတ် သော်၊ သင်္ခါရေ ပြုပြင်ခြင်း မကင်းသဖြင့်-ဖြစ်ပျက်နေ သော ရုပ်နာမ်သင်္ခါရ သင်္ခတ ပရမတ် သဘောတို့ကို၊ ပရိစ္စဇန္တီ-စွန့်လွှတ်ကုန်၍၊ အသင်္ခတေ- ပြုပြင်ခြင်းကင်း သော အသင်္ခတဓာတ်သို့၊ ပက္ခန္ဒန္တိ-ပြေးဝင်ကုန်တော့၏'

(ဂ) စာမျက်နှာ ၁၅၁-တွင်....

'နိမ္မလံ သီလံ အဒ္ဒသ တဿ တံ ဩလောကေန္တော သကလသရီရံ ဖရန္တီပီတိ ဥပ္ပဇ္ဇိ၊ သောတံ ပီတိံ ဝိက္ခမ္ဘေတွာ ဝိပဿနံ ဝဍ္ဎေန္တော သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတွာ'

(ဓမ္မပဒဋ္ဌကထာ-၄၃၅)

'သော-ထိုသပ္ပဒါသ မထေရ်သည်၊ နိမ္မလံ သီလံ-အညစ် အကြေးမထင်-စင်ကြယ်သော မိမိ၏ သီလကို၊ အဒ္ဒသ- ဆင်ခြင် သုံးသပ်သဖြင့် မြင်၏၊ တဿ-ထိုသပ္ပဒါသ မထေရ်အား၊ တံ-ထိုစင်ကြယ်သော သီလကို၊ ဩလောကေန္တော-ကြည့်လျက်၊ ကြည့်သည် ရှိသော်၊ သကလသရီရံ-တကိုယ်လုံးကို၊ ဖရန္တီ-ပျံ့နှံ့၍တည်သော၊ ပီတိ-နှစ်သက်ဝမ်းမြောက်သော ပီတိသည်၊ ဥပ္ပဇ္ဇိ-ဖြစ်ပြီ၊ သော-ထိုသပ္ပဒါသ မထေရ်သည်၊ တံပီတိံ ထိုနှစ်သက် ဝမ်းမြောက်သော ပီတိကို၊ ဝိက္ခမ္ဘေတွာ-နှလုံးမသွင်း

www.dhammaransi.com



ပယ်ခွါခြင်းဖြင့်၊ ဝိပဿနာ-ပရမတ္ထ သဘာဝတို့ ဖြစ်ကပျက်ပြန် ဝိပဿနာ ရှုညာဏ်ကို၊ ဝဍ္ဍေနွာ-ပွားများအားထုတ်သည်ရှိသော်၊ ပဋိသမ္ဘိဒါဟိ- လေးပါးသောပဋိသမ္ဘိဒါနှင့်၊ သဟ-အတူတကွ၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ ပတ္တော-ရောက်၍'....

(၉) စာမျက်နှာ ၁၅၃-တွင်....

'တဿ သီလံ အာရဗ္ဘ ဗလဝ ပီတိ ဥပ္ပဇ္ဇိ၊ သောတံ ဝိက္ခမ္ဘေတွာ ပါဒုဒ္ဓါရမ္ပိအကတွာ တတ္ထေဝ အရဟတ္တံ ပတွာ' (ဓမ္မပဒဋ္ဌကထာ-၄၁၄)

'တဿ-ထို ပဗ္ဗာရဝါသီ တိဿထေရ်အား၊ သီလံ-စင်ကြယ်သောသီလကို၊ အာရဗ္ဘ-ဆင်ခြင်ထောက်ရှုအမှီပြု၍၊ ဗလဝပီတိ-အားကြီးသော နှစ်သက်ဝမ်းမြောက်မှုသည်၊ ဥပ္ပဇ္ဇိ-ဖြစ်လေပြီ၊ သော - ထို ပဗ္ဗာရဝါသီတိဿထေရ်သည်၊ တံ-ထိုနှစ်သက် ဝမ်းမြောက်သောပီတိကို၊ ဝိက္ခမ္ဘေတွာ - နှလုံးမသွင်း ပယ်ခွါခြင်းဖြင့်၊ ပါဒုဒ္ဓါရမ္ပိ-ခြေလှမ်းခြင်း ကြွခြင်းကိုပင်၊ အကတွာ-မပြုလုပ်ရသေးမီ၊ တတ္ထေဝ-ထိုရပ်၍ ဆင်ခြင်ရာနေရာ၌ပင်လျှင်၊ အရဟတ္တံ ပတွာ-ရဟန္တာအဖြစ်သို့ ရောက်၍

၁၀) စာမျက်နှာ ၁၅၃-တွင်....

'ယထာယထာဝါပနဿကာယော ပဏိဟိတောဟောတိ၊ တထာ တထာ နံ ပဇာနာတိ'

(မဟာသတိပဋ္ဌာနသုတ်ပါဠိတော် ၂၃၂-တွင်)

www.dhammaransi.com



'ယထာယထာ-အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်၊ အဿ-ထိုတရား အားထုတ်သော ယောဂီ၏၊ ကာယော-ခန္ဓာကိုယ်သည်၊ ပဏိဟိတော-တည်ရှိသည်၊ ဟောတိ-ဖြစ်၏၊ တထာတထာ-ထိုထိုသို့သော အခြင်းအရာအားဖြင့်၊ နံ-ထိုခန္ဓာကိုယ်ကို၊ ပဇာနာတိ-သိ၏'

(၁၁) စာမျက်နှာ ၁၆၂-တွင်...

'သဗ္ဗသော နာမ ရူပသ္မိံ-ယဿနတ္ထိ မမာယိတံ၊
အသတာစ နသောစတိ-သဝေ ဘိက္ခူတိ ဝုစ္စတိ'။

(ဓမ္မပဒပါဠိတော်-၆၆)

'ယဿ-အကြင်ယောဂီအား၊ သဗ္ဗသော-အခြင်းခပ်သိမ်း၊ နာမရူပသ္မိံ-သိသဘောဖောက်ပြန်သဘော၌၊မမာယိတံ-ငါ့,ငါ့ဥစ္စာဟူ၍ မြတ်နိုးမှုသည်၊ နတ္ထိ-မရှိ၊ အသတာစ-သဘာဝတရားတို့၏ တဖြုတ်ဖြုတ် ပျက်နေသဖြင့်လည်း၊ နသောစတိ-မစိုးရိမ်၊ သသော-ထိုယောဂီကို၊ ဝေ-စင်စစ်၊ ဘိက္ခူတိ - ဘိက္ခုဟူ၍၊ ဝါ-သံသရာကို ဘေးဟုရှုမြင်တတ်သူဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏'။

(၁၂) စာမျက်နှာ ၁၈၂-တွင်....

'သုသိမ မဂ္ဂေါ ဝါ ဖလံဝါ န သမာဓိ နိဿန္ဒော နသမာဓိ အာနိသံသော နသမာဓိဿနိပ္ဖတ္တိ၊ဝိပဿနာယ ပနေသော နိဿန္ဒော ဝိပဿနာယ အာနိသံသော ဝိပဿနာယ နိပ္ဖတ္တိ'။

(နိဒါနဝဂ္ဂသံယုတ္တဋ္ဌကထာ-၁၁၇)

www.dhammaransi.com



'သုသိမ - ချစ်သားသုသိမ၊ မဂ္ဂေါဝါ ကိလေသာ သတ်သောမဂ်သည်ရှင်း၊ ဖလံဝါ-ကိလေသာ သေကျိုးရသောဖိုလ်သည်ရှင်း၊ န သမာဓိ နိဿန္ဒော - သမာဓိ၏ အကျိုးဆက်မဟုတ်၊ န သမာဓိ အာနိသံသော-သမာဓိ၏ အကျိုးပေးမဟုတ်၊ န သမာဓိဿ နိပ္ဖတ္တိ - သမာဓိနှင့် ကိစ္စပြီးခြင်းမဟုတ်၊ ပန-မဂ်ဖိုလ် ကိစ္စသည် သမာဓိနှင့် မပြီးသော်လည်း - ဝိပဿနာနှင့် ပြီးသည်ကို ဆိုဦးအံ့၊ သော-ဤမဂ်ဖိုလ်ကိစ္စသည်၊ ဝိပဿနာယ နိဿန္ဒော-ဝိပဿနာ၏ အကျိုးဆက်ဖြစ်၏၊ ဝိပဿနာယ အာနိသံသော - ဝိပဿနာ၏ အကျိုးပေးဖြစ်၏၊ ဝိပဿနာယ နိပ္ဖတ္တိ-ဝိပဿနာနှင့် ကိစ္စပြီးခြင်းဖြစ်၏'။

ဤတွင်နောက်ဆက်တွဲပြီး၏-။

www.dhammaransi.com

သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ

ဆရာဦးကြည်

# ဒိဋ္ဌဓေဇ္ဇော

၆၁၆
စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

သစ္စာဒီပကစာပေ